# ဗုဒ္ဓဘာသာ ယဉ်ကျေးမှု




ရှုမှတ်ဘွယ်


အရှင်ကောသလ္လ
သာသနဓဇဓမ္မာစရိယ
ဘီအေ (ရန်ကုန်) ဘီအေ ဂုဏ်ထူး (လန်ဒန်) ရေးသားပြုစုသည်

၁၃၉၇၂

# အခြေပြု
# ဗုဒ္ဓဘာသာယဉ်ကျေးမှု
# ရှုမှတ်ဘွယ်

အရှင်ကောသလ္လ

သာသနဓဇ ဓမ္မာစရိယ

ဘီအေ (ရန်ကုန်)၊ ဘီအေ ဂုဏ်ထူး(လန်ဒန်)

ရေးသားပြုစုသည်။

(ဒုတိယအကြိမ်)

ထုတ်ဝေသူ .... ဦးခေမာစာရ

ရွှေကျင်ကျောင်းတိုက်၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။
ကင်းလွတ်ခွင့်အမှတ် .... ၆၅
ဘာသာရေးခွင့်ပြုအမှတ် .... ၁၃၅
ပထမအကြိမ် အုပ်ရေ .... ၃၀၀၀
ပုံနှိပ်ပြီးနေ့စွဲ .... ၂၀-၂-၇၄
ဒုတိယ အကြိမ် အုပ်ရေ .... ၅၀၀၀
ပုံနှိပ်ပြီးနေ့စွဲ .... ၂၀-၆-၇၈
ပန်းချီ ဦးသိန်းဟန်

ပုံနှိပ်သူ .... ဦးဘိုးဟန်

မှတ်ပုံတင်အမှတ် မြ(၀၂၂၆၈)
မင်းထွန်းမိုး စာပုံနှိပ်တိုက်
အမှတ် ၆၈၊ ၁၆၅ လမ်း
ရန်ကုန်မြို့။

# မာတိကာ

၁၇၉၄


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဆရာတော်၏ဘဝဖြစ်စဉ် | ၉ |

## (၁) ဝတ်တက်ဝတ်ကပ်ပိုင်း

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ရှိခိုးကန်တော့ပုံ | ၂၅ |
| ငါးပါးသီလခံယူပုံ | ၂၆ |
| ဘုရားဂုဏ်တော်ပါဌ် | ၂၇ |
| တရားဂုဏ်တော်ပါဌ် | ၂၈ |
| သံဃဂုဏ်တော်ပါဌ် | ၂၈ |
| ပဋိစ္စသမုပ္ပါဒ်(အနုလုံ-ပဋိလုံ) | ၂၈ |
| ပဋ္ဌာန်း ပစ္စယုဒ္ဒေသပါဌ် | ၂၉ |
| ခုနစ်နေ့ ဘုရားရှိခိုး | ၂၉ |
| ဆွမ်း-ရေးချမ်း-ပန်း ဆီမီးကပ် | ၃၀ |
| ဗြဟ္မဝိဟာရ တရား-လေးပါး | ၃၂ |
| မေတ္တာအကျိုး ၁၁ ပါး | ၃၂ |
| မေတ္တာပို့ | ၃၃ |
| သာသနာ့လျှောက် | ၃၃ |
| ဆုတောင်းရေစက်ချ | ၃၄ |
| ဩကာသ-အဓိပ္ပါယ် | ၃၅ |
| အပါယ်လေးပါး | ၃၆ |
| ကပ်သုံးပါး | ၃၆ |
| ရပ်ပြစ်ရှစ်ပါး | ၃၇ |
| ဝိပတ္တိတရား လေးပါး | ၃၇ |
| ဗျသန တရား ငါးပါး | ၃၈ |
| ဝိသုဒ္ဓါရုံ ငါးပါးသီလ လင်္ကာများ | ၃၈ |
| ပါဏာတိ ပါတ အကျိုးအပြစ်ကဗျာ | ၃၉ |
| အဒိန္နာဒါန အကျိုးအပြစ်ကဗျာ | ၃၉ |
| ကာမေသု မိစ္ဆာစာရ အကျိုးအပြစ်ကဗျာ | ၄၀ |
| မုသာဝါဒ အကျိုးအပြစ်ကဗျာ | ၄၁ |
| သုရာမေရယ အကျိုးအပြစ်ကဗျာ | ၄၁ |

## (၂) ဘုရားဂုဏ်တော်ပိုင်း

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဘုရားဂုဏ်တော်အနက် | ၄၃ |
| ဘုရားဂုဏ်တော် ကဗျာများ | ၄၅ |
| မာရ်နတ်အောင်ပွဲ | ၄၉ |
| အာဠဝကဘီလူး အောင်ပွဲ | ၅၃ |
| နာဠာဂီရိဆင် အောင်ပွဲ | ၅၇ |
| အင်္ဂုလိမာလ အောင်ပွဲ | ၅၉ |
| စိဉ္စမာန အောင်ပွဲ | ၆၂ |
| သစ္စက ပရိဗိုဇ် အောင်ပွဲ | ၆၄ |
| နန္ဒောပနန္ဒနဂါး အောင်ပွဲ | ၆၇ |
| ဗက ဗြဟ္မာကြီး အောင်ပွဲ | ၆၉ |
| ဝေရဥ္ဇာ ပုဏ္ဏားကြီး အောင်ပွဲ | ၇၁ |
| သုဓိလောမ - ခရလောမ အောင်ပွဲ | ၇၃ |
| အမ္ဗဋ္ဌ ပုဏ္ဏားငယ်အောင်ပွဲ | ၇၅ |
| ပါထိကပုဏ္ဏ တိတ္ထိအောင်ပွဲ | ၇၈ |
| ဥပါလိသူကြွယ်အောင်ပွဲ | ၈၀ |
| စန္ဒာဘပုဏ္ဏားအောင်ပွဲ | ၈၃ |
| ဝင်္ဂီသ ပုဏ္ဏားအောင်ပွဲ | ၈၅ |
| ပလာယိတ ပရိဗိုဇ်အောင်ပွဲ | ၈၇ |
| သာဝတ္ထိ တိတ္ထိများအောင်ပွဲ | ၈၉ |
| ဘာရဒွါဇ ပုဏ္ဏားအောင်ပွဲ | ၉၂ |
| အက္ကောသဘာရဒွါဇအောင်ပွဲ | ၉၄ |
| ဥရုဝေဠ ကဿပညီနောင်အောင်ပွဲ | ၉၆ |

## (၃) တရားဂုဏ်တော်ပိုင်း

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တရားဂုဏ်တော်ကဗျာများ | ၉၉ |
| သစ္စာလေးပါး ကဗျာ | ၁၀၁ |
| ပဋိစ္စ သမုပ္ပါဒ် ကဗျာ | ၁၀၃ |
| ကံနှင့် ကံ၏ အကျိုးတရား | ၁၀၈ |
| မင်္ဂလသုတ် ပါဠိတော်နှင့် မြန်မာပြန် | ၁၁၀ |
| မင်္ဂလာ ကဗျာများ | ၁၁၄ |

## (၄) သံဃဂုဏ်တော်ပိုင်း

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သံဃဂုဏ်တော် ကဗျာများ | ၁၁၇ |
| အရိယာသံဃာ အောင်ပွဲကဗျာများ | ၁၁၉ |
| အရိယာသံဃာအောင်ပွဲအဓိပ္ပါယ် | ၁၂၂ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **မှတ်စရာသရုပ်နှင့် ကောက်နုတ်ချက်များ** | | |
| ဒုစရိုက်နှင့် သုစရိုက် | .... | ၁၂၅ |
| ပုညကြိယ ဝတ္ထု ၁၀ ပါး | .... | ၁၂၆ |
| သူတော်ကောင်းတရား ၇ ပါး | .... | ၁၂၇ |
| သူတော်ကောင်း ဥစ္စာ ၇ ဖြာ | .... | ၁၂၇ |
| ဥယျမ်တရား ငါးပါး | .... | ၁၂၇ |
| ဝိဇ္ဇာ ၃ ပါး၊ ဝိဇ္ဇာ ၈ ပါး | .... | ၁၂၈ |
| စရဏတရား ၁၅ ပါး | .... | ၁၂၈ |
| လောကသုံးပါး | .... | ၁၂၉ |
| မဂ္ဂင် ၈ ပါး | .... | ၁၂၉ |
| ပါရမီတော် ၁၀ ပါး | .... | ၁၃၀ |
| **အထွေထွေကောက်နုတ်ချက်များ** | | |
| လက်သင်တောင်တာဆုံးမစာမှ | .... | ၁၃၁ |
| လူမိုက်နှင့် ပေါင်းသင်းနည်း | .... | ၁၃၂ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| လောကသာရ ဆုံးမစာမှ | .... | ၁၃၂ |
| ဩဝါဒ မေတ္တာစာမှ | .... | ၁၃၃ |
| တောင်ဖီလာဖျက်စုမှ | .... | ၁၃၄ |
| ဩဝါဒထူးပျို့မှ | .... | ၁၃၄ |
| ဥစ္စာပျက်ကြောင်း ခြောက်ပါး | .... | ၁၃၄ |
| အရက်သေစာ သောက်စားခြင်းအပြစ် | | ၁၃၅ |
| အချိန်မဲ့လည်ပတ်ခြင်း အပြစ် | .... | ၁၃၅ |
| ပွဲလမ်းသဘင် ကြည့်ရှုခြင်းအပြစ် | .... | ၁၃၅ |
| လောင်းကစားခြင်းအပြစ် | .... | ၁၃၅ |
| မပေါင်းထိုက်သော မိတ်ဆွေပျက်များ | | ၁၃၅ |
| ပျင်းရိရန် အကြောင်းပြခြောက်ပါး | | ၁၃၅ |
| ကြောက်ကြီးကိုးလုံး ဆုံးမစာ | .... | ၁၃၅ |
| ပုတ္တောဝါဒ ဆုံးမစာမှ | .... | ၁၃၆ |
| သိင်္ဂါလောဝါဒ ဆုံးမစာမှ | .... | ၁၃၆ |
| သုတရတနာ ဆုံးမစာမှ | .... | ၁၃၇ |
| မှတ်ရာ စကားပုံများ | .... | ၁၃၈ |
| အမှားပြင်ဆင်ချက် | .... | ၁၃၉ |

# နိဒါန်း

မိဘတိုင်းသည် မိမိတို့သားသမီးများကို လိမ္မာယဉ်ကျေးစေလိုကြသည်။ စည်းကမ်းရှိစေလိုကြသည်၊ ဘာသာရေး၌ အထိုက်အလျောက် ကျွမ်းကျင်လိမ္မာ ကိုင်းရှိုင်းစေလိုကြသည်။ သို့ရာတွင် မိမိတို့၏ ဆိုင်ရာလုပ်ငန်းများဖြင့် အလုပ်များ အချိန်မရ၍လည်းကောင်း၊ မကျွမ်းကျင်ကြ၍လည်းကောင်း မသင်ပြနိုင်ကြပေ။ အစိုးရကျောင်းများ၌လည်း ပြည်ထောင်စုသား အားလုံးအတွက် တပြေးညီပညာရေးစံနစ်အရ သင်ကြားကြရ၍ ဤကိစ္စကို တကဏ္ဍထား၍မဖြစ်နိုင်ပေ၊ ဤလိုအပ်ချက်ကိုဖြည့်စွက်ရန်အတွက် ခက်ခဲလှသည်ကားမဟုတ်ပါ။ နေရာအတွက် ရပ်ရွာတိုင်းတွင်ကျောင်းရှိသည်။ ရပ်ကွက်တိုင်းလိုတွင် ဓမ္မာရုံများရှိကြသည်။ ဆရာအတွက် အားလပ်သောဆရာ ဆရာမများ၊ ရပ်ကွက်လူကြီးများ၊ ရဟန်းတော်များကို တောင်းပန်ဖိတ်ခေါ် ပင့်ဆောင်လျှင် အလွယ်တကူပင် ရရှိနိုင်ပါသည်။ တပတ်လျှင်တကြိမ်၊ တကြိမ်လျှင် ၁ နာရီ ၂ နာရီခန့် သင်ကြားပေးရန် ဝန်လေးကြမည်မဟုတ်ပါ။ ပုဇွန်တောင်ကွက်သစ် မဟာဇေယျလမ်း ဓမ္မာနုရက္ခိတ ဓမ္မာရုံတွင် ဤသင်တန်းမျိုးကို ဖွင့်လှစ်သင်ကြားခဲ့ရာ ၁၀နှစ်ကျော်ကြာခဲ့၍ အတော်ပင်အောင်မြင်လျက်ရှိသည်။ ကျီတော်ရပ်ဓမ္မာရုံတွင်လည်း ထပ်မံဖွင့်လှစ်ခဲ့ရာ အောင်မြင်လျက်ပင်ရှိသည်။ သို့ရာတွင် သူငယ်တို့သည် အလှမ်းဝေးသောဓမ္မာရုံသို့မဟုတ် ရပ်ကွက်ခြားဓမ္မာရုံ တခုခုသို့သွားရန် ဝန်လေးကြသည်ကို တွေ့ရသည်။ အများနှင့်ဆက်ဆံသော ရဟန်းတော်ကျောင်းဖြစ်ပါမူရဲရဲဝံ့ဝံ့ ဝင်ထွက်သွားလာကြသည်။ ရွှေကျင်ကျောင်း ဓမ္မာရုံတွင် ဖွင့်လှစ်သောသင်တန်းကိုမူ အစပင်ဖြစ်စေကာမူ ရပ်ကွက်စုံမှသူငယ်ပေါင်း ၁၅၀ခန့်တက်ရောက်လာကြသည်။ အထက်ပါဓမ္မာရုံများ၌ သင်ကြားပြသရာဝယ် ၁၀နှစ်ပတ်ဝန်းကျင် မူလတန်းကျောင်းသားကျောင်းသူများသာများ၍ အနည်းငယ်ကြီးလာလျှင်ပင် ယဉ်ကျေးမှုသင်တန်းသို့မလာကြတော့ပေ။ သင်စရာကျောင်းဘာသာရပ်များပြားလာ၍ မအားမလပ်မှုကြောင့်ပင် ဖြစ်ပေမည်။ သူငယ်တို့သည် သွက်လက်သောကဗျာနှင့်ဆန်းကြယ်သောပုံပြင်တို့ကို သာ၍စိတ်ပါဝင်စားကြသည်။ နက်ရှိုင်းလှသော ပဋိစ္စသမုပ္ပါဒ် ဒေသနာကိုပင် သွက်လက်သောကဗျာဖြင့်ရေးသားသည်ကိုစိတ်ပါလက်ပါ ကျက်မှတ်ရွတ်ဆိုကြသည်၊ အာဠဝကချွတ်ခန်းကို သစ္စကပရိဗိုဇ်ချွတ်ခန်းထက်သာ၍ စိတ်ပါစွာပြောပြတတ်ကြသည်။ ထို့ကြောင့် ဤစာအုပ်ငယ်တွင် သူငယ်ကြိုက်ကဗျာနှင့် အောင်ခြင်းပုံပြင်များကို ဦးစားပေး၍ ရေးသားစီစဉ်ထားသည်။ သူတို့ကိုယ်တိုင် နားမလည်သေးစေကာမူ သူတို့ရွတ်ဖတ်သံကိုကြားရသော နားလည်သူ လူကြီးများအဖို့ တန်ဖိုးမသေးလှ။ သူတို့ကြီးလာသောအခါတွင်လည်း ငယ်စဉ်က ကျက်မှတ်ခဲ့သော တရားကဗျာဖြစ်၍ သာ၍လွယ်ကူစွာ စိတ်ပါဝင်စား နားလည်ကြပေလိမ့်မည်။

## နိဒါန်း

ရေးသားပုံအစီအစဉ်မှာ —

၁။ ရှေးဦးစွာ ရှိခိုးကန်တော့ခြင်းမှစ၍ အမျှဝေခြင်းအထိ ဝတ်တက် ဝတ်ကပ်ပိုင်း။ ၎င်းအပိုင်းတွင် အများသိဘုရားရှိခိုးများဖြစ်သော သမ္ဗုဒ္ဓေ၊ သိရသ္မိံဂါထာနှင့်စက်ကြီး ၁၃ ပါးတို့ကို တမင်ချန်လှပ်ခဲ့သည်။ အကြောင်းကား သမ္ဗုဒ္ဓေမှာ ဘုရားအဆူများစွာကို ရှိခိုး၍ ဥပဒ်ဘေးရန်ကင်းအောင် ဆုတောင်းခြင်းဖြစ်ရာ ဘုရားအဆူဆူ စေတီဆင်းတု အမျိုးမျိုးကို လိုက်၍ ရှိခိုးခြင်းထက် ဘုရားရှင်၏ဂုဏ်တော်အများကိုပြောကြားအာရုံပြုရှိခိုးခြင်းကသာ၍ ကောင်းကြောင်းကိုသိစေလို၍ဖြစ်သည်။ သိရသ္မိံဂါထာကား မိမိအန္တရာယ်ကင်းဘို့အတွက် ဘုရားရဟန္တာများကို ကိုယ်ရံအစောင့်ချခြင်းပင်ဖြစ်ရာ ယင်းသို့ပြုရန်မလိုဘဲ ဂုဏ်တော်ကိုအာရုံပြု၍တရားကိုကျင့်လျှင်ပင် အန္တရာယ်ကင်းကြောင်း သိစေလို၍ဖြစ်သည်။ စက်ကြီး ၁၃ ပါးကား အနက် အဓိပ္ပါယ် မရေရာလှသည်ပြင် နဂါး၊ ဘီလူး၊ ခြင်္သေ့စသော တိရစ္ဆာန်များနှင့် အရောရောအနှောနှောရှိလှ၍ ဘုရားရှိခိုးတွင် လုံးဝမပါသင့်ဟု ယူဆသောကြောင့်ဖြစ်သည်။

၂။ ဘုရားဂုဏ်တော်ဆိုင်ရာအပိုင်းအခန်း၊ တရားဂုဏ်တော်ဆိုင်ရာအပိုင်းအခန်း၊ သံဃာဂုဏ်တော်ဆိုင်ရာအပိုင်းအခန်း၊အထွေထွေမှတ်ဖွယ်နှင့် ကောက်နုတ်ချက်များအပိုင်းအခန်းဟု ၄—ပိုင်း ၄—ကဏ္ဍ သတ်မှတ်ပိုင်းခြား၍ ရေးသားထားသည်။ ယင်းသို့ရေးသားရာ၌ ချွတ်ခန်းပုံပြင်စသောအကြောင်းအရာတို့ကို ပြည့်ပြည့်စုံစုံ အကျယ်ချဲ့၍ရေးလျှင် သူငယ်တို့အသိဉာဏ်ရှုတ်ထွေးပြီးလျှင် မမှတ်သားနိုင်မည်ဖြစ်၍ သိသာရုံ ရုပ်လုံးပေါ်ရုံမျှကိုသာ ဦးတည်လျက်ပုံပြောစံနစ်အတိုင်း ရေးသားထားသည်။ သူငယ်တို့ကိုယ်တိုင် ဖတ်ရှုမှတ်သား၍။ကိုယ်တိုင်ပြောပြတတ်စေရန်ဖြစ်သည်။

☆ ☆ ☆

မကောင်းကြံ၊ မကောင်းလုပ် မကောင်းပြော၊ လူမိုက်တို့သဘော၊

ကောင်းတာကြံ၊ ကောင်းတာလုပ်၊ ကောင်းတာပြော၊ လူလိမ္မာတို့သဘော၊

# ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ရှုမှတ်ဘွယ်
# ပြင်ဆင်ဖြည့်စွက်၍
# ဒုတိယအကြိမ် ထပ်မံရိုက်နှိပ်ရခြင်း အကြောင်း

ရန်ကုန် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ဓမ္မပါလဓမ္မာရုံကြီး၌ ကလေးသူငယ်များအတွက် ဘာသာရေးအသိဉာဏ် အခြေခံရစေဘို့ရာ သင်တန်းသင်ခဏ်းစာများ ရေးသားပေးပြီး သင်ကြားစေခဲ့ရာ အတော်ပင် ခရီးရောက်အောင်မြင်ခဲ့ပါသည်၊ ထိုစဉ်က ရေးသား သင်ကြားခဲ့သောသင်ခဏ်းစာများကို စာအုပ်အဖြစ် လက်ကိုင် သင်ကြားနိုင်ရန်စုပေါင်းကာ "ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ရှုမှတ်ဘွယ်" ဟူသော အမည်ဖြင့် စာအုပ်အဖြစ် ရိုက်နှိပ်ခဲ့ပါသည်။ ထိုအခါက တနိုင်ငံလုံး ပျံ့နှံ့ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ထပ်မံရိုက်နှိပ်ရန် တိုက်တွန်းကြ၊ တောင်းပန်ကြသော်လည်း ဆရာတော်က မိမိစာအုပ်မှာ သင်တန်းသူ သင်တန်းသားကလေးများအတွက်သာဖြစ်၍ လူကြီးတွေအတွက် မလိုလှဟုအကြောင်းပြကာ ခွင့်မပြုခဲ့ပါ။ ယခုအခါ ထိုသင်တန်းမှ ဘာသာရေးဆိုင်ရာ အသိအလိမ်မာ တိုးတက်လာသည်ကို သိရ၍ မိမိတို့ ကလေးသူငယ်များအတွက် သင်ကြားပေးလို၍ စာအုပ်အလိုရှိကြ၊ မှာကြသော မိဘများရှိခဲ့ရာ စာအုပ်လက်ကျန် အနည်းအပါးသာရှိ၍ သူတို့ဆန္ဒ အပြည့်အဝမဖြည့်နိုင်ပဲရှိခဲ့ရ၏။ စာအုပ် မြင်ရ တွေ့ရသော အဝေးမြို့ရွာအချို့က အလိုရှိကြ၍ မှာကြားကြသည်ကိုလည်း မဖြည့်စွမ်းနိုင် ဖြစ်ကြရ၏။ သို့ဖြစ်ရာ အများဆန္ဒ ပြည့်ဝစေရန်ရည်သန်တောင့်တကြသော ရွှေကျင်ကျောင်းတိုက် ဂေါပကအဖွဲ့နှင့်တကွ တိုက်တာ နာယကများက ထပ်မံရိုက်နှိပ်ရန် အချိန်တန်ပြီဟု ယူဆ သဘောတူကြသည့်အတိုင်း "ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ရှုမှတ်ဘွယ်" ဒုတိယအကြိမ်ရိုက် စာအုပ်ကလေးမှာ ဖြစ်ပေါ်လာခဲ့ရခြင်း ဖြစ်ပါသည်။

ထိုမှတပါး ဆရာတော် ပျံလွန်တော်မူစဉ်က ဆရာတော်၏ အတ္ထုပ္ပတ္တိ ဘဝဖြစ်စဉ်ကလေးဖြန့်ဝေခဲ့ရာ အကျဉ်းချုပ်မျှသာဖြစ်၍ မပြည့်မစုံဖြစ်နေသည်ကို အားမလိုအားမရ ဖြစ်နေကြသော တပည့် ရဟန်း ရှင် လူများက ပြည့်ပြည့် စုံစုံ အတ္ထုပ္ပတ္တိလေးတခု တွေ့မြင်လိုသောဆန္ဒ ဖြစ်ပေါ် ထက်သန်နေကြသည့်အတိုင်း ထိုဆရာတော်၏ ဘဝဖြစ်စဉ် အတ္ထုပ္ပတ္တိ ကလေးကိုလည်း ဒုတိယ အကြိမ် ရိုက်၊ ဤစာအုပ်၌ထည့်သွင်းလိုက်ရပါပေသည်။

ဤစာအုပ်ပါ "ဗုဒ္ဓဘာသာ ယဉ်ကျေးမှု" များဖြင့် မိမိတို့ သားသမီး တပည့် ကလေး သူငယ်များအား ဘဝအလှ ဆင်ပေးနိုင်ကြပါစေ သတည်း-ဟု အာသီသပြုလိုက်ရပါသည်။



ဆရာတော် အရှင်ကောသလ္လ၏ ပုံတော်

## ရန်ကုန် မြို့ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်

# "ဆရာတော်အရှင်ကောသလ္လ"

၏

## ဘဝဖြစ်စဉ်

**တံတိုင်းဆောက်သူ။** ။ဆရာတော် အရှင်ကောသလ္လကား ထူးခြားသော ပုဂ္ဂိုလ်ထူး အာဇာနည် မထေရ်မြတ်တပါးပင်ဖြစ်ပါပေသည်။ ဂုဏ်အဆင့်ဆင့် မြင့်ကာမြင့်ကာ တိုးတက်လာလျက် အထက်တန်းသို့တက်လှမ်းနေရ ယူခဲ့ရာ ပညာရှင်တို့ ဂုဏ်တင်ခံရ၊ ချီးကျူးခံရလောက်အောင် ပြောင်မြောက်ထူးချွန်ခဲ့ပါပေသည်။နီတိဆရာတို့အဆိုတခုမှာလူသည်မိမိအမှုအလုပ်အလိုက် အောက်သို့ ကျရ၊ အထက်သို့တက်လှမ်းရ၏။ ရေတွင်းတူးသူနှင့် တံတိုင်းဆောက်သူတို့ ကဲ့သို့တည်း-တဲ့။ရေတွင်းတူးသူသည် မိမိအလုပ်က အောက်ကျရမည့်အလုပ်ဖြစ်၍ ရေတွင်းနက်သလောက်အောက်သို့ နိမ့်နိမ့်ကျသွားရ၏။တံတိုင်းဆောက်သူမှာ ကိုယ့်အလုပ်က အထက်အထက် မြင့်တက်ရမည့် အလုပ်ဖြစ်၍ တဆင့်ပြီးတဆင့် မြင့်ကာမြင့်ကာ အထက်အထက် တက်ရောက်သွားရ၏။ လောက၌ ပညာရေး စီးပွားရေးစသည်တို့၌ အောက်တန်းကျနေသူတို့မှာ အောက်ကျနောက်ကျဖြစ်အောင် လုပ်ခဲ့သော မိမိအလုပ်အရပင်ဖြစ်၏။ အထက်တန်းကျနေသော ပုဂ္ဂိုလ်တို့မှာကား အထက်တန်းကျအောင် ပြုလုပ်ခဲ့သော ဇွဲ၊သတ္တိ၊ ဝီရိယ၊ ဉာဏ် စသည်တို့ကြောင့်ပင် ဖြစ်တော့၏။ ဂုဏ်အဆင့်ဆင့် အုတ်တံတိုင်းကြီးမြှင့်ခဲ့သော ဆရာတော်၏ အဆင့်ဆင့် မြင့်တက်လာရခြင်းမှာလွန်စွာထက်သန်လှသော ဆန္ဒ၊ ဝီရိယ၊ ဇွဲ၊ သတ္တိတို့ဖြင့် မနားမနေကြိုးစားအားထုတ်ခဲ့သော မိမိအလုပ်အရပင်ဖြစ်ရာ ထိုဇွဲ၊ သတ္တိ၊ ဝီရိယ၊ ပညာစသော ဆရာတော် စွမ်းရည်တို့မှာ တွေးတောစဉ်းစားမိတိုင်း ကြည်နူး နှစ်သိမ့်

ဖွယ်ဖြစ်၍အများအားကျ အတုယူ ကြည်ညိုကြဖို့ရာ ဆရာတော်၏ ဘဝဖြစ်စဉ် ကလေးကို အကျဉ်းချုပ်မျှ တင်ပြရပါတော့သည်။

**တကယ့်သားသည်အမေ။** ။ဂုဏ်ရှိသူအပေါင်းတို့၏ စာရင်းကို ရေတွက်ဖို့အားထုတ်ရာ၌ ကလောင် မြန်မြန်မကျလျှင် "ထိုသည့်သားမျိုးဖြင့် မိခင်သည် သားရှိသည်ဆိုက အမြုံမ ဆိုသည်မှာဘယ်ဟာလဲ ပြောစမ်းပါ" ဤကား နီတိဆရာတို့စကား၊ ဂုဏ်ရှိသူတို့တွင် ရှေ့တန်းကနေရာမရ၊ နောက်ပိတ်က အောက်ကျနောက်ကျဖြစ်ရသော သားအတွက် မိခင်မှာ ဂုဏ်မတက်၍ ဂုဏ်မဲ့သောသား၏မိခင်မှာ အမြုံမနှင့် မခြားတော့ပေ။ ဂုဏ်ရှိသူများတွင် ရှေ့တန်းက စာရင်းတင်ခံရသော သားကောင်း မိခင်သာ သားကြောင့်ဂုဏ်တက်ရ၍ တကယ့်သားသည်အမေဟု ဆိုရသည်။ ဂုဏ်ရှိသူတို့တွင် ရှေ့တန်းတင်ခံရသော ဆရာတော်မှာ တကယ့်သားကောင်း ရတနာဖြစ်ခဲ့ရာ ဆရာတော်၏ သားကောင်းမိခင်၊ တကယ့်သားသည် အမေကား ရန်ကုန်မြို့မှ တောင်ဘက် ၁၆–မိုင်ကွာ ဝါးဘလောက်သောက်ရွာမှ ဒေါ်နှစ်ပင်ဖြစ်ပါသည်။ သားကောင်း ဘခင်ကား ကျောင်းဆရာ ပွဲစားကြီး ဦးထွန်းအေးတည်း။ ဦးထွန်းအေး ဒေါ်နှစ်တို့မှ မအေးဘင်၊ မအေးရှင်၊ မလှယဉ်၊ မောင်ဘသိန်း၊ မောင်သိန်းမောင်၊ မောင်ကြီးမောင်ဟု သားသမီး ၆ ယောက်ထွန်းကားခဲ့ရာ မောင်ကြီးမောင်ကား ဆရာတော်လောင်းလျာ သားထွေးကလေးပင် ဖြစ်ပါသည်၊ ဦးဘသိန်းမှာ ရုံးစာရေးကြီးဖြစ်၍ ဦးသိန်းမောင်မှာ ရဟန်းအဖြစ်ဖြင့် (၇) ဝါမျှနေခဲ့ပြီးနောက် လူ့ဘောင် ရောက်ခဲ့ရာ ဆေးဆရာအဖြစ်ဖြင့် အသက်မွေးခဲ့၏။ ပင်ကိုယ်ဉာဏ် ပဋိဘာန်ကောင်းသူဖြစ်၍ သာသနာ၌ ကြာကြာနေလျှင် ထွန်းထွန်းပေါက်ပေါက် ပုဂ္ဂိုလ်ထူးတယောက် ဖြစ်လောက်သော်လည်း လူထွက်စေခဲ့ရာ ဆရာတော်လောက် ပညာရေးမှာ မထွန်းပေါက်ခဲ့၍ ဆရာတော်လောင်းလျာမောင်ကြီးမောင်ကားမွေးချင်းတို့တွင်တမိပေါက် တယောက်ထွန်း ဆိုသလို အလွန်ထူးခြားလှသော အတိဇာတ သားရတနာတဆူ ဖြစ်တော်မူခဲ့ရပါပေသည်။

**မောင်ကြီးမောင်၏သာမဏေဘဝ။** ။မောင်ကြီးမောင် ကား ၁၂၇၀ (၁၉၁၇) ခုနှစ် တပို့တွဲ လပြည့်ကျော် (၃) ရက်၊ တနင်းသာနေ့၌ ဖွားမြင်ခဲ့ပါသည်။ ကျောင်းဆရာကြီး ဦးထွန်းအေး ကွယ်လွန်သောအခါ ဒေါ်နှစ်မှာ ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့ရာ ရေကျော်ခေါင်ရမ်းလမ်း၌ နေရင်း ရွှေကျင်တိုက်ဆရာတော်ကြီး၏ ရင်းနှီးသော ပစ္စယဒါယိကာမအဖြစ် ရောက်ခဲ့၍ မောင်ကြီးမောင် (၁၁) နှစ်အရွယ်တွင် ထိုဆရာတော်

ကြီး အထံ၌ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ရသည်။ ဆရာတော်ကြီးပေးအပ်သော ဘွဲ့မည်ကား....ရှင်ကောသလ္လတည်း။ ကောသလ္လကား ကျွမ်းကျင်လိမ္မာသူဟုအနက် ရခဲ့ရာ ဆရာတော်ကြီးက ထိုအခါ၌ နေ့သင့် နံသင့်အလိုက် ရည်ရွယ်ချက်မရှိပဲ မှည့်လိုက်မည်ဖြစ်သော်လည်း တဆင့်ထက်တဆင့်တက်ကာ ကျမ်းဂန် စာပေတို့၌ ကျွမ်းကျင်လိမ္မာခဲ့သော ရှင်ကောသလ္လအဖို့ ဂုဏ်နှင့်ဂုဏ်ား လိုက်ဖက်သော အနွတ္ထ အမည်ဖြစ်ခဲ့ရ၏။ မှန်ပါသည်။ ပဏ္ဍိတဟုမှည့်လိုက်၍ ပညာမရှိသူဖြစ်လျှင်ထိုအမည်မှာ အနက်မရ၊ ခေါ်ရုံမျှ ရုဠှီ အမည်သာဖြစ်ရ၏။ပညာရှိသူတို့၏ ပဏ္ဍိတ အမည်ကား ပဏ္ဍိတအမည်နှင့်ပညာရှိတဲ့ဂုဏ်လိုက်ဖက်၍ အနွတ္ထ(ပညာရှိသူအနက်သို့ အစဉ်လိုက် ဖက်သော) အမည်ဖြစ်ရသည်။ ဆရာတော် အရှင်ကောသလ္လဟု ဖြစ်လာရသော အခါ၌ကား ထိုအမည်မှာ ပြောစရာမရှိ၊ ကျမ်းဂန်စာပေတို့၌ တကယ် ကျွမ်းကျင် လိမ္မာသူ ဂုဏ်နှင့်ဂုဏ်ား အရှင်တို့မှာ အလွန်လိုက်ဖက်လှသော အနွတ္ထ အမည်ရှင် ဂုဏ် အထူးတင်ဖွယ်အဖြစ်သို့ ရောက်သွားရတော့သည်။

**စာတတ်ချင်လျက် အလိုမပြည့်။** ။ရှင်ကောသလ္လကား ရွှေကျောင်းကျောင်း ဆရာ တော်ကြီး အထံမှာ ရှင်ကျင့်ဝတ်စသော အခြေခံ ကျမ်းစာများ သင်ခဲ့ရ၏။ ထိုမျှနှင့်အားမရသေးဘဲ သဒ္ဒါစသော အခြေခံ ကျမ်းစာများကို သာသနာ့လင်္ကာရ ဆရာတော်ထံ၌လည်း သင်ယူခဲ့သေး၏။သို့သော် အရွယ်ကလေးရလာသောအခါ ထိုအခြေအနေမျှနှင့် အားမရ။ တကယ့် စာသင် တိုက်ကြီးများ၌ သင်ကြားချင်၊ စာအလွန်တတ်ချင်သော ဆန္ဒကား ထူးထူးခြားခြား လွန်ကဲထက်သန်လျက် ရှိနေခဲ့၏။ သူတောင်းစား ဒွန်းစဏ္ဍားသည် ဘုရင်အဖြစ် မတောင့်တ၊ ဘုရင့်သားတော် မင်းသားသာ ရှင်ဘုရင်အဖြစ် တောင့်တ၏ဟု အဆို ရှိပါသည်။ စိတ်နေစိတ်ထား သေးငယ်သောပုဂ္ဂိုလ်တို့မှာ ကိုယ်ဖြစ်သမျှ အခြေအနေ နှင့် ကျေနပ်နေတတ်သော်လည်း စိတ်ထားကြီးမားသော ပုဂ္ဂိုလ်တို့ကား ထိုသို့ ကျေနပ်နိုင်သည်မဟုတ်၊ အထက်တန်းသို့ တက်လှမ်းလိုသော ဆန္ဒသာထက်သန် လျက် ရှိနေရာ ရှင်ကောသလ္လကား အထက်တန်း တက်လှမ်းလိုသောစိတ်နေစိတ်ထား ကြီးမားသူတပါးဖြစ်ခဲ့ပါသည်။ မိမိဆရာတော်ကြီးက သပြေကန် ညောင်တုန်း စသော စာသင်တိုက်များသို့ ပို့ပေးမည်ဟုသာ အမိန့်ရှိနေသော်လည်း မပို့ပေးခဲ့၊ အသက်က ရင့်လာ၊ ထိုအခါက ရေလုံလောက်စွာ မရ၊ မြေကောင်းလည်း မရ၊ လောင်းရိပ်မိနေ၍ အညွန့်အတက် အရွက်အခက် ထူးခြားစွာ မထွက်နိုင်သော သစ်ပင်ငယ်ပမာ ဖြစ်နေခဲ့ရ၏။ မိမိ၏ စာတတ်လိုသောဆန္ဒကား တားမရအောင် ပြင်းပြခဲ့တော့သည်။ ဤအချိန်၌ သထုံဓမ္မမေဒနီတိုက်မှ ဧဟုန်းတော်များနှင့် အဆက်ရကာ ဆရာမိဘတို့ကို အသိမပေးပဲ ထွက်ခွာလာခဲ့ရာ ဓမ္မမေဒနီ တိုက်သို့ ရောက်ခဲ့ရပါတော့သည်။

**တရှိန်ထဲတိုးတက်လာခြင်း။** ။ဓမ္မမေဒနီရောက်လာခြင်းကား ရှင်ကောသလ္လ၏ အောင်မြေနင်းခြင်းဟု ဆိုနိုင်ပါသည်။ စာတတ်လိုသောဆန္ဒ အလွန်ထက်သန်နေသော အရှင်ကောသလ္လအဖို့ ဇွဲ၊ လုံ့လ၊ ဝီရိယတို့လဲ တပါထဲ ထက်သန်လွန်ကဲလျက်ရှိရာ ပင်ကိုယ် ပဋိဘာန် ဉာဏ်ရှိသူတဦးမှာ လွန်ကဲသော ဇွဲ၊ လုံ့လ၊ ဆန္ဒ၊ စိတ်တို့နှင့် တွဲသောအခါ အရှိန်အဟုန် ကြီးမားစွာ တိုးတက်လာရတော့၏။ အသင်အပြကောင်းသော ဆရာသမားတို့နှင့်လဲ ဆုံရပြန်တော့ ပင်ကိုယ်က ရေလုံလောက်စွာ မရ၊ မြေကောင်းနှင့်မကြုံရ၊ လောင်းရိပ်မိနေသော သစ်ပင်ကလေးပမာ ဖြစ်နေရသော ရှင်ကောသလ္လမှာ ယခု ရေလဲ အဝရ၊ မြေကောင်းလဲ ကြုံရ၊ လောင်းရိပ်လွတ်ကာ အညွန့်အတက် အခက်အရွက်တွေ ဝေဝေဆာဆာ တိုးတက်စည်ကားလာသော သစ်ပင်လေးပမာ အောင်ပန်းအဆင့်ဆင့် ပွင့်လျက် လန်းလျက် အထက်အထက်သို့သာ မှုက်လှမ်းကာ ထူးခြားသည့် ပုဂ္ဂိုလ်အဖြစ်သို့ ရောက်လာရတော့၏။

**အောင်ပွဲတွေရကာ ရဟန်းဖြစ်လာခြင်း။** ။၁၉၃၆ ခုနှစ်၌ အစိုးရ ပဌမပြန် စာမေးပွဲ ပဌမငယ်တန်း၊ ၁၉၃၇ ခုနှစ်၌ ပဌမလတ်တန်း အောင်မြင်၍ ထိုနှစ်၌ပင် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိအသင်းကြီးမှ ကြီးမှူး ပြုလုပ်အပ်သောစာမေးပွဲတွင် မဟာဝေယျာကရဏ်ိက အတန်း၌ အောင်မြင်ခဲ့ရသည်။ ထို့နောက် ဆက်ကာဆက်ကာ ထိုအသင်းစာမေးပွဲတွင် ၁၉၃၀ ခုနှစ်၌ ဝိနယဓရတန်း၊ ၁၉၃၉ ခုနှစ်၌ အာဘိဓမ္မိကတန်းတို့ကို အောင်မြင်၍ ဒုတိယစာချဘွဲ့ထူးကို ခံယူခဲ့ရပါသည်။ အောင်ပန်း အဆင့်ဆင့် ပွင့်လာပွင့်ကာ မြင့်မြင့်လာသော သာမဏေကျော် ရှင်ကောသလ္လကား ထိုအချိန်ကပင် အများချီးကျူးခံရ ဂုဏ်တင် ကြည်ညိုခံရသူဖြစ်ခဲ့ရာ ထိုသို့ကြည်ညိုအားရခြင်းဖြင့် သထုံမြို့လယ်ဝန်မင်း ဦးအုံးဖေနှင့်နှမများက ပစ္စယဒါယကာအဖြစ် ခံယူကာ ၁၃၀၀ ပြည့် (၁၉၃၈)ခုနှစ်၌ အဂ္ဂမဟာပဏ္ဍိတ ဓမ္မမေဒနီ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

**ပဌမကြီးအောင်မြင်ခြင်း။** ။အရှင်ကောသလ္လကား ဓမ္မမေဒနီ ဆရာတော် ထံ၌သာမက သထုံ အာစိဏ္ဏာရာမ ဆရာတော်ထံ၌လည်းစာသင်ကြားခဲ့ပါသေးသည်။ အောင်ပွဲအတန်တန်ရကာ ပညာရည်တက်လာသော အရှင်ကောသလ္လကား ပညာရှာရာ၌ မရောင့်ရဲ အားမရနိုင် ဖြစ်ကာ ဆရာအမျိုးမျိုးထံမှ နည်းအဖြာဖြာတိုးတက်ရှာလိုသောဆန္ဒ အထူးပင်ထက်သန်လှသည့်အတိုင်း ဓမ္မမေဒနီတိုက်မှခွါကာ ရန်ကုန်သို့ ပြန်လာခဲ့ပါသည်။ ထိုအခါက

ပဉ္စမပြန် စာမေးပွဲ၌ အောင်ချက်ကောင်းသည်ဟု ထင်ရှားသော မဟာအောင်မြေ ဘုံစံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အရှင်ကောဏ္ဍညထံ ဆည်းကပ်ခိုလှုံကာ ပညာသင်ကြားရင်းဖြင့်ပင် ပင်ကိုယ်အခြေခံရှိပြီးဖြစ်သော အရှင်ကောသလ္လမှာ ပဉ္စမကြီးတန်းကို အလွယ်တကူပင် အောင်မြင်ခဲ့ရပါသည်။

ပညာဆိုလျှင် အမျိုးမျိုးလိုချင်နေသော အရှင်ကောသလ္လကား ထိုအခါက ဘာသန္တရကို ဆည်းပူးလိုသောဆန္ဒကလဲ အစပျိုးကိန်းဝပ်လျက်ရှိခဲ့ရာ အားလပ်သော အချိန်များတွင် အရိယသမဂ္ဂအသင်းတိုက်၌ ဟိန္ဒီဘာသာကိုလည်း လေ့လာနေခဲ့ပါသည်။

**ပဋိပတ်ဖက်လိုက်ခဲ့ခြင်း။** ။ထိုအချိန်၌ ဒုတိယကမ္ဘာစစ်ကြီး ရုတ်တရက် ပေါ်ပေါက်လာရာ မြန်မာပြည်မှာလည်း စစ်တလင်းဖြစ်ခဲ့၍ ရဟန်းရှင်လူတို့မှာ ပညာရေး စီးပွားရေး စသည် အဖက်ဖက်၌ ယိုယွင်းလစ်ဟင်း ပျက်စီးခဲ့ရာ ပညာရေးဘက်၌ အညွန့်တလူလူ တက်နေသော အရှင်ကောသလ္လမှာ တက်နေ့သောအညွန့် အနှိမ်ခံလိုက်ရသကဲ့သို့ ဖြစ်ရတော့၏၊ထိုအခါ မိမိ၏ ဇာတိချက်ကြွေ မွေးရပ်မြေ၌ တနှစ်တာမျှ ခိုလှုံကာ ကြုံလာသော အခွင့်သင့်တင့်အောင်,အသုံးပြုမည်ဟု စာပေကျမ်းဂန်များ လေ့လာဆည်းပူးရင်း သီတင်းသုံး နေခဲ့ပါသည်။

ဘေးရန် ဥပဒ္ဒဝေါ ထူပြောလှ၍ သေနိုင်သောအခွင့်အလမ်း များပြားစွာ ရှိနေသော ထိုအချိန်မှာ အကယ်၍များ သေဘေးကြုံရလျှင် အကျိုးရှိသောသေခြင်းမျိုးဖြင့် သေဘို့ရာ အကြံဆန္ဒပေါ်လာသည့်အတိုင်း အရှင်ကောသလ္လ စိတ်မှာ ပဋိပတ္တိဖက် ညွတ်လျက်ရှိခဲ့ပြန်ပါသည်။ သို့သော် ယခုခေတ်လို ကမ္မဋ္ဌာန်း ရိပ်သာများလဲ မများ၊ အားထုတ်သူလဲရှားပါးလေတော့ ပဋိပတ်အလုပ်လုပ်ဖို့ရာ ဌာနရှာဖို့ မလွယ်လှ။ ထိုအခါက ပဲခူးမြို့အနီး စမ်းကြီးတောရကား တင်းတင်း ကျပ်ကျပ် အုပ်ချုပ်နည်းပြခြင်း၊ ဆွမ်းတထပ်သာစားရ၍ အိပ်ချိန် နားချိန် အနည်းအပါးသာ ရခြင်းတို့ကြောင့် တပ်လန်၍ ပြေးကြရသူ များလှသည်ဟု နာမည်ကြီးလှ၏။ ပဋိပတ် အားထုတ်ရန် စိတ်အလွန်သန်နေသော အရှင်ကောသလ္လကား ဘယ်မျှခက်ခဲခက်ခဲ ဆင်းရဲဘယ်ပုံခံရခံရဟု အမှုမထားပဲ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ထွက်ခွာသွားကာ စမ်းကြီးတောရ၌ ပဋိပတ်အလုပ် အားထုတ်ခဲ့ပါသည်၊ အလုပ်တခုလုပ်မိလျှင် မဆုတ်တန်း ဇွဲရှိသောအရှင်ကား ဆရာတော်ကြီး ကျေနပ်အားရလောက်အောင် လိုက်နာ ကျင့်ကြံခဲ့ပါသည်။ ထိုတောရ၌ တ၄ါမျှ နေကာ ရန်ကုန်သို့ ပြန်ကြွလာခဲ့ပါသည်။

အရှင်ကောသလ္လပြောလေ့ရှိသည်မှာ မိမိဘယ်လိုစားရစားရ၊ ဘယ်လိုနေရာမျိုး နေရနေရ၊ ဘယ်လောက် ဆင်းရဲဆင်းရဲ ခံနိုင်ရည်ရှိကြောင်း ဖြစ်ပါသည်။ ဤသည်ကား စမ်းကြီးတောရ၌ တရားအားထုတ်ခဲ့၍ ရလာသော ခံနိုင်ရည် ဖြစ်(ဖွယ်) ရှိပါသည်။ အရှင်ကား တွေဝေဆုတ်ဆိုင်း ထိုင်းမှိုင်းတွန့်ကုပ် အပျင်းရုပ်လက္ခဏာ ဝင်နေသည်ဟု မရှိပါ။ ထိုထိုကိစ္စ ဆောင်ရွက်ရာ၌ အမြဲလိုလို သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်နှင့် မြူးကြွနေသောအသွင်သာ အစဉ် မြင်တွေ့နေရသည်ဖြစ်ရာ ပင်ကိုယ်သဘာဝလည်းပါမည်ဖြစ်သော်လည်း ထိုတောရ၌ ကြုံရတဲ့ ဆင်းရဲ အမှုမထားပဲ စွဲစွဲမြဲမြဲ တသန်ထဲကြိုးစားခြင်းမှာလည်း ထိုသို့ ဖြစ်ခြင်း၌ ဥပနိဿယအကြောင်း တရပ်ပင် ဖြစ်ပါလိမ့်မည်။

**ဘာသာ အမျိုးမျိုး ဆက်သင်ကြား။** ။ရန်ကုန်ပြန်ရောက်သောအခါ အနားမနေတတ်၊ တခုခု ပြုလုပ် ဆည်းပူးနေရမှ နေဖြစ်သော ပင်ကိုယ်သဘာဝအရရင်း၊ ဘာသာတပါး၌ တတ်ကျွမ်းလိမ်မာလိုသော ပင်ကိုယ်ဆန္ဒအရရင်း၊ အခွင့်သာခိုက်(ဗီအင်န်ဂျီ)ဂျပန်တက္ကသိုလ်နှင့် ဆက်သွယ်၍ ဂျပန်စာပေ လေ့လာသင်ကြားခဲ့ရာ ၎င်းတက္ကသိုလ်မှ ကျင်းပပြုလုပ်သော ပထမနှစ်စာမေးပွဲကို အောင်မြင်ခဲ့ပါသည်။

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးငြိမ်းသောအခါတွင် ရန်ကုန်မြို့ ဘုရားကြီးတိုက် အရှင် ဓောဟ္လာည မှထေရ်ထံတော်၌ ခိုလှုံဆည်းကပ်ကာ ပါဠိ အဋ္ဌကထာဋီကာများကို သင်ကြား နာယူ ဆည်းပူးပြီးနောက် တနှစ်ကျော်လောက်အကြာတွင် ဘာသန္တရသင်ကြားဘို့ လိုလားသောဆန္ဒမှာ ထက်သန်စွာ ပေါ်ပေါက်လာခဲ့ပြန်ပါသည်၊ ထို့နောက် ရွှေကျင်ကျောင်းသို့ ပြောင်းရွှေ့နေထိုင်ကာ အရှင်အာဒိစ္စဝံသကျောင်း၌ အင်္ဂလိပ်ဘာသာ စာပေအတော်အတန်ဆည်းပူး သင်ကြားခဲ့ပြန်သည်။

အင်္ဂလိပ်ဘာသာကား ကမ္ဘာသုံးဘာသာဖြစ်၍ ထူးထူးခြားခြား တတ်မြောက်လိုသော ဆန္ဒရှိခဲ့၏။ ထူးခြားမည့်ပုဂ္ဂိုလ်တို့မှာ မိမိ အလွန်လိုလားသောဘာသာ၌ သာမန် တတ်မြောက်မှုမျှကို မလိုလား၊ ထွန်းထွန်း ပေါက်ပေါက် တတ်မြောက်မှုကို လိုလားမြဲဖြစ်ရာ အင်္ဂလိပ်ဘာသာ၌ ထူးထူးချွန်ချွန် တတ်မြောက်လိုသောဆန္ဒ ပြင်းပြခဲ့သော အရှင်ကောသလ္လကား ၁၃၀၉ (၁၉၄၇) ခုနှစ်၌ သီဟိုဠ်ကျွန်းသို့ ကြွရောက်ကာ အာနန္ဒာကောလိပ်နှင့် ပင်ဘရုတ်အကယ်ဒမီတို့၌ အင်္ဂလိပ်ဘာသာကို ၂ နှစ်ခွဲခန့်ကြာအောင် သင်ယူခဲ့ပါသည်။

**ဆယ်တန်းအောင်မြင်ခြင်း။** ။၁၃၁၁ (၁၉၄၉) ခုနှစ်တွင် သီဟိုဠ်မှ ပြန်ကြွလာပြီး ရွှေကျင်ကျောင်းမှာပင် သီတင်းသုံးနေခဲ့သည်။ အလွန်ထက်သန်သော ဝီရိယရှင်တို့ကား ရပ်နားတန့်နေရမှုကို မလိုလား၊ အကျိုးရှိသောကိစ္စများကို တမျိုးမဟုတ်တမျိုး စွမ်းစွမ်းတမန် ဆောင်ရွက်ကြိုးစားမြဲ ဖြစ်ပါသည်။ မိမိ သင်ကြားခဲ့သော အင်္ဂလိပ်ဘာသာကိုလဲ တိုးတက်သထက်တိုးတက်အောင် လေ့လာလိုခြင်းက တကြောင်း၊ မြန်မာစာ သိပ္ပံစသော ပညာအမျိုးမျိုး၌ တတ်မြောက်လိုသောဆန္ဒ ထက်သန်လှသည်က တကြောင်း၊ မက်ထရစ် စာမေးပွဲအတွက် ကြိုးစားခဲ့ရာ ၁၃၁၂(၁၉၅၀)ခုနှစ်တွင် ဓါတုဗေဒ ရူပဗေဒ ဘာသာတွဲများဖြင့် အောင်မြင်ခဲ့ပါသည်။ ထို့နောက် သက်ကြီးတက္ကသိုလ် (အိုင်အက်စီ) တန်းကို ဆက်လက်သင်ကြားနေခဲ့သည်။

**ရွှေကျင်စာသင်တိုက်ဖြစ်လာရခြင်း။** ။ထိုအခိုက် ကံမကောင်း အကြောင်းမလှဆိုသလိုဖြစ်ကာမိမိဆရာရွှေကျင်ဆရာတော်ကြီး ဘဝနတ်ထံ စံလွန်တော်မူခြင်းနှင့် ကြုံကြိုက် ရပါတော့သည်။ ရန်ကုန် ရွှေကျင် နိကာယဆရာတော်များ၏ အမိန့်ချမှတ် အပ်နှံခြင်းဖြင့် ရွှေကျင်ကျောင်း အုပ်ချုပ်ရန် တာဝန်ကျရောက်လာခဲ့၏။ ထိုအခါ(အိုင်အက်စီ)အတွက် ကောလိပ်တက် သင်ယူခြင်းဟူသော မိမိစိတ်ဝင်စားနေသော ပညာရေးလောကကို ခေတ္တမျှ စွန့်လွှတ်ထားခဲ့ရပါသည်။

ဌာနမည်သည်မှာဌာနီပုဂ္ဂိုလ်ကို အစွဲပြု၍ ထူးခြား မထူးခြားကွဲပြားခြင်းသို့ ရောက်ရမြဲ၊ ရွှေကျင်ကျောင်းကား ရှေးက သာသနာအတွက် မည်သို့မျှ ကျေးဇူးမပြု၊ အကျိုးမရှိ ဖြစ်နေသော ဌာနတခုပင်၊ ထိုဌာနကို သာသနာအတွက် အကျိုးပြုသောဌာနအဖြစ် ပြောင်းကာ သာသနာပြုရန် ဆန္ဒဖြစ်လာရသည်။ အရှင်ကောသလ္လကားပရိယတ်၊ ပဋိပတ်ဓမ္မတို့ကို အထူးဆည်းပူးခဲ့ပြီး ပုဂ္ဂိုလ်တဦးဖြစ်ခဲ့ရာ ထိုဓမ္မတို့၏ အရသာ သာယာဘွယ်တို့ကို ကိုယ်တွေ့သိဖြစ်နေ၍ ထိုဓမ္မတို့ ပြန့်ပွားထွန်းကားရန် လိုလားခဲ့သည်မှာ သဘာဝအတိုင်းပင် ဖြစ်ပါ၏။ ထို့ကြောင့် စာသင်တိုက်အဖြစ် ပြောင်းလဲ တည်ထောင်ရန် ဆုံးဖြတ်ကာ ၁၃၁၅ (၁၉၅၃) ခုနှစ်တွင် ရဟန်းသာမဏေ ၄၀ မျှဖြင့် အစပြုကာ ပရိယတ္တိဓမ္မ ပို့ချသင်ကြားပေးခြင်းဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်ကြိုးပမ်းခဲ့ပါသည်။ ထိုအခါက ဆန့်ကျင်ဖက် အတိုက်အခံတို့နှင့်လဲ ကြုံရ၏။ အရှင်၏အစွမ်းကို မယုံ၍ ဖြစ်နိုင်မည် မဟုတ်ဟု အထင်သေးသူတို့လည်း ရှိနေခဲ့၏။ သို့သော် ဆရာတော်ကား ဆန့်ကျင်ဖက်တို့ကို ပြန်လည် ဆန့်ကျင်တိုက်ခိုက်မှု မပြု ကိုယ့်အလုပ်သာ ကိုယ်လုပ်နေခဲ့၏။ စာသင်စဉ်က မနေမနား ရှုတ်ရှုတ်ချွန်ချွန် ကြိုးစားလာခဲ့သလို ယခု စာပေပို့ချ

သာသနာ့တာဝန် ထမ်းဆောင်ရသောအခါ၌လည်း ဇွဲမာန်ထားလျက် မနေမနား ကြိုးစားလာခဲ့သဖြင့် တစတစ တိုးတက် စည်ပင် အမြင့်လှခဲ့သော တိုက်တာ ဖြစ်ခဲ့ရာ ဆန့်ကျင်ဖက်တို့လည်း အလိုလို ရှင်းလင်း၊ သံသယဖြစ်သူတို့လဲ သံသယ ကင်း၊ အထင်ကြီးရသောအဖြစ်သို့ ရောက်ခဲ့ပါပေသည်။ စာပေပို့ချရခြင်း၊ အုပ်ချုပ် စီမံခန့်ခွဲရခြင်း စသည်ဖြင့် တာဝန်တွေများပြားလှသည့်ကြားက ယခင် အား ထုတ်လက်စရှိခဲ့သော (အိုင်အက်စ်စီ) တန်းအတွက် ဆက်လက် ကြိုးပမ်းခဲ့ရာ ၁၃၁၆ (၁၉၅၄) ခုနှစ်တွင်(အိုင်အက်စ်စီ) ဥပစာတန်းကို အောင်မြင်ခဲ့ပါသည်။

**ဝိဇ္ဇာဘွဲ့ဓမ္မာစရိယ ဘွဲ့ရခြင်း။** ။စာသင်တိုက်တည်ထောင်သည်မှာ မကြာသေး၍ တာဝန်တွေများပြားလှသည်ဖြစ်ရာရှေ့ဆက်ရမည့် ဝိဇ္ဇာတန်းအတွက် အခွင့်မသာ ဆိုင်းငံ့နေခဲ့ရပါသည်။ သို့သော် အခွင့်သာက အရယူရန် စိတ်ဆန္ဒကား ပြင်းထန်လျက်ပင် ရှိနေခဲ့ပါသည်။ ထို့နောက် အားလပ်၍ အခွင့်သာမှဆိုလျှင် ဝိဇ္ဇာဘွဲ့ကိုရရန် မှလွယ်လှ၍ အလုပ်တာဝန်တွေ များပြား လှသည့် ကြားမှပင် အချိန်ယူကာ ကြိုးစားလာခဲ့ခြင်းဖြင့် ၁၃၁၉ (၁၉၅၇)ခုနှစ် တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပြန်ပါသည်။ ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်တို့၌ အခြေပိုင်ပိုင် နိုင်နင်းပြီးဖြစ်နေသော အရှင်မှာ ကြိုးစားဘို့အချိန် အပြည့်အဝ လုံလောက်စွာ မရသော်လည်း ခက်ခဲမှုမရှိ အလွယ်တကူဖြင့်ပင် အောင်မြင်ခဲ့ပါ ပေသည်။

ဆရာတော်ကား တကာ တကာမ ချီးမြှောက်ရမည့်ကိစ္စ၊ စာပေပို့ချခြင်း ကိစ္စ၊ အုပ်ချုပ် စီမံမှုကိစ္စ စသည် များပြားလှသော တာဝန်တွေ ထမ်းဆောင် နေရင်းက မိမိအဖို့ ကြွေးတင်နေသည် ဆိုရသော ပြုလုပ်ရမည့် အထက်တန်း တက် လှမ်းဘွယ်ရာ တာဝန်တို့ကိုလဲ့ မလစ်ဟင်းစေခဲ့၊ ထို့ကြောင့် ဝိဇ္ဇာတန်းအထိ တက် လှမ်းမိသောအခါ အစိုးရ ပဌမပြန်၌ ကျန်ရှိနေသော စာချတန်းအတွက် ဆက် လက် ဝင်ရောက်ဖြေဆိုခဲ့ရာ ယခင်လေ့လာပြီး ဖြစ်နေသော ကျမ်းများဖြစ်၍ တာ ဝန်မကြီးလှ၊ အလွယ်တကူပင် အောင်မြင်ခဲ့၍ ၁၃၂၀ (၁၉၅၈) ခုနှစ်၌ သာသန ဓဇဓမ္မာစရိယဘွဲ့ကို ရရှိခဲ့ပြန်ပါသည်။

**အမေရိကန်သာသနာပြုကြွခြင်း။** ။ထင်ပေါ် စင်တော်ကကောက်ဟုအဆို ရှိပါသည်။ ပညာတခုခု၌ ထူးချွန်သော ပုဂ္ဂိုလ်မှာ ထိုပညာနှင့်စပ်သော အရေးကြုံသောအခါ ဆိုင်ရာမှ ရွေးချယ်မြှောက် စား အရေးထားခံရမြဲ၊ ပါဠိစာပေ၊ အင်္ဂလိပ်စာပေတို့၌ အထူးနိုင်နင်းကျွမ်းကျင် လိမ်မာအောင် တတ်မြောက်ခဲ့သော ဆရာတော်အဖို့ ၁၃၂၀ (၁၉၅၈) ခုနှစ်၌

ထူးခြားသောအခွင့်အရေးတရပ် ကြုံကြိုက်လာခဲ့ရသည်။ ထိုနှစ်၌ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှ အမေရိကန်နိုင်ငံသို့ သာသနာပြုလေးဦးအဖွဲ့ တခု စေလွှတ် ချီးမြှောက်စေဖို့ အရေးကြုံခဲ့ရာ ထိုအဖွဲ့မှာ ပါဝင်ဘို့ ပါဠိတတ်ရုံနှင့်မပြီး၊ ပါဠိ-အင်္ဂလိပ် စွယ်စုံတတ်မြောက်သော ပုဂ္ဂိုလ်တို့သာ ထိုက်တန် သင့်လျော်သည်ဖြစ်ရာ ပါဠိ-အင်္ဂလိပ် စွယ်စုံ ပြောင်မြောက် တတ်ကျွမ်းလိမ်မာပြီးဖြစ်နေသော ဆရာတော်မှာ သာသနာပြုအဖွဲ့ဝင်အဖြစ် ပါဝင် ကြွရောက်ခဲ့ရပါသည်။ထိုသာသနာပြုခရီး၌ အင်္ဂလန်-ဂျာမဏီ-အီတလီ-ဂျပန် နိုင်ငံများသို့လဲ လှည့်လည် ဆိုက်ရောက်ခဲ့ပါသေးသည်။

**လန်ဒန်ဘီအေဘွဲ့ရခြင်း။** ။ဆရာတော်ကား တိုက်တာအုပ်ချုပ်ရေး၌အောက်ခြေသိမ်းကအစ အရာရာတွင်ပါဝင်ဆောင်ရွက်နေရသည်ဖြစ်ရာတာဝန်ကြီးမား အားလှသည်ဟုမရှိလှ၊ မအားမလပ်ရအောင် ပရဟိတဆောင်ရင်းနှင့်ပင် ကိုယ့်တိုးတက်မှုအတွက်လည်း ရသမျှအချိန်ကလေး အသုံးပြုကာကြိုးစားလာခြင်းဖြင့် တဆင့်ပြီးတဆင့်ဆိုသလို ဘွဲ့ထူး ဂုဏ်သိရ် အရှိန်အဝါတိုးတက်မြင့်မားလာသည်ကို တွေ့ရပါလိမ့်မည်။ ကိစ္စတခုပြုလုပ်ဆောင်ရွက်ရာ၌ ထိုကိစ္စပြီးမြောက်ရေးအတွက် သွက်လက်၊ တက်ကြွ၊ ပေါ့ပါးလျင်မြန် ဝီရိယပါသောရုပ်ဟန်မှာ အမြဲ ထင်ပေါ်လျက်ရှိခဲ့ရာ ဝီရိယ၊ ဆန္ဒ၊ သွက်လက် လျင်မြန်သည်နှင့်အမျှ ဉာဏ်ကလဲ သွက်လက်လျက်ပင် ရှိခဲ့ပါသည်။ ထိုသွက်လက်ထက်မြက်သောဉာဏ်အရပင် ကြံသမျှပြီးသလို ဖြစ်ခဲ့သည့်အတိုင်း ၁၉၆၃ ခုနှစ်မှာ အလွန်ထူးခြားသော အောင်မြင်မှုကြီးတခု ကြုံကြိုက်‧အရယူလိုက်နိုင်ခဲ့ပြန်ပါသည်။ မြန်မာနိုင်ငံ ဗြိတိသျှကောင်စီ၏ အကူအညီဖြင့် လန်ဒန်တက္ကသိုလ်နှင့် အဆက်အသွယ်ပြုကာ **စာပေးစာယူစနစ်ဖြင့် လေ့လာဆည်းပူးခဲ့ရာ ၁၉၆၃ ခုနှစ်၌ လန်ဒန်တက္ကသိုလ်မှ ပေးအပ်သော ဘီအေအော်နာ လန်ဒန်ဝိဇ္ဇာဂုဏ်ထူးဘွဲ့ကို ခံယူရရှိကာထူးခြားသော အောင်ပန်း ဆွတ်လှမ်း ပန်ဆင်ခဲ့ရပြန်ပါသည်။**

**ဗုဒ္ဓဘာသာကလျာဏယုဝဆုရခြင်း။** ။၁၉၆၀ ခုနှစ်၌ကား ဆရာတော်၏ထူးခြားသော အောင်ပွဲတခု ကြုံရသောနှစ်ပင် ဖြစ်တော့သည်။ ထိုနှစ်၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းက ပြုလုပ်သောစာပေပြိုင်ပွဲ၌ ပါရမီတော်ခန်းပျို့ဒီကာအတွက် ထောင်ဆုရယူနိုင်ခဲ့ပါသည်။၁၉၆၆ ခုနှစ်၌ မြန်မာစာပေတိုးတက်ရေးအတွက် ရှေးဟောင်းပျို့ အဖြေများ ရေးသား

ပြိုင်ပွဲဝင်ရန် ကြေငြာခဲ့သော ပါရမီတော်ခန်းပျို့၊ နေမိဘုံခန်းပျို့နှစ်ခုစောင် ပါဝင်ခဲ့၏။ ဆရာတော်ကား ပါရမီတော်ခန်းပျို့အဖြေ ရေးသားပြိုင်ပွဲဝင်ရန် ရွေးချယ်ခဲ့ပါသည်။ ထိုအချိန်က ဆရာတော်မှာ ပါဠိအင်္ဂလိပ်တို့၌ အထူးကျွမ်းကျင်နိုင်နင်းခဲ့ပါသည်။ ပါရမီ မသိနှင့် ဟူသော ဆိုရိုးအရ ပါရမီခန်းကား ခက်ခဲနက်နဲ၍ ကြီးလေးသည့်ကျမ်းပင်။ မြန်မာစာပေ၌ ကြီးမားသော ဉာဏ်ရှင်ဆရာတော်နှင့် ကြီးလေးသော ကျမ်းမှာ ဝန်နှင့်အားမျှလျက် လိုက်ဖက်လှသည်ဟု ဆိုနိုင်ပါ၏။ နီတိဆရာတို့အဆိုတခုမှာ ကြီးကျယ်သောကိစ္စတခုကို ကြီးမားသော ပုဂ္ဂိုလ်တို့သာ ပြီးမြောက်စေနိုင်၏။ ဆင်တွေ ညွန်နစ်နေသောအခါ ထုတ်ဆယ်ဖို့ရာ ဆင်များသာ ဝန်ဆောင်နိုင်၏ ဟု ဖြစ်ပါ၏။(ပါရမီခန်း) မိမိ ပါရမီခန်း လေ့လာသောအခါ အခက်အခဲ ကြုံခဲ့ဖူးရာ ထိုသို့ အခက်အခဲ မကြုံစေရ၊ အများ အလွယ်တကူ ရှင်းလင်းသိရအောင် တင်ပြဖို့ဟူသော သမ္မာဆန္ဒကလဲ ထိုသို့ရွေးချယ်ရန် တိုက်တွန်းသလို ရှိခဲ့၍ ရွေးချယ်ခဲ့ခြင်းလဲ ဖြစ်ပါသည်။ ယခုအခါ ထိုပျို့မှာ စာအုပ်အဖြစ် ရောက်နေပြီဖြစ်ရာ စာပေသုတေသီ ပညာရှင်တို့၏ အားရကျေနပ် နှစ်သက်ခံ့မင် ဂုဏ်တင်ခံရသော ကျမ်းပင် ဖြစ်ပါ၏၊ ရှေးက အဖြေများနှင့်မတူ တမူထူးခြားသော ရေးဟန်ဖြင့် စီမံတင်ပြထားသည်ကို တွေ့ရမည့်အပြင် ရှင်းလင်းချက်၊ စိစစ်ချက်၊ ဆုံးဖြတ်ချက်များမှာလဲ ပိုင်လှသဖြင့် ပါရမီခန်းအတွက် မခက်ရအောင် အကွက်စိစိ အချက်မိမိ ပြင်ဆင်ထားပုံကို တွေ့မြင်ရပါလိမ့်မည်။ ဆရာတော်ကား ထိုကျမ်းကို ရေးရာ၌ ပါဠိအဋ္ဌကထာ ဋီကာ၊ သက္ကဋ-ပျို့ ကဗျာ လင်္ကာ၊ မော်ကွန်း ရတု အေးချင်း၊ ရာဇဝင်၊ သမိုင်း၊ ကျောက်စာ၊ သတ်ပုံကျမ်း စသည်တို့၌ ဘယ်မျှ ကျွမ်းကျင်သည့်အဖြစ်ကိုငှင်း၊တိဗက်၊မွန်၊ ရှမ်း စသော ထိုထို ဘာသာ ဝေါဟာရတို့၌ အတော် တီးခေါက်လေ့လာထားသည်ကိုငှင်း တွေ့နိုင်ပါသည်။ မြန်မာစာပေ သုတေသီတို့အတွက် အစဉ် အကူအညီ အထောက်အပံ့ပေးမည့် ကျမ်းတဆူဖြစ်ရာ မြန်မာစာပေလောက၌ အားကိုးအားထားပြုထိုက်သော မှတ်တိုင်ကြီးတခု စိုက်ထူခဲ့ခြင်းပင် ဖြစ်ပါသည်။

**မြန်မာစကားလုံးပြောင်းထုံးကျမ်း။** ။ဆရာတော်မှာ ပါရမီတော်ခန်းပျို့ ဋီကာ အတွက် မြန်မာ စာပေတွေ့ လေ့လာသောအခါ မြန်မာဝေါဟာရနှင့်စပ်၍ အတွေးအခေါ်သစ်၊ အမြင်သစ်၊ ဉာဏ်သစ်များ တိုးတက်ဖြစ်ပွားလာရ၏။ မြန်မာဝေါဟာရတွေ ပြောင်းလဲပုံ၌ အထူးစိတ်ဝင်စားခဲ့၏။ ထိုသို့ စိတ်ဝင်စားသည့်အလျောက် ပျို့-ကဗျာ-လင်္ကာ စသော မြန်မာစာပေများ ထပ်မံသုံးသပ် လေ့လာကာ မှတ်စုတွေ ထုတ်ထားခဲ့ပါသည်။ အရှင်ဥပါလိသည် ဝိနည်းသာ ငါ့နေရာ၊ ဝိနည်းသာ ငါ့ရပ်ရာ-စကြံသွားရာ၊ ဝိနည်း၌ ငါနေခြင်း ပြုပါ၏။ ဝိနည်းသည် ငါ၏ ကျက်စားရာတည်းဟု

ဥဒါန်းပြုကာဝိနည်း၌ အလေ့အလာအပြုများ၍ ဝိနည်းအရာ ဧတဒဂ် ရသလို ဆရာတော်လဲ ထိုအခါက သွားလဲ့ မြန်မာစာ ရပ် ထိုင်လျှောင်းလဲ မြန်မာစာဆိုသလို ဖြစ်နေ၍ အကွေးအခေါ် အသစ်အဆန်းကလေးများ မကြာမကြာ ပေါ်လာရာ ပေါ်တိုင်းပေါ်တိုင်း နောက် မေ့သွားမည်စိုး၍ ချက်ချင်း ရေးမှတ်ထားလေ့ ရှိ၏။ တခါတခါ ညအိပ်ရာ တရေးနိုးသောအခါပင် ပေါ်ပေါက်လာတတ်ရာ မနက်ကျလျှင် မေ့ပျောက်သွားမည်စိုး၍ ချက်ချင်း ထရေးမှတ်ထားလေ့ရှိသည်ဟု ပြောဖူးပါသည်။ ဤမျှ စိတ်ဝင်စားစွာ လေ့လာခဲ့၍ပင် မြန်မာစာပေအရာတွင် ဧတဒဂ် တင်ရလောက်အောင်ပင် ထူးချွန်ခဲ့ပါ၏။ စိတ်ဝင်စားစွာ လေ့လာမှတ်သားခဲ့သော မှတ်စုများ အမှီပြု၍ နောင်အခါ မြန်မာစကားလုံးပြောင်းထုံးကျမ်းဟူသော ကျမ်းကြီးတဆူ ဖြစ်မြောက်ခဲ့ရပါသည်။ ထိုကျမ်း၌ မြန်မာစကားလုံးတို့ အနက် မြန်မာစကားလုံး ပြောင်းလဲပုံ၊ အနက်တူ၊ သဒ္ဒါတူတွဲပုံ၊ အနက်တူသဒ္ဒါကွဲတွဲပုံ၊ အနက်မဲ့ သဒ္ဒါနှင့်တွဲပုံ စသည်များကို ပျို့ ကဗျာ လင်္ကာ၊ မော်ကွန်း၊ အေးချင်း စကားပြေကျမ်းဂန်များမှ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြထားပါသည်။ ဗြဟ္မနိရုတ္တိနယဉ်ဟု ခေါ် "မြန်မာစကားလုံးပြောင်းထုံးကျမ်း" ဟု နာမည်ပေးထား၏။ မြန်မာဝေါဟာရ စကားလုံးနှင့်စပ်သော နည်းအမျိုးမျိုး သိမ်းသွင်းထားရာကျမ်းဟု ဆိုလိုပါသည်။ ထိုကျမ်းကြီးမှာ စာမျက်နှာတထောင်ကျော်မျှရှိ၍ ပျ်တော်မမူမီက ပုံနှိပ်ဖို့ရာ ကြိုးစားခဲ့ပါသော်လည်း အကြောင်းကြောင်းကြောင့် အထမမြောက်ခဲ့၊ မြန်မာစာပေ သုတေသီတို့အတွက် အထူးအားထားနည်းယူရမည့် စာအုပ်ကောင်းတခုဖြစ်ရာ ယခု တပည့်များက ရိုက်နှိပ်ဖို့ရာ ကြိုးစားလျက်ရှိနေကြပါသည်။ ဆရာတော်ကား မြန်မာ ပျို့ ကဗျာ စာပေတို့၌ အလွန် ကျွမ်းကျင် နှံ့စပ်သည့်အတိုင်း မြန်မာအဘိဓါန် ပြုစုရေးအဖွဲ့သို့လဲ ထိုထို ကဗျာ စသည်တို့မှ ထုတ်နှုတ်ကာ အထောက်အထားများ ပြုလုပ်လျက် စကားလုံး အသစ်အဆန်း အများအပြားမင် ပေးပို့ကာ အကူအညီပေးခဲ့ပါသေးသည်။)

**ဝိပဿနာအားထုတ်ပြန်ခြင်း။** ။ဆရာတော်ကား လောကီဘွဲ့ ဂုဏ်တွေရအောင် ကြိုးပမ်းနေတော့ ဓမ္မဘက် ပေါ့လျော့နေလိမ့်မည်လား ထင်ဖွယ်ရှိပါသည်။ ပညာမျိုးစုံ တတ်မြောက်လိုသော အာသီသ ကြီးမားနေ၍သာ လေ့လာလိုက်စားနေရသော်လည်း ဓမ္မဘက် ညွတ်လျက်ရှိသော စိတ်ထားမှာ အခြေခိုင်လျက်သာ ရှိနေခဲ့ပါသည်။ ထို့ကြောင့် စာသင်တိုက်တည်ကာ သာသနာပြုနိုင်ခြင်းဖြစ်ပါသည်။ ထိုမျှမက ရဟန်းငါးဝါ လောက်ကပင် ပဋိပတ်ဘက် လိုက်လိုသော ပင်ကိုယ်ဗီဇ အခြေခံအရ စမ်းကြီးတောရ၌ တရားအားထုတ်ခဲ့ရာ ပဋိပတ်ဘက်လိုက်ရန် အခြေခံဗီဇကလဲ စွဲမြဲကိန်းဝပ်နေခဲ့သည့်အတိုင်း အခန့်မသင့်အခွင့်မသာ၍ ဆိုင်းငံ့နေရသော်လည်း အခွင့်သာက ကျင့်ကြံကြိုးကုတ်အားထုတ်ရန် အမြဲရည်သန်ဘောင့်တခဲ့ပါသည်။ ပါဠိအဋ္ဌကထာ

ဋီကာစာပေတွေ သင်ကြားခြင်းမှာ သိရုံတတ်ရုံမျှ မဟုတ်။ ကျင့်ကြံဘို့သာ ဖြစ်၏။ အကျင့်မရှိသော ပရိယတ်၊ တတ်သိမှုမှာ တကယ့် အကျိုး စီးပွားရဘို့ မဟုတ်ဟု အမြင်ရှိထားပြီးဖြစ်၍လည်း တနေ့ ပဋ္ဌိပတ်အားထုတ်ဖို့ ရည်ရွယ်ချက်မှာ အမြဲ မကွာရှိနေခဲ့ပါသည်။ ထို့ကြောင့်ပင် တိုက်တာ တာဝန်များကို တပည့်စာချများ လွှဲအပ်ထားပြီးလျှင် ၁၃၂၂(၁၉၆၀)ခုနှစ်၌ ရန်ကုန်သာသနရိပ်သာ၌ဝါဆိုကာ ဝါတွင်း သုံးလပတ်လုံး ပဋ္ဌိပတ် လုပ်ငန်းကိုမဆုတ်တန်း ဇွဲသန်သန်နှင့် အားထုတ် ကြိုးပမ်းခဲ့ပါသည်။ ထိုမျှမက နောက်ထပ် တဖန် အားထုတ်ရန် အခွင့်မျှော်လင့် နေခဲ့ရာ အခွင့်သာလာသည့်အတိုင်း တိုက်တာ တာဝန်တွေ.တပည့်စာချများအား လွှဲအပ်ကာ ၁၃၂၆ (၁၉၆၄) ခုနှစ်တွင် တွံတေး တောကြီးတန်း အတွင်းရှိ ညောင်ကုတ်ကိုင်းတောရ၌ တဝါမျှဆိုကာ ဝိပဿနာတရားအားထုတ်ခဲ့ပြန်ပါသည်။ ရန်ကုန်၌ ချမ်းချမ်းသာသာ နေထိုင်စားသောက်ခဲ့ရာမှ ဝါးကျောင်းကလေးဖြင့် နေကာ ဖြစ်သလိုစားရသောအခြေအနေနှင့် ကြုံရသော်လည်း ဆရာတော်ကား အမှု မထားတရားအရသာခံစားကာဖြင့် သာယာမှုရကာကြုံရမည့် ထိုထိုဆင်းရဲအတွက် အဖက်ဖက်၌ ခံနိုင်ရည်ရှိသော ဇွဲမှာလဲ တိုးသထက် တိုးတက်လာခဲ့ပါသည်။

**ကလေးများအတွက် တနင်္ဂနွေ သင်တန်း။** ။အသစ်ဖြစ်သော အိုး၌ တွယ် ကပ်နေသော ပြုပြင်မှုသည် တမျိုးတဖုံ ပြောင်းလဲမသွား (ပင်ကိုယ်အတိုင်း စွဲမြဲထင်နေတတ်သည်ဟု ဆိုလိုပါ သည်) ဤနီတိ အဆိုအရ ကလေးတို့အဖို့ ငယ်စဉ်က ပုံသွင်းထားသော ပုံဟန် အခြင်းအရာမှာ စွဲမြဲသွားဘတ်၏။ ယခုအခါ ခေတ်အခြေအနေ အရကလေးငယ် များမှာ ဘာသာရေးနှင့် ကင်းကွာနေခဲ့ရာ သူကလေးတို့ နောင်ရေး စိုးရိမ် ရင်လေး မိကြသော အချို့သော ပညာရှင် ပုဂ္ဂိုလ်များက ကလေးတွေကို အားလပ်၍ အခွင့်ရသောအခါဘာသာရေး အခြေခံများသင်ကြားပေးခြင်းဖြင့် ပုံသွင်းပေးသမှု အကျိုးပြုလျက်ရှိခဲ့၏၊ ဆရာတော်လည်း မိမိကျောင်းတိုက် ပတ်ဝန်းကျင် ရပ်ကွက် များမှ ကလေးသူငယ်များကို စုရုံး၍ တနင်္ဂနွေနေ့တိုင်း ဘာသာရေး သင်ခန်းစာ များ စီစဉ်သင်ကြားပေးခဲ့၏။ ကလေးများ စိတ်ဝင်စားအောင် ပြောဆို နည်းပြ သင်ကြားပေးခြင်း စာမေးပွဲကျင်းပ ဂုဏ်ပြု ဆုလာဘ် လက်မှတ် ပေး အပ် ခြင်း၊ စိတ်ဝင်စား လိုလားသော အလှူရှင်များက ကလေးများ မလာ လာချင် မသင် သင်ချင်အောင် ဆွဲဆောင်သောအားဖြင့် သင်တန်း တက်သူ ကလေး များအား ကျွေးမွေးခြင်းဖြင့်၎င်း၊ အဖက်ဖက်က ကူညီ စောင့်ရှောက်ခဲ့ရာ ထိုသင်တန်းမှာ အတော်ပင်အောင်မြင်ခဲ့ပါသည်။ ထိုသင်တန်းများမှသင်ပေးသော သင်ခန်းစာများ စုပေါင်း ပုံနှိပ်ခဲ့ရာ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု ရှုမှတ်ဖွယ် ဟူသော ကျမ်းစာ တခု ဖြစ်ပေါ်လာခဲ့ရပါပေသည်။

**သံယုတ်အဋ္ဌကထာ အင်္ဂလိပ်ပြန်ခြင်း။** ။အင်္ဂလိပ်ဘာသာ၌ အထူးကျွမ်းကျင်အောင် တတ်မြောက်ခဲ့ခြင်းကြောင့် ဆရာတော်မှာ သာသနာအတွက် အကျိုးပြုရန် အခွင့်အရေးတရပ် ပေါ်ပေါက်ခဲ့ရပြန်ပါသည်။ လန်ဒန် ပါဠိစာပေအသင်းကြီးမှ အဋ္ဌကထာကျမ်းများကို အင်္ဂလိပ်ဘာသာပြန်ဆိုပေးရန် အကူအညီတောင်းခံခဲ့ရာ ဆရာတော်ဦးသေဋ္ဌိလ အမှူးပြုသော အဖွဲ့က ပါဠိ အင်္ဂလိပ် ကျွမ်းကျင်သော ရဟန်းပညာရှိ၊ လူပညာရှိ များအား အဋ္ဌကထာများကို အင်္ဂလိပ်ဘာသာပြန်ရန် ခွဲဝေတာဝန်ပေးခဲ့၏။ ဆရာတော်မှာ သံယုတ်အဋ္ဌကထာကို အင်္ဂလိပ်ပြန်ရန် တာဝန် ပေးအပ်ခြင်းခံခဲ့ရသည့် အတိုင်း ၎င်းအဋ္ဌကထာများကို အင်္ဂလိပ်ဘာသာသို့ ပြန်ခဲ့၏။ ထင်မံ စီစစ် ပြင်ဆင်ဘို့ရာ အတန်ငယ်လိုသေးသည်မှအပ ထိုအဋ္ဌကထာများအပြည့်အစုံရေးသားပြန်ဆိုပြီးဖြစ်ပါသည်။ စာရှိတိုင်း ပြန်ရုံသာမျှမဟုတ်ဘဲ ဖတ်သူတို့ သိနားလည် လွယ်အောင် ထူးခြားသော ရေးဟန်ဖြင့် ပြန်ထားကြောင်းလဲ သိရပါသည်။ ၎င်းကို လန်ဒန်ပါဠိအသင်းကြီးမှ ပုံနှိပ်ပြီး ကမ္ဘာသို့ ဖြန့်ဝေလိမ့်မည်ဖြစ်ရာ ဆရာတော်၏ ဂုဏ်သတင်းသည် ကမ္ဘာအနှံ့ ပြန့်လိမ့်ဦးမည်ပင် ဖြစ်ပါတော့သည်။

**ဗဟုသုတဘဏ်တိုက်။** ။ဆရာတော်ကား စာပေဆိုင်ရာ၊ အယူဝါဒဆိုင်ရာ သိဖွယ် အချက် အဖက်ဖက်၌ အကွက် စေ့ အောင် လေ့လာခဲ့ရာ ပါဠိ ပိဋကတ် မြန်မာစာပေ၊ အင်္ဂလိပ်စာပေတို့၌ အထူး ကျွမ်းကျင် နိုင်နင်းခဲ့ပြီး သက္ကတ၊ ဟိန္ဒီ၊ ဂျပန်ဘာသာတို့၌လည်း အတော်ပင် ကျွမ်းကျင်လိမ်မာခဲ့ပါသည်။ ထိုမျှမက မိမိ၏ ဗုဒ္ဓအယူအဆဝါဒမှတပါး ဗြဟ္မဏ၊ ဂျိန်း၊ ရဟူဒီ၊ ခရစ်ယန်၊ အစ္စလန် စသော အယူဝါဒ တပါးတို့ကိုလည်း အထိုက်လျောက် သိနားလည်အောင် လေ့လာထားခဲ့ပြီး ဖြစ်နေပါသည်။ လေ့လာမှု ကျက်မှတ်မှု၌ အလေ့ ဝါသနာပါနေသည့်အတိုင်း ကျက်မှတ်ထားသော မြန်မာကဗျာ လင်္ကာများလည်း အများအပြားပင်၊ ပါဠိ၊ ဂါထာ၊ စုဏ္ဏိယများလဲ မနည်းလှ၊ ထို့ကြောင့်ပင် ပြောဘို့၊ ဟောဘို့၊ ရေးဘို့ သားဘို့ အကွက်ဆိုက်လာသောအခါ အခက်အခဲမရှိ ရုတ်ချည်း လျင်မြန်စွာ ပြောနိုင် ရေးသားနိုင်ပါသည်။

ဘာသာရေးဆိုင်ရာ ဆောင်းပါးများလည်း အတော် ရေးသားခဲ့ ဘူး၏။ မြန်မာနိုင်ငံ အသံလွှင့်ရုံမှလည်း အကြိမ် အတော် များစွာ တရား တော် များ ဟောကြား အသံလွှင့်ခဲ့ဘူးပါသည်။ ဘာသာရေးနှင့်စပ်၍ဖြစ်စေ၊ ပါဠိ မြန်မာ စာပေနှင့်စပ်၍ဖြစ်စေ၊ အယူဝါဒရေးရာနှင့် စပ်၍ဖြစ်စေ သိလို၍ ချဉ်းကပ်လာသော ရှင် လူတို့ အားလည်း အစဉ်မပြတ်ဆိုသလို အကူအညီ ပေးနေခဲ့ပါပေသည်။ ဆရာတော်ကား စာပေရတနာဘဏ်တိုက်၊ ဗဟုသုတ ဘဏ်တိုက်ကြီးပင် ဖြစ်ရပါတော့သည်။

၁၃၉၅၃

## (၂၂) ဆရာတော် အရှင်ကောသလ္လ၏ ဘဝဖြစ်စဉ်

ဤသို့ အဖက်ဖက်၌ ထူးချွန်သော ဆရာတော်မှာ ၁၃၂၉ ခုနှစ် တွင် ရန်ကုန်၊ ဟံသာဝတီနှင့် အင်းစိန်ခရိုင် ဝိနည်းပြန် ဌာနဆိုင်ရာ ရွှေကျင် ဂိုဏ်း အစည်းအဝေးကြီးမှ ရန်ကုန် မြို့နယ်ဆိုင်ရာ နာယက တပါးအဖြစ်ဖြင့် ခန့်ထား ခြင်းကို ခံယူတော် မူခဲ့ရပါသည်။

**အလိုမပြည့်ခဲ့။** ။ဆရာတော်ကား ပျော်ပျော်ရွှင်ရွှင် နေတတ်၏။ တပည့်များ အပေါ်၌ မိတ်ဆွေလိုတမျိုး၊ မိဘလိုတဖြာ၊ ဆရာလိုတဖုံအခါ အားလျော်စွာ ဆက်ဆံတတ်ရာတပည့်များ၏ ချစ်မြတ်နိုးခြင်း၊ လေးစားရိုသေခြင်း အထူးခံခဲ့ရ၏။ ထိုသို့ ပျော်ပျော်ရွှင်ရွှင် နေတတ်၍ အပေါင်းအဖေါ်၌ မွေ့လျော် နေလိမ့်မည်ဟု ထင်ဖွယ်ဖြစ်သော်လည်း တကယ်တော့ နေကွမ္မဋ္ဌာသယခေါ် တောထွက်လိုသော အာသာဆန္ဒကား တစထက်တစ တိုးတက် လာခဲ့ ပါသည်။ မိမိတည်ထောင်ခဲ့သော စာသင်တိုက်ကြီး မပျက်မစီး မပြိုမကွဲ အမြဲတည်တန့်ရန် ယုံကြည်စိတ်ချရသော ပုဂ္ဂိုလ်အား လွှဲအပ်ကာ သပိတ်တလုံး သင်္ကန်းသုံးထည်ဖြင့် ထွက်ခွါတောခို တရားကိုလွတ်လွတ်အားထုတ်ဖို့ ကြိုးစားလျက်ရှိခဲ့ပါသည်။ သို့သော် ဗြဟ္မနိရုတ္တိနယသင်္ဂဟခေါ် မြန်မာစကားလုံးပြောင်းထုံးကျမ်းကြီး ပုံနှိပ်စာအုပ် ဖြစ်အောင် အားထုတ်ဖို့တာဝန်၊ အင်္ဂလိပ် ဘာသာပြန် သံယုတ်အဋ္ဌကထာများ အပြီးသတ် အချောကိုင်ရန် တာဝန် လက်စမပြတ်သေး၍သာ ဆိုင်းငံ့ နေရပါ သည်။ ထိုတာဝန်နှစ်ရပ်မှာ အပြီးသတ်က တောထွက်ရန်ပိုင်းဖြတ်ပြီးဖြစ်ပါသည်။ သို့သော်တောထွက်လိုသောဆန္ဒလည်းမမြောက်ခဲ့၊ တာဝန်နှစ်ရပ်လည်းအပြတ်မရှင်း နိုင်ခဲ့၊ ရွှေခရီးမဆက်သာ ဆိုးဝါးသော ကံကြမ္မာ၏ဖိစီးချက်ဖြင့် လမ်းခုလပ်တွင်ပင် ကျဆုံးခဲ့ရပါတော့သည်။

**ဘဝနောက်ဆုံးအချိန်။** ။၁၃၄၀ (၁၉-၅-၇၈) ခု ကဆုန်လဆန်း ၁၃ ရက် သောကြာနေ့ညဥ့် (၉) နာရီ မိနစ် (၃၀)။ ဤနေ့ ဤအချိန်ကား ဆရာတော်၏ဘဝ အဆုံးသတ်ရသည့်အချိန်အခါတည်း။ တပည့် တပန်း ရဟန်းရှင်လူအများတို့ နှမြောတသယူကြုံးမရ ဝမ်းနည်းပူဆွေးဘို့ ကြုံရသည့် အမင်္ဂလာနေ့ အခါဆိုးကြီးပင်။ နေ့မြင်ညပျောက် ညမြင်နေ့ပျောက်၊ ဤကား သဘာဝအတိုင်းပင်၊ သို့သော် ''ဘယ်သက်ရှယ်မှာ၊ ဘယ်ရောဂါနှင့်၊ ဘယ်ခါကာလ၊ ဘယ်ဒေသ၌၊ သေရမည်သာ၊ ဒို့သူငါ မှန်စွာမသိပါတကား''။ အရဘယ်ရောဂါနှင့် ဘယ်ချိန်ဘယ်ခါ၊ သေရမည့်အရာမှာ ပိုင်းခြားသတ်မှတ်သိအပ် သိနိုင်ကောင်းသော အရာမဟုတ် ဖြစ်ခဲ့ရာထိုနေ့က ဆရာတော်ကို မြင်တွေ့ရသော တပည့် ရဟန်းရှင် လူတို့မှာ ထိုနေ့ည ဆရာတော်ချုပ်ဆုံးရလိမ့်မည်ဟု ဘယ်သူမျှမထင်နဲ့။ ဆရာတော်

ကိုယ်တိုင်လည်း မိမိ ဤညှ ချုပ်ဆုံးရလိမ့်မည်ဟု သိခဲ့သည်မဟုတ်။ သို့သော် ဤနေ့ ဤည ဇီဝိန်ဖြုတ်ရန် ကံကြမ္မာဆိုးကြီးက စောင့်စားကြိုဆိုနေသလိုဖြစ်ခဲ့ရပါတော့သည်။ ထိုနေ့၌ ဆရာတော်မှာ ဘာရောဂါမျှမရှိ၊ မိမိလုပ်နေကျ တာဝန်များကို ဝတ္တရားမပျက် ဆောင်ရွက်လျက်ပင် ရှိနေပါသည်။ ထိုနေ့ နေ့လည် သုတေသန အသင်း အစည်းအဝေး တက်ရောက်ခဲ့သေး၏။ ထိုအစည်းအဝေးမှ ပြန်အရောက် ညအခါ ဒုလ္လဘ ရဟန်းသစ်များအား တရားဟော တရားပြ ကိုယ်တိုင် ပါဝင် တရားထိုင်လိုက်သေး၏၊ ထို့နောက် ကျိန်းစက်ဖို့အချိန်နီးသောအခါ ရေမိုးချိုးပြီး အခန်းတံခါးအဖွင့်မှာ လဲကျသွားပြီး သတိပြန်မလည်လာ၊ အထက်ပါအချိန်တွင် ဘဝနတ်ထံ စံလွန်တော်မူခဲ့ရပါသည်။ နောက်တနေ့မနက် သုတေသန အသင်းမှ မြန်မာနိုင်ငံ သုတေသနအသင်း၏ ဆပ်ကော်မီတီတွင် စာစဉ်ထုတ်ဝေရေးအဖွဲ့ငယ်၌ အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ကြောင်း အကြောင်းကြားစာရခဲ့ရာ ထိုစာကို ဆရာတော် မြင်တွေ့မသွားရတော့ပါ။ ဆရာတော် ပျံလွန်တော်မူခြင်းကား တပည့် တပန်း ရဟန်း ရှင် လူတို့ အတွက် အစားထိုးရန် ခက်လှသော မိမိတို့ကိုးကွယ်အား ထားရာ ပုဂ္ဂိုလ်ထူးတည့်။ လက်လွှတ်ခံလိုက်ရသောဆုံးရှုံးမှုကြီးဟုရပ်ပင် ဖြစ်ပါတော့သည်။ မြန်မာ့အကျိုးပြုစာပေများ ရေးသား အားထုတ်ခဲ့၍ပျံတော်မမူသေးလျှင် နောင်တွင်လည်း မြန်မာအတွက်၊ သာသနာတော်အတွက် အကျိုးပြု စာပေများ ရေးသားဖို့ရှိနေသေးရာ မြန်မာပြည်အတွက်ဆုံးရှုံးမှု၊ သာသနာအတွက် ဆုံးရှုံးမှုကြီး ဟုလည်းဆိုနိုင်ပါသည်။ ကမ္ဘာ့အကျိုးပြု အင္ဂလိပ် ဘာသာပြန်များရေး သား ပြုစီမံနေစဉ် ပျံတော်မူခဲ့၍ အသက်ရှင်နေသေးလျှင် နောင် ကမ္ဘာအကျိုးပြု စာပေများ ရေးဦးမည်ပင်ဖြစ်ရာ ကမ္ဘာအတွက်ဆုံးရှုံးမှုကြီးဟုလည်း ဆိုနိုင်ပါသည်။ ထို့ကြောင့်ပင် ထိုစဉ်က ဆရာတော်၏ သတ္တိ-ဗျတ္တိ သိရှိပြီးဖြစ်ကြသော ရဟန်း ပညာရှင်၊ လူပညာရှင်အများကပင် နှမြောတသ ဝမ်းနည်းခဲ့ကြရပါသည်။

**ဆရာတော်ကား မသေ။** ။ဆရာတော်၏ ဘဝဖြစ်စဉ်ကို တင်ပြခဲ့ပါပြီ၊ ထိုဖြစ်စဉ်ကိုကြည့်လျှင် ဆရာတော်ကား မိမိဘဝကို အကျိုးရှိအောင် အသုံးပြုသွားသည်ကိုတွေ့ရပါလိမ့်မည်။ မိမိအတွက်ငှင်း၊ သူတပါး အတွက်ငှင်း နှစ်ဖက်စလုံးအတွက် တိုးတက်အောင် အကျိုးဆောင်ခဲ့ရာ အတ္တဟိတ-ပရဟိတ ပဋိပန္န နှစ်ဖက်ရ ပုဂ္ဂိုလ် ဖြစ်ပါပေသည်။ အများ အကျိုး ရှိ အောင် ဆောင်ရွက်ကြိုးပမ်းခဲ့သော ပုဂ္ဂိုလ်တို့မှာ လူသေသော်လည်း နာမည် မသေဟု အဆို ပြုခဲ့ကြ၏။ ကျမ်းဂန်စာပေရေးသား အများအကျိုးပြုခဲ့သောဆရာတော်မှာ ထိုစာပေ တည်နေသမျှ ဆရာတော် ဂုဏ်မှာလဲ မပျက်ဘဲ စွဲမြဲ တည်နေမည်ဖြစ်ရာ ကမ္ဘာ ကျေသော်လဲ ဥဒါန်းမကျေဟူသောအဆိုမှာ ဆရာတော်တို့လို ပုဂ္ဂိုလ်များအတွက်ပင် ဖြစ်ပါတော့သည်။ မိမိ ကျမ်းဂန်များ အတွက် ကျော်စောခြင်း ဂုဏ်သတင်းမှာ

ထာဝရ တည်နေတော့မည်ဖြစ်သော အကြင် ပုဂ္ဂိုလ်မှာ ကျော်စောခြင်း ဂုဏ်သတင်း ရှိနေ၏။ ထိုပုဂ္ဂိုလ်မျိုးမှာ မသေဟူသော ပညာရှိတို့အဆိုအရ ဆရာတော်ကား မသေ၊ အသက်ရှင်လျက်ပင် ရှိနေပါသည်။

သရီရဿ ဂုဏာနဉ္စ၊ ဒူရ မစ္စန္တ မန္တရံ။
သရီရံ ခဏဝိဒ္ဓံသီ၊ ကပ္ပန္တဌာယိနော ဂုဏာ။

(ဟိတောပဒေသ)

သရီရဿစ-ခန္ဓာကိုယ်၏ငှင်း။ ဂုဏာနဉ္စ-ပညာစသော ဂုဏ်တို့၏ငှင်း။ အန္တရံ-ကွဲပြားခြားနားချက်သည်။ အစ္စန္တံ-စင်စစ်။ ဒူရံ-အလှမ်း ဝေးကွာလှချေ၏။ သရီရံ-ကိုယ်ခန္ဓာကား။ ခဏဝိဒ္ဓံသီ- တဘဝအတွင်း တခဏခြင်း ပျက်စီးတတ်သော သဘောရှိပေ၏။ ဂုဏာ-ပညာစသော ဂုဏ်တို့ကား။ ကပ္ပန္တဌာယိနော- ကမ္ဘာ ပျက်ပြုန်းအဆုံးအထိ တည်တတ်သော သဘောရှိကြပါပေကုန်၏။

အရှင် ဝါသေဋ္ဌာဘိဝံသ

ပဓါနနာယက ဆရာတော်
ရွှေကျင်ကျောင်းတိုက်၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။



သင်တန်း တက်ရောက်သော သူငယ်များကို နောက်ဘက်မှ တွေ့ရပုံ
ပုံကို ဘတော်မဝါတ်ပုံတိုက်မှ လှူဒါန်းသည်



သင်တန်းတက်ရောက်သော သူငယ်များကို ရှေ့ဘက်မှ တွေ့ရပုံ
ပုံကို ဘတော်မဝါတ်ပုံတိုက်မှ လှူဒါန်းသည်



# ဗုဒ္ဓဘာသာ ယဥ်ကျေးမှု ရှုမှတ်ဘွယ်

## ၁။ ဝတ်တက်ဝတ်ကပ်ပိုင်း

### ရှိခိုးပုံ

ရတနာသုံးပါး မိဘဆရာသမား သက်ကြီးဝါကြီးတို့ကို ရှိ ခိုးကန်တော့ရာ၌စံနစ်ကျဘို့လိုသည်။ [ထိုင်ပုံ] သန့်ရှင်းသော နေရာဖြစ်လျှင် ယောကျ်ားကလေး မိန်းမကလေးအားလုံး ဒူးတုပ်၍ ထိုင်ကြရမည်။ လက်ဆယ်ချောင်းကို ကြာဖူးသဏ္ဍာန်ကဲ့သို့ ယှဉ်ပူးကာ နှာဖူးအထက်သို့ ရောက်စေရမည်။ လက်ချောင်းများကို ကွေးကောက်ထားခြင်း ပွတ်သပ်လှုပ်ရှားခြင်းမပြုရ၊ လက်ချောင်းများ တဖက်နှင့်တဖက် ကူးယှက်ထား၍ ကြားမဝင်စေရ၊ မျက်လွှာချ၍ဖြစ်စေ မျက်စိမှိတ်၍ဖြစ်စေ ဆိုင်ရာဂုဏ်ကို အာရုံပြုကာ ဖြည်းညှင်းငြိမ်ဆိမ်စွာ ဦးသုံးကြိမ်ချကြရမည်။ (မျက်စိမှိတ်ထားလျှင် ဂုဏ်အစုကိုအာရုံပြုရာ၌ စူးရှမှုပို၍ ကုသိုလ်ပိုရသည်)။

လက်ဆယ်ဖြာ ယှက်ကာပူးပါလို့ နှာဖူးမှာတဲ့ ဦးတော်တင်
မျက်လွှာကို ချကာမှေးပါလို့ ကျေးဇူးပုံ ဂုဏ်အစုကို တွေးရှုဆင်ခြင်
လက်ခြေတတောင် ဒူးရယ်နဲ့ နှာဖူးကိုတဲ့ ကြမ်းအပြင် တည်စေချင်ပါလှ၊
ဝတ်သုံးကြိမ်မှာ စိတ်နှလုံး ငြိမ်စွာမူ၍ လိမ်မာသူ လူတသိုက်ရယ် ဦးတိုက်ပါကြ။

### ဗုဒ္ဓံ ပူဇေမိ

ဗုဒ္ဓံ=သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို၊ ပူဇေမိ= ပူဇော်ပါ၏ အရှင်ဘုရား။

### ဓမ္မံ ပူဇေမိ

ဓမ္မံ=မြတ်စွာဘုရား ဟောကြားမြွက်ဖေါ်တရားတော်ကို၊ ပူဇေမိ=ပူဇော်ပါ၏အရှင်ဘုရား။

သံဃံ ပူဇေမိ

သံဃံ=မြတ်ဘုရား၏ သားချစ်အရိယာမြတ်သံဃာကို၊ ပူဇေမိ=ပူဇော်ပါ၏ အရှင်ဘုရား။

## ငါးပါးသီလ

ဩကာသ-ဩကာသ-ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ–ကံသုံးပါးတို့ဖြင့် ပြစ်မှားမိသော သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ၊ ပဌမ+ဒုတိယ+တတိယ၊ တကြိမ်+နှစ်ကြိမ်+သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါး အပေါင်းကို ဘုရားတပည့်တော် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့ကန်တော့ရသော ပဏာမကုသိုလ်ကံ စေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

## ငါးပါးသီလတောင်းရန်

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ

ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

အရှင်ဘုရား။ တပည့်တော်(မ)သည် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို တောင်းခံပါ၏ဘုရား၊ တပည့်တော်(မ)အား ချီးမြှောက်သောအားဖြင့် သီလကရားကို ပေးသနားတော်မူပါ အရှင်ဘုရား။

ဒုတိယမ္ပိ အဟံ ဘန္တေ..........မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ..........မေ ဘန္တေ။

အာမ ဘန္တေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

(ဘုရားရှင်ကို အားထားကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ အရှင်ဘုရား)

ဓမ္မံ သရဏံ ဂစ္ဆာမိ။

(တရားတော်ကို အားထားကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ အရှင်ဘုရား)

သံဃံ သရဏံ ဂစ္ဆာမိ။

(သံဃာတော်ကို အားထားကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ အရှင်ဘုရား)

ဒုတိယမ္ပိ ဗုဒ္ဓံ....ဓမ္မံ....သံဃံ....ဂစ္ဆာမိ။

တတိယမ္ပိ ။ ။ ။ ။

အာမဘန္တေ။

ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏ အရှင်ဘုရား။

အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ပိုင်ရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏ အရှင်ဘုရား။

ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ကာမဂုဏ်တို့၌ မှားသောအကျင့်မှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏ အရှင်ဘုရား။

မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

လိမ်လည်လှည့်ဖျား ပြောကြားခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏ အရှင်ဘုရား။

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

မူးယစ်၍ ကုသိုလ်ကောင်းမှု၌ မေ့လျော့စေတတ်သော သေရည်အရက်စသည်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏ အရှင်ဘုရား။

အာမဘန္တေ။

## ဘုရားဂုဏ်တော်ပါဠိ

ဣတိပိ သော ဘဂဝါ။

အရဟံ။ သမ္မာသမ္ဗုဒ္ဓေါ။

ဝိဇ္ဇာစရဏသမ္ပန္နော။ သုဂတော။ လောကဝိဒူ။

အနုတ္တရော ပုရိသ ဒမ္မသာရထိ။

သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ။ ဘဂဝါ။

## တရားဂုဏ်တော်ပါဠိ

သွာက္ခာတော ဘဂဝတာ ဓမ္မော။ သန္ဒိဋ္ဌိကော။ အကာလိကော။
ဧဟိပဿိကော။ ဩပနေယျိကော။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

## သံဃဂုဏ်တော်ပါဠိ

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ယဒိဒံစတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော။
အာဟုနေယျော။ ။ပါဟုနေယျော၊
ဒက္ခိဏေယျော။ ။အဉ္ဇလိကရဏီယော၊
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

## ပဋိစ္စသမုပ္ပါဒ် အနုလုံ ပါဠိတော်

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊
ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊
သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊
ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊
ဇာတိပစ္စယာ ဇရာ မရဏံ၊ သောက ပရိဒေဝ ဒုက္ခ သောမနဿုပါယာသာ သမ္ဘဝန္တိ၊
ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## ပဋိစ္စသမုပ္ပါဒ် ပဋိလုံ ပါဠိတော်

အဝိဇ္ဇာယ တွေဝ၊ အသေသ ဝိရာဂ နိရောဓါ သင်္ခါရနိရောဓော၊
သင်္ခါရနိရောဓါ၊ ဝိညာဏနိရောဓော၊
ဝိညာဏနိရောဓါ၊ နာမရူပနိရောဓော၊
နာမရူပနိရောဓါ၊ သဠာယတနနိရောဓော၊
သဠာယတနနိရောဓါ၊ ဖဿနိရောဓော၊

ဖဿနိရောဓါ၊ ဝေဒနာနိရောဓော၊
ဝေဒနာနိရောဓါ၊ တဏှာနိရောဓော၊
တဏှာနိရောဓါ၊ ဥပါဒါနနိရောဓော၊
ဥပါဒါနနိရောဓါ၊ ဘဝနိရောဓော၊
ဘဝနိရောဓါ၊ ဇာတိနိရောဓော၊
ဇာတိနိရောဓါ၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

## ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊
အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊
သမနန္တရပစ္စယော၊ သဟဇာတပစ္စယော
အညမညပစ္စယော၊ နိဿယပစ္စယော၊
ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော
ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊
ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊
အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊
ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊
သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊
အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊
ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။ ။

## လယ်တီဆရာတော်ဘုရားကြီး ၏ ခုနစ်နေ့ ဘုရားရှိခိုး

သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင်စကြာဝဠာ၊ နတ်ပြဟ္မာတို့ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂိုရ်၊ ရွှမ်းရွှမ်းစိုသည်၊ ဝါဆိုလပြေ့၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်…………နတ်လူငြိမ်းဘို့ ကိန်းပါကို။

သန္ဓေယူကာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြို၊ ကဆုန်လပြေ့၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီဥ္၊ မဟီလိုက်ဆူ၊ ဘွားတော်မူသည်…………နတ်လူအောင်မျို့လမ်းပါကို။

ဘွားမြင်ပြောက်သော်၊ ဆယ့်ခြောက်နှစ်ရှယ်၊ မျိုးနွယ်ဥ္၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူရှ၍၊ ရှယ်မူနှုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုး

နိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြေ့၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊..........စုံမြိုင်ပင်ရိပ် ခမ်းမှာကို။

တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တပုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြေ့၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြိုးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်..........သုံးဘော်လူတို့၊ ငြိမ်းပါကို။

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတသောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကာပ်လာ၊ နတ်ပြဟ္မာအား၊ ဝါဆိုလပြေ့၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဘော်ကြားသည်..........တရားနတ်စည် ရွှမ်းတယ်ကို။

တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တသောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဘောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆဲ့ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာ့လေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနှိုင်းမယုတ်၊ ကုသိနာ္ဒရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြေ့၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်..........ဝှန်းဆူသောင်းလုံး ကျော်တယ်ကို။

နိဗ္ဗူစံပြီ၊ ရှုမအီသား၊ သိင်္ဂီရွှေလှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ မာတ်တေဇောလျှင်၊ ရှင်စောဥာဏ်စက်၊ ခိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်..........မွေတော်ရှစ်စိတ် ကြွင်းတယ်ကို။

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ အထွဋ်ခေါင်ဖျား၊ ကိုယ်တော်ဘုရားကို၊ သုံးပါးမွန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဒါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်..........ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

## ဆွမ်းတော်ကပ်

**အရဟံ အစ အနန္တ အသခေ်ျ တွက်ရေမှုဆုံး ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား။**

ဘုရားတပည့်တော်သည် လောကုတ္တရာ မြိုက်ရသာကို ဝစွာကျေးမွေး ပေးကမ်းတတ်ငြာ မြတ်ဘုရား၏ ထင်ရှားကုံလုံ မွန်မြတ်သည့်ကျေးဇူးဂုဏ်ကို အာရုံယူမှန်း စိတ်ကတမ်း၍ ဤဆွမ်းဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာကို သဒ္ဒါရွှင်းလန်း ပီတိုရွှန်းလျက် လှူဒါန်းဆက်ကပ်ပါ၏ အရှင်မြတ်ဘုရား။

ဤသို့လှူဒါန်းပါရ ဆွမ်းဒါနကြောင့် မဂ္ဂ–ဖလာ–နိဗ္ဗနာဟု ရသာကိုးလီ မြိုက်အဆီကို ကြည်လင်ရွှင်ပြုံး စားသုံးရပါလို၏ အရှင်မြတ်ဘုရား။ ။

## ရေတော်ကပ်

အရဟံအစ အနန္တအသင်္ချေ တွက်ရေမဆုံး ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား။

ဘုရားတပည့်တော်သည် ကိလေသာ အပြစ်ဘေး ညစ်အကြေးတို့ကို ဆေးကျောသုတ်သင် ခုတ်ထွင်ဖျက်ချ ဖက်မံရသည့် မဂ္ဂသစ္စာ အင်ရှစ်ဖြာကို လုစ်ကာဟောကြား မြတ်ဘုရား၏ထင်ရှား ကိုယ်လုံ ကြည်လင်အေးသည့် ကျေးဇူးဂုဏ်ကို အာရုံယူမှန်း စိတ်ကတမ်း၍ ချေမ်းကြည်လင် ဤရေစင်ကို စိတ်တွင်ရှင်လန်း ပီတိရွှန်းလျက် လှူဒါန်းဆက်ကပ်ပါ၏ အရှင်မြတ်ဘုရား။

ဤသို့ လှူဒါန်းပါရ ရေဒါနကြောင့် ကာလများစွာ သံသရာက မြဲစွာကပ်ငြိ ကိလေဆယ်ဘော် ညစ်ကြေးညှော်ကို ဆေးလျှော်နိုင်ရပါလို၏ အရှင်မြတ်ဘုရား။ ။

## ပန်းတော်ကပ်

အရဟံ.... ....................ဘုရား။

ဘုရားတပည့်တော်သည် လောကရှိပန်းနံ့သာတို့ထက် များစွာမိုမောက် လေအောက်လေညာ မကျန် အစုန်အဆန်မွှေးကြိုင်လှသည့် သီလ၊သမာဓိ၊ပညာဟုသိက္ခာသုံးစုံ ကျေးဇူးဂုဏ်ကိုအာရုံယူမှန်း စိတ်ကတမ်း၍ ဤပန်းနံ့သာ အဖြာဖြာကို သဒ္ဓါရှင်လန်း လှူဒါန်းဆက်ကပ်ပါ၏ အရှင်မြတ်ဘုရား။

ဤသို့ လှူဒါန်းပါရ ပန်းဒါနကြောင့် သီလ၊သမာဓိ၊ပညာဟု သိက္ခာသုံးပါး ကျင့်တရားကို မမှားစေန် ကျင့်ကြံနိုင်ရပါလို၏ အရှင်မြတ်ဘုရား။ ။

## ဆီမီးတော်ကပ်

အရဟံ.................... ....................ဘုရား။

ဘုရားတပည့်တော်သည် အစွန်းနှစ်ဖြာ လေးသစ္စာနှင့် ဆက်လှာကြောင်းကျိုး တရားမျိုးကို လွှမ်းမိုးပိတ်ကာ အဝိဇ္ဇာဟု မဟာတိမ်တောင် အမိုက်မှောင်ကို ကုန်အောင်ဖျက်ခွင်း၍ဥာဏ်ရောင် လင်းနှင့် ပြောင်ဝင်းကိုယ်လုံ ကျေးဇူးဂုဏ်ကို အာရုံယူမှန်း စိတ်ကတမ်း၍ လျှမ်းတောက်ထိန်ညီး ဤဆီမီးကိုစည်ဖြိုးသဒ္ဓါ ကြည်လင်ဖွာဖြင့် ကောင်းစွာ လှူဒါန်းဆက်ကပ်ပါ၏ အရှင်မြတ်ဘုရား။

ဤသို့ လှူဒါန်းပါရ မီးဒါနကြောင့် မောဟတိမ်တောင် အမိုက်မှောင်ကို ကုန်အောင်ဖျက်ခွင်း မဂ်ဉာဏ်အလင်းကို မယွင်းမူချ ရရပါလို၏အရှင်မြက်ဘုရား။ ။

## ဗြဟ္မဝိဟာရတရား ၄-ပါး

## (ဗြဟ္မစိုရ်တရား၄-ပါးလည်းခေါ်သည်)

မေတ္တာ = သတ္တဝါတို့အပေါ်၌ ကောင်းကျိုးလိုလားသောစိတ်ကို ပျံ့နှံ့ပွားများခြင်း။

ကရုဏာ = ဆင်းရဲနေသော သတ္တဝါတို့ကို အာရုံပြု၍ သူတို့အပေါ်၌ သနားကြင်နာခြင်းဖြင့် ထိုဆင်းရဲမှုလွတ်ကင်းစေလိုသောစိတ်ကို ပျံ့နှံ့ပွားများခြင်း။

မုဒိတာ = ချမ်းသာနေသောသတ္တဝါတို့ကို အာရုံပြု၍ သူတို့အတွက် ဝမ်းသာခြင်းဖြင့် ထိုချမ်းသာတည်မြဲစေလိုသောစိတ်ကို ပျံ့နှံ့ပွားများခြင်း။

ဥပေက္ခာ = သတ္တဝါတို့အပေါ်၌ ချစ်ခြင်းမုန်းခြင်းမဖြစ်စေဘဲ အညီအမျှထား၍ လျစ်လျူရှုမှုကို ပျံ့နှံ့ပွားများခြင်း။

ဤလေးပါးတို့တွင် မေတ္တာနှင့်ကရုဏာတို့သည် ဖြစ်ပေါ်ရန် ပွားများရန်လွယ်ကူ၍ ကျန်ပါးမှာ ပါရမီရင့်သန်၍ စိတ်ထားမြင့်မြတ်လသော ပုဂ္ဂိုလ်တို့သာ ပွားများနိုင်သည်။ မေတ္တာနှင့်ကရုဏာတို့တွင်လည်း မေတ္တာသည် ဆင်းရဲချမ်းသာ သတ္တဝါအားလုံးနှင့်ဆိုင်၍ ပိုမိုကျယ်ပြန့်သည်။ မေတ္တာကိုပွားလျှင် ကရုဏာရော မုဒိတာပါ သဘောအားဖြင့် ပါဝင်လာတော့သည်။ ထို့ကြောင့် မေတ္တာကို ပွားရမည်။ မေတ္တာပွားခြင်းကို မေတ္တာပို့သည်ဟုလည်းခေါ်သည်။ ။

### မေတ္တာပွားလျှင် အကျိုး ၁၁-ပါးရ၏။

၁။ ချမ်းသာစွာ အိပ်စက်ရသည်။
၂။ ချမ်းသာစွာ နိုးရသည်။
၃။ ကောင်းသောအိပ်မက်ကို မြင်မက်ရသည်။
၄။ လူများ ချစ်ခင်မြတ်နိုးသည်။
၅။ နတ်တို့ ချစ်ခင်မြတ်နိုးသည်။
၆။ နတ်တို့ ကာကွယ် စောင့်ရှောက်သည်။
၇။ မီး အဆိပ် လက်နက်မျိုးတို့မှ မနှိပ်စက်နိုင်။
၈။ လျင်မြန်စွာ စိတ်တည်ငြိမ်သည်။
၉။ မျက်နှာကြည်လင်ရွှင်ပြသည်။
၁၀။ တွေဝေမိန်းမောခြင်းမရှိဘဲ စုတိစိတ်ကျရသည်။
၁၁။ ဗြဟ္မပြည်သို့ လားရသည်။

(ချမ်းသာစွာ၊ အိပ်စက်နိုး၊ အိပ်မက်ဆိုးကင်းစင်၊
နတ်လူရှင် ကြင်မြတ်နိုးလို့၊ နတ်မျိုးနွယ် ကာကွယ်လတ်၊ စိတ်ဓါတ်ငြိမ်အလျှင်။
ချစ်မေတ္တာယှက်ဖြာမှ မျက်နှာက ကြည်ရွှင်တယ်၊ သေရင်ကဲ့ မမော၊
ဆိပ် မီး လက်နက် ကြဉ်ပရှောင်တယ်၊ ဗြဟ္မဘောင် လားလိမ့်လျှင်ဆော။)

## မေတ္တာပို့

မေတ္တာပို့ဆိုသည်မှာ ပိုင်းခြားသတ်မှတ်ထားသော ပုဂ္ဂိုလ် တစုံတယောက်ပေါ်၌ ဖြစ်စေ၊ အပိုင်းအခြားမရှိသော သတ္တဝါအများပေါ်၌ ဖြစ်စေ ကောင်းကျိုးဖြစ်စေလိုသော စိတ်ကို ပျံ့နှံ့စေခြင်း၊ မေတ္တာပွားများခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မေတ္တာပို့လျှင် ကိုယ်ကို ငြိမ်သက်စွာ တည့်မတ်စွာ ထား၍ မျက်စိမှိတ်ပြီးလျှင် မိမိတို့ သတ်မှတ်ထားသော ပုဂ္ဂိုလ် သို့မဟုတ် သတ်မှတ်ထားသော အရပ်မျက်နှာ တခုခုရှိ သတ္တဝါအားလုံးကို အာရုံပြု၍ ဖြည်းညှင်းစွာ ဆိုကြရမည်။

မိခင်ဘခင် ကျေးဇူးရှင်တွေ .... ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ အန္တရာယ် ဘေးဒုက္ခ ရန်မာန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။

အရှေ့အရပ်မှာရှိတဲ့ သတ္တဝါတွေ .... ၎င်း
အနောက်အရပ်မှာရှိတဲ့ သတ္တဝါတွေ .... ၎င်း
တောင်အရပ်မှာရှိတဲ့ သတ္တဝါတွေ .... ၎င်း
မြောက်အရပ်မှာရှိတဲ့ သတ္တဝါတွေ .... ၎င်း
အရှေ့တောင်ထောင့်အရပ်မှာရှိတဲ့ သတ္တဝါတွေ .... ၎င်း
အရှေ့မြောက်ထောင့်အရပ်မှာရှိတဲ့ သတ္တဝါတွေ.... ၎င်း
အနောက်တောင်ထောင့်အရပ်မှာရှိတဲ့ သတ္တဝါတွေ ၎င်း
အနောက်မြောက်ထောင့်အရပ်မှာရှိတဲ့ သတ္တဝါတွေ ၎င်း
အထက်အရပ်မှာရှိတဲ့ သတ္တဝါတွေ .... ၎င်း
အောက်အရပ်မှာရှိတဲ့ သတ္တဝါတွေ .... ၎င်း
ဝဲ-ယာ-ရှေ့နောက်၊ ထက်အောက်တည်ပေ၊ များဝေနေ ၎င်း

## သာသနာလျှောက်

သုံးလောကထွတ်ထားလူသုံးပါးတို့သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ကုသိနာရုံပြည် ဝယ် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ အနုပါဒိသေသနိဗ္ဗာန် ဝင်စံတော်မူပြီးသောအခါ "သော ဝေါမမ အစ္စယေန သတ္ထာ" ဟူသောအမိန့်တော်နှင့်အညီ ဓမ္မက္ခန်တရားကိုကိုယ်တော်စားပြု၍ ထား တော်မူခဲ့သော သာသနာတော်ကြီးသည် ငါးထောင်အတိုင်း အရှည် ရှိပါသည် အရှင်ဘုရား။ ဤ သာသနာတော်ကြီးကို မရှုပ်မထွေး ညစ်ကြေးမတင် သန့်ရှင်းစင်ကြယ်စေရန်အလို့ငှါ ရှင်မဟာ ကဿပ အမှူးရှိသော ရဟန္တာ ၅၀၀ တို့သည် ဦးစွာအစ ပထမသင်္ဂါယနာတင်တော်မူခဲ့ကြပါသည်

(ဒုတိယ အကြိမ်)

အရှင်ဘုရား၊ သက္ကရာဇ် ၁၀၀ အရောက်တွင် ဝေသာလီပြည်ဝယ် ရှင်မဟာယသ အမှူးရှိသော ရဟန္တာ ၇၀၀ တို့သည် ဒုတိယအကြိမ် သင်္ဂါယနာတင်တော်မူခဲ့ကြပါသည် အရှင်ဘုရား။ သက္ကရာဇ် ၂၃၅ နှစ်မြောက်တွင် ပါဋလိပုတ်ပြည်ဝယ် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ အမှူးရှိသော ရဟန္တာ ၁၀၀၀-တို့သည် တတိယအကြိမ် သင်္ဂါယနာ တင်တော်မူခဲ့ကြပါသည် အရှင်ဘုရား။ သက္ကရာဇ် ၄၅၂ နှစ်မြောက်တွင် သီဟိုဠ်ကျွန်း၌ ရဟန်းတော် ၅၀၀ တို့သည် စတုတ္ထအကြိမ် ပေထက်အက္ခရာတင်၍ သင်္ဂါယနာ တင်တော်မူခဲ့ကြပါသည် အရှင်ဘုရား။ သက္ကရာဇ် ၂၄၁၅ ခုတွင် မန္တလေး နေပြည်တော်၌ သံဃာတော် ၂၄၀၀ တို့သည် ကျောက်ထက်အက္ခရာတင်၍ ပဉ္စမသင်္ဂါယနာတင်တော်မူခဲ့ကြပါသည်အရှင်ဘုရား။ သက္ကရာဇ် ၂၄၉၈ ခုနှစ်မှ ၂၅၀၀ အထိတွင် ရန်ကုန်နေပြည်တော်၌ သံဃာတော် ၂၅၀၀ တို့သည် ဆဋ္ဌမအကြိမ်မြောက် သင်္ဂါယနာတင်တော်မူကြပါသည်အရှင်ဘုရား။ ယခုအခါ လွန်လေပြီးသော အတိတ်သာသနာတော် မြတ်သည်ကား ၂၅........နှစ်ဖြစ်၍ ယခုရောက်ဆဲ သာသနာအခါသည်ကား၂၅....ဖြစ်လျက် ကြွင်းကျန်သောသာသနာတော်မြတ်သည် ၂၄....နှစ်ဖြစ်ပါသည်အရှင်ဘုရား။သို့ရာတွင်"ဣမေ့စသုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ အသုညောလောကော အရဟန္တေဟိ အဿ" ဟူသော အမိန့်တော်ဒေသနာတော်နှင့်အညီ ထို့ထက်ပိုမို၍ တာရှည်စွာ တည်တန့်ရာတည်တန့်ကြောင်း ကောင်းမြတ်သောဆန္ဒနှင့် မြတ်သံဃာအရှင်တို့သည် အင်္ဂုတ္တိုရ်လာ သာသနာကွယ်ကြောင်း တရားပေါင်းဖြစ်သော "ရဟန်းများတို့ တရားမနာ စာပေမသင် နှုတ်တွင်မဆောင် သိအောင်မပြု ကျင့်ကြံမှုကွာ စာသင်ပယ်လျှော ကျယ်မဟောကြ ကျယ်မချနှင့် ကျယ်စွာမအံ မကြံစည်ပါ အက္ခရာပုဒ်ပျက် လေ့ကျက်သင်ကြ ဒုဗ္ဗစမူ စာချသူရှား လာဘ်များအောင်ဖန် ခိုက်ရန်ကွဲပြား ဤဆဲ့ငါး"ဟု ဘုရားသာသနာကွယ်ကြောင်းအဖြာဖြာတို့ကို ဝေးလံစွာရှောင်ရှားတော်မူကြ၍ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးပါးကို မနေမနား ကြိုးစားတော်မူကြပါရန် တောင်းပန်လျှောက်ထားပါသည် အရှင်မြတ်တို့ဘုရား။

ဆုတောင်း ရေစက်ချအတို

ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံဟောတု

ဤကောင်းမှုသည် လေးလီအာသဝေါ ကွာလျှောကျရာ နိဗ္ဗူတာသို့ ကောင်းစွာ ရောက်အောင် ဆောင်ရွက်နိုင်ပါစေ။

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု

ဤကောင်းမှုသည် ဒုက္ခခပ်သိမ်း ပြက်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်၏ ကေန်ရောက်ကြောင်း ကောင်းသော အထောက်အပံ့ဖြစ်ပါစေ။

မမ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမိ

အကျွန်ုပ်ယခုပြုစုပါရ ပုညကောင်းမှုအစုစု၏ အဖို့ဘာဂကို မိခင်ဘခင် ကျေးဇူးရှင်များ အမှူးထား၍ အားလုံးသော သတ္တဝါတို့အား အမျှပေးဝေပါ၏။ ။

## ရေစက်ချ အရှည်

ဤသို့ယခု ဆောက်တည်ရသော သရဏဂုမ်နှင့်တကွ ငါးပါးသီလကုသိုလ်၊ ဆွမ်း ရေချမ်း ပန်း ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းရသော ဒါနကုသိုလ်။ မေတ္တာတရားပွားများရသော ဘာဝနာ ကုသိုလ်အစရှိသော ကုသိုလ်အစု ကောင်းမှုတို့ကြောင့် ဘုရားတပည့်တော်-တပည့်တော်မတို့သည် ဇာတိ ဇရာ အစပြုသသား တဆဲ့တသီး တကဲ့မီးတို့ ငြိမ်းငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့ လျင်မြန်ထုတ် ချောက် ရောက်ကြရပါလိုကုန်၏ အရှင်ဘုရား။

နိဗ္ဗာန်ထုတ်ချောက် မရောက်သေးမီအတွင်း၌လည်း ဘုရားတပည့်တော်တို့သည် လူမိုက် လူမလိမ္မာ လူညာလူညစ်တို့နှင့် တရံတဆစ်မျှ မတွေ့မဆုံ မကြုံမကြိုက် မပေါင်းမသင်းကြရပါလို ကုန်၊ လူမိုက်တို့၏စကားကိုလည်း မကြားမနာရပါလိုကုန်။ မနှစ်မသက် လက်မခံရပါလိုကုန်။

ရိုးသားဖြောင့်မှန်သော ပညာရှိသူတော်ကောင်းတို့နှင့်သာ တွေ့ဆုံကြုံကြိုက် ပေါင်းသင်း ကြရပါလိုကုန်၏။ ပညာရှိသူတော်ကောင်းတို့၏စကားကို ကြားနာမှတ်သားရ၍ နှစ်သက်လက်ခံ ကျင့်ကြံနိုင်ရပါလိုကုန်၏ အရှင်ဘုရား။

ဒုစရိုက် ၁၀ ပါး မကောင်းသောအကျင့်တမူးသို့မှ ရှောင်ရှားနိုင်သည့်ကိုယ် ဖြစ်ရပါလို ကုန်၏ အရှင်ဘုရား။

သူတော်ကောင်းတရား ခုနစ်ပါး၊ သူတော်ကောင်းဥစ္စာ ခုနစ်ဖြာတို့နှင့် မကွာကုံလုံ ပြည့်စုံ ရပါလိုကုန်၏ အရှင်ဘုရား။

ဤကောင်းမှု ဤကုသိုလ်တို့၏ အဖို့ဘာဂကို မိခင်ဘခင် ကျေးဇူးရှင်တို့အား အထူးအားဖြင့် အမျှပေးဝေပါကုန်၏။ ထို့ပြင် သုံးဆဲ့တစ်ဘုံ၌ ကျင်လည်ကုန်သော သတ္တဝါ မှန်သမျှတို့အား လည်း အမျှပေးဝေပါကုန်၏၊ ဤကုသိုလ်အဖို့ဘာဂကို စိတ်တူကိုယ်မျှ သာဓုခေါ်ကြ၍ ညီတူညီမျှ ရကြပါစေကုန်သတည်း။ အားလုံး ကြားကြားသမျှ အမျှ...အမျှ....အမျှ...ယူတော်မူကြပါကုန် လော။

## ဩကာသ ကန်တော့ချိုး အစီပွါယ်

ရှိခိုးကန်တော့ခြင်းသည် ရတနာသုံးပါး မိဘဆရာသမားအပေါ်၌ မတော်တဆ ဖြစ်မှား မိသောအပြစ် ကျေပျောက်စေရန် ရှိခိုးခြင်း။ ရတနာသုံးပါး မိဘ ဆရာသမားတို့၏ အဆုံးအမ အတိုင်း လိုက်နာကျင့်ကြံသဖြင့် အကျိုးတရားခံစားရသောကြောင့် ကျေးဇူး တင်လွန်း၍ ရှိခိုးခြင်း။ ကုသိုလ်တရား ကောင်းမှုမင်္ဂလာ ပွားများလိုသဖြင့် ထိုထိုဂုဏ်ကျေးဇူးများကို ဆင်ခြင်ပွားများ၍ ပူဇော်ကန်တော့ခြင်းဟူ၍ သုံးမျိုးရှိရာတွင် မည်သည့်ကန်တော့ခြင်းမျိုးဖြင့် ကန်တော့သည်ဖြစ်စေ-

အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။ ။
ယေ ဝုဍ္ဎမပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေဝ ဓမ္မေ ပါသံသာ သမ္ပရာယေ စ သုဂ္ဂတိံ။ ။

ဟူသော ပါဠိဘောဝ်များနှင့်အညီ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ လူချီးမွမ်းခံရခြင်း၊ ဘဝကောင်းသို့ လားရောက်ရခြင်းဟူသော အကျိုးများကို အလိုလိုရရှိပြီးဖြစ်တော့သည်။ တသီးတခြား ဆုတောင်းနေစရာ မလိုတော့။

ယခုကန်တော့နေကြ ကန်တော့ချိုးကို ရှေးခေတ်ဆရာတော်ကြီးတပါးက "ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာကမှ အပြစ်မပြောနိုင်သောကန်တော့ချိုး"ဟူ၍ အမွှမ်းတင် ချီးကျူးထားသည်ကို ဖတ်ရဘူးသည်။ နှောင်းခေတ်၌ စီစစ်ဝေဖန်လေ့ရှိသော ဆရာတော်ဘုရားကြီးများကမူ မနှစ်သက်ရိပ်ပြလာဘောင်မူကြသည်။ အမှန်အားဖြင့် ဤကန်တော့ချိုးမှာ အပြစ်ကျေပျောက်စေရန် ကန်တော့ခြင်းချိုးဖြစ်ရာ "..........ပျောက်ပါစေခြင်းအကျိုးငှာ..........ကန်တော့ပါ၏ အရှင်ဘုရား"အထိမှာ ရှေ့နောက်ဆက်စပ်၍ ကိစ္စပြတ်ပြီးဖြစ်နေပြီ။ တဖန်ဆက်၍ "ကန်တော့ရသော.......ကြောင့်......." စသော စကားများကြောင့် မူလရည်ရွယ်ချက် "အပြစ်ပပျောက်စေမှု" ဝုပ်သွားသည့်အပြင် အလုပ်အနည်းငယ်အတွက် လုပ်ခအကျိုးအမြတ် အဆမတန်တောင်းခံသူအဖြစ်သို့ပင်ရောက်စေသေးသည်။

မည်သို့ပင်ဖြစ်စေ နှစ်ပေါင်းများစွာကပင် အမြစ်တွယ်ခဲ့၍ အသုံးခိုင်မြဲ ပျံ့နှံ့နေပြီဖြစ်သောကြောင့် အများနှင့်ညီစေရန် ဤကန်တော့ချိုးကိုပင် အသုံးပြုရပေဦးမည်ဖြစ်၍ ဤကန်တော့ချိုးပါ သရုပ်အဓိပ္ပာယ်အကျဉ်းမျှကို သူငယ်တို့နားလည်မှတ်သားသင့်ပေသည်။

အပါယ် = အပါယ = ကုသိုလ်ကောင်းမှု ပြုခွင့်နည်းပါး၍ ကြီးပွားချမ်းသာခြင်း မရှိသော ဘုံဘဝ။

### အပါယ်လေးဘုံ

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်။
( ငရဲ တိရိတ်၊ ပြိတ် အသူရာ၊ ဤလေးဖြာ၊ မှတ်ပါအပါယ။ )

### ကပ်သုံးပါး

ကပ်=(ကပ္ပ)သေကျေပျက်စီးခြင်း အမြောက်အများ သေကျေပျက်စီးခြင်း။

သတ္ထန္တရကပ် = လက်နက်ဘေးကြောင့် များစွာ သေကျေပျက်စီးခြင်း။
ရောဂန္တရကပ် = ရောဂါဆိုးဘေးကြောင့် များစွာသေကျေပျက်စီးခြင်း။
ဒုဗ္ဘိက္ခန္တရကပ် = အစာရေစာငတ်မွတ်သောကြောင့် များစွာ သေကျေပျက်စီးခြင်း။

## ရပ်ပြစ်ရှစ်ပါး

ရပ်ပြစ် = အပြစ်ရှိသောအရပ်ဟုဆိုသော်လည်း မဂ်ဖိုလ်တရားများကို ကျင့်ကြံခွင့်မရှိ ကျင့်ကြံ၍ မရနိုင်သော အခိုက်အခါ (အက္ခဏ) များပင်တည်း။

၁။ }
၂။ } ငရဲ တိရစ္ဆာန် ပြိတ္တာ ဘုံတို့၌ ဖြစ်နေရခိုက် အချိန်အခါ။
၃။ }
၄။ မိစ္ဆာဒိဋ္ဌိ ဖြစ်နေသောအခိုက်အခါ။
၅။ မဂ်တရား ဖိုလ်တရားများကို ရနိုင်သော တိုင်းပြည်ဝယ် မဟုတ်ဘဲ ကင်းပ၍ ထုံထိုင်း အနု သော အခိုက်အခါ။

၆။ ဘုရားမပွင့်တရားမနာနိုင်သောအသညသတ်အရူပပြဟ္မာဘုံတို့၌ဖြစ်ခိုက်ချိန်အခါ။
၇။ ရတနာသုံးပါး မရောက်မပေါက်နိုင်သော ပစ္စန္တရာဇ်အရပ်၌ ဖြစ်ခိုက်ချိန်အခါ။
၈။ ဘုရားမပွင့်သောအချိန်အခါ၌ လူဖြစ်ရခိုက်အချိန်အခါ။

(ငရဲ-တိ-ပြိတ်၊ မိစ္ဆာဒိဋ္ဌိ၊ တိုဟိတ်ဥာဏ်ကြည်၊ အသည် အရူ၊ လူပစ္စန်သား၊ ဘုရားမပွင့်၊ ခါမသင့်၊ ခေါ်လင့်ရပ်ပြစ်မှတ်)

## ရန်သူမျိုးငါးပါး

ရေ, မီး, မင်း, ခိုးသူ, အမွေခံ သားဆိုး သမီးဆိုး။

(ရေ, မီး, မင်း, ခိုး၊ မွေးခံဆိုး၊ ငါးမျိုးရန်သူပ)

## ဝိပတ္တိတရားလေးပါး

ဝိပတ္တိ ဆိုသည်မှာ မပြည့်စုံခြင်း၊ ဖေါက်ပြန် ချွတ်ယွင်း ပျက်စီးခြင်းပင်တည်း။

ကာလဝိပတ္တိ = မင်းဆိုးများအုပ်စိုးနေ၍ ကောင်းသောအချိန်ကာလ မပြည့်မစုံခြင်း၊ အခါကာလ မကောင်းခြင်း။

ဂတိ ဝိပတ္တိ = အပါယ်လေးပါး၌ ဖြစ်ရ၍ လားရာဂတိ မပြည့်စုံခြင်း၊ ဂတိမကောင်းခြင်း၊

ဥပဓိ ဝိပတ္တိ = ရုပ်အဆင်း အင်္ဂါ ခြေလက် ချွတ်ယွင်း၍ ဥပဓိရုပ် မပြည့်စုံခြင်း၊ ရုပ်အဆင်းမကောင်းခြင်း။

ပယောဂ ဝိပတ္တိ= ကြံစည်ပြုလုပ်အားထုတ်ခြင်းများ မအောင်မြင်၍ မပြည့်စုံခြင်း၊ မကောင်းခြင်း၊

(ကာလ ဂတိ၊ ဥပဓိ၊ မှတ်တိ ပယောဂ၊
ချိန်ခါဘဝ၊ ရုပ်အင်္ဂါ၊ လုံ့လပျက်ခြင်းပ)

## ဗျသနတရားငါးပါး

ဗျသန = ပျက်စီးဆုံးရှုံးခြင်း။

| | | | |
|---|---|---|---|
| ၁။ | ဉာတိ ဗျသန | = | အဆွေအမျိုးတို့ပျက်စီးခြင်း။ |
| ၂။ | ဘောဂ ဗျသန | = | စည်းစိမ်ဥစ္စာပျက်စီးခြင်း။ |
| ၃။ | ရောဂ ဗျသန | = | အနာရောဂါဖြစ်ပွား၍ ပျက်စီးခြင်း။ |
| ၄။ | ဒိဋ္ဌိ ဗျသန | = | အယူမှန် ပျက်စီးခြင်း။ |
| ၅။ | သီလ ဗျသန | = | ကိုယ်ကျင့် သီလ ပျက်ခြင်း။ |

(ဉာတိ ဘောဂ၊ ရောဂ သီလာ၊ ဒိဋ္ဌိပါ ငါးဖြာ ဗျသန)

(ဆွေမျိုး ဥစ္စာ၊ ရောဂါ ကိုယ်ကျင့်၊ ယူမသင့်၊ ပျက်ခွင့်ငါးမျိုးပ)

### ငါးပါးသီလ အကျိုးအပြစ်ပြ ဝိသုဒ္ဓါရုံလင်္ကာများ

**ပါဏာတိပါတာ** = ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့တတ်အင်္ဂါ၊မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုလျ၊ ပြစ်များစွာသည်....ရှောင်ကအပြန် အကျိုးတည်း။

**အဒိန္နာဒါန** = အဒိန္နာဒါ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ဆင်းရဲငတ်ဘိ၊ လိုရှိမရ၊ ဘောဂပျက်စီး၊ ရေ-မီး-သူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်သူငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်....ရှောင်ခါအပြန် အကျိုးတည်း။

**ကာမေသုမိစ္ဆာစာရ**= မိစ္ဆာစာရ၊ ကျူးလွန်ကသည်း၊ မုန်းကြသူများ၊ ရန်သူပွား၍ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏၊ ဣတ္ထိ ပဏ္ဍုက်၊ မျိုးယုတ်ခါ ။၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာဆွေ့၊ ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်၊ ရှောင်ခါအပြန်အကျိုးတည်း။

**မုသာဝါဒ** = မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပြီ၊ သွားမညီတည်း၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊ ပုံယွင်းဖေါက်၏၊ မရောက်ဩဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လီ၊ စိတ်မတည်သည်....ရှောင်မည်အပြန်အကျိုးတည်း။

**သုရာမေရယ** = သေရည်သေက်သင့်၊ သင့်မသင့်၌၊ ရေးခွင့်မသိ၊ ပျင်းရိမှေ့ရှူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်....ရှောင်ခါအပြန်အကျိုးတည်း။

## ပါဏာတိပါတကံ၏ အကျိုးအပြစ်များ

သတ္တဝါကို ကြင်နာကင်းလှ်၊ ညှဉ်းဆဲသတ်ဖြတ်သူတို့မှာ။
အင်္ဂါမစုံ ဆင်းပုံမလှ၊ အားခွန်ဗလ နည်းလှတာ။
နှေးကွေးမှုရှာ ရောဂါများ၊ သတ္တိပါးလို့ ကြောက်သွေးဖြာ။
ခြွေရံပျက်ပြို အသက်တိုတတ်၊ ကိုယ်အသတ်ခံဘို့ လွန်သေချာ။
မသတ်ဖြတ်ပဲ၊ မညှဉ်းဆဲ၊ ကျိုးလဲအပြန်လာ။
အဲ...ဒါ...ကြောင့်၊ သတ်ဖြတ်ညှဉ်းတို့ ကင်းဘို့ရှောင်ကြဉ်ပါ။ ။

### သတ္တဝါကို

| သတ်ဖြတ်ညှဉ်းဆဲသူသည်– | သတ်ဖြတ်ညှဉ်းဆဲခြင်းမှ ရှောင်သူသည်– |
|---|---|
| ခြေလက်အင်္ဂါ မစုံမလင်ဖြစ်တတ်သည် | အင်္ဂါလက္ခဏာ ပြည့်ပြည့်စုံစုံဖြစ်ရသည် |
| လူပုံဟန်မလှ ကျက်သရေမရှိ | လူ့ပုံဟန်လှပသည် ကျက်သရေရှိသည် |
| အားခွန်မရှိ ချည့်နဲ့သည် | အားခွန်ရှိ၍ သန်စွမ်းသည် |
| အမူအရာ နှေးကွေးလေးလံသည် | သွက်လက်ဖျတ်လတ်သည်။ |
| သတ္တိမရှိ ကြောက်တတ်သည် | သတ္တိကောင်းသည် မကြောက်တတ် |
| အနာရောဂါများသည် | အနာရောဂါ နည်းပါးသည် |
| အခြွေအရံ ပျက်စီးတတ်သည် | အခြွေအရံ မပျက်စီးတတ် |
| သူများ သတ်ခြင်းကို ခံရသည် | သူများ သတ်ခြင်းကို မခံရ |
| အသက် တိုသည် | အသက် ရှည်သည် |

## အဒိန္နာဒါနကံ၏ အကျိုးအပြစ်များ

သူ့ဥစ္စာမှု ခိုးသူများ၊ အပါယ်လားလို့ လွတ်တဲ့ခါ။
ယုတ်မာ ဒုက္ခာ ဥစ္စာမဲ့လို့၊ စုတ်ချာဆင်းရဲ ငတ်ပြတ်မှာ။
ရပြီးစည်းစိမ် မငြိမ်ယိုယွင်း၊ လိုအင်ခပင်း ပျက်ကင်းတာ။
ရန်မျိုးငါးဖြာ ရှုပ်ကာဖျက်လို့၊ ဥစ္စာပျက်စီး ရမည်သာ။
မခိုးတိုက်ဘဲ ရှောင်ကြဉ်လို့ ကျိုးလဲအပြန်လာ။
အဲ...ဒါ...ကြောင့်၊ ခိုးတိုက်ခြင်းတို့၊ ကင်းဘို့ရှောင်ကြဉ်ပါ။ ။

## ပိုင်ရှင်ကမပေးသော သူတပါး၏ဥစ္စာကို

### ခိုးယူသောသူသည်–

အပါယ်ဘုံ၌ ဆင်းရဲဒုက္ခခံရသည်
ပစ္စည်းဥစ္စာ မွဲတေဆင်းရဲသည်
စားစရာမဲ့ ဝတ်စရာမဲ့ ဖြစ်တတ်သည်
လိုသောအရာကို မရနိုင်
ရရှိပြီးသား စည်းစိမ် မတည်မြဲ
ရန်သူမျိုးငါးပါးကြောင့် ဥစ္စာပျက်ရသည်

### မခိုးသောသူသည်–

နတ်ဘုံ၌ ချမ်းသာသုခ စံစားရသည်
ပစ္စည်းဥစ္စာ ပေါများ ချမ်းသာသည်
စားစရာ ပေါများ ဝတ်စရာပေါများသ
လိုသောအရာကို ရနိုင်သည်
ရပြီးသားစည်းစိမ် တည်မြဲသည်
ရန်သူမျိုးငါးပါးကြောင့် ဥစ္စာ မပျက်စီးနို

## ကာမေသုမိစ္ဆာစာရကံ၏ အကျိုးအပြစ်များ

ကာမေသုမိစ္ဆာ ကျင့်တာမှားတော့၊ ပါယ်ရွာလာ'လို့ ပြန်တဲ့ခါ။
မုန်း ငြိုး မှာန်မူ ရန်သူများလို့၊ ရှားပါးလာဘ်တိတ် မချမ်းသာ။
မိန်းမတမူ လူဖြစ်ရှုံး၊ နပုံးပဏ္ဍုက် အယုတ်တမာ။
မျက်နှာလက်ခြေ ကျက်သရေကင်းလို့၊ ချစ်သူကွေကွင်း စိုးရိမ်ဖြာ။
မကျူးလွန်ဘဲ ရှောင်ကြဉ်လွှဲ၊ ကျိုးလဲအပြန်လာ။
အဲ…ဒါ….ကြောင့်၊ မိစ္ဆာစာရ လုံးဝရှောင်ကြဉ်ပါ။ ။

## သူတပါး၏လင် သူတပါး၏မယား၌

### ဖေါက်ပြားကျူးလွန်သူသည်

အပါယ်ဘုံ၌ ဆင်းရဲဒုက္ခခံရသည်
ငြိုးသူ မုန်းသူ ရန်သူများသည်
ရမည့်ဥစ္စာ မရ၍ ရှားပါးသည်
ကိုယ်စိတ်နှစ်ပါး မချမ်းသာ
မိန်းမ နပုံး ပဏ္ဍုက် ဖြစ်ရသည်
သင်းကွပ် ခံရသည်
ယုတ်ညံ့သောအမျိုး၌ ဖြစ်ရသည်
မျက်စိမျက်နှာ မလှ အရှက်ရသည်
ရုပ်လက္ခဏာ ကျက်သရေ မရှိ
ချစ်သောသူနှင့် ကွဲရတတ်သည်
စိုးရိမ်ပူပန်မှု များသည်

### မဖေါက်ပြားမကျူးလွန်သူသည်

နတ်ဘုံ၌ချမ်းသာသုခစံရသည်
ငြိုးသူ မုန်းသူ ရန်သူမရှိ
ရမည့်ဥစ္စာရ၍ ပေါများသည်
ကိုယ်စိတ်နှစ်ပါး ချမ်းသာသည်
မိန်းမ နပုံး ပဏ္ဍုက် မဖြစ်ရ
သင်းကွပ် မခံရ
မြင့်မြတ်သောအမျိုး၌ဖြစ်ရသည်
မျက်စိ မျက်နှာ မလှ မဖြစ်ရ
ရုပ်လက္ခဏာ ကျက်သရေ ရှိသည်
ချစ်သောသူနှင့် မကွဲရ
စိုးရိမ်ပူပန်မှု မရှိ

## မုသာဝါဒကံ၏ အကျိုးအပြစ်များ

မုသားလိမ်လည် ပျက်ကွယ်ငြားက၊ အပါယ်လားလို့ လွတ်တဲ့ခါ။
အာ ပုပ် နံကာ သွားမှာခေါ်ရ၊ စကားပြောက အာ-ထစ်မှာ။
နှုတ်ခမ်းကွဲညို တွဲတိုကြွမ်း၊ ပုံပန်းပျက်လို့ ရှက်စရာ။
ဩဇာအာဏာ လျော့ကာပျက်လို့၊ မနောစိတ်စက် မသက်သာ။
မလိမ်ကောက်ပဲ ရှောင်ကြဉ်လွှဲ၊ ကျိုးလဲအပြန်လာ။
အဲ....ဒါ....ကြောင့်၊ လိမ်ညာခြင်းတို့၊ ကင်းဘို့ရှောင်ကြဉ်ပါ။ ။

## မဟုတ်မမှန်သောစကားကို

| ပြောကြားသူသည်— | မပြောကြားသောသူသည်— |
|---|---|
| အပါယ်ဘုံ၌ ဆင်းရဲဒုက္ခခံရသည် | နတ်ဘုံ၌ ချမ်းသာသုခစံစားရသည် |
| ခံတွင်းပုပ်သည် အာပုပ်စော်နံသည် | ခံတွင်းမွှေးသည် အာပုပ်စော်မနံ |
| သွားခေါ်သည် သွားပုံမလှဖြစ်သည် | သွားမခေါ် သွားညီညာလှပသည် |
| စကားမပြီ ထစ်ထစ် အအ ဖြစ်သည် | စကားပြီသသည် မထစ် မအ |
| နှုတ်ခမ်းကွဲ၊ ညို၊ တွဲ၊ တိုသည်၊ ကြွမ်းသည် | နှုတ်ခမ်း ကွဲ၊ ညို၊ တွဲ၊ တို၊ ကြွမ်းခြင်းမရှိ |
| နှုတ်ခမ်းမလှ ပုံပျက်ပန်းပျက်ဖြစ်သည် | နှုတ်ခမ်းလှသည် ပုံပန်းမပျက် |
| ဩဇာမရှိ၊ ရှိပြီးဩဇာ လျော့ကျသည် | ဩဇာအာဏာ ရှိသည်၊ ရှိပြီးဩဇာ မကျဆင်း |
| စိတ်ဖေါက်ပြန်သည်၊ မတည်ငြိမ် မသက်သာ။ | စိတ်မဖေါက်ပြန်၊ တည်ငြိမ် သက်သာသည်။ |

## သုရာမေရယကံ၏ အကျိုးအပြစ်များ

ဘိန်း အရက် သေရည် မော်ဖီယား၊ သောက်စားရှူလို့ ထိုးသူဟာ။
တော်မတော်ကို မျှော်ချင့်မတွေး၊ ခွင့်ရေးမသိ ပျက်စီးတာ။
ကျေးဇူးဂုဏ်ကို ကုန်အောင်ဖျက်လို့၊ အရှက်အကြောက် ကင်းပျောက်ကာ။
ပျင်းရိငေးငိုင် မှိုင်ဘိလျှင်း၊ သတိကင်းလို့ ရူးသွပ်မှာ။
မသောက်မစား၊ ရှောင်ကြဉ်ငြား၊ ကျိုးကားအပြန်လာ။
အဲ....ဒါ....ကြောင့်၊ အရက်သောက်ခြင်းတို့၊ ကင်းဘို့ရှောင်ကြဉ်ပါ။

## ဘိန်း အရက် သေရည် မော်ပိယားတို့ကို

| စားသောက်သုံးစွဲသူသည်— | မစားမသောက်မသုံးစွဲသူသည်— |
|---|---|
| တော်မတော် ကောင်းမကောင်းကိုမချိန်ဆတတ် | တော်မတော်ကောင်းမကောင်းကိုချိန်ဆတတ်သည် |
| အခွင့်အရေးမသိ၍ ပျက်စီးတတ်သည် | အခွင့်အရေးသိ၍ မပျက်စီး၊ တိုးတက်သည် |
| သူတပါးတို့၏ ဂုဏ်ကျေးဇူးကို မသိတတ် | သူတပါးတို့၏ဂုဏ်ကျေးဇူးကို သိတတ်သည် |
| အရှက်အကြောက် ကင်းကွာသည် | အရှက်အကြောက် မကင်းကွာ |
| ပျင်းသည် ကုသိုလ် ပညာ ဥစ္စာပွားများမှုမလုပ် | မပျင်းရိဘဲ ကုသိုလ် ပညာ ဥစ္စာ ပွားမှုပြုလုပ်သည် |
| သတိကင်း၍ မှိုင်တွေငေးမှောတတ်သည် | သတိမကင်း မှိုင်တွေငေးမောခြင်းမရှိ |
| စိတ်ဖောက်ပြန်ရူးသွပ်သည် | စိတ်မဖောက်ပြန် မရူးသွပ် |
| အကုသိုလ် ဒုစရိုက်ကို ပြုလွယ်သည် | အကုသိုလ် ဒုစရိုက်ကို ပြုရန်မလွယ် |

☆ ☆ ☆

# ၂။ ဘုရားဂုဏ်တော်ပိုင်း

**သော ဘဂဝါ**–ထို ဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ **ဣတိပိ ဣမိနာစ ကာရဏေန**= ဤသို့–

ကဲလွန်ကောင်းမြတ် ဂုဏ်သကတ်ကြောင့် လူနတ်ဗြဟ္မာ သတ္တဝါခပင်း အမင်းမင်းတို့ ဝပ်စင်းကော်ရော် ပူဇော်မှုအထူးကို ခံယူတော် မူထိုက်သော အကြောင်းကြောင့်လည်းကောင်း၊

(ဝါ) ကိလေသစ်ကြေး အပြစ်ဘေးတို့မှ ကင်းဝေး စင်ကြယ်တော်မူပြီးသော အကြောင်းကြောင့် လည်းကောင်း၊

(ဝါ) ကိလေသမာရ် ရန်သူခပင်းတို့ကို ရှင်းလင်းခုတ်ထွင် ငုတ်မတင်အောင် သုတ်သင်ကာ ဖယ်လတ်၍ ပယ်သတ်တော်မူပြီးသော အကြောင်းကြောင့်လည်းကောင်း၊

(ဝါ)ဖြစ်ပျက်မှုဖန်ခါခါ သံသရာစက်ဘီး၏ အားကြီးသော အထောက်အပန့်ထောက်အကန့် ပုံပမာ ကိလေသာ အညစ်မျိုး မကောင်းသော တရားဆိုးတို့ကို ဖယ်ချိုးဖျက်ဆီးတော်မူတတ်သော အကြောင်းကြောင့်လည်းကောင်း၊

(ဝါ) မျက်မှောက်မျက်ကွယ် အချင်းခပ်သိမ်းစင်ကြယ်၍ ဆိတ်ကွယ်ရာဟူ ရှိတော်မမူသော အကြောင်းကြောင့်–လည်းကောင်း၊

**အရဟံ**=အရဟ မည်တော်မူပါပေ၏။

**သော ဘဂဝါ**=ထိုဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ **ဣတိပိ ဣမိနာစ ကာရဏေန**=ဤသို့–

သိအပ်သမျှ ဥဿုံပါးပါး ခပ်သိမ်းသောတရားများကို သူတပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ်ဟုန်အစွမ်းဖြင့် စုံစမ်း၍ ဖွေရှာ သေချာစွာသိမြင်တော်မူသော အကြောင်းကြောင့်–

**သမ္မာသမ္ဗုဒ္ဓေါ**=သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏။

**သော ဘဂဝါ**=ထိုဘုန်းယော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ **ဣတိပိ ဣမိနာစ ကာရဏေန**=ဤသို့–

သုံးပါးဝိဇ္ဇာ ပုဒ်အာ တည့် ဝိ၊မာ၊စေ၊ဒိ၊အာ၊ပု၊ဣနှင့်၊ဒိ၊ဟုတဖြာ ဝိဇ္ဇာရှစ်ကြိမ် ဉာဏ်သင်ထိန်၍ သီ၊ ဣ၊ ဘော၊ ဇာ သူတော်စွာဓမ္မ ခုနှစ်ဝနှင့် ရူပလေးဈာန် စရဏ်ဟု အခြေခံတရားတဆယ့်ငါးပါးတို့နှင့် မခြားကုံလုံ ပြည့်စုံတော်မူသော အကြောင်းကြောင့်–

**ဝိဇ္ဇာစရဏ သမ္ပန္နော**=ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပါပေ၏။

သောဘဂဝါ=ထိုဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ဣတိပိ ဣမိနာစ ကာရဏေန=ဤသို့-

ဝေနေယျများစွာ သတ္တဝါတို့ များစွာကောင်းကျိုး ပွားတိုးစေရန် မှန်ကန်ကောင်းမြတ် သောစကားကိုသာ ပြောဆိုတော်မူတတ်သော အကြောင်းကြောင့်လည်းကောင်း၊ (ဝါ)မဂ္ဂင်ရှစ်ဖြာ တင့်တယ်သောအမူအရာဖြင့် ကောင်းစွာသောနိဗ္ဗာန်နန်းသို့ ကြွမြန်းတော်မူတတ်သော အကြောင်းကြောင့် လည်းကောင်း၊

သုဂတော=သုဂတ မည်တော်မူပါပေ၏။

သောဘဂဝါ=ထိုဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ဣတိပိ ဣမိနာစ ကာရဏေန=ဤသို့-

သတ္တောကာသ သင်္ခါရဟု လောကသုံးခွင် ဘုံအပြင်ကို ကုန်စင်ဘဝဂ် နရက်အောက် ချဉ်း ဖေါက်ထွင်းသချာ ကောင်းစွာထင်ထင် သိမြင်တော်မူသော အကြောင်းကြောင့်-

လောကဝိဒူ=လောကဝိဒူ မည်တော်မူပါပေ၏။

သောဘဂဝါ=ထိုဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဣတိပိ ဣမိနာစ ကာရဏေန=ဤသို့-

သီလ သမာဓိ ပညာဟု များစွာလုံးစုံ ဘုန်းဟုန်အထု ဂုဏ်အစုတွင် တုယှဉ်သူ ကင်းလတ်၍ အမြင့်မြတ်ဆုံး ဖြစ်တော်မူသော အကြောင်းကြောင့်-

အနုတ္တရော=အနုတ္တရ မည်တော်မူပါပေ၏။

သောဘဂဝါ=ထိုဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ဣတိပိ ဣမိနာစ ကာရဏေန=ဤသို့-

လူကြမ်း နတ်ကြမ်း ဗြဟ္မာကြမ်းတို့ ကျွတ်တမ်းကြိမ်လာ ချိန်အခါဝယ် စိန်ဓမ္မာရှင် ဆေးဖြင့် ယဉ်ကျေးလိမ္မာ ပညာပြည့်ဝ အချိုးကျအောင် ဆုံးမတော် မူတတ်သော အကြောင်းကြောင့်-

ပုရိသဒမ္မသာရထိ=ပုရိသဒမ္မသာရထိ မည်တော်မူပါပေ၏။

သောဘဂဝါ=ထိုဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ဣတိပိ ဣမိနာစ ကာရဏေန=ဤသို့-

ဘဝကန္တာရ် သံသရာမှ မြန်စွာကူးမြောက် နိဗ္ဗာန်ရောက်အောင် ချီးမြှောက်ညွှန်ကြား တရားပြသ ဆုံးမတော်မူတတ်၍ လူနတ်ပြဟ္မာ သတ္တဝါတို့ ဆရာတဆူ ဖြစ်တော်မူသော အကြောင်းကြောင့်-

သတ္တာ ဒေဝမနုဿာနံ= သတ္ထာဒေဝမနုဿာနံ မည်တော်မူပါပေ၏။

သောဘဂဝါ=ထိုဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ဣတိပိ ဣမိနာစ ကာရဏေန=ဤသို့-

သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူလတ်၍ လူနတ်ပြဟ္မာ သတ္တဝါတို့အားလည်း သဒ္ဒါအချက်ချက် အနက်အသီးသီး နည်းနယအဖြာဖြာ တို့ဖြင့် ဓောင်းမွန်စွာဟောကြား၍ တရားကို သိစေတော်မူတတ်သော အကြောင်းကြောင့်-

ဗုဒ္ဓေါ=ဗုဒ္ဓ မည်တော်မူပါပေ၏။

သောဘဂဝါ=ထိုဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ဣတိပိ ဣမိနာစ ကာရဏေန=ဤသို့-

နိုင်နင်း၊စိုးရ၊ဓမ္မ၊ထင်ပေါ် အသရေတော်နှင့် အလိုတော်ကျ ပြီးစီးရ၍ လုံ့လကြီးမား ကြိုးစားအားထုတ်တော်မူခြင်းတည်းဟူသော ဣဿရိယ၊ဓမ္မ၊ယသ၊ သီရိ၊ ကာမ၊ ပယတ္တဟု မြတ်လှကွန့်မြူး ရွှေဘုန်းတော်အညွန့်အဖူး တို့နှင့် အထူးကုံလုံ ပြည့်စုံတော်မူသော အကြောင်းကြောင့်—

ဘဂဝါ=ဘဂဝါ မည်တော်မူပါပေ၏။

## ဘုရားဂုဏ်တော်ကဗျာများ

လူမင်း နတ်မင်း၊ ဝပ်စင်းပူဇော်၊
ကိလေသာဓာတ်၊ ခွါဖြတ်သနော်၊
ကွယ်ရာတောင်ဘဲ၊ ရှောင်လွှဲမလျော်၊
အ ရ ဟံ၊ မည်ရ ထိုဘုန်းတော်။ ။

(က) လူမင်း၊ နတ်မင်း၊ ပြဟ္မာမင်းတို့၏ ပူဇော်ခြင်းအထူးကို ခံယူတော်မူထိုက်သောကြောင့်၎င်း၊
(ခ) ကိလေသာ ရန်သူတို့ကို မဂ်ပညာဖြင့် သတ်တတ်သောကြောင့်၎င်း၊
(ဂ) ဆိတ်ကွယ်ရာ၌ပင် မကောင်းမှု။ မလျော်ကံသောအမှုကို ပြုတော်မမူသော်ကြောင့်၎င်း၊
'အရဟ' ဂုဏ်ကို ရတော်မူသည်။

ဆရာ မရှိ၊ မိမိဘာသာ၊
သိထိုက်သမျှ၊ ဓမ္မသဘာဝ ါ။
ကောင်းစွာတိပြတ်၊ သိတတ်မှန်စွာ၊
သမ္ဗုဒ္ဓ၊ သမ္မ မည်တွင်တာ။ ။

သိသင့် သိထိုက်သော ဓမ္မသဘာဝများကို ဆရာမရှိဘဲ မိမိဘာသာ ကောင်းမွန်မှန်ကန်စွာ၊ တိကျပြတ်သားစွာ သိတော်မူတတ်သောကြောင့်–

'**သမ္မာသမ္ဗုဒ္ဓ**' ဂုဏ်ကို ရတော်မူသည်။

ပု–ဒိ–အာ–သုံး၊ သာဆုံးဝိဇ္ဇာ၊
ခြေခံသီလ၊ ညီမျှစျာန်ပ ါ။
စရဏ်များ၊ ဆယ့်င ါးစုံစွာ၊
ဝိဇ္ဇာစ၊ စရဏ်သမ္ပန္နာ။ ။

**ပုဗ္ဗေနိဝါသဉာဏ်**၊ဒိဗ္ဗစက္ခုဉာဏ်၊အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါး၊ သီလကို စောင့်ခြင်း၊ဣန္ဒြေကို ထိန်းသိမ်းခြင်း စသည်တို့ဖြင့်၊ရူပစျာန်များပါဝင်သော စရဏတရား၁၅–ပါး တို့နှင့် ပြည့်စုံတော်မူသောကြောင့်–

'**ဝိဇ္ဇာစရဏသမ္ပန္န**' ဂုဏ်ကို ရတော်မူသည်။

ကောင်းကျိုးနှင့်စပ်၊ သင့်မြတ်ချိန်တန်၊
မှန်ကန်ချက်ကျ၊ မြွက်ဟလေပြန်။
ကောင်းစွာကြွသွား၊ တရားနိဗ္ဗာန်၊
သုဂတ၊ ရှုကြအမည်မှန်။ ။

(က) ကောင်းကျိုးနှင့်စပ်လျှဉ်း၍ အစဉ်မှန်ကန်သောစကားကိုသာ ပြောချိန်သင့်မှ မြွက်ဟပြောဆို တတ်သောကြောင့်ရင်း၊

(ခ) ကောင်းသောနိဗ္ဗာန်သို့ ကြွသွားတော်မူတတ်သောကြောင့်ရင်း၊

'**သုဂတ**' ဂုဏ်ကို ရတော်မူသည်။

သတ္တောကာသ၊ လောကသင်္ခါရ်၊
အထက်အောက်ချဉ်း၊ ဘောက်ထွင်းသေချာ။
ကေန်တိတိ၊ သိရှိပြန်တာ၊
သဘောကျ၊ လောကဝိဒူပါ။ ။

သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဟုဆိုအပ်သော လောကသုံးပါးကို စုန်ဆန်ထက်အောက် ထွင်းဖောက်၍ သိမြင်တော်မူတတ်သောကြောင့်-

**'လောကဝိဒူ'** ဂုဏ်ကို ရတော်မူသည်။

သီလအာဒိ၊ သမာဓိပညာ၊
ဂုဏ်ဝိမုတ္တိ၊ သုဒ္ဓိဉာဏ်ပါ။
တူသူရှိဘဲ၊ လွန်ကဲဘယ်မှာ၊
နုတ္တရ၊ မုချ မည်သညာ။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့၌ တူသူ လွန်ကဲသူ မရှိသောကြောင့်-

**'အနုတ္တရ'** ဂုဏ်ကို ရတော်မူသည်။

လူကြမ်း-နတ်ကြမ်း၊ အကြမ်းစုံညီ၊
တရားရှိန်တွေ့၊ သိမ်မွေ့စေပြီ။
ဆုံးမမှုတွင်၊ တုကင်းပေသည်၊
ပုရိသ၊ ဒမ္မသာရထိ။

ကြမ်းတမ်းသော လူယောကျ်ား၊ နတ်ယောကျ်ားစသည်တို့ကို ယဉ်ကျေး သိမ်မွေ့အောင် တရားပြ၍ ဆုံးမတော်မူတတ်သောကြောင့်-

**'ပုရိသဒမ္မသာရထိ'** ဂုဏ်ကို ရတော်မူသည်။

လွန်မြောက်စေဘိ၊ ဇာတိကန္တာရ်၊
ခုနှောင်ကောင်းဘို့၊ ပေါင်းလို့သင်တာ။
ဗြဟ္မာလူနတ်။ သူမြတ်ဆရာ၊
သတ္ထာရ၊ ဒေဝမနုဿာ။

(က) ဇာတိကန္တာရ၊ သံသရာခရီးခဲမှ လွန်မြောက်အောင် ပို့ဆောင်တော်မူတတ်သောကြောင့်ရင်း၊
(ခ) ယခုဘဝ-နောက်နောင်ဘဝတို့၌ ကောင်းကျိုးချမ်းသာရအောင် နတ်လူတို့ကို စုပေါင်း၍ သင်ပြတော်မူတတ်သောကြောင့်ရင်း-

**'သတ္ထာဒေဝမနုဿာနံ'** ဂုဏ်ကို ရတော်မူသည်။

သစ္စာလေးထောက်၊ ထွင်းဖေါက်သိလေ၊
နတ်လူအများ၊ တရားသိစေ။
ဂုဏ်သကတ်ကြောင့်၊ အမြွတ်မဟေ၊
မှန်မုချ၊ ဗုဒ္ဓမည်သလေ။

(က) သစ္စာလေးပါးတရားတို့ကို ကိုယ်တော်တိုင် သိတော်မူသောကြောင့်၎င်း၊
( ခ) လူ-နတ်-ဗြဟ္မာတို့ကိုလည်း ဟောကြား၍ သိစေတော်မူတတ်သောကြောင့်၎င်း-
**'ဗုဒ္ဓ'** ဂုဏ်ကို ရတော်မူသည်။

ဣဿရိယ၊ ဓမ္မ-ယသာ၊
သိရိကာမ၊ ပယတ္တခိုင်မာ။
ဘုန်းတော်ခြောက်မျိုး၊ တန်ခိုးပိုင်တာ၊
အတည်ပ၊ မည်ရ ဘဂဝါ။ ။

ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရိ၊ ကာမ၊ ပယတ္တဟူသော ဘုန်းတော်ခြောက်စုံ ဂုဏ်တော် အပေါင်းနှင့် ပြည့်စုံတော်မူသောကြောင့်-
**'ဘဂဝါ'** ဂုဏ်ကို ရတော်မူသည်။

ကျေးဇူးတော်စစ်၊ အနှစ်ဂုဏ်တော်၊
အာရုံတမ်းတ၊ မှန်းဆထင်ပေါ်။
ဘယလာဘ၊ ဘာမျှမမြှော်၊
မြတ်ဘုရား၊ ဝပ်တွားရှိပူဇော်။ ။

(အထက်ပါ ဂုဏ်တော်တွေကို အာရုံယူ မှန်းဆ၍ ကြောက်လန့်ခြင်း၊ ဆုလာဘ်ကို မြှော်ကိုး တောင့်တခြင်းတို့မှ ကင်းစေလျက် ဘုရားကို ရှိခိုးပူဇော်တတ်ပါစေ၊)

# ဗုဒ္ဓဝင် အကျဉ်းချုပ်

## မာရ်နတ်အောင်ပွဲ



မာရ်နတ် ပလ္လင်တော်လုရန် တိုက်ခိုက်ပုံ။ မာရ်စစ်သည် ကျေပျက်၍ ပန်းမိုးရွာချပုံ။

လက်ရုံးတထောင် အသွင်ဆန်းနဲ့၊ ဆင်ကြမ်းကိုကဲ့ စီးလို့ပါ။
မာရ်နတ်ဘုရင် ပလ္လင်လုဘို၊ သေနင်ထုနဲ့ တိုက်ခိုက်တာ။
ပါရမီတွေ သက်သေပြုလို့၊ ဝသုန်မြေထု ညွှန်ပြရာ။
မာရ်စစ်တွေဟာ ကျေကာပျက်လို့၊ ဟိုထွက်သည်ထွက် ပြေးရရှာ။
နတ်လွှမ်းမိုး ဖြန်းဖြန်းကျီး၊ ပန်းမိုးချလို့ရွာ။
အဲဒါက ဘဂဝါအရဟာ၊ ပထမအောင်စဉ်ပါ။

ဟို .. ရှေးတုံးက အမရဝတီ ပြည်မှာ သုမေဓာ ဆိုတဲ့ သေဌေးသားကလေးရှိတယ်။ သူ့အဖေ အမေဘေဆုံးသွားကြတဲ့အခါမှာ သူဟာရှိသမျှပစ္စည်းတွေကို အကုန်လုံးစွန့်ကြဲပေးကမ်း လှူဒါန်းပြီး တော့ တောထွက်သွားတယ် တောထွက်ပြီး တရားကျင့်လိုက်တာ ဈာန်အဘိညာဉ်တွေ အကုန်ရပြီး တော့ မြေလျှိုးမိုးပျံနိုင်တယ်၊ အင်မတန် တန်ခိုးကြီးဘာပေါ့ .. အဲဒီအချိန်မှာ ဒီပင်္ကရာ မြတ်စွာဘုရား ကြွတော်မူမှာမို့ လူတွေဟာ ပျော်ပျော်ရွှင်ရွှင်နဲ့လမ်းပြင်နေကြတယ်။ သုမေဓာရသေ့ဟာ ကောင်း ကင်မှာပျံသွားရင်း လူတွေကိုမြင်တော့ ဆင်းပြီး "တကာကြီးတို့ ဘာလုပ်နေကြသလဲ" လို့ မေးတော့ "တပည့်တော်တို့ဘုရားကြွမည့်လမ်းပြင်နေကြပါတယ်ဘုရား" ပြန်ပြောကြတယ်။ ဒီတော့ရသေ့ကြီးက "ကျုပ်ကိုလဲ လမ်းပြင်ဘို့တနေရာပေးပါ။ ကျုပ်လဲလုပ်ပါရစေ" လို့ပြောတယ်။ လူတွေက ရသေ့ကြီး တန်ခိုးကြီးမှန်းသိတော့ ရွှံ့ပွက်ထူပြီးခက်ခဲတဲ့နေရာကိုပေးကြတယ်။ ရသေ့ကြီးက "ငါတန်ခိုးနဲ့မလုပ်ဘူး ကုသိုလ်ရအောင် ကိုယ်တိုင်လုပ်မယ်" ဆိုပြီး ပေါက်တူးတလက်နဲ့ တမနက်ခင်းလုံး ကြိုးစားပြီးပြင်နေ တုံး ပြီးခါနီးကျမှ မြတ်စွာဘုရားက နောက်ပါသံဃာတော် လေးသိန်းနဲ့ကြွလာပါရော။ မြတ်စွာ ဘုရားကိုမြင်တော့ "ဒီလောက်ကြည်ညိုစရာကောင်းပြီး ကျက်သရေရှိတဲ့ မြတ်စွာဘုရားခြေတော်ဟာ ရွှံ့ထဲမှာ မနင်းပါစေနဲ့ ငါသေလျှင်သေပါစေ၊ ငါ့ကိုယ်ပေါ်ကဘဲနင်းပြီးကြွပါစေ၊ ငါလဲ နောင် အခါမှာ ဘုရားဖြစ်ရပါလို၏" လို့ စိတ်ထဲမှာကြံပြီး ရွှံ့ထဲမှာ ဝမ်းလျားမှောက်နေရင်း ဆုပန်လိုက် တယ်။ မြတ်စွာဘုရားက ကြွလာတော်မူလာပြီး ခေါင်းနားမှာရပ်ပြီးတော့ ဗျာဒိတ်ပေးလိုက်တယ်။ "ချစ်သားရဟန်းတို့၊ ဒီရသေ့ဟာ သာမညပုဂ္ဂိုလ်မဟုတ်ဘူး၊ နောင်အခါမှာ ငါကဲ့သို့ပင် ဘုရားတဆူ ဖြစ်လိမ့်မယ်" တဲ့၊ ပြီးတော့ သူ့ကိုမနင်းဘဲ ဘေးနားကကွင်းပြီးကြွတော်မူသွားတယ်။ ရသေ့ကြီးဟာ အလျားမှောက်နေရာက ထပြီးတော့ "ဆုတောင်းရုံ ဗျာဒိတ်ရရုံနဲ့တော့ဘုရားဖြစ်မှာမဟုတ်ဘူး၊ ဘုရား ဖြစ်ဘို့ အကျင့်တွေကိုကျင့်မှသာ ဘုရားဖြစ်မှာဘဲ" လို့ စဉ်းစားပြီးတော့ အကျင့်တရားတွေကို တွေး တော ရှာဖွေတဲ့အခါမှာ ပါရမီ ၁၀-ပါးကို တွေ့ဘယ်။

ပါရမီ ၁၀-ပါးကတော့-

ဒါနပါရမီ၊ သီလပါရမီ။ နေက္ခမ္မပါရမီ။ ပညာပါရမီ။ ဝီရိယပါရမီ။ ခန္တီပါရမီ။

သစ္စာပါရမီ။ အဓိဋ္ဌာန်ပါရမီ။ မေတ္တာပါရမီ။ ဉပေက္ခာပါရမီ တဲ့။

ဒါန သီလာ၊ နေက္ခမ္မာ၊ ပညာဝီရိယ။ ။ခန္တီသစ္စာ၊ အဓိဋ္ဌာ၊ မေတ္တာ ဉပေက္ခာ)

အဲဒီဘဝကစပြီးတော့ လေးသင်္ချေနဲ့ကမ္ဘာတသိန်းတိုင်တိုင် ပါရမီတွေဖြည့်ကျင့်ပြီး တုသိတာ နတ်ပြည်မှာ သေတကေတု ဆိုတဲ့ နတ်သားကလေးဖြစ်နေတဲ့အချိန်မှာ စကြဝဠာတိုက်တသောင်းက နတ်ဗြဟ္မာတွေစိုင်းပြီး တောင်းပန်ကြလို့ ဝါဆိုလပြည့် ကြာသပတေးနေ့မှာ လူ့ပြည်ကိုဆင်းပြီး သုဒ္ဓေါဒနမင်းကြီးရဲ့ မိဖုရား မာယာဒေဝီရဲ့ဝမ်းထဲမှာ သန္ဓေယူတော်မူတယ်။ (ဒီနေရာမှာ သုံးလူ့ ရှင်ပင်ပထမပုဒ်ကို ဆိုပြပါ)

အဲဒီလို သန္ဓေယူလို့ ဆယ်လ ပြည့်တဲ့အခါမှာ မဟာသက္ကရာဇ် ၆၈-ခုနှစ် ကဆုန်လပြည့် သောကြာနေ့မှာ လုမ္ဗိနီအင်ကြင်းတောထဲမှာ ဖွားတော်မူတယ်။ ဖွားလျှင်ဖွားချင်းလမ်းလျှောက်နိုင်

တယ်။ စကားကြီးသုံးခွန်းလဲပြောတယ်။ ပြောတဲ့စကားကတော့ "လောကမှာ ငါအမြတ်ဆုံးဖြစ်သည်၊ လောကမှာ ငါအကြီးဆုံးဖြစ်သည်၊ လောကမှာ ငါအချီးမွမ်းခံထိုက်ဆုံးဖြစ်သည်" တဲ့ အဲဒီလိုဖွားတဲ့အခါမှာ ကမ္ဘာမြေကြီးဟာ တုန်ခါမြည်ဟည်းပြီးတော့ အလေးပြုတယ်။

(သန္ဓေယူခါ.......................အောင်မျိုးလမ်းပါကို) ဆိုပြပါ။

ဖွားမြင်ပြီးတော့ ဆယ့်ခြောက်နှစ်သားအရွယ်မှာ ရမ္မ-သုဘ-သုရမ္မ ဆိုတဲ့ရွှေနန်းသုံးဆောင်မှာ မင်းစည်းစိမ်ကို ၁၃-နှစ်တိုင်တိုင်ခံစားပြီးတော့ သက်တော် ၂၉-နှစ်မှာ သူအို-သူနာ-သူသေ-ရဟန်းလို့ဆိုတဲ့ သတိပေးနိမိတ်ကြီးလေးပါးကို တွေ့ပြီးတော့ သံဝေဂရတာနဲ့ ဝါဆိုလပြည့်တနင်္လာနေ့မှာ တောထွက်ပြီး အနော်မာသောင်ကမ်းမှာ ရဟန်းပြုတော်မူတယ်။

(ဖွားမြင်ခြောက်သော်.......................ပင်ရိပ်ခမ်းမှာကို)ဆိုပြပါ။

ရဟန်းပြုပြီးတော့ ဥရုဝေဠ်တောထဲမှာ လူသာမန်တို့ ကျင့်နိုင်ခဲ့တဲ့ ဒုက္ကရစရိယ အကျင့်ကိုခြောက်နှစ်တိုင်တိုင်ကျင့်တော်မူပြီးတော့ ဘုရားဖြစ်မည့်နေ့၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့မှာ သုဇာတာသေဋ္ဌေးသမီးလှူဒါန်းတဲ့ နို့ဃနာဆွမ်းကို ဘုဉ်းပေးကာ ဗောဓိပင်အောက်က ရွှေပလ္လင်ပေါ်မှာထိုင်တော်မူတယ်။ အဲဒီအချိန်မှာ မာရ်နတ်က လက်ရုံးတထောင်ဖန်ဆင်းပြီး ဂိရိမေခလာဆင်ကြီးကိုစီးပြီးတော့ မကောင်းဆိုးရွားစစ်တပ်ကြီးနဲ့လာတိုက်တယ်။ "သိဒ္ဓတ္ထမင်းသား၊ သင်ဒီပလ္လင်ကဖယ်လိုက်ပါ၊ ဒီပလ္လင်ဟာ ကျုပ်ပိုင်ပလ္လင်ဖြစ်တယ်၊ မယုံလျှင် ဒီပရိသတ်တွေ့ကိုမေးကြည့်ပါ" လို့ ပြောတော့ "ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ဒီပလ္လင်ကိုမာရ်နတ်မင်းပိုင်ပါတယ်" လို့ ဘီလူးသရဲတွေကဝိုင်းအော်ကြတယ်၊ ဒီတော့အလောင်းတော်က "ငါ့မှာ သီးခြားသက်သေပြစရာမရှိဘူး၊ ဗောဓိပင်နှင့်ရွှေပလ္လင်အတွက်ပါရမီတွေဖြည့်ခဲ့တုံးက ဟောဒီမြေကြီးပေါ်မှာ ရေစက်သွန်းချခဲ့တယ်။ ဟောဒီမြေကြီးသိပါတယ်" လို့ပြောပြီးတော့ မြေကြီးကိုလက်ညှိုးညွှန်ပြလိုက်တယ်။ အဲဒီအခါမှာ မြေကြီးဟာ အိုးထိန်းစက်လိုသွက်သွက်ခါတုန်ပြီးတော့ "ဟုတ်ပါတယ်" လို့ ဝန်ခံသလို အသံကြီးဟိန်းပြတယ်။ မာရ်နတ်မင်းနဲ့စစ်တပ်ကြီးဟာ ရပ်တည်ရာမရဖြစ်ပြီးတော့ ပျောက်ပျက်ပြေးသွားကြတယ်။ နတ်တွေ ဗြဟ္မာတွေက ပန်းမိုးတွေရွာချပြီး အရှိအသေပြုကြတယ်။

(လက်ရုံးတထောင်.......................ဆိုရမည်)

နောက် ဆက်ထိုင်ပြီး တရားအားထုတ်လိုက်တာ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်တွေကို အစဉ်အတိုင်းရပြီးတော့ သဗ္ဗညုတဘုရားရှင် ဖြစ်လာပါတယ်။

(တောရပ်မြိုင်ပေါ်.......................ငြိမ်းဘွယ်ကို)ဆိုပြပါ။

ဘုရားဖြစ်တော်မူပြီးတော့ ဗာရာဏသီပြည် မိဂဒါဝုန်တောကို ကြွတယ်။ ပဉ္စဝဂ္ဂီ ငါးဦးကိုအမှူးထားပြီးတော့ စကြဝဠာ တိုက်တသောင်းက လာရောက်စုရုံးနေကြတဲ့ နတ်ဗြဟ္မာတွေကို ဝါဆိုလပြည့် စနေနေ့မှာ ဓမ္မစကြာတရားကို ဟောကြားတော်မူပါတယ်။

(ဘုရားဖြစ်ခါ.......................ရွှမ်းတယ်ကို)ဆိုပြပါ။

အဲဒီအချိန်ကစပြီး ၄၅-ဝါတိုင်တိုင် လူနတ်ဗြဟ္မာ သတ္တဝါတွေကို နိဗ္ဗာန်ရောက်အောင် ပို့ဆောင်နိုင်တဲ့ တရားအမျိုးမျိုးတွေကိုဟောပြီး သက်တော် ၈၀ ပြည့်တဲ့အချိန်မှာ မဟာသက္ကရာဇ် ၁၄၈-ခု ကဆုန်လပြည့် အင်္ဂါနေ့မှာ မလ္လာပြည် ကုသိနာရုံအင်ကြင်းတောထဲမှာ ပရိနိဗ္ဗာန် ဝင်စံတော် မူတယ်။

(တရားနတ်စည်...... ..........—ကျော်တယ်ကို) ဆိုပြပါ။

ပရိနိဗ္ဗာန်စံသွားလို့ ကျန်တဲ့အလောင်းတော်ကို အဲဒီကဆုန်လပြည့် တနင်္ဂနွေနေ့မှာ မြတ်စွာဘုရား အမိန့်ဩဝါဒ်ပြုထားခဲ့တဲ့အတိုင်းပဲ တေဇောဓာတ်လောင်ကျွမ်းပြီးတော့ ဓာတ်တော် မွေတော် ရှစ်စိတ်ကြွင်းကျန်ပါတယ်။ အဲဒီဓာတ်တော်မွေတော်တွေကို နောက်လူတွေက ခွဲစိတ်ယူပြီး စေတီပုထိုးတွေတည်ပြီးတော့ ရှိခိုးပူဇော်ကြပါတယ်။

(နိဗ္ဗူစံပြီ......................ကြွင်းတယ်ကို)ဆို။

☆ ☆ ☆

# အာဠာဝက အောင်ပွဲ



အာဠာဝကဘီလူးစစ်ထိုးပုံနှင့် အကျွတ်တရားရသွားပုံ။

ဒေါသပြင်းစွာ တင်းမာလှ၊ မင်းမာရထက် ကြမ်းတမ်းစွာ။

လက်နက်ကိုးဖြာ မိုးရွာလစ်၊ ဘွဲ့ဖြူပစ်လို့ စစ်ထိုးတာ။

ဗုဒ္ဓမြတ်စွာ မေတ္တာပွားလို့၊ သစ္စာတရားနဲ့ ချေပရာ။

လက်နက်တွေဟာ ခြေတော်အနီး၊ ပန်းစည်းပန်းဆုပ် ခြေသုတ်ပမာ။

အာဠာဝက မာန်စွယ်ကျ၊ ဦးချ ဝပ်တွားလာ။

အဲဒါက ဘုဂဝါ သုဂတ၊ ဒုတိယအောင်စဉ်ပါ။

ရှေး....တုံးက အာဠဝီပြည်မှာ ဘုရင်တပါးဟာ နောက်လိုက် နောက်ပါတွေနဲ့အတူ တောကစားသွားတယ်တဲ့။ နောက် သမင်တကောင်ကို ဝိုင်းမိတော့ ရှင်ဘုရင်က "ကိုယ့်ဘက်က သမင်ထွက်ပြေးလျှင် ကိုယ့်တာဝန်ပဲ"လို့ ပြောပြီး ဘမ်းကြတဲ့အခါ သမင်ဟာ ရှင်ဘုရင်နားက ဖြတ်ပြီး ထွက်ပြေးသွားတယ်။ အဲဒီတော့ အမထ်တွေက "ရွှေသမင်ဘယ်ကထွက် မင်ကြီးတာကထွက်"လို့ ဝိုင်းလှောင်ကြတော့ ရှက်ရှက်နဲ့ လက်နက်လေးမြှားထမ်းပြီး သမင်ဘမ်းဘို့ အတင်းပြေးလိုက်သွားတယ်။ ခရီးတော်တော်ဝေးတော့မှ သမင်ကိုမိပြီး နှစ်ပိုင်းဖြတ်ပြီးထမ်းလာခဲ့တယ်။ တော်တော်ကြာတော့ မောတာနဲ့ အရိပ်ကောင်းတဲ့ ညောင်ပင်ကြီးတပင်အောက်ကိုဝင် သမင်ကို ဘေးမှာချပြီး ဝအောင်အိပ်ပစ်လိုက်တယ်။ အိပ်ရေးဝလို့ ထမယ်လဲလုပ်ရော ဘီလူးကြီးပေါ်လာပြီး "သင်မသွားနဲ့ ငါ၏အစာဖြစ်ပြီ" လို့ ပြောတယ်။ ဒီတော့ ရှင်ဘုရင်က "အရှင်ဘီလူးမင်း-ကျွန်တော့်ကိုမစားပါနဲ့ ဒီသမင်ကိုစားပါ၊ ကျွန်တော့်ကိုလွှတ်ပါ" လို့ တောင်းပန်တယ်။ ဘီလူးကြီးက "ဒီအပင်အောက်ဝင်သမျှ ငါအကုန်ပိုင်တယ်။သမင်ကိုလဲစားမယ်။ သင့်ကိုလဲစားရမယ် မလွှတ်နိုင်ဘူး"လို့ပြောတော့ ရှင်ဘုရင်က "အရှင်ဘီလူးမင်း ကျွန်ုပ်ဟာ ရှင်ဘုရင်ဖြစ်ပါတယ်၊ ကျွန်ုပ်ကိုလွှတ်လျှင် နေ့စဉ်နေ့တိုင်း ထမင်းတအိုးနဲ့ လူတယောက်ပေးပါမယ်"လို့ ပြောတယ်။ "ဒီလိုဆိုလျှင်သွားပါ၊သင့်ကတိအတိုင်း ထမင်းတအိုးနဲ့ လူတယောက်မပေးတဲ့နေ့မှာ သင့်ကိုလာပြီးစားမယ်"လို့ ပြောပြီး လွှတ်လိုက်တယ်။ ရှင်ဘုရင်ဟာ စိတ်ပျက်ပျက်နဲ့ပြန်လာပြီးတော့ မှူးကြီး မတ်ကြီးတွေကိုပြောတော့-အမတ်ကြီးတွေက "အရှင်မင်းကြီး မပူပါနဲ့၊ ထောင်ထဲကလူတွေကို ကျွေးတာပေါ့"လို့ဆိုပြီး "ထောင်ကလွှတ်ချင်လျှင် တောထဲက ညောင်ပင်ကြီးကို ထမင်းအိုး သွားပို့ရမယ်" ဆိုတော့ "သူသွားမယ် ငါသွားမယ်"လို့ အလုအယက်ပြောကြတယ်။ဒါနဲ့ လူတယောက်ကို ထမင်းအိုးပို့ခိုင်းလိုက်လို့ အဲဒီလူဟာ ညောင်ပင်အောက်ရောက်တာနဲ့ ဘီလူးကြီးက လူရောထမင်းရောယူပြီး စားပစ်လိုက်တာပဲ၊ဘယ်တော့မှပြန်မလာတော့ဘူး။ ဒါနဲ့ဘဲ ထောင်ထဲမှာ လူကုန်တော့ လမ်းပေါ်မှာ ရွှေထုပ် ငွေထုပ်တွေ ပစ်ထားပြီး ကောက်တဲ့လူကို သူခိုးဆိုပြီးဘမ်း၊ ထမင်းအိုးပို့ ခိုင်းလိုက်တာဘဲ။ ဒါနဲ့ ရွှေထုပ်ငွေထုပ်တွေ ဘယ်သူမှ မကောက်ရဲကြတော့ဘူး။ ရှင်ဘုရင်နဲ့ အမတ်ကြီးတွေက တိုင်ပင်ကြတယ် "အဖိုးအို အဖွားအိုကြီးတွေဟာ ဘာမှုလဲအသုံးမကျဘူး အလုပ်လဲမလုပ်နိုင်ဘူး၊သေလဲသေခါနီးပြီ သူတို့ကို ထမင်းပို့ခိုင်းရင် မကောင်းဘူးလား" လို့ပြောတော့ "ဒီလိုလုပ်လျှင် သူတို့သားသမီးတွေ မြေးတွေက ခံမှာမဟုတ်ဘူး တိုင်းပြည်ဆူလိမ့်မယ်။ ဒီတော့ လူမှန်းမသိသေးတဲ့ မွေးစခလေးငယ်ကလေးတွေကို ပို့ခိုင်းလျှင် ကောင်းမယ်"လို့ တိုင်ပင်ကြတယ်။ အဲဒါကိုကြားတော့ မလေးမိခင်တွေဟာ ခလေးတွေယူပြီး ထွက်ပြေးကုန်ကြရော။ နောက်တနေ့မှာ ဘီလူးစာကျွေးဘို့ ခလေးရှာတော့ ဘယ်မှာမှ မတွေ့တော့ဘူး။ဒီတော့ နန်းတော်ကိုသွားပြီး "အရှင်မင်းကြီးသားတော်တယောက်ပဲ ကျန်တော့တယ်"လို့ ပြောကြတယ်။ဒီတော့ ရှင်ဘုရင်က တို့စိတ်တူသဘောတူတိုင်ပင်ပြီးသားကို ငါ့သားကြောင့်တော့ မပျက်စေနဲ့၊ ငါ့သားကိုပဲပို့ကြတော့"လို့ ပြောတာနဲ့ မိဖုရားကြီးရင်ခွင်ထဲမှာ နို့စို့နေတဲ့ သားတော်ကလေးကို အတင်းဆွဲယူသွားကြတယ်။အဲဒီအချိန်မှာ မြတ်စွာဘုရားက သားတော်ကလေး ဘေးကင်းပြီး ဘီလူးကြီးဘုရားရမှာကိုမြင်တော့ ညဥ့်ဦးထဲက အဲဒီညောင်ပင်ကြီးဆီကြွသွားတယ်။ အာဠဝက ဘီးလူကြီးကတော့မရှိဘူး။အစည်းအဝေးသွားနေတယ်။တံခါးစောင့်ဘီလူးကြီး ဂြဒြဘက ဗိမာန်ကို စောင့်နေတယ်။ မြတ်စွာဘုရားက "အချင်းဂဒြဘ ဒီတည ငါဒီမှာတည်းခိုမယ်"လို့ မိန့်တော်မူတယ်။

ဂဒြဘကမြတ်စွာဘုရားမုန်းသိတော့“အရှင်ဘုရား တပည့်တော်က ဝန်မလေးပါဘူး၊ဒီဗိမာန်ရှင်အာဠဝကဟာ အင်မတန်ကြမ်းတမ်းပါတယ်။ သူက အန္တရာယ်ပြုပါလိမ့်မယ်ဘုရား”လို့ လျှောက်တယ်။ “အချင်း ဂဒြဘ၊သင့်သခင်အာဠဝကဟာ ငါ့ကိုအန္တရာယ်မပြုနိုင်ပါဘူး။သင်ကသာ နေဘို့ခွင့်ပြုပါ” လို့ မိန့်တော်မူတယ်။“ဒီလိုဆိုလျှင် အရှင်ဘုရားနေတော်မူပါ။တပည့်တော်ကတော့တာဝန်အရ သွားပြီး အကြောင်းကြားရပါမယ်ဘုရား” လို့ဆိုပြီး နတ်သဘင်အစည်းအဝေးကိုသွားပြီးတော့ “အရှင်ဘီလူးမင်းရဲ့ဗိမာန်မှာ ဂေါတမဘုရားကြွရောက်ပြီး ဝင်နေပါတယ်” လို့ ပြောတယ်။ သူ့ သူငယ်ချင်းနတ်ဘီလူးကြီးတွေကလဲ “မိတ်ဆွေအာဠဝက သိပ်ကံကောင်းတာဘဲ၊ ဘုရားရှင်ကိုယ်တော်တိုင် သင့်ဗိမာန်မှာကြွပြီး သီတင်းသုံးနေတယ်။ သင်သွားပြီး ပူဇော်ကာ တရားနာပေတော့”လို့ ဝိုင်းပြောကြတယ်။ဒီတော့ အာဠဝကဟာဒေါသအမျက်ချောင်းချောင်းထွက်ပြီး“ဘယ်ကဂေါတမလဲ ဂေါတမသော ဘုရားသောနားမလည်ဘူး။ငါ့အခွင့်မရှိဘဲ ငါ့ဗိမာန်ကိုဝင်လျှင် ငါဘမ်းပြီးစားပစ်လိုက်မှာဘဲ” လို့ ပြန်ပြောလိုက်တယ်။ ပြီးတော့ တညလုံး လေ-မိုး အစရှိတဲ့ လက်နက်ကိုးပါးနဲ့ မြတ်စွာဘုရားကို တိုက်တယ်။

(လေ မိုး ကျောက် သဲ၊ ပြာ မီး ခဲ၊ မှောင်မဲ ရှံ့ လက်နက်။

ဘွဲ့ဖြူပါသုံး၊ တညလုံး၊ အုန်းအုန်းညံတိုက်ဖျက်) [လက်နက်ကိုးပါး]

တိုက်သမျှလက်နက်ကြီးကိုးပါးဟာ မြတ်စွာဘုရားကိုမထိခိုက်ဘဲ ပန်းခိုင်ပန်းကုံးတွေဖြစ်ပြီးတော့ ခြေတော်ရင်းမှာကျလာကြတယ်။ဒီတော့ ဘီလူးကြီးဟာ သူ့ အားအကိုးဆုံးဖြစ်တဲ့ ဘွဲ့ဖြူပုဆိုးနဲ့ပစ်လိုက်တယ်။ဘွဲ့ဖြူလက်နက်ကြီးဟာ ကြောက်စရာအသံကြီးနဲ့ ထွက်သွားပြီးတော့ ဘုရားခြေတော်ရင်းမှာ ခြေသုတ်ပုဆိုးသွားဖြစ်နေတယ်။ ဒါနဲ့ ဘီလူးကြီးဟာ “ငါ့လက်နက်တွေ ဘာဖြစ်လို့မစူးရှပါလိမ့်မလဲ” လို့ကြည့်လိုက်တော့ မြတ်စွာဘုရားဟာ မေတ္တာတရားပွားနေတာကိုတွေ့တယ်။ဒီတော့ “မေတ္တာပျက်သွားအောင် ငါလုပ်မှာဘဲ”လို့ ကြံပြီးတော့“ရဟန်းကြီး ထွက်လိုက်စမ်း”လို့ အော်လိုက်တယ်။ မြတ်စွာဘုရားက ဒီဘီလူးဟာ အင်မတန်ဒေါသကြီးနေပါကလား၊ ငါတရားဟောလို့ ရမှာမဟုတ်သေးဘူး၊ ဒေါသနဲ့သွားအောင်လုပ်အုံးမှဘဲ”လို့ စဉ်းစားပြီးတော့ “အေးအေးငါထွက်မယ်”ဆိုပြီး ထွက်တော်မူတယ်။ဘီလူးက“ဝင်အုံး”ဟု ဆိုတော့လဲ ဝင်တော်မူပြန်တယ်၊အဲဒီလို၃ကြိမ်၃ခါတိုင်အောင် ထွက်ခိုင်းဝင်ခိုင်းပြီးတော့ “ဒီတခါထွက်သာရင် ခြေ၂ချောင်းကိုင်ပြီး ဂင်္ဂါမြစ်တဘက်ကမ်းကို လွှင့်ပစ်လိုက်မှယ်”လို့ ကြံပြီးတော့ “ရဟန်းကြီးထွက်အုံး” လို့ ပြောပြန်တယ်။ မြတ်စွာဘုရားက“ငါမထွက်ဘူး၊မင်းလုပ်ချင်တာလုပ်တော့”လို့ မိန့်တော်မူတယ်။“ဒါဖြင့် ပြဿနာမေးမယ်၊ မဖြေနိုင်လို့ရှိလျှင် သင့်အသဲနှလုံးကိုသော်လဲ ချေပစ်မယ်၊ ဒါမှမဟုတ်ရင် ခြေထောက်နှစ်ချောင်းကိုင်ပြီး ဂင်္ဂါမြစ်တဘက်ကမ်းကို လွှင့်ပစ်မယ်”လို့ ပြောတယ်။မြတ်စွာဘုရားက“သင် ငါ့ကိုဘာမှမလုပ်နိုင်ဘူး၊ ဒါပေမဲ့ သင်မေးချင်တာကိုမေးပါ” လို့ ခွင့်ပြုတော်မူလိုက်တော့...ဘီလူးက ဒီလိုမေးလို့ မြတ်စွာဘုရားက ဖြေတော်မူလိုက်တယ်–

ဤလောကမှာ လူ့ဥစ္စာ ဘယ်ဟာ အမြတ်ဆုံးပါနည်း?
ဤလောကမှာ လူ့ဥစ္စာ သဒ္ဓါ အမြတ်ဆုံးပေဘည်း။
ဘယ်အရာမှာ ကျင့်သူဟာ ချမ်းသာ ရနိုင်ပါသနည်း?
တရားမှန်စွာ ကျင့်သူဟာ ချမ်းသာရနိုင်ပေသတည်း။
အကောင်းဆုံးဖြစ် ရသာနှစ် စင်စစ် အဘယ်တရားနည်း?
အကောင်းဆုံးဖြစ် ရသာနှစ် စင်စစ် သစ္စာတရားတည်း။
အသက်မွေးမှုမှာ အဖြာဖြာ ဘယ်ဟာအမြတ်ဆုံးပါနည်း?
ပညာယှဉ်ကာ သက်မွေးတာ သည်ဟာ အမြတ်ဆုံးပေတည်း။

အဲဒီလို ဘီလူးကြီးဟာ ပြဿနာမေးရင်းမေးရင်းနဲ့ တရားနာလိုက်တာ မိုးလဲလင်း တရားလဲဆုံး ဘီလူးကြီးလဲ သောတာပန်ဖြစ်သွားချော။ အဲဒီအချိန်မှာပဲ ဘီလူးစာ ခလေးပို့တဲ့အမတ်ကြီးတွေ ရောက်လာတော့ မြတ်စွာဘုရားနားမှာ ဘီလူးကြီးဒူးတုပ်ပြီး တရားနာနေတာမြင်ကြလို့ ရဲရဲတင်းတင်းဝင်ပြီး ခလေးလေးကိုပေးကြတယ်၊ "အရှင်ဘီလူးမင်းစားဘို့ လာပို့ပါတယ်၊ စားတော်မူပါ" လို့ ပြောတော့ ဘီလူးကြီးဟာ ရှက်ရှက်နဲ့ ခလေးကိုယူပြီးတော့ ဘုရားကိုလှူလိုက်တယ်။ မြတ်စွာဘုရားက အမတ်ကြီးတွေကို "မင်းတို့ဘဲ ကြီးအောင်မွေးကြအုံး" လို့ မိန့်တော်မူပြီးတော့ ခလေးကို ပြန်အပ်လိုက်တယ်။ အမတ်ကြီးတွေပြန်သွားတော့ လူတွေက "ဘယ်လိုလဲ၊ ခလေးကငယ်လွန်းလို့ မစားလောက်ဘူးလို့ ဘီလူးကပြောသလား" လို့ ဝိုင်းမေးကြတော့ "ဘီလူးကြီးကို မြတ်စွာဘုရားချွတ်လို့ အကျွတ်တရားရသွားပြီး အားလုံး ဘေးအန္တရာယ်ကင်းသွားပါပြီ" လို့ ပြောတော့မှ သာဓုခေါ်လိုက်ကြတာ တမြို့လုံးကို ဆူသွားတာဘဲတဲ့။

# နာဠာဂီရိဆင် အောင်ပွဲ



နာဠာဂီရိဆင်ကို အရက်တိုက်၍ လွှတ်လိုက်ပုံ။

မြတ်စွာဘုရား၏ မေတ္တာခေတ်ကြောင့် တိုက်ဆင်ကြီး ယဉ်ကျေးသွားပုံ။

နာဠာဂီရိ ဆင်ပြောင်မိုက်ကို၊ သေရည်တိုက်လို့ခိုင်းတဲ့ခါ။
လောင်းမီးစံပုံ မာန်ဟုန်ပြင်းလို့၊ နင်းဘို သတ်ဘို အတင်းလာ။
ခေတ်ဗြဟ္မစိုရိ လှစ်ခေါ်နိုး၊ မေတ္တာမိုးနဲ့ သွန်းလိုက်တာ။
နာမောင်းလေးကို ကျေးကာကုပ်လို့၊ ဒူးတုပ်ဝပ်တွား ညွတ်သွားရှာ။
တိုက်ဆင်ပြောင်ကြီး လိမ္မာပြီး၊ ငြိမ်ကြီး ငြိမ်သက်လာ။
အဲ....ဒါက တဂဝါဒီနှ၊ တတိယ အောင်စဉ်ပါ။

ဘုရားရှင်လက်ထက်တော်အခါတုံးက ဒေဝဒတ်ဟာ မြတ်စွာဘုရားကို အမျိုးမျိုးကြံပြီး သတ်လို့ မရဘော့ အဇာတသတ် မင်းဆီမှာ ခွင့်တောင်းပြီးတော့ နာဠာဂီရိ ဆိုတဲ့ဆင်ကြီးနဲ့ တိုက်သတ်ဘို့ ကြံစည်းစားသတဲ့။ သူဟာ ဆင်ထိန်းဆီကိုသွားပြီး "ငါဟာ ရှင်ဘုရင်ရဲ့ဆရာဖြစ်တယ်–ငါပြောသလိုလုပ်လျှင် မင်းကိုရာထူးတက်အောင်လုပ်ပေးမယ်။ နာဠာဂီရိဆင်ကို ခါတိုင်းတိုက်နေကျထက် နှစ်ဆတိုးပြီးအရက်တိုက်ပါ-ပြီးတော့ ရဟန်းကြီးဂေါတမဆွမ်းခံလာတဲ့အချိန်မှာ ဆင်ကြီးကိုစိတ်ဆိုးအောင်လုပ်ပြီးလွှတ်ပါ"လို့ပြောဘော့ ဆင်ထိန်းကလဲ"ကောင်းပါပြီ"လို့ ဝန်ခံလိုက်တယ်။ပြီးတော့ ဆာ လူမှာပြီး ထိုးသတ်မှာစိုးလို့"နက်ဖန်ခါနံနက်ခင်းမှာ လမ်းမထွက်ကြပါနဲ့ နာဠာဂီရိဆင် လွှတ်မယ်လို့ပါ"ဆိုပြီး မြို့ထဲမှာ လှည့်အော်ခိုင်းထားတယ်။ လူတွေက မြတ်စွာဘုရားဆီသွားပြီး "ဆွမ်းခံမကြွပါနဲ့ဘုရား တပည့်တော်တို့ ဆွမ်းချက်ပို့ပါမယ် မြတ်စွာဘုရား"လို့ လျှောက်ထားကြတယ်။ မြတ်စွာဘုရားက "ကိစ္စမရှိဘူး ဒါယကာတို့၊ ငါဘုရား ဒီဆင်ကိုဆုံးမတော်မူမယ်''လို့ မိန့်တော်မူပြီးတော့ သံဃာတော်အများနဲ့ ဆွမ်းခံကြွတော်မူတယ်။ အဲဒီအချိန်မှာ ဆင်ထိန်းက ဆင်ကြီးကို မူးနေအောင် အရက်တိုက်၊ စိတ်ဆိုးနေအောင် ချွန်းတွေ မှိန်းတွေနဲ့ထိုးပြီး ဘုရားကြွတော်မူတဲ့လမ်းထဲကိုလွှတ်လိုက်တယ်။ရဟန္တာအရှင်မြတ်တွေက"တပည့်တော်ဒီဆင်ကြီးကိုဆုံးမပါမယ်ဘုရား"လို့ အသီးသီးတောင်းပန်ကြပေမယ်လို့ ခွင့်ပြုတော်မမူဘူး။ ဆင်ကြီးဟာ မူးလဲမူး စိတ်ကလဲဆိုးနေတော့ တွေ့ရာတဲအိမ်တွေ တိုးဝှေ့နင်းချိုးပြီး မဲမဲမြင်သမျှ အကုန်လိုက်တော့တာဘဲ။ အဲဒီအချိန်မှာ မိန်းမတယောက်ဟာ ဆင်ကြီးကိုမြင်တော့ ချီထားတဲ့ခလေးကိုချပြီး ထွက်ပြေးတော့ ခလေးကတအားအော်ပြီးငိုနေတယ်။ ဆင်ကြီးက ငိုနေတဲ့ခလေးကို နင်းမယ်လို့ပြေးအသွားမှာ မြတ်စွာဘုရားက"ချစ်သားနာဠာဂီရိ သင့်ကိုလွှတ်တာဟာ တခြားသူတွေအတွက်မဟုတ်၊ ငါဘုရားအတွက် လွှတ်တာဖြစ်တယ်၊ဒါကြောင့် ငါ့ဆီကိုသာလာခဲ့" ဆိုပြီးတော့ ဆင်ကြီးဆီစိုက်ပြီး မေတ္တာဓာတ်တွေ လွှတ်လိုက်တာ ဆင်ကြီးဟာ နှာမောင်းကလေးကိုခွေပြီးတော့ ဖြေးဖြေးကလေး မြတ်စွာဘုရားဆီကို လာပြီးတော့ ဦးတိုက်နေ့လိုက်တယ်။ မြတ်စွာဘုရားက "ချစ်သားနာဠာဂီရိ ငါဘုရားကို မပြစ်မှားနဲ့ မူးယစ်မိုက်မဲခြင်းလဲမရှိနဲ့ ဒီလိုဆိုလျှင် သင်ဟာ ကောင်းတဲ့ဘဝကို ရောက်လိမ့်မယ်"လို့ ဟောလိုက်တော့ ဆင်ကြီးဟာ မြတ်စွာဘုရားစကားတော်ကို နားလည်ပြီးတော့ သဘောကျဝမ်းသာနေတဲ့ အမူအရာကိုပြသတဲ့၊ လူတွေကလဲ ယဉ်ကျေးသွားတဲ့ ဆင်ကြီးကိုကြည့်ပြီး ဝမ်းသာကြလို့ ရွှေတွေငွေတွေကြဲလိုက်ထာအများကြီးဘဲတဲ့။ ဒါနဲ့ ဆင်ကြီးဟာ မြတ်စွာဘုရားခြေတော်အောက်က မြူမှုန့်ကိုယူပြီး သူ့ခေါင်းမှာကြဲပြီး နောက်ဆုတ် နောက်ဆုတ်နဲ့ သူ့နေရာသူပြန်သွားတယ်။ အဲဒီနေ့ကစပြီးတော့ ဆင်ကြီးဟာ သိပ်သဘောကောင်းလာပြီး ဘယ်သူ့ကိုမှ ရန်မရှာတော့ဘူးတဲ့။

☆ ☆ ☆

# အင်္ဂုလိမာလ အောင်ပွဲ



အင်္ဂုလိမာလခိုးသား ဘုရားနောက်ကို ပြေးလိုက်နေပုံ။

ရဟန်းတော်အရှင် အင်္ဂုလိမာလအား ကောသလမင်းကြီး လျှောက်ထားပုံ။

သန်လျက်ကိုရမ်းကာ ဖွေ့လို့၊ လမ်းလာသရွေ့သတ်ဖြတ်ကာ။

လက်ချောင်းတွေကို သီကာတွဲလို့၊ လည်မှာဆွဲတဲ့လူကြမ်းဟာ။

ဘုရားရှင်ကိုလမ်းဝယ်တွေ့တော့၊ ဘမ်းမယ်ဟေ့လို့ ပြေးလိုက်ရာ။

တန်ခိုးတော်ဘီညာဉ် ထင်စွာပြုမှ၊ အင်္ဂုလိမာလညွှတ်တွားလာ။

တရားရေအေးအမြိုက်ဆေး၊ တိုက်ကျွေးကျွတ်စေတာ။

အဲ....ဒါက ဘဂဝါန္တရ၊ စတုတ္ထအောင်စဉ်ပါ။

ရှေး....တုံးက သာဝတ္ထိပြည်က ပုရောဟိတ်ပုဏ္ဏားကြီးမှာ သားကလေးတယောက်ဖွားလာတယ်။ဖွားလျှင်ဖွားချင်း အိမ်တွေမှာရှိတဲ့လက်နက်တွေဟာ အရောင်တလက်လက်တောက်လာတယ်။ ပုဏ္ဏားကြီးက နက္ခတ်ကိုကြည့်ပြီးတော့ ဒီကလေးဟာ ကြီးလျှင် လူဆိုးကြီးဖြစ်မှာဘဲလို့မြင်တာနဲ့ နန်းတော်ကိုသွားပြီး ရှင်ဘုရင်ကိုလျှောက်တယ်။ "အရှင်မင်းကြီး ညက ကျွန်တော်မျိုးအိမ်မှာ သားတယောက်ဖွားပါတယ်၊ သူဟာကြီးလျှင် လူဆိုးဖြစ်ပါလိမ့်မယ်။ကျွန်တော်မျိုးဒီခလေးကိုဖျောက်ဖျက်လိုက်ရမလား"တဲ့၊ အဲဒီလိုလျှောက်တော့ ရှင်ဘုရင်က "သူဟာ တယောက်ထဲဆိုးမလား၊ အပေါင်းအသင်းတွေနဲ့ လူစုပြီးဆိုးမလား"လို့ မေးတော့ "တယောက်ထည်းဆိုးပါလိမ့်မယ်ဘုရား"လို့ ပုဏ္ဏားကြီးကပြောတယ်။"ဒါဖြင့် သူ့ကိုကြီးအောင်မွေးပါ မဖျောက်ဖျက်ပါနဲ့"လို့ ရှင်ဘုရင်ကပြောတာနဲ့ သူ့ကိုမွေးထားလို့တော်တော်ကြီးလာတော့ တက္ကသိုလ်ပြည်ကို ပညာသင်ဘို့လွှတ်လိုက်တယ်။ သူဟာ ပညာကိုလဲကြိုးစားပြီးသင်တယ်။ ဆရာကြီးရဲ့ဝတ္တရားကိုလဲ ကြေပြွန်အောင်လုပ်တတ်လို့ ဆရာကြီးက သူ့ကိုသိပ်ချစ်တယ်။ ဒါနဲ့ ဒီပြင်ကျောင်းသားတွေကမနာလိုလို့ ဆရာကြီးကို ကုန်းတိုက်ကြဖန်များတော့ ဆရာကြီးကသူ့ကိုသတ်ဘို့စဉ်းစားတယ်။ "ငါကိုယ်တိုင်သတ်လို့ရှိလျှင် လူကဲ့ရဲ့လိမ့်မယ်။သူ့ကို တယောက်ယောက်က သတ်အောင်လုပ်မှဘဲ"လို့စဉ်းစားပြီး "အမောင် အဟိံသက အမောင်ဟာ ပညာတက်ပြီ၊ ဒါကြောင့် ဆရာ့ကိုပူဇော်ဘို့ လက်ချောင်းဘထောင်ရှာခဲ့ပါ"လို့ပြောတယ်။ သူဟာ ဆရာ့စကားကိုနားထောင်နေကျဖြစ်တဲ့အတိုင်း တောထဲကိုသွားပြီး လူတွေကိုဘမ်း၊လက်ချောင်းတွေကိုဖြတ်ယူပြီးတော့ ကြိုးနဲ့သီပြီး လည်ပင်းမှာဆွဲထားတယ်။သူကအားကလဲကောင်း၊အပြေးကလဲသန်တော့ ဘယ်သူမှသူ့ကိုမနိုင်ဘူး။ဒါကြောင့် ကုန်သည်တွေကလဲ မသွားဝံ့၊တောထဲမှာလဲအလုပ်မလုပ်ဝံ့နဲ့ရွာတွေပျက်ပြီး ထွက်ပြေးနေကြရတယ်။ ဒါနဲ့လူတွေစုပြီးဘုရင့်နန်းတော်မှာသွားအော်ကြတယ်။ "အရှင်မင်းကြီး၊ တောထဲမှာ အင်္ဂုလိမာလဆိုတဲ့ခိုးသူဟာ အလွန်သောင်းကျန်းနေပါတယ်။ဒီလူဆိုးကို အရှင်မင်းကြီး ရအောင်ဘမ်းမှဖြစ်ပါလိမ့်မယ်" အဲဒီလိုအော်ကြတော့ ကောသလ မင်းကြီးဟာ စစ်တပ်ကြီးနဲ့ထွက်လာတယ်၊ အင်္ဂုလိမာလရဲ့အမေ ပုဏ္ဏားမကြီးက "ရှင်ဘုရင်ကိုယ်တိုင် ထွက်ဘမ်းလျှင် ငါ့သားတော့ သေတော့မှာဘဲ"လို့ စိုးရိမ်ပြီးတော့ တောထဲကိုသွားတယ်။ ပြီးတော့"သားရေ ရှင်ဘုရင်ကိုယ်တိုင်ထွက်လာပြီ၊ ငါ့သားလွတ်အောင်ပြေးပေတော့"လို့ အော်ရှာတယ်။အင်္ဂုလိမာလ "လက်ချောင်းတွေဟာ တထောင်ပြည့်ဘို့ တချောင်းဘဲလိုတော့တယ်။ ဒီနေ့တော့ဘယ်သူလာလာ သတ်မှာဘဲ"လို့ စိတ်ကပိုင်းဖြတ်ထားတော့ အမေကိုဘမ်းဘို့လိုက်တယ်။အဲဒီအချိန်မှာ မြတ်စွာဘုရားက မြင်တော်မူလို့ တန်ခိုးတော်နဲ့ကြွလာပြီးတော့ အင်္ဂုလိမာလနဲ့ သူ့အမေကြားမှာ ရပ်တော်မူလိုက်တယ်။အင်္ဂုလိမာလဟာ ဘုရားကိုမြင်တော့ အမေကိုမလိုက်တော့ဘဲ ဘုရားကိုဘမ်းဘို့ပြေးလိုက်တယ်။ မြတ်စွာဘုရားကတန်ခိုးတော်နဲ့လုပ်ထားတော့သူဘယ်လောက်ပြေးပြေးဘုရားအနားကိုမရောက်ဘူး။ ဒါနဲ့သူက"ရဟန်းကြီးရပ်အုံး-ရပ်အုံး"လို့အော်တော့"အင်္ဂုလိမာလ ငါရပ်နေထယ်၊ သင်သာမရပ်ဘူး ပြေးနေတာ"လို့မိန့်တော်မူလိုက်တယ်။ဒီတော့အင်္ဂုလိမာလက"ရဟန်းဆိုတာလိမ်မပြောကောင်းဘူး၊ သင်ဟာသွားနေလျက်သားနဲ့ ဘာဖြစ်လို့ရပ်တယ်လို့ လိမ်ပြောရသလဲ" လို့မေးတယ်။ မြတ်စွာဘုရားက ငါ့မှာ သံသရာလမ်းခရီး သွားစရာမရှိတော့ဘူး၊ ဒါကြောင့်ငါဟာရပ်ဆိုင်းနေပြီ။မင်းဟာ ဒီလိုသာ ဆိုးသွမ်းနေအုံးမယ်ဆိုလျှင် သံသရာမှာ ဆက်ပြီးနေရအုံးမှာဘဲ"လို့ ဆိုတော့မှ သတိရပြီး ဓါးကိုချ တရားနာတယ်။နောက် ကျွတ်တရားရတာနဲ့ သင်္ကန်းဝတ်ပြီး ဘုရားနောက်တော်ကလိုက်

သွားတယ်။ကောသလမင်းကြီးဟာ ထွက်လာရပေမဲ့ ခပ်ကြောက်ကြောက်ပဲ။အင်္ဂုလိမာလက သိပ်အစွမ်းကောင်းတာကိုး။ ဒါနဲ့ ဇေတဝန်ကျောင်းတော်အနားရောက်တော့"ငါ ဘုရားဝင်ပြီး ရှိခိုးအုံးမှဘဲ၊မသွားသင့်လျှင်လဲ ဘုရားက တားလိမ့်မယ်"လို့ စိတ်ကူးပြီး ကျောင်းတော်ထဲဝင်သွားတော့ မြတ်စွာဘုရားက "တကာတော်မင်းကြီး ဘယ်သွားမလို့လဲ" လို့ မေးတော်မူတယ်။

"တပည့်တော် တောထဲမှာ အင်္ဂုလိမာလ သွားဖမ်းမလို့ပါဘုရား"

"အင်္ဂုလိမာလ သက်နှုဝတ်နေလျှင် တကာတော် ဘာလုပ်မလဲ"

"သူဟာ သိပ်ဆိုးတဲ့လူပဲ၊ ဘယ်မှာ သင်္ကန်းဝတ်ပါ့မလဲဘုရား"

"ငါဘုရားချွတ်လို့ ကျွတ်သွားပြီ၊သင်္ကန်းဝတ်သွားပြီဆိုလျှင် တကာတော်မင်းကြီး ဘယ်လိုသဘောထားမလဲ"

"ဒီလိုဆိုလျှင်တော့ တပည့်တော်ဝမ်းသာပါတယ်၊ဆွမ်းတို့ သင်္ကန်းတို့လဲလှူရမှာပေါ့ဘုရား"

"အဲဒီမှာ ထိုင်နေတာ အင်္ဂုလိမာလဘဲ"လို့ ဆိုပြီး မြတ်စွာဘုရားက လက်ညှိုးညွှန်ပြလိုက်တယ်ဆိုလျှင်ဘဲ ကောသလမင်းကြီးဟာ ကြောက်ပြီးတော့ တုန်နေတယ်။ "တကာတော်မင်းကြီး မကြောက်နဲ့၊သူဟာ အခု သူတော်ကောင်းဖြစ်သွားပြီ၊ဘယ်သူ့ကိုမှ အန္တရာယ်မပြုတော့ဘူး" လို့ ဆိုတော့မှ အနားကိုသွားပြီးတော့မေးတယ်။ "အရှင်ဘုရား အင်္ဂုလိမာလပဲလား"

"ဟုတ်ပါတယ် တကာတော်မင်းကြီး"

"ကောင်းပါတယ်၊ ကောင်းပါတယ်အရှင်ဘုရား၊ သာသနာတော်မှာ ပျော်ပျော်နေပါ တပည့်တော် ပစ္စည်းလေးပါး လှူပါမယ်ဘုရား။"

အဲဒီလိုလျှောက်ပြီးတော့ ကောသလမင်းကြီးလဲ စိတ်အေး လက်အေးနဲ့ နန်းတော်ကို ပြန်သွားသတဲ့။

# ဓိဉ္စမာနံ အောင်ပွဲ



တိတ္ထိများက စိဉ္စမာနကို စေခိုင်းနေပုံ။ ပရိသတ်အလယ်၌ မြတ်စွာဘုရားအား စွပ်စွဲနေပုံ။

ပျဉ်ချပ်တွေကို ခံခွေပြုလို့၊ သန္ဓေအတုနဲ့ စိဉ္စမာ။

အရှက်ကွဲရုံ ဂုဏ်တော်ဖြုတ်ဘို့၊ သမုတ်စွပ်စွဲ လူထဲမှာ။

ငြိမ်းအေးမေတ္တာ ဓာတ်တရားကြောင့်၊ နတ်သိကြားတို့ မနေသာ။

ပျဉ်ကြိုးပြေကာ ခြေကိုဖြတ်လို့၊ မြေမျိုဟပ်တော့ ငရဲမှာ။

ဂုဏ်တော်တန်ခိုး ဆထမ်းပိုး၊ တိုးလို့တက်လို့လာ။

အဲ....ဒါက ဘဂဝါယှဉ်မရ၊ ပဉ္စမအောင်စဉ်ပါ။

မြတ်စွာဘုရားပွင့်လာတော်မူတဲ့အချိန်မှာ တိတ္ထိတွေကို လူမယုံလူ ဆွမ်းလောင်းမဲ့လူ သိပ်မရှိတော့ သူတို့မှာ လာဘ်လာဘနည်းပါးလာကြတယ်၊ ဒါနဲ့ သူတို့ဟာ တနေရာမှာ စည်းဝေးပြီးတော့ မြတ်စွာဘုရား ဂုဏ်ပျက်အရှက်ကွဲအောင် ဘယ်လိုလုပ်ကြမလဲလို့ တိုင်ပင်ကြတယ်။ တိုင်ပင်ပြီးတော့ စိဉ္စမာဏဝိကာဆိုတဲ့ ပရိဗိုဇ်မကလေးကို တာဝန်ပေးလိုက်တယ်။ အဲဒီပရိဗိုဇ်မကလေးဟာ ငယ်လဲငယ် ချောလဲချောတယ်တဲ့။ ချောသလောက် ကောက်ကျစ်ပြီး ဥာဏ်လဲများတယ်။ သူဟာ ညနေမိုးချုပ်လျှင်ဇေတဝန်ကျောင်းတော်ဘက်ကိုသွား ကျောင်းတော်အနားက တိတ္ထိတွေဆီမှာအိပ်တယ်။ နံနက်မိုးလင်းတော့ ထပြီး မြို့ထဲကိုပြန်လာတယ်။ လူတွေက ဘယ်ကလာသလဲလို့ မေးလျှင် "ဇေတဝန်ကျောင်းမှာ ရဟန်းကြီးဂေါတမနဲ့ အတူသွားအိပ်ပြီး ပြန်လာတယ်"လို့ ပြောတယ်။ ၈ လပေါင်းတော်တော်ကြာတော့ ဗိုက်ကို ပျဉ်ချပ်တွေနဲ့ကပ် အပေါ်က အဝတ်တွေနဲ့ပတ်ပြီး ပဋိသန္ဓေ အရင့်အမာရှိတဲ့ အယောင်ဆောင်ပြီးတော့ မြတ်စွာဘုရားတရားဟောနေတုံး ပရိသတ်ထဲဝင်ပြီးတော့- "ရှင်ဂေါတမ သင်ကတော့လူတွေတရုံးရုံးနဲ့ပျော်နေတော့တာဘဲ၊ ကျုပ်မှာတော့ ရှင်နဲ့ရတဲ့ခလေးကို ဘယ်မှာမွေးရမှန်းမသိဘူး၊ မွေးဘို့ဖွားဘို့နေရာကလေးများ ကြည့်လုပ်ပေးပါအုံး"လို့ အော်ပြောလိုက်တယ်။ လူတချို့က သူပြောတာယုံပြီး သူ့ကို သနားကြတယ်။ မြတ်စွာဘုရားကိုလဲ ထင်ယောင်ထင်မှားဖြစ်နေကြတယ်။ မြတ်စွာဘုရားကတော့ ထူးထူးထွေထွေသိပ်မပြောတော့ဘဲ၊ မေတ္တာဂုဏ ရှုဏာပွားပြီးတော့နေလိုက်တယ်။ အဲဒီတော့ သကြားမင်းက နတ်သားတွေကို ဖြေရှင်းဘို့လွှတ်လိုက်တယ်။ နတ်သားတွေက ကြွက်ယောင်ဖန်ဆင်းပြီးတော့ ပျဉ်ချပ်ချည်တဲ့ကြိုးတွေကို တပိုင်ထဲ ကိုက်ဖြတ်လိုက်တော့ ပျဉ်ချပ်ပြုတ်ကျပြီး ခြေချောင်းကလေးတွေ ပြတ်ကုန်တာပေါ့။ ဒီတော့မှ သူ့အာလိမ်တွေပေါ်ပြီး လူတွေက သူ့ကိုမောင်းထုတ်လိုက်ကြတယ်။ အပြင်လဲရောက်ရော အဝိစိငရဲကြီးက မီးတောက်ကြီးတက်လာပြီး သူ့ကို ရစ်ပတ်ယူသွားလို့ မြေမြိုပြီး ငရဲမှာခံနေရရှာတယ်။ မြတ်စွာဘုရားရဲ့ဂုဏ်တော်ကျေးဇူးတော်တွေကတော့ အရင်ကထက် ပိုပြီးတောင် တိုးတက်ပွားများလာသတဲ့။

☆ ☆ ☆

# သစ္စက ပရဗိုဇ် အောင်ပွဲ



သစ္စက၏ အမ လေးယောက်
အရှင်သာရိပုတြာနှင့် ဝါဒပြိုင်၍ ရှုံးကြပုံ။

သစ္စကကို သိကြားမင်းက
ဘီလူးယောင်ဆောင်၍ခြိမ်းခြောက်ပုံ

ဝါဒချင်းပြိုင် နိုင်မလားလို့၊ ဘုရားကိုတဲ့ အန်တုလာ။

အယူတထောင် ဆောင်ကာမိုက်တဲ့၊ ပရဗိုဇ်ကွဲ့ သစ္စကာ။

မိမိကိုယ်ဟာ 'အတ္တ' လားလို့၊ မြတ်စွာဘုရားက မေးတဲ့ခါ။

မသိတော့မှိုင် ပြေနိုင်ဘဲမို့၊ ခွေယိုင်လဲလို့ရှုံးရတာ။

တိတ္ထိအမျိုး မာန်စွယ်ကျိုး၊ ငုံ့လျိုးနေရရှာ။

အဲ....ဒါက ဘဂဝါမြတ်လှ၊ ဆဋ္ဌအောင်စဉ်ပါ။

ရှေး....တုံးက ဝေသာလီပြည်မှာ၊ အယူဝါဒ ၅၀၀ စီတတ်တဲ့ ပရဗိုဇ်တယောက်နဲ့ ပရဗိုဇ်မတယောက် အယူဝါဒပြိုင်ကြတယ်။ အစွမ်းချင်းတူနေကြတော့ ဘယ်သူကမှ အနိုင်မရဘူး။ ဒါနဲ့ ဝေသာလီမင်းတွေက သူတို့နှစ်ယောက်ကို ပေးစားပြီးတော့ ထောက်ပင့်ထားကြတယ်။ သူတို့မှာ သမီးလေးတယောက်နဲ့ သားတယောက်ဖွားမြင်တယ်။သူတို့ဟာ အမိဘက်ကရော အဖဘက်ကရော ဝါဒ့တထောင်စီတတ်ကြတယ်။အယူဝါဒတွေတတ်တဲ့အခါကျမှ သမီးလေးယောက်ကို "သမီးတို့ ဇမ္ဗူဒီပါကျွန်းမှာလျှောက်ပြီးဝါဒပြိုင်ကြ၊သမီးတို့ကို နိုင်အောင်ပြောနိုင်တဲ့သူဟာ လူဖြစ်လျှင် သူ့ကို အလုပ်အကျွေးပြုကြ။ ရဟန်းဖြစ်လျှင် သူ့လက်အောက်မှာဘဲ ရဟန်းပြုပြီး တရားအားထုတ်ကြ"လို့ မှာပြီးလွှတ်လိုက်တယ်။ သူတို့လျှောက်ပြိုင်လိုက်ကြတာ သူတို့ကခည်းနိုင်တာဘဲ။ နောက်ဆုံး အရှင်သာရိပုတြာနဲ့ ပြိုင်တော့မှ ရှုံးပြီး ရဟန်းပြု တရားအားထုတ်ကြတာနဲ့ ရဟန္တာဖြစ်ကုန်ရော။ အငယ်ဆုံးသားဖြစ်တဲ့ သစ္စက ကတော့ ဘယ်မှမသွားဘဲ လိစ္ဆဝီမင်းသားတွေကို ပညာသင်ပေးနေရတယ်။ တနေ့တော့လမ်းမှာ ရဟန်းတပါးကိုတွေ့လို့ "ကိုယ်တော်တို့ဆရာ ဂေါတမဘုရားက ဘယ်လိုတရားမျှားဟောသတုံး"လို့ မေးတယ်။"ရုပ်နာမ်တရားတွေဟာ ဘယ်သူမှမပိုင်တဲ့ အနတ္တတရားဖြစ်တယ်လို့ ဟောပါတယ်"လို့ ပြန်ပြောတော့ "ဟာ ဘယ်ဟုတ်မလဲ၊ဂေါတမတော့ အယူအဆလွဲနေပြီ၊ ငါနဲ့သာ ဆိုင်ပြောရလျှင်တော့ ဂေါတမဟာ ချာချာ လည်သွားမှာဘဲ"ဆိုပြီး သူ့တပည့် မင်းသားတွေကို "လာကြဟေ့ ငါ ဂေါတမဘုရားနဲ့ ဝါဒသွားပြိုင်မယ်" လို့ ပြောပြီး ဘုရားဆီကို သွားကြတယ်။ ဟိုကျတော့ သစ္စက ကမေးတယ်–

"ဂေါတမဘုရား ဘယ်လိုတရားမျှား ဟောပါသလဲ"

"အို သစ္စက၊ ရုပ်နာမ်တရားတွေဟာ မစိုးမပိုင်တဲ့တရား အနတ္တဘဲလို့ ငါဟောတယ်"

"ဒါဟာ မဖြစ်နိုင်ဘူး၊ လူတွေဟာ မြေကြီးပေါ်မှာရပ်တည်ပြီး အလုပ်လုပ်ကြသလို ကိုယ်ပိုင်ဆိုင်တဲ့ အတ္တပေါ်မှာမှီပြီး ကောင်းမှု မကောင်းမှုကို လုပ်ကြရတာဘဲ။ ပိုင်ဆိုင်တဲ့ အတ္တခန္ဓာကိုယ်မရှိလျှင် ဒီလိုလုပ်လို့ ဘယ်ရမလဲ"

"ဒါဖြင့် သင်က သင်ရဲ့ အတ္တခန္ဓာကိုယ်ကို ပိုင်တယ်၊ အစိုးရတယ်လို့ ဆိုတာပေါ့"

"ဟုတ်တယ်၊ ကျုပ် ဒီလိုဘဲ ယူဆပါတယ်"

**"ဒီလို သင်ခန္ဓာကိုယ်ကို သင်ပိုင်တယ်ဆိုလျှင် မအိုအောင်၊ မနာအောင်၊ မသေအောင် လုပ်လို့ရပါ့မလား"**

အဲဒီလိုပြန်မေးလိုက်တော့ သစ္စက ပရဗိုဇ်ကြီးဟာ ကိုယ့်စကားနဲ့ကိုယ် မိနေပြီး မဖြေနိုင်ဘဲ ငေးမှိုင်နေတယ်။မြတ်စွာဘုရားက ထပ်ပြီးမေးတော့လဲမဖြေဘူး။အဲဒီတော့မှ သိကြားမင်းက ဘီလူးကြီးယောင်ဆောင်ပြီး "ဖြေပါ၊ မဖြေလျှင် သံတင်းပုတ်ကြီးနဲ့ ခေါင်းကို ရိုက်ခွဲလိုက်မယ်" လို့

ဆိုတော့မှ "ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အတ္တမဟုတ်ပါဘူး၊ အနတ္တပါဘဲ" လို့ ဝန်ခံရရှာတယ်။ အဲဒီတော့မှ ဒုမ္မုခဆိုတဲ့ မင်းသားတယောက်က ထပြီးပြောတယ်။ "လက်မ အားကိုးတဲ့ဂဏန်းကြီးလို ဘုရားကိုပြိုင်ဘို့ လက်မထောင်ပြီးလာလိုက်တာ အခုတော့ လက်မအချိုးခံရတဲ့ဂဏန်းကြီးလို ကုတ်နေပြီ"တဲ့။ ဒီတော့ ပရဗိုဇ်ကြီးက "ဟေ့ ဒုမ္မုခ ငါ မြတ်စွာဘုရားနဲ့ စကားပြောနေတာ၊ မင်းဝင်မရှုပ်ပါနဲ့"ဆိုပြီး မြတ်စွာဘုရားနှင့်တကွ သံဃာတော်တွေကို ဆွမ်းစားပင့်တယ်။ သူ့တပည့်တွေကိုလဲ "တပည့်ဘို့ နက်ဖန်ခါကျလျှင် မြတ်စွာဘုရားနဲ့တကွ သံဃာတော်တွေကို ဆွမ်းလုပ်ကျွေးရအောင် ဆွမ်းတအုပ်စီ ယူခဲ့ကြပါ"လို့ ပြောပြီး ပြန်သွားရော။

# နန္ဒောပနန္ဒ နဂါးမင်းအောင်ပွဲ



နန္ဒောပနန္ဒ နဂါးမင်းနှင့် အရှင်မောဂ္ဂလာန် တန်ခိုးပြိုင်ကြပုံ။

နန္ဒောပနန် မျက်မာန်ကြွ၊ ခက်ထန်လှတဲ့ နဂါးဟာ။
မြင်းမိုရ်တောင်ကို ခွေပတ်ပြီးတော့၊ ကတ်သီးကတ်သတ်ရန်ပြုတာ။
ဘုရားသခင် မယှဉ်လောက်တော့၊ ရှင်မောဂ္ဂလာန်နဲ့ပြိုင်စေရာ။
လက်ဝဲတော်ရံ ဈာန်ဂုဏ်တန်ခိုးနဲ့၊ မာန်ဟုန်ချိုးလို့ဆုံးမတာ။
နတ်နဂါးမင်း ခြေတော်ရင်း၊ ဝပ်စင်းခယလာ။
အဲ....ဒါက ဘဂဝါမြတ်လှ၊ သတ္တမအောင်စဉ်ပါ။

ရှေး....တုံးက နန္ဒောပနန္ဒ လို့ဆိုတဲ့ နဂါးကြီးဟာ အကြီးအကျယ် ပျော်ပွဲစားဘို့ စီမံနေတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက သူ့ကိုချွတ်ရအောင် နောက်ပါရဟန်း ၅၀၀ နဲ့အတူ သူတို့ရဲ့ ခေါင်းပေါ်ကဖြတ်ပြီးတော့ တာဝတိံသာနတ်ပြည်ဘက်ကို ကြွတော်မူတယ်။ အဲဒါကိုမြင်တော့ နဂါးကြီးက ဒေါသထွက်ပြီး "ဒီရဟန်းတွေဟာ တို့ခေါင်းပေါ်ကဖြတ်ဖြတ်ပြီး တာဝတိံသာကို ဝင်လိုက် ထွက်လိုက် လုပ်နေကြတယ်–ဘာဝတိံသာကို မမြင်ရအောင် ငါလုပ်ထားမယ်" လို့ဆိုပြီး ကိုယ်ကို အကြီးကြီးဖန်ဆင်းပြီးတော့ မြင်းမိုရ်တောင်ကို ၇-ပတ် ပတ်ကာ တောင်ထိပ်ကို ပါးပျဉ်းကြီးနဲ့ အုပ်ထားလိုက်တယ်။ အဲဒီတော့ ရဟန်းတွေက "မြတ်စွာဘုရား–တပည့်တော်တို့ဟာ ခါတိုင်း ဒီနေရာကိုရောက်လျှင် မြင်းမိုရ်တောင်ကို မြင်ကြရပါတယ်–အခုဘာဖြစ်လို့ မမြင်ပါသလဲဘုရား" လို့ လျှောက်ကြတယ်။ မြတ်စွာဘုရားက "ချစ်သားတို့ နန္ဒောပနန္ဒနဂါးကြီးဟာ တို့ကိုစိတ်ဆိုးပြီး မြင်းမိုရ်တောင်ကိုရစ်ပတ် ဖုံးကွယ်ထားတယ်။ ဒါကြောင့် မမြင်ရတာ" လို့ မိန့်တော်မူတယ်။ ရဟန္တာတွေက "နဂါးကြီးကို တပည့်တော်တို့ ဆုံးမပါ့မယ်ဘုရား" လို့ လျှောက်ထားပေမဲ့ ခွင့်ပြုတော်မမူဘူး။ လက်ဝဲတော်ရံဖြစ်တဲ့ အရှင် မဟာ မောဂ္ဂလာန် ကိုသာ ခွင့်ပြုတော်မူတယ်။ အရှင်မောဂ္ဂလာန်က နဂါးကြီးထက် ကြီးတဲ့ကိုယ် ဖန်ဆင်းပြီးတော့ နဂါးကြီးအပေါ်ကထပ်ပြီး ၁၄ ပတ် ပတ်ပြီး ညှစ်ထားလိုက်တယ်။ နဂါးကြီးက အခိုးတွေ အလျှံတွေ လွှတ်ပေမဲ့ ရှင်မောဂ္ဂလာန်ကို မထိဘူး။ ရှင်မောဂ္ဂလာန်ကလွှတ်တဲ့ အခိုးတွေအလျှံတွေက နဂါးကြီးကိုထိတယ်။ ဒီတော့မှ နဂါးကြီးက "ဟေ့ အပြင်ကပတ်ထားတာ ဘယ်သူလဲ" လို့မေးတော့ "ငါဟာ ရဟန်းတော် မောဂ္ဂလာန်ဘဲ" လို့ ပြောတယ်။ "ဒါဖြစ်ရင် ရဟန်းပုံစံဖန်ဆင်းပြပါ" လို့ ဆိုတော့ ရဟန်းယောင် ပြန်ဖန်ဆင်းပြီး နဂါးကြီးရဲ့ ဒီဘက်နားကဝင် ဟိုဘက်နားကထွက်၊ ဒီဘက်နှာခေါင်းကဝင် ဟိုဘက်နှာခေါင်းကထွက်နဲ့ လုပ်နေလိုက်တယ်။ နဂါးကြီးပါးစပ်ဟတော့ ပါးစပ်ကဝင်ပြီး ဗိုက်ထဲမှာ လမ်းလျှောက်နေလိုက်တယ်၊ နဂါးကြီးက "ဝင်တုံးက မသိလိုက်ဘူး၊ ထွက်လာလျှင်တော့ ဝါးပစ်လိုက်မယ်" လို့ ကြံပြီး "ထွက်ပါအုံး" လို့ ပြောသတဲ့။ ရှင်မောဂ္ဂလာန်လဲ ထွက်လာရော "ရှူးရှူး" ဆို အဆိပ်တွေ မှုတ်လိုက်တာ သာမညပုဂ္ဂိုလ်ဆိုလျှင် ပြာဖြစ်သွားမှာဘဲ။ ရှင်မောဂ္ဂလာန်က စျာန်ဝင်စားပြီးနေလိုက်တော့ ဘာမျှမဖြစ်ဘူး။ နောက် ရှင်မောဂ္ဂလာန်က ဂဠုန်ကြီးယောင် ဖန်ဆင်းပြီး နဂါးကြီးကိုလိုက်တော့မှ နဂါးကြီးက ကြောက်ပြီး "တပည့်တော်ကြောက်ပါပြီ၊ အရှင်ဘုရားကို ကိုးကွယ်ပါ့မယ်" လို့ ပြောတယ်။ ဒီတော့မှ "လာခဲ့ ငါ့ဆရာ မြတ်စွာဘုရားဆီကို သွားမယ်" လို့ ဆိုပြီး မြတ်စွာဘုရားဆီ ခေါ်သွားတော့မှ မြတ်စွာဘုရားကို ရှိခိုးပူဇော်တယ်။ မြတ်စွာဘုရားက "နဂါးမင်း ချမ်းသာပါစေ" လို့ ဆုပေးပြီး ပြန်ကြွလာကြရော။

# ဗက ဗြဟ္မာ အောင်ပွဲ



မြတ်စွာဘုရား ဗြဟ္မာ့ဘုံသို့ ကြွတော်မူ၍ ဗက ဗြဟ္မာကြီးအား တန်ခိုးပြ၍ တရားဟောပုံ။

ဗကဆိုသူ မူတမျိုးနဲ့၊ အယူဆိုးတဲ့ မိုးဗြဟ္မာ။

အနိစ္စကို နိစ္စဘဲလို့၊ စိတ်ကစွဲလို့ လွဲခဲ့တာ။

တို့ဘုရားရှင် လျှင်စွာကြွလို့၊ ထင်စွာပြတော့ မြတ်ဓမ္မာ။

တန်ခိုးချင်းတောင် တူသလားလို့၊ လူဘုရားက ပြတဲ့ခါ။

မိုးဗြဟ္မာကြီး မာန်ကွာပြီး၊ ရှုံးကြီးရှုံးရရှာ။

အဲ....ဒါက ဘဂဝါမြတ်လှ၊ အဋ္ဌမအောင်စဉ်ပါ။

တခါထုံးက မြတ်စွာဘုရားဟာ ဥက္ကဋ္ဌ မြို့မှာ သီတင်းသုံးနေတော်မူတယ်။ အဲဒီအချိန်မှာ ဗက ဗြဟ္မာကြီးမှာ "ငါတို့ရဲ့ ဘုံဘဝဟာ မြဲတယ်-အိုခြင်း နာခြင်း သေခြင်းမရှိဘူး-အကောင်းဆုံးဘဲ" လို့ ဆိုတဲ့ အယူမှား ပေါ်ပေါက်နေတယ်၊ မြတ်စွာဘုရားက အယူမှားပြီး အထင်ကြီးနေတဲ့ ဗြဟ္မာကြီးရဲ့ စိတ်ကိုသိတော့ ဥက္ကဋ္ဌမြို့မှာ ကိုယ်ရောင်ဖျောက်ပြီး ဘွားကနဲ ဗြဟ္မာ့ပြည်မှာ သွားပေါ်တယ်။ ဗကဗြဟ္မာကြီးက မြင်တော့ "အဆွေတော် ဂေါတမ လာပါ-အဆွေလာတာ အင်မတန်ကောင်းပါတယ်၊ ကျွန်ုပ်တို့ရဲ့ ဗြဟ္မာဘုံဘဝဟာ မြဲတယ်-အိုခြင်း နာခြင်း၊ သေခြင်းလဲ မရှိဘူး၊ အကောင်းဆုံးဘဲ"လို့ ဆီးပြောလိုက်တယ်။ ဒီတော့ မြတ်စွာဘုရားက "အချင်း ဗကဗြဟ္မာ သင်ဟာ အင်မတန် မိုက်မဲတာဘဲ။ မမြဲဘဲနဲ့လဲ မြဲတယ်လို့ ပြောနေတယ်။ ဒီဗြဟ္မာဘုံဘဝထက် ကောင်းတာတွေရှိရက်သားနဲ့ ဒီဘုံဘဝကို အကောင်းဆုံးလို့ ပြောနေပါကလား"လို့ မိန့်တော်မူတယ်။ ဒီတော့ မာရ်နတ်က ဗြဟ္မာတယောက်ကို ဝင်ပူးပြီးတော့ "အိုရဟန်း၊ဗြဟ္မာမင်းကြီးကို မကဲ့ရဲ့ မထိခိုက်ပါနဲ့၊ ကဲ့ရဲ့ထိခိုက်တဲ့သူဟာ နောင်ဘဝမှာ ယုတ်ညံ့တဲ့ဘုံဘဝကို ရောက်ရပါလိမ့်မယ်"လို့ ပြောတယ်။မြတ်စွာဘုရားက မာရ်နတ်ကို "ဟယ် မာရ်နတ်သင့်ကို ငါမသိဘူးလို့ မထင်ပါနဲ့၊ သင့်နယ်ပယ်က မလွတ်သေးတဲ့လူတွေကိုသာ သင်ပြောလို့ရမယ်။ငါဘုရားမှုကား သင့်နယ်ပယ်ကလွတ်ပြီးပြီ"လို့ ပြန်ပြောလိုက်တယ်။ ပြီးတော့ "ငါသည် ဒီဗြဟ္မာ့ကို လဲသိတယ်၊ သူ့ရဲ့တန်ခိုးသတ္တိကိုလဲသိတယ်၊ သူ့ထက်သာတဲ့ ဗြဟ္မာတွေကိုလဲ ငါသိမြင်တယ်၊ ဒါကြောင့် ငါကပိုမြတ်တယ်"လို့ ဆက်ပြီးမိန့်တော်မူလိုက်တော့ ဗကဗြဟ္မာကြီးက "အဆွေဂေါတမ ကျွန်ုပ်ရဲ့တန်ခိုးကို သိချင်လျှင် ကြည့်နေပါ၊ သင်မမြင်အောင် ကိုယ်ရောင်ဖျောက်လိုက်မယ်"လို့ ဆိုတယ်၊ မြတ်စွာဘုရားက "ကဲ ဖျောက်နိုင်လျှင် ဖျောက်ကြည့်စမ်း"လို့ ပြောတော့ "ကိုယ်ရောင်ဖျောက်လိုက်မယ် ဖျောက်လိုက်မယ်"ပြောနေပေမဲ့ ဖျောက်လို့မရဘူး-ဒီတော့ မြတ်စွာဘုရားက "ကဲ ဗကဗြဟ္မာကြီး ဒီမှာကြည့်၊ ငါဘုရား ကိုယ်ရောင်ဖျောက်လိုက်မယ်"လို့ ပြောပြီး ဖျောက်လိုက်တာ ပျောက်သွားရော။ ဗြဟ္မာကြီးတွေ မမြင်ကြရတော့ဘူး။ အဲဒီတော့မှ မြတ်စွာဘုရားက "ငါ့အသံကိုသာ ကြားစေ"လို့ အဓိဋ္ဌာန်ပြုပြီးတော့-

"ဘုံဘဝဆိုတာ ဘေးရန်ဘဲ၊ ဘယ်ဘဝမှ ငါမစွဲ" လို့ ဟောလိုက်တယ်။ အဲ့ဒီတော့မှ ဗြဟ္မာကြီးတွေက "တော်တော် တန်ခိုးကြီးတဲ့ ဂေါတမ မြတ်စွာဘုရားပါကလား"လို့ အံ့ဩပြီး ချီးမွမ်းကြသတဲ့။

☆ ☆ ☆

## ထပ်ဆင့်အောင်ခြင်းများ

### ဝေရဉ္ဇာအောင်မှု



ဝေရဉ္ဇာ ပုဏ္ဏားကြီးက မြတ်စွာဘုရားကို စောင်းမြောင်းဆဲဆိုပုံ။

တရားတော်ကိုနာရ၍ အကျွတ်တရားရသွားပုံ။

ဝေရဉ္ဇာဒေါ် ပြဟ္မဏာဘွဲ့၊ ဟန့်မရတဲ့ ပုဏ္ဏားအို။

ဘုရားရှင်ကိုအထင်သေးလို့၊ ရင်လေးဘွယ်ပဲသူဆဲဆို။

ဗုဒ္ဓချစ်ရှင် အသစ်ပြုပ်ဟောမှု၊ ပြစ်တင်ပြောသမျှကျေကွဲပြို။

ကြွက်ဥပမာ ဗိုးယှဉ်ဟောတော၊ ကြီးစဉ်သဘော ကြိုက်လို့ကို၊

ထိုဗြဟ္မဏ မာန်တွေကျ၊ ဦးချကာကြည်ညို။

အဲ....ဒါက ဘဂဝါမှူးရဲ့၊ ထူးတဲ့အောင်စဉ်ဆို။

## (၄၂) ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ရှုမှတ်ဘွယ်

တခါတုံးက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ ဝေရဥ္စာမြို့မှာ သီတင်းသုံးတော်မူပါတယ်။ အဲဒီအချိန်မှာ ပုဏ္ဏားကြီးတယောက်က မြတ်စွာဘုရားဆီကိုလာပြီးတော့ "အိုရဟန်းဂေါတမ သင်ဟာအသက်အရွယ်ကြီးမားတဲ့ ပုဏ္ဏားကြီးများကို ရှိမခိုးဘူး၊အရိုအသေမပြုဘူးလို့ ကျွန်ုပ်တို့ကြားဘူးတယ်။ ကျွန်ုပ်တို့ကြားဘူးတဲ့အတိုင်းဘဲ ယခု သင်ဟာ အသက်အရွယ်ကြီးမားတဲ့ ပုဏ္ဏားကြီးတွေကို ရှိမခိုး အရိုအသေမပြုတာတွေ့ရတယ်။ဒါဟာ သင့်ရဲ့ချို့ယွင်းချက်ပဲ"လို့ ပြောတယ်။မြတ်စွာဘုရားက "ပုဏ္ဏားကြီး၊ ငါ ဘုရားရှိခိုးရမဲ့ လူ၊နတ်၊ဗြဟ္မာ၊သတ္တဝါတယောက်မျှမရှိဘူး၊ငါဘုရားရဲ့ ရှိခိုးခံရတဲ့ ပုဂ္ဂိုလ်ဟာ ခေါင်းပြတ်ကျသွားမှာဘဲ"လို့ မိန့်တော်မူတယ်။ အဲဒီတော့ ပုဏ္ဏားကြီးက စိတ်ဆိုးပြီး "ရဟန်းဂေါတမဟာ အရသာမခံစားတတ်ဘူး"လို့ ပြောတယ်။သူပြောလိုတဲ့သဘောကတော့ "ရဟန်းဂေါတမဟာ လူချင်းပေါင်းသင်းဆက်ဆံမှုပြေပြစ်ရေးအရသာကို မခံစားတတ်ဘူး၊လူမှုရေးရာမတတ်ဘူး"လို့ ပြောတာပါဘဲ။ ဒါပေမဲ့ မြတ်ဘုရားက စကားကို အသစ်ပြင်ပြီးတော့ "ဟုတ်တယ် ငါအရသာမခံစားတတ်ဘူး။ ဘာဖြစ်လို့လဲဆိုလို့ရှိလျှင် ငါဘုရားဟာ ကာမဂုဏ်အာရုံအရသာတွေကို ခံစားတတ်တဲ့တဏှာ မရှိလို့ဘဲ"လို့ မိန့်တော်မူတယ်။အဲဒီလိုဘဲ ရှစ်ကြိမ်တိုင်တိုင် စွပ်စွဲဆဲရေးပေမဲ့ ဘုရားက အသစ် ပြင်ပြင်ဟောတော့ ပျက်ကုန်တာပေါ့။ နောက်တော့ မြတ်စွာဘုရားက ကြက်ဥ ဥပမာနဲ့ ဟောပြတယ်။ "ပုဏ္ဏားကြီး ကြက်မတကောင်ဟာ ကြက်ဥတွေ အများကြီးဥထားပေမဲ့ ဘယ်ဥကိုမျှ အကြီးအငယ်မသတ်မှတ်ကြဘူး။ ဥခွံထဲကခွဲပြီး အရင်ဆုံးထွက်တဲ့ကြက်ကိုသာ အကြီးဆုံးလို့ခေါ်ရသလိုဘဲ ငါဘုရားသာ အဝိဇ္ဇာဥခွံအတွင်းက အရင်ဆုံးခွဲထွက်ထာမို့ ငါသာလျှင် အကြီးဆုံးဖြစ်တယ်"လို့ ဟောလိုက်တော့ သိပ်သဘောကျသွားပြီး "ဟုတ်ပါတယ်၊ မှန်ပါတယ်။ မြတ်စွာဘုရားဟာ အကြီးဆုံးပါဘဲ၊ တပည့်တော်ကိုလဲ တပည့်တကာလို့မှတ်ပါ"လို့ လျှောက်ပြီး ပြန်သွားရော။

☆ ☆ ☆

# သုစိလောမ ခရလောမ အောင်ပွဲ



သုစိလောမခရလောမ ဘီလူးတို့
မြတ်စွာဘုရားအား ချောက်လှန့်ကြပုံ။

တရားနာရ၍ အကျွတ်တရား
ရသွားကြပုံ။

သုစိလောမာ ခရလောမ၊ ဒေါသကျူးတဲ့ဘီလူးနှစ်ကောင်။
ဗုဒ္ဓအရှင်မှာ ဝင်ကာပူးဘို့၊ ပြူးလို့ပြဲလို့ ချောက်တဲ့မောင်။
မကြောက်တဲ့ပြင် ရှင်ကာလမ်းတော့၊ ပညာစမ်းဘို့အမေးဆောင်။
ဗုဒ္ဓမြတ်စွာ လှစ်ကာရှင်းတော့၊သစ္စာလင်းပေါက် ရောက်တဲ့နောင်။
ဘီလူးနတ်မျိုး ပျော်ဝတ်ကျိုး၊ ရှိခိုးမာန်မထောင်။
အဲ....ဒါက ဘဂဝါမှူးရဲ့၊ ထူးတဲ့အောင်စဉ်အခေါင်။

ရှေး...တုံးက ဥက္ကဋ္ဌ မြို့မှာ ပေါက္ခရသာတိ ဆိုတဲ့ ပုဏ္ဏား ဆရာကြီး တယောက်ရှိတယ်။ အဲဒီပုဏ္ဏားကြီးဟာ မြတ်စွာဘုရားရဲ့ဂုဏ်တော် ကျေးဇူးတော်တွေကို ကြားရတော့၊ ဟုတ် မဟုတ် သိချင်တာနဲ့ သူ့တပည့် ပုဏ္ဏားကလေး အမ္ဗဋ္ဌ ကို မြတ်စွာဘုရားရဲ့လက္ခဏာတော်တွေကို အကြည့် ခိုင်းလိုက်တယ်။ သူဟာ အခြွေအရံနဲ့အတူသွားပြီးတော့ မြတ်စွာဘုရားနဲ့ စကားပြောတဲ့အခါ မတ်တတ်ကြီးပြောလိုပြော၊ လမ်းလျှောက်ရင်းပြောလိုပြောနဲ့ လုပ်နေတော့−

မြတ်စွာဘုရားက "အမ္ဗဋ္ဌ သင်ဟာ ပုဏ္ဏားကြီးတွေ၊ ဆရာသမားတွေနဲ့ စကားပြောတဲ့ အခါမှာ ဒီလိုဘဲ မတ်တတ်ချပ်ရင်း၊ လမ်းလျှောက်ရင်း စကားပြောသလား"လို့ မေးတော်မူတယ်။

"ဟာ−ဘယ်ဟုတ်မလဲ၊ သူတို့ကိုတော့ ထိုင်ပြီး ရိုရိုသေသေပြောတာပေါ့၊သင်တို့လို အောက် တန်းစားတွေ၊ ကဏ်ုံးဘွေ၊ ရဟန်းစုတ်တွေနဲ့ကျတော့ ဒီလိုဘဲ မတ်တတ်ကြီးပြောတာပေါ့" လို့ ရိုင်းရိုင်းစိုင်းစိုင်းပြန်ပြောတယ်။

မြတ်စွာဘုရားက "သင်ဟာ ဆရာကောင်း သမားကောင်းတွေဆီမှာ နည်းမှန် လမ်းမှန် သင် ကြားနေထိုင်ခြင်းမရှိဘဲ သင့်ကိုသင် နည်းမှန် လမ်းကျ သင်ပြီးပြီလို့ ထင်နေတာဘဲ၊ သင်လာတဲ့ လိုရင်းကိစ္စကိုသာ နှလုံးသွင်းပါ" လို့ ပြောလိုက်တော့−

စိတ်ဆိုးပြီး "အို−ရဟန်းဂေါတမ၊ သင်တို့ သာကီဝင်မျိုးတွေဟာ အင်မတန် ရုန့်ရင်း ကြမ်းတမ်းတယ်၊ အချိုးညံ့ ဖြစ်ရက်သားနဲ့ ပုဏ္ဏားတွေကို မပူဇော်ဘူး၊ အရိုအသေလဲ မပြုဘူး"လို့ အမျိုးပါခိုက်ပြီး ပြောလိုက်တယ်။

ဒီတော့ မြတ်စွာဘုရားက မေးတော်မူတယ်။ "သာကီဝင်တွေက သင့်ကို ဘယ်လိုလုပ်လို့ ရုန့်ရင်းတယ်လို့ ပြောရသတုံး"။

"တခါတုံးက ကျွန်ုပ်ဟာ ကိစ္စရှိလို့ ကပိလဝတ် ပြည်ကိုသွားတယ်။ အဲဒီတုံးက သာကီဝင် တွေဟာ ကျွန်ုပ်ကို စောင်းမြောင်းပြီး လှောင်ပြောင်နေကြတယ်။ ဘယ်သူမှ ကျွန်ုပ်ကို နေရာမပေး ဘူး။အချိုးညံ့တွေဖြစ်ရက်သားနဲ့ ပုဏ္ဏားကိုဒီလိုလုပ်တာမသင့်တော်ဘူး"လို့အမ္ဗဋ္ဌက ပြန်ပြောတယ်။

မြတ်စွာဘုရားက "အမ္ဗဋ္ဌရယ် ငှက်ကလေးတွေတောင်မှ ကိုယ့်နေရာမှာကိုယ် ကြိုက်သလို အော်နိုင်သေးတာဘဲ၊ သူတို့လဲ သူတို့မြို့၊ သူတို့ပြည်မှာ ကြိုက်သလိုနေကြမှာပေါ့၊ ဒီလိုအသေးအဖွဲ ကလေးတွေနဲ့ စိတ်မဆိုးသင့်ပါဘူး"လို့ မိန့်တော်မူတယ်။

ဒါပေမဲ့ သူကမကျေနပ်ဘူး၊ "အို−ရဟန်းဂေါတမ အမျိုးလေးပါးထဲမှာ ပုဏ္ဏားဟာ အမြတ်ဆုံးဘဲတဲ့၊ ကျန်တဲ့အမျိုးတွေဟာ ပုဏ္ဏားရဲ့အစေခံ. အလုပ်အကြွေးတွေသာ ဖြစ်တယ်။ ဒီလို သာကီဝင်အမျိုးတွေဟာ အမျိုးညံ့ဖြစ်ပါလျက်နဲ့ ကျွန်ုပ်တို့ပုဏ္ဏားတွေကို အရိုအသေမပြုတာဟာ မကောင်းဘူး"လို့ သူက ထပ်ပြောပြန်တယ်။

အဲဒီလို ၃-ကြိမ် ၃-ခါတိုင် သာကီဝင်တွေကို မှိုချိုး မျှစ်ချိုး ပြောနေတော့ မြတ်စွာဘုရားက မေးတော်မူတယ်။

"အမ္ဗဋ္ဌ သင်ဟာ ဘယ်အဆက်အနွယ်လဲ"

"ကျွန်ုပ်ဟာ ကဏှာယန အဆက်အနွယ်ဖြစ်ပါတယ်" လို့ သူက ပြန်ဖြေတယ်။

"ဟာ ဒီလိုဆို သင်ဟာ သာကီဝင်တွေရဲ့ကျွန်၊ သာကီဝင်တွေဟာ သင့်ရဲ့ သခင်ဖြစ်နေတာပေါ့။ သာကီဝင်တွေဟာ ဩက္ကာကမင်းကြီးရဲ့ သားသမီးတွေဘဲ။ အဲဒီ ဩက္ကာကမင်းကြီးရဲ့ ကျွန်မတယောက်ဟာ မည်းနက်နေတဲ့ ခလေးတယောက်မွေးတယ်—ဒါကြောင့်သူ့ကို ကဏှ လို့ခေါ်တယ်။ အဲဒီကဏှဟာ သင်တို့ရဲ့အဆက်အနွယ်မှာ အစဖြစ်လို့ သင့်အနွယ်ကို ကဏှာယနလို့ ခေါ်တယ်။ ဒါကြောင့် သင်ဟာ ကျွန်မသားဘဲ"လို့ ဘုရားကမိန့်တော်မူလိုက်တော့—

သူ့နောက်က ပရိသတ်တွေက "အမ္ဗဋ္ဌကို ဒီလို ချိုးချိုး ဖဲ့ဖဲ့ မပြောပါနဲ့၊ အမ္ဗဋ္ဌဟာ အမျိုးကောင်းသား ပညာတတ်ဖြစ်ပါတယ်"လို့ ဝိုင်းပြောကြတယ်။

ဒီတော့ မြတ်စွာဘုရားက "သင်တို့ တိတ်တိတ်နေကြ ၊ ငါ အမ္ဗဋ္ဌကိုမေးမယ်။ ကဲ—အမောင်အမ္ဗဋ္ဌ ငါပြောတာ ဟုတ်သလား မဟုတ်ဘူးလား မှန်မှန်ဖြေစမ်း"လို့ မေးတော့ ဘာမှမဖြေနိုင်ဘဲ ခေါင်းငုံ့နေတယ်။

နောက်တော့ ဘီလူးကြီးပေါ်လာပြီးတော့ "မြတ်စွာဘုရားမေးတာ မှန်မှန်ပြော၊ မပြောလျှင်ခေါင်းရိုက်ခွဲလိုက်မယ်" ဆိုတော့မှ "မြတ်စွာဘုရား မိန့်တော်မူတဲ့အတိုင်း ဟုတ်ပါတယ်လို့" အမ္ဗဋ္ဌက ဝန်ခံတယ်။

ဒီတော့မှ မြတ်စွာဘုရားက ပုဏ္ဏားတွေဟာ မင်းမျိုးလောက် အဆင့် အတန်း မရှိတာကို ဟောပြီးတော့"အမ္ဗဋ္ဌ သင်ရော သင့်ဆရာရော ရသေ့ရဟန်းလဲမဟုတ်၊ ရသေ့ရဟန်းဖြစ်ဘို့ ကျင့်တဲ့လူတောင် မဟုတ်သေးဘူး။ သင်ဟာ ငါဘုရားအပေါ်မှာ မယုံသင်္ကာရှိလျှင်စစ်ဆေးမေးမြန်းကြည့်၊ငါဘုရား အကုန်ဖြေရှင်းပြမယ်"လို့ မိန့်တော်မူတော့မှ သူ့ဆရာမှာတဲ့အတိုင်း လက္ခဏာတွေ စစ်ကြည့်တော့ အကုန်လုံး မှန်နေတာ တွေ့ရတယ်။

ဒါနဲ့ သူ့နေရပ်ကို ပြန်ပြီး ဆရာဖြစ်တဲ့ ပေါက္ခရသာတိ ပုဏ္ဏားကြီးကို အကုန်ပြန်ပြောတော့ ဆရာကြီးက "မင်းဟာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရိုင်းရိုင်း စိုင်းစိုင်း ချိုးချိုး ဖဲ့ဖဲ့ ပြောတဲ့ကောင် တော်တော်မိုက်တဲ့အကောင်"လို့ ဆိုပြီး ထ ကန်လိုက်တာ တလိမ့်ခေါက်ခွေးကျ တာဘဲတဲ့။

☆ ☆ ☆

# ပါထိကပုတ္တ အောင်ပွဲ



ပါထိကပုတ္တ တိတ္ထိ
လူအများရှေ့၌ ဝါကြွားနေပုံ။

မြတ်စွာဘုရား ကြွတော်မူလာသောအခါ
ထွက်ပြေး၍ ပျဉ်ပြားနှင့် တင်ပါးကပ်နေပုံ။

ဝမရှိပါ ဝိ လာလုပ်တဲ့၊ ပါထိကပုတ် တိတ္ထိဟာ။
ဘုရားကို စိန်ခေါ် ပြိုင်ဖော်ညှိလို့၊ လူသိနတ်ကြား သူကြွားဝါ။
ဗုဒ္ဓထွက်လာ စကြာဖြန့်တော့၊ ရှက်ကွာလန့်လို့ ထွက်ပြေးရာ။
လူတွေလိုက်ကာ လာဘို့ပြော၊ "လာသော်ကော" လို့ အော်ရင်းသာ။
ပျဉ်နဲ့တင်ဟာ ကပ်ခိုင်မြဲလို့၊ ရပ်နိုင်ဘဲမို့ ရုံးရရှာ။
ဇိနဘုရား အသံကြား၊ နားက ကြောက်သွေးဖြာ။
အဲ....ဒါက ဘဂဝါမှူးရဲ့ ထူးတဲ့အောင်စဉ်ပါ။

ရှေး....တုံးက ဝေသာလီပြည်မှာ ပါထိကပုတ္တ လို့ခေါ်တဲ့ အဝတ်မဝတ်တဲ့ တိတ္ထိကြီး တယောက်ရှိတယ်။ သူဟာနံမည်ကြီးအောင် ဟန်ကြီးပန်ကြီးလုပ်ပြီးတော့ ပရိသတ်ထဲမှာ ပြောလေ့ရှိတယ်-ဘယ်လိုပြောသလဲဆိုတော့ "ကျုပ်က ရဟန်းဂေါတမနဲ့ တန်ခိုးပြိုင်ချင်တယ်။ သူကလမ်းတဝက်လာ ကျုပ်ကလမ်းတဝက်သွားမယ်-ပြိုင်တဲ့အခါမှာလဲ သူက တခုပြလျှင် ကျုပ်ကနှစ်ခု သူနှစ်ခုပြလျှင်ကျုပ်က လေးခုပြမယ်၊ သူဘယ်လောက်ပြပြ ကျုပ်က နှစ်ဆတိုးတိုးပြီးပြလိုက်မယ်"တဲ့။ ဒီအကြောင်းကို ရဟန်းတပါးက ဘုရားရှင်ကို လာလျှောက်ထားတယ်၊ မြတ်စွာဘုရားက "ပါထိကပုတ္တဟာ ဒီလိုအပြောမျိုး အထင်မျိုးရှိနေလျှင် ငါဘုရားရှေတော်ကိုမလာနိုင်ဘူး-လာလျှင်လဲ ဦးခေါင်းပြတ်ကျသွားမှာဘဲ"လို့ မိန့်တော်မူပြီးတော့ "ဒီနေ့ ဆွမ်းစားပြီးလျှင် ငါဘုရား ပါထိကပုတ္တနေတဲ့ ကျောင်းကိုသွားမယ်၊ သင်သွားပြီးပြောထားနှင့်"လို့ ထပ်ပြီး မိန့်တော်မူလိုက်တယ်။ ဒီတော့ အဲဒီရဟန်းက မြို့ထဲသွားပြီး လိစ္ဆဝီမင်းတော့ကိုလဲပြော။ မြို့ထဲကလူတွေလဲပြောတော့ မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်ကော အများကြီးဟာ တန်ခိုးပြိုင်တာကြည့်ဘို့ ပါထိကပုတ္တရဲ့ ကျောင်းကိုသွားကြတယ်။ အဲဒီတော့မှ ပါထိကပုတ္တ တိတ္ထိကြီးဟာ မြတ်စွာဘုရား တကယ် ကြွလာတော့မယ်ဆိုတာ သိတော့ ကြက်သီးတွေ ထ ကြောက်လန့်ပြီး တခြား ကျောင်းတကျောင်းကို ထွက်ပြေး ပါလေရော။ မြတ်စွာဘုရားလဲကြွပြီး ထိုင်တော်မူနေတယ်။ ဒီတော့ လူတွေက ပါထိကပုတ္တ ထွက်ပြေးမှန်းသိတော့ လူတယောက်ကိုလွှတ်ပြီး "သင်က တန်ခိုးပြိုင်မယ်လို့ ကြော်ငြာထားတဲ့ ရဟန်းဂေါတမ ရောက်နေပြီ မြန်မြန်လာပါ" လို့ ပြောခိုင်းကြတယ်။ သွားခေါ်တဲ့အခါကျတော့ "လာမယ်လာမယ်"လို့ သာ အော်နေပြီး ထလို့မရတော့ဘူး။ ဒါနဲ့ အဲဒီလူက "နေပါအုံး သင်နေရာက ထလို့မရအောင် သင်ရဲ့ တင်ပါးနဲ့ပျဉ်နဲ့ကပ်နေပြီထင်တယ်"လို့ ဆိုပြီး ပြန်သွားပြီးတော့ ပရိသတ်တွေကို ဒီအကြောင်းပြောပြတယ်။ ဒီတော့မြတ်စွာဘုရားက "ပါထိကပုတ္တဟာ ဒီအပြောမျိုး ဒီအထင်မျိုးရှိနေလျှင် ငါဘုရားရှေတော်ကိုမလာနိုင်ပါဘူး၊ လာလျှင်လဲ ဦးခေါင်းပြတ်ကျသွားမှာဘဲ"လို့ မိန့်တော်မူလိုက်တယ်။ ဒီတော့ လိစ္ဆဝီအမတ်ကြီးတယောက်ကထပြီး "နေကြပါအုံး ပါထိကပုတ္တကို ကျုပ်သွားပြီး ခေါ်ပါမယ်"ဆိုပြီးသွားခေါ်ပြန်ရော။ "ကဲပါထိကပုတ္တ သင်ကြုံးဝါးထားတဲ့အတိုင်း တန်ခိုးပြိုင်ဘို့ ဂေါတမဘုရားရောက်နေပြီ။ ရောက်ရုံတောင်မကဘူး- သင်ဟာ သူ့ရှေ့ကို မလာနိုင်ဘူးလို့တောင်ပြောနေတယ်။ ဒီတော့ သင် လာခဲ့ကလေးလာပါ။ တန်ခိုးတောင်ပြိုင်ဘို့မလိုဘူး၊ သင်လာတာနဲ့ တပြိုင်နက် သင့်ကိုအနိုင် ဂေါတမကိုအရှုံးကြေငြာလိုက်မယ်"လို့ ပြောတော့ "လာမယ်လာမယ်"လို့ သာ အော်နေပြီး ထလို့မရပြန်ဘူး။ ဒါနဲ့ အမတ်ကြီးလဲ လက်လျှော့ပြီးပြန်လာတယ်။ ဒီတော့ မြတ်စွာဘုရားက "ပါထိကပုတ္တဟာ ငါ့ဆီကိုမလာနိုင်ပါဘူး၊ သင်တို့ လိစ္ဆဝီတွေဟာ တန်နိုင်လို့ ကြိုးနှင့်ချည်ပြီးနွားတွေနဲ့ ဆွဲလျှင်တောင်ကြိုးသာပြတ်မယ်၊ ပါထိကပုတ္တတော့ လာနိုင်မှာမဟုတ်ဘူး"လို့ ထပ်ပြီးမိန့်တော်မူလိုက်တယ်။ နောက် တိတ္ထိတယောက် လိုက်ခေါ်လဲမရဘူး။ ဒီတော့မှ မြတ်စွာဘုရားကပရိသတ်တွေကို တရားဟောပြီးတော့ ထန်းပင် ၇ - ပြန်လောက်မြင့်အောင် ကောင်းကင်ကိုပျံတက် တန်ခိုးပြပြီးမှ ကျောင်းကို ပြန်ကြွတော်မူသွားတယ်တဲ့။

# ဥပါလိ အောင်ပွဲ



နိဂဏ္ဌ နာဋပုတ္တက ဥပါလိသူဌေးကြီးကို ဘုရားနှင့်သွား၍ ဝါဒပြိုင်ခိုင်းပုံ၊

မြတ်စွာဘုရားနှင့် ဝါဒပြိုင်ပုံနှင့် အကျွတ်တရားရပုံ။

အဝတ်မလာရှိန်းစွာ ဂိုဏ်းဆရာလုပ်တဲ့၊ နာဋပုတ္တနိဂဏ္ဌာ။
သူ့ရဲ့တကာ ဥပါလိကို၊ "တုပါပိ"လို့မြှောက်ပေးတာ။
ဝါဒရေးမှာ ရွေးကာတိုက်ဘို့၊ မေးလိုက်စမ်းလိုက် ကံပုဆွာ။
ဘုရားက ပြုံးတုံ့ ထုံးပုံသွင်းလို့၊ လုံးစုံခပင်း ရှင်းတဲ့ခါ။
သဘောကျ၊ ကြည်ညို၊ ဆီထိုဂွမ်းသို့၊ ပီတိလွှမ်းလို့ တရားနာ။
သူ့ရဲ့ရင်တွင်း အမြင်ရှင်း၊ အလင်းပေါက် သစ္စာ။
ဒါ...ဒါက ဘဂဝါမှူးရဲ့ထူးတဲ့အောင်စဉ်ပါ။

ရှေး....တုံးက နိဂဏ္ဌနာဋပုတ္တ ဆိုတဲ့ တိတ္ထိ ဆရာကြီး တယောက်ရှိတယ်။ သူရော သူ့တပည့်တွေရော ဘယ်သူမှ အဝတ် မဝတ်ကြဘူး၊ ကိုယ်တုံးလုံးနေကြတယ်။ တနေ့တော့ သူ့လက်ထောက်တပည့်ကြီးဟာ မြတ်စွာဘုရားဆီသွားပြီး စကားပြောသတဲ့၊ အဲဒီလိုပြောကြတဲ့ အခါမှာ မြတ်စွာဘုရားက "စိတ်နဲ့လုပ်တဲ့ပြစ်မှုက နှုတ်နဲ့လုပ်တဲ့အ၊ ကိုယ်နဲ့လုပ်တဲ့ပြစ်မှုထက် ပိုပြီး အရေးကြီးတယ်၊ အပြစ်ကြီးတယ်"ဆိုတော့ သူက "ကိုယ်နဲ့လုပ်တဲ့ပြစ်မှုက စိတ်နဲ့လုပ်တဲ့ပြစ်မှုထက် ပိုပြီးအရေးကြီးတယ်၊ အပြစ်ကြီးဘယ်" လို့ ဆိုတယ်။အဲဒါနဲ့ သူပြန်သွားပြီး သူ့ဆရာ နိဂဏ္ဌနာဋပုတ္တကို ပြောတော့ "ဒီလိုဆိုလျှင် ဂေါတမဘုရား မှားတာပေါ့၊ ကိုယ်နဲ့လုပ်တဲ့ ကာယကံနဲ့စာလျှင် စိတ်နဲ့လုပ်တဲ့ မနောကံဟာ အသေးအဖွဲ့ကလေးပါ" လို့ သူ့ဆရာကပြောတယ်။ အဲဒီအချိန်မှာ ဥပါလိ ခေါ်တဲ့ သူဌေး တကာ တယောက်ကလဲရှိနေတော့ သူက ဝင်ပြောတယ်။ "ဒီလိုသာ ရဟန်းဂေါတမ ယူလို့ တပည့်တော်နဲ့ ပြိုင်ပြောရလျှင် ဂေါတမဘုရား ချာချာလည်သွားမှာဘဲ"တဲ့။ အဲဒါနဲ့ နိဂဏ္ဌနာဋပုတ္တက "ဟုတ်တယ် တကာကြီးပြောတာမှန်တယ်။တကာကြီးလဲ ပညာရှိတာဘဲ၊ တကာကြီးသွားပြီး ရဟန်းဂေါတမကို ဝါဒတင်ပြီး ပြိုင်လျှင် တကာကြီးဘဲ နိုင်မှာဘဲ နိုင်လျှင် တကာကြီး နံမည်သိပ်ကြီးသွားမှာပေါ့" လို့ မြှောက်ပေးတယ်။ သူ့ရဲ့ လက်ထောက်တပည့်ကြီးက ဝင်တားတယ်။ "တကာကြီး ဥပါလိကို မလွှတ်ပါနဲ့၊ ဂေါတမဘုရားဟာ အင်မတန် အလှည့်အပတ်ကောင်းတယ်။ တကာကြီး သူ့နောက်ပါသွားအုံးမယ်" လို့ပြောတော့ နိဂဏ္ဌကြီးက "ဒါ မဖြစ်နိုင်ပါဘူး။ ဖြစ်ခြင်းဖြစ်လျှင် ရဟန်းဂေါတမကသာ တကာကြီး ဥပါလိ နောက်လိုက်ဖြစ်လာမှာပါ" လို့ ပြောတယ်။ ဒါနဲ့ ဥပါလိ သူဌေးကြီးဟာ မြတ်စွာဘုရားဆီသွားပြီးတော့ "အရှင်ဘုရား၊ ဒီကို နာဋပုတ္တရဲ့ တပည့်ကြီး လာပါသလား"လို့ မေးတယ်? "လာတယ်" လို့ မြတ်စွာဘုရားကပြောတော့ "လာလျှင် ဘယ်လိုစကားများ ပြောကြပါသလဲ"လို့ ထပ်မေးတယ်။ မြတ်စွာဘုရားက စကားပြောပုံကို အကုန်ပြန်ပြောလိုက်တော့- ဥပါလိက ထပြီး နာဋပုတ္တရဲ့ တပည့်ကြီးကို ချီးမွမ်းလိုက်တယ်။ "အော် သင်ပြောတာ ဟုတ်ပါပေတယ်၊ မှန်ပါပေတယ်၊ ဆရာကောင်းတပည့် ပြီပါပေတယ်။ ကိုယ်နဲ့လုပ်တဲ့မကောင်းမှု ရုန့်ရင်းတဲ့ ကာယကံက သာပြီး အပြစ်ကြီးတာပေါ့။ ဒါနဲ့စာလျှင် စိတ်နဲ့လုပ်တဲ့ မကောင်းမှု မနောကံဟာ အသေးအဖွဲ့ကလေးပါ" တဲ့။ ဒီတော့ မြတ်စွာဘုရားက "တကာကြီး သင်ဟာ အမှန်တရားပေါ်မှာတည်ပြီးတော့ ဆွေးနွေးမယ်ဆိုလျှင် ဒီကိစ္စကို ပြောကြဲရအောင်" လို့ မိန့်တော်မူလိုက်တယ်။ ဥပါလိက "ပြောပါ ပြောပါ၊ တပည့်တော်ဟာ အမှန်တရားပေါ်မှာတည်ပြီး ဆွေးနွေးပါမယ်" လို့ ပြောတယ်။ မြတ်စွာဘုရားက "တကာကြီး နိဂဏ္ဌတယောက်ဟာ ရေအေးကို မသုံးရဘူး။ သူဟာ မမာမကျန်းဖြစ်တဲ့အခါမှာ ရေအေးကို သုံးရလျှင် ပျောက်မှာဘဲ၊ ဒါပေမဲ့ ငါ အသေခံမယ် ရေအေးကိုတော့မသုံးဘူး ဆိုပြီး အသေခံလျှင် ဘယ်ဘဝမှာဖြစ်တယ်လို့ သင်တို့ဆရာ နာဋပုတ္တက ပြောသလဲ"လို့ မေးတော်မူတော့ "သူဟာ ကောင်းတဲ့စိတ်နဲ့ အသေခံလို့ မနောသတ္တနတ်မျိုးမှာ သွားဖြစ်တယ်လို့ ဆိုပါတယ်"လို့ဖြေတယ်။ မြတ်စွာဘုရားက "တကာကြီး သတိထားပြောပါ၊ တကာကြီးဟာ ရှေ့စကားနဲ့ နောက်စကား မညီဘူး" လို့ မိန့်တော်မူတော့ "အရှင်ဘုရား၊ ဒီလိုဆိုပေမယ့် ကာယကံကသာ သာပြီးအရေးကြီးတယ်လို့ထင်ပါတယ်" လို့ ပြန်ပြောတယ်။ မြတ်စွာဘုရားက-

"တကာကြီး-နိဂဏ္ဌနာဋပုတ္တဟာ လမ်းလျှောက်ရင်း ပိုးမွှားကလေးတွေနင်းမိလို့ သေကုန်လျှင် ဘယ်လိုအကျိုးခံစားရတယ်လို့ ပြောပါသလဲ"

"ဒါကတော့ သေစေလိုတဲ့ စိတ်မရှိလို့ သိပ်အပြစ်မကြီးဘူးလို့ ဆိုပါတယ်"

"သေစေလိုတဲ့ စိတ်စေတနာရှိလျှင်ကော ဘယ်လိုဖြစ်မလဲ"

"သေစေလိုတဲ့ စိတ်စေတနာရှိလျှင်တော့ သိပ်အပြစ်ကြီးတယ်လို့ ဆိုပါတယ်"

"စိတ်စေတနာကိုတော့ ဘယ်ကံထဲမှာ ထည့်ပါသလဲ"

"မနောကံထဲမှာ ထည့်ပါတယ်"

"တကာကြီး သတိထားပြီးပြောပါ။ တကာကြီးဟာ ရှေ့စကားနဲ့ နောက်စကားမညီဘူး"

"အရှင်ဘုရား ဒီလိုပြောစေမယ်လို့ ကာယကံကသာ သာပြီး အပြစ်ကြီးတယ်လို့ ထင်ပါတယ်"

"တကာကြီး-အကယ်၍ လတဒယာက်ဟာ ဓါးကိုင်ပြီးတော့ 'ငါ ဒီမြို့ထဲမှာ ရှိသမျှလူတွေကို တခါထဲ အကုန်သတ်မယ်' ဆိုလျှင် ဖြစ်နိုင်ပါ့မလား"

"မဖြစ်နိုင်ပါဘူး၊ တယောက်ထဲမပြောပါနဲ့၊ ငါးဆယ် တရာတောင်မဖြစ်နိုင်ပါဘူး"

"ဒါဖြင့် သိပ်တန်ခိုးကြီးတဲ့ ရသေ့ကြီးတယောက်လာပြီး 'ဒီမြို့တမြို့လုံး ပြာဖြစ်စေ' လို့ စိတ်နဲ့ ပြုစားလိုက်လျှင် ပြာဖြစ်နိုင်ပါ့မလား"

"ဒီလိုဆိုလျှင်တော့ ဒီတမြို့တောင်မကဘူး၊ မြို့အများကြီး ပြာဖြစ်နိုင်ပါတယ်"

"တကာကြီး သတိထားပြီးပြောပါ၊တကာကြီးဟာ ရှေ့စကားနဲ့ နောက်စကား မညီတော့ဘူး" လို့ မိန့်တော်မူလိုက်တော့ ဥပါလိ သူဌေးကြီးက "မြတ်စွာဘုရား တပည့်တော်မှားပါပြီ၊ ဒီနေ့ကစပြီး အသက်ထက်ဆုံး ရတနာသုံးပါးကိုသာ ဆည်းကပ်ကိုးကွယ်ပါတော့မယ်"လို့ လျှောက်ထားသတဲ့။

# စန္ဒာဘ အောင်ပွဲ



ဇန္ဒာဘ ပုဏ္ဏားငယ် မြို့တိုင်းဝသ် လျှောက်၍ အပူဇော်ခံပုံ။

မြတ်စွာဘုရားရှေ့တော်၌ ချက်မှအရောင်ကွဲယ်ပျောက်ပုံ။

ရာဇဂြိုဟ်မှာ စန္ဒာဘတဲ့၊ ဟန်ပါလှတဲ့ ပုဏ္ဏားငယ်။

ချက်မှာ ပြောင်ပြောင် လရောင်ဝန်းလို့၊ ပဒအာင်ရွှန်းလို့ လွန်တင့်တယ်။

ပုဏ္ဏားလူမိုက် သူ့ကိုစိုင်းလို့၊ မြို့တိုင်းကိုတဲ့ လျှောက်လို့လယ်။

ဘုရားနှင့်ဆိုင် အက်မြိုင်လိုက်တော့၊ ချက်တိုင်တစိုက်က ရောင်ပျောက်ကွယ်။

ရောင်ခြည်တော်ခြောက် ထိန်ထိန်တောက်၊ တုပျောက်ပြိုင်မဆွဲယ်။

အဲ....ဒါက ဘဂဝါမူးရဲ့၊ ထူးတဲ့အောင်စဉ်ရယ်။

## (၈၄) ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ရှုမှတ်ဘွယ်

ရှေး...တုံးက ရာဇဂြိုဟ်မြို့မှာ ပစ္စည်းဥစ္စာကြွယ်ဝတဲ့ ပုဏ္ဏားအိမ်မှာ သားကလေးတယောက် မွေးလာတယ်။ သူ့ရဲ့ချက် ပတ်ပတ်လည်မှာ လပြည့်ဝန်းကြီးလို အရောင်တလက်လက်တောက်ပနေလို့ **စန္ဒာဘ** လို့ နံမည်မှည့်ထားတယ်။ သူကြီးလာတဲ့အခါကျတော့ ပုဏ္ဏားတွေက သူ့ကို လှည်းယာဉ်ကလေးနဲ့တင်ပြီး မြို့ခတွ ရွာဘွေမှာ လျှောက်လှည့်ပြီး "ဗြဟ္မာမင်းကြီးရဲ့သားတော်" လို့ ပြောပြတယ်။ သူ့ကိုကြည့်ချင်လျှင် သူ့အသားကိုထိချင်လျှင် ငွေအများကြီးပေးရတယ်။ အဲဒီလို လှည့်ရင်းနဲ့ သာဝတ္ထိပြည်ကို ရောက်လာကြတယ်။ အဲဒီမှာ လူတွေဟာ ပန်းနံ့သာတွေကိုင်ပြီးတော့ မြတ်စွာဘုရားကျောင်းတော်ကို သွားတာမြင်ကြတော့ သူတို့က "ဘယ်ကိုသွားကြတာလဲ" လို့ မေးတယ်။ "ဘုရားကျောင်းတော်ကိုသွားကြတာပါ" လို့ ဆိုတော့ "ဘာလုပ်ဖို့ ဂေါတမဘုရားဆီ သွားကြမလဲ၊ ဒီမှာ ဗြဟ္မာမင်းရဲ့သားတော်ရှိတယ်။ ချက်မှာ အရောင်တလက်လက် တောက်နေတယ်" လို့ သူတို့က ပြောကြတယ်။ မြတ်စွာဘုရားရဲ့ တပည့် တကာတွေက "ဒို့မြတ်စွာဘုရားမှာ ရောင်ခြည်တော်ခြောက်ပါးဟာ တပြောင်ပြောင်တဝင်းဝင်းနဲ့ လင်းထိန်နေတာဘဲ။ ဘယ်သူမှ တုလို့မရပါဘူး" လို့ ပြန်ပြောတော့ စန္ဒာဘတို့က မခံချင်တာနဲ့ မြတ်စွာဘုရားဆီကို ပြိုင်ဘို့သွားကြတယ်။ ဘုရားရှေ့တော်လဲရောက်ရော သူ့အရောင်ကလေးလဲ ပျောက်သွားတာဘဲ။ တခြားနေရာ သွားလျှင် အရောင်ပေါ်လာပြီး ဘုရားရှေ့တော်ရောက်လျှင် အရောင် ပျောက်ပျောက်သွားတာနဲ့ လျှောက်တယ်—

"အရှင်ဘုရားမှာ အရောင်ပျောက်စေတတ်တဲ့ မန္တန်ရှိပါသလား"

"ရှိတယ်"

"ရှိလျှင် တပည့်တော်ကိုပေးပါ"

"ရဟန်းမပြုလျှင် ဘယ်သူ့ကိုမှ မပေးဘူး"

ဒါနဲ့ စန္ဒာဘက သူ့ပုဏ္ဏားတွေကို ပြောတယ် "ဂေါတမဘုရားဆီမှာ အရောင်ပျောက် မန္တာန်ရှိတယ်၊ အဲဒါကို ငါရဟန်းလုပ်ပြီး သင်ယူမယ်၊ အဲဒါတတ်လျှင် ဒို့ဟာ ကမ္ဘာမှာ ထိပ်သီး ဖြစ်မှာဘဲ၊ မင်းတို့ ခဏစောင့်နေကြပါ" လို့ ဆိုပြီး ရဟန်းပြုလိုက်တယ်။ မြတ်စွာဘုရားက တရားကျင့်ခိုင်းတာနဲ့ တရားကျင့်လိုက်တာ ရဟန္တာဖြစ်သွားရော။

☆ ☆ ☆

# ဝင်္ဂီသ အောင်ပွဲ



ဝင်္ဂီသ ပုဏ္ဏား ခေါင်းခွံကို ခေါက်၍
ရောက်ရာအရပ်ကို ဟောနေပုံ။

ရဟန္တာပုဂ္ဂိုလ်၏ ခေါင်းခွံတော်ကို
ခေါက်ကြည့်၍ ရောက်ရာမသိ ဖြစ်နေပုံ။

သုံးပုံဗေဒင် နှုတ်တွင်ရ၊ ဝင်္ဂီသတဲ့ လူထူးဟာ။

ခေါင်းခွံခေါက်ကာ ရောက်ရာသိသမို့၊ လျှောက်ကာလှည့်လို့ ကျော်စောတာ။

ဘုရားရှေ့မှောက်မှာ ခေါက်ကာကြည့်တော့၊ ရောက်ရာမသိ မှိုင်ငေးရှာ။

ပညာရရန် ကျင့်ကြံကြည့်ဘို့၊ နည်းခံတပည့် ဖြစ်ခဲ့ပါ။

ဘုရားဂုဏ်ဘုန်း အကုန်လုံး၊ စီးကုံးသူဖြစ်လှာ။

အဲ....ဒါက ဘဂဝါမျိုးရဲ့၊ ထူးတဲ့ကောင်စဉ်ပါ။

ရှေး....တုံးက သာဝတ္ထိပြည်မှာ ဝင်္ဂီသ လို့ ခေါ်တဲ့ ပုဏ္ဏားငယ်တယောက်ရှိတယ်။ သူဟာ ဗေဒင်သုံးပုံလဲ ကောင်းကောင်းတတ်တယ်။ ခေါင်းခွံခေါက်မန္တန်ကိုလဲ တတ်တယ်။ အဲဒီမန္တန်ကို ရွတ်ပြီးတော့ခေါင်းခွံကိုခေါက်ကြည့်လိုက်လျှင် သုံးနှစ်လောက်ကသေတဲ့လူဖြစ်ပါစေ၊အဲဒီလူ ဘယ်ဘုံ ဘယ်ဘဝ ရောက်နေတယ်ဆိုတာကိုသိတယ်။ ကိုယ်ရောက်တဲ့ဘဝကိုလဲ ပူးပြီးပြောခိုင်းနိုင်တယ်။ ဒါနဲ့ ပုဏ္ဏားတွေက သူ့ကိုခေါ်ပြီး မြို့တွေရွာတွေလျှောက်လည်ပြီး ထူးမြတ်တဲ့တန်ခိုးရှင်ကြီးလို့ ပြောကြတယ်။ သူ့ကိုတွေ့ချင်လျှင် ဗေဒင်မေးချင်လျှင် ပိုက်ဆံတွေအများကြီးပေးရတယ်။ သူတို့ဟာ ငွေတွေအများကြီးရတော့ သာဝတ္ထိမြို့ကိုပြန်လာကြတယ်။ ပြန်လာကြလို့ ဇေတဝန်ကျောင်းတော် နားရောက်တော့ ဝင်္ဂီသက "ဂေါတမဘုရားဟာ သိပ်ပညာရှိတယ်လို့ ပြောကြတယ်၊ ပညာရှိတွေနဲ့လဲ တွေ့မှကောင်းမှာဘဲ၊ ဒီပုဏ္ဏားတွေပြောတိုင်း လျှောက်လုပ်နေရတာမကောင်းသေးပါဘူး"လို့ စဉ်းစားပြီး "ကျုပ်တော့ ဂေါတမမြတ်စွာဘုရား သွားဖူးအုံးမယ်" လို့ ပြောလိုက်တယ်။ ပုဏ္ဏားတွေက "မသွားပါနဲ့-ဂေါတမဘုရားဟာ သိပ်ပြီး လှည့်အပတ်ကောင်းတယ်" လို့ တားပေမယ့် မရဘူး၊ သွားတာဘဲ။ ဘုရားဆီရောက်တဲ့အခါကျတော့ မြတ်စွာဘုရားက "ဝင်္ဂီသ ဘာပညာများ တတ်သလဲ" လို့ မေးတော့ ဝင်္ဂီသက "တပည့်တော် ဗေဒင်သုံးပုံလဲတတ်တယ်၊ ခေါင်းခွံခေါက်ပြီး ကြည့်လျှင် သေတဲ့လူရဲ့ ရောက်ရာဘဝကိုလဲ သိပါတယ်"လို့ လျှောက်တယ်။ အဲဒီတော့ မြတ်စွာဘုရားက သေပြီးလူဖြစ်နေတဲ့သူ၊ နတ်ဖြစ်နေတဲ့သူ၊ ငရဲရောက်နေတဲ့သူတွေရဲ့ ခေါင်းခွံတွေပြပြီး ပြောခိုင်းတာ အားလုံးမှန်နေတယ်။ ဒီတော့မှ မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံတော်မူသွားတဲ့ ရဟန္တာရဲ့ ခေါင်းခွံကိုပြပြီးမေးတော့ ခေါင်းခွံကို ခေါက်ကြည့်ပေမဲ့ မသိတော့ဘူး- ရဟန္တာဆိုတာ နောက်ထပ်ဖြစ်တဲ့ဘဝမှ မရှိဘဲ ဘယ်သိပါ့မလဲ-ထပ်ခါထပ်ခါ ခေါက်ကြည့်လဲ မသိတော့မှ မှိုင်နေတယ်။ ဒီတော့မှ မြတ်စွာဘုရားက-

"ဝင်္ဂီသ-စိတ်ပျက်နေသလား"

"မှန်ပါတယ် စိတ်ပျက်နေပါတယ်- အရှင်ဘုရား ဒီလူ့ရဲ့ဖြစ်ရာဘဝကို သိပါသလား"

"သိတယ်-ဒီထက်မက ပညာတွေလဲ ငါဘုရားသိတော်မူတယ်"

"ဒါဖြင့် ပညာချင်းလဲပါ၊ တပည့်တော်ပညာကိုလဲ ပေးပါမယ်၊ အရှင်ဘုရားပညာ ကိုလဲ တပည့်တော်ကို ပေးပါ"

"သင့်ပညာကိုတော့ ငါမလိုချင်ပါဘူး၊ ငါ့ပညာကိုဘဲပေးမယ်၊ ဒါပေမဲ့ ငါလိုရဟန်းဝတ် ရမယ်"

အဲဒါနဲ့ ပညာလိုချင်လို့ ရဟန်းဝတ်ပြီး တရားအားထုတ်လိုက်တာ ရဟန္တာဖြစ်သွားရော။ သူဟာ စာရေးစာစီသိပ်ကောင်းတော့ မြတ်စွာဘုရားကို မြင်တိုင်းမြင်တိုင်း မြတ်စွာဘုရားရဲ့ ဂုဏ်တော်ဖွဲ့တွေ ဘုန်းတော်ဖွဲ့တွေ ရွတ်ရွတ်ပြီးပူဇော်တာနဲ့ "အကောင်းဆုံး စာဆိုတော်" ဆိုတဲ့ ဘွဲ့တော် ရသွားတယ်။

☆ ☆ ☆

# ပလာယိတ ပရိဗ္ဗာဇက အောင်ပွဲ



တိတ္ထိဗိုလ်ကြီးတယောက် ဘုရားကိုပြိုင်ရန် စတိုင်နှင့်လာပုံ။



မြတ်စွာဘုရား၏ အသရေတော်ကိုမြင်၍ လန့်ပြီးထွက်ပြေးပုံ။

ရှေးအခါဆီမှာ အတည်တကျ၊ အမည်မရတဲ့ တိတ္ထိဗိုလ်။

နောက်လိုက် နောက်ပါ အတော်များတော့၊

ကျော်ကြားသည့်ထက် ကျော်ကြားလို။

ဘုရားကို ယှဉ်ပြိုင် အနိုင်ငြင်းဘို့၊ စတိုင်တင်းလို့လာခဲ့သကို။

ရောင်ခြည်ရှက်ဖြာ လက်ကာဝင်းလို့၊ တက်လာလင်းတဲ့ နေမင်းလို။

ဘုရားရှင့်ပုံ မြင်ရုံကလေးနဲ့၊ ရင်တုန်ပြေးလို့ အဆွေးပို။

မပြိုင်ခင်က အနိုင်ရ၊ ဗုဒ္ဓထွတ်ဘုန်းမို့။

အဲ...ဒါက အာဂဝါမှူးရဲ့၊ ထူးတဲ့ အောင်စဉ်ဆို။

ရှေး....တုံးက သာဝတ္ထိမြို့မှာ အမျိုးအမည်မထင်ရှားတဲ့ တိတ္ထိကြီးတယောက်ရှိတယ်။ သူဟာ အကြွားအဝါကောင်းတော့ နောက်လိုက်နောက်ပါ တကာတော်တော်များလာတယ်။ ပိုပြီးကျော်ကြားအောင် "ဂေါတမဘုရားနဲ့တရားချင်းပြိုင်မယ်၊ ဝါဒချင်းပြိုင်မယ်" ဆိုပြီးသူ့ နောက်လိုက်နောက်ပါအပြည့်အဝနဲ့ လက်မထောင်ပြီးလာခဲ့တယ်။ ကျောင်းတော်အတွင်းရောက်တော့ မြတ်စွာဘုရားဟာ ရောင်ခြည်တော်ခြောက်သွယ် တဝင်းဝင်းတပြောင်ပြောင်နဲ့ ပရိသတ်အလယ်ခေါင်မှာ တရားဟောတော်မူနေတာကို တွေ့ရတယ်။ ဘုရားကိုပြိုင်ဘို့ ဟန်ကြီးပန်ကြီးလုပ်လာတဲ့ တိတ္ထိကြီးဟာ ရောင်ခြည်တော်ခြောက်သွယ် တဝင်းဝင်းတလက်လက်နဲ့ တုဘက်မရှိတဲ့ မြတ်စွာဘုရားရဲ့ အသရေတော်ကို မြင်ရတာနဲ့ "ဟာ ဒီလောက်တောင် အသရေရှိပြီး တက်သစ်စ နေမင်းလို ဝင်းဝင်းတောက်နေတဲ့ မြတ်စွာဘုရားနဲ့ သွားပြိုင်လို့ ဘယ်ဖြစ်ပါ့မလဲ" ဆိုပြီးလာတဲ့လမ်းကဘဲ တိတ်တိတ်ကလေး ပြန်ပြေးပါလေရော။

☆ ☆ ☆

# သာဝတ္ထိ တိတ္ထိများ အောင်ပွဲ



အရှင်ပိဏ္ဍောလ ကောင်းကင်မှပျံ၍ သပိတ်ကိုယူပုံ။

မြတ်စွာဘုရား ရေမီး အစုံအစုံ တန်ခိုးပြ၍ တိတ္ထိများထွက်ပြေးကြပုံ။

တရားနှင့်ဆိုင်ရာ အကျိုးမရလို့၊ တန်ခိုးမပြနဲ့လို့ ပညတ်တယ်။
အဲဒီအခါ တိတ္ထိအများက၊ စိတ်ရှိကြွားလို့ အော်ကြတယ်။
"တန်ခိုးဆိုတာ တို့မှာရှိသကွဲ့၊ သတ္တိကောင်းလျှင်ပြိုင်ကြမယ်"။
ရဟန်းတော်တွေဟာ သိက္ခာပုဒ်ကြောင့်၊ စိတ်မှာရှုပ်လို့ ရှောင်ကွင်းဖယ်။
ဗုဒ္ဓထွက်ယှဉ် သရက်ပင်တစိုက်မှာ၊ ယမိုက်ပြာဋိ တန်ခိုးကြွယ်။
လေလုံးကြီးထွား တိတ္ထိများ၊ ပြေးလွှား ဟိုဒီနယ်။
အဲ....ဒါက ဘဂဝါမှူးရဲ့၊ ထူးတဲ့အောင်စဉ်ကွယ်။

ရှေး...ထုံးက ရာဇဂြိုဟ်မြို့မှာ သူဌေးတယောက်ရှိတယ်။ သူက ဘယ်ဘုရားကိုမှ မကိုးကွယ်ဘူး။ တနေ့တော့ သူဟာ ဂင်္ဂါမြစ်မှာ ပိုက်ကွန်တွေကာပြီး ရေချိုးနေတုံး စန္ဒကူးတုံးကြီးတခု မျှောလာတယ်။ သူက အဲဒီစန္ဒကူးတုံးကြီးကို သပိတ်လုပ်ပြီး ဆွမ်းဇတွေဟင်းတွေထည့်ပြီး အတောင်ခြောက်ဆယ်မြင့်တဲ့တိုင်ထိပ်မှာ ဆွဲထားတယ်။ ပြီးတော့ "ဘယ်ဘုရားမဆို ကောင်းကင်ကို ပျံတက်ပြီး ဒီသပိတ်ကို ယူနိုင်လို့ရှိလျှင် အဲဒီဘုရားကို တဆွေလုံး တမျိုးလုံး ကိုးကွယ်မယ်" လို့ ကြေဲငြာလိုက်တယ်၊ ဒါနဲ့ တိတ္ထိတွေလာပြီး အလှူခံတယ်။ "ငါ့ကိုလှူပါ၊ သူ့ကိုလှူပါ"နဲ့ပေါ့၊ သူဌေးက "ဘယ်သူ့ကိုမှ မလှူဘူး ပျံနိုင်လျှင်ယူ" လို့ ပြန်ပြောတယ်၊ ဒီလိုနဲ့ ဘယ်သူမှ ဒီသပိတ်ကို မရဘူး။ ၇-ရက်မြောက်တဲ့ နေ့ကျတော့ အရှင်မောဂ္ဂလာန် နဲ့ အရှင်ပိဏ္ဍောလ တို့ဟာ မြို့ထဲကို ဆွမ်းခံကြွဘို့ သင်္ကန်းရုံနေတုံး အရက်သမားတွေက "လောကမှာ သူလဲဘုရား၊ ငါလဲဘုရားနဲ့ ဘုရားဇတ ပေါလိုက်တာ လွန်ပါရော၊ ဒါပေမဲ့ တို့သူဌေးကြီးရဲ့ စန္ဒကူးသပိတ်ကိုတော့ ဘယ်ဘုရားမှ မယူနိုင်ဘူး၊ အလကား ညာနေကြတာပါကွာ" လို့ ပြောနေကြသံကိုကြားကြတယ်။ အဲဒီတော့ အရှင်မောဂ္ဂလာန်က အရှင်ပိဏ္ဍောလကို "အရှင်ပိဏ္ဍောလ အခုတော့ လူတွေက အကုန်လုံးသိမ်းကျုံးပြီး "လူညာတွေ" လို့ ပြောကုန်ကြပြီ။ အရှင်ဘုရား ကောင်းကင်ပျံတက်ပြီးတော့ယူပါ"လို့ တိုက်တွန်းတာနဲ့ အရှင်ပိဏ္ဍောလဟာ ဈာန်ဝင်စားပြီးတော့ သုံးဂါဝုတ်လောက်ရှိတဲ့ ကျောက်ဖျာကြီးကို ခြေမနဲ့ညပ်ပြီး မြို့ပေါ်မှာ ၇-ခေါက်လောက် ပျံဝဲနေလိုက်တယ်၊ ပြီးတော့မှ ကျောက်ဖျာကြီးကို ခြေနဲ့ခတ်ထုတ်လိုက်ပြီးတော့ သူဌေးအိမ်အပေါ်မှာ ရပ်နေလိုက်တယ်။ သူဌေးကြီးက "ဆင်းတော်မူပါဘုရား"လို့ဆိုပြီး သပိတ်ကိုလဲချ စတုမဓုတွေထည့်ပြီး လှူလိုက်တယ်။ အရှင်ပိဏ္ဍောလ ကျောင်းပြန်ကြွနေတုံး လူတွေကဝိုင်းပြီး "တန်ခိုးနဲနဲပြပါအုံးဘုရား-နဲနဲပြပါအုံးဘုရား"လို့ တောင်းပန်နေကြတော့ ဆူညံနေတာပေါ့။ မြတ်စွာဘုရားကသိတော့ အရှင်ပိဏ္ဍောလကို ခေါ်ပြီး ဆုံးမတော်မူတယ်။ နောင်ကိုလဲ ဘယ်ရဟန်းမ တန်ခိုးမပြရဘူးလို့ ပညတ်တော်မူတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တန်ခိုးပြတယ်ဆိုတာ မျက်လှည့်ပြသလိုဘဲ၊ ဘာမျှအကျိုးမရှိဘူး၊လူတွေကို တရားမရစေနိုင်ဘူးတဲ့၊ သပိတ်ကိုလဲ ခွဲချေပြီးတော့ ဆေးမှုန့်ကျိတ်ခိုင်းလိုက်တယ်။ ဒါကို တိတ္ထိတွေကကြားတော့ "ရဟန်းကြီးဂေါတမက သူ့တပည့်တွေကို တန်ခိုးမပြရဘူးလို့ ပညတ်လိုက်ပြီ၊ ဒါဟာ တို့အချက်ပဲကွ" ဆိုပြီး "ဟေ့ တို့ကတော့ သပိတ်စုတ်ကလေး ရဘို့လောက်နဲ့တော့ တန်ခိုးမပြပေါင်၊ သတ္တိကောင်းလျှင် လူချင်းတန်ခိုးပြိုင်မယ်"လို ကျွေးကြော်ကြပြန်တယ်။ ရဟန်းတော်တွေက ကြားပေမဲ့ သိက္ခာပုဒ်တော်ကြောင့် ခေါင်းငုံ့ပြီးရှောင်ရှောင်သွားကြသတဲ့။ အဲ့ဒီတော့ ဗိမ္ဗိသာရ မင်းကြီးက မြတ်စွာဘုရားဆီသွားပြီး...

"မြတ်စွာဘုရား တိတ္ထိတွေကတော့ အရမ်းကြွေးကြော်နေကြပြီ၊ ဒါကိုဘယ်လိုလုပ်ကြမလဲဘုရား"

"ဒါယကာမင်းကြီး နောက်လေးလကြာလျှင် ငါဘုရားတန်ခိုးပြတော်မူမယ်"

"အရှင်ဘုရား သိက္ခာပုဒ် ပညတ်ထားတယ် မဟုတ်ပါလားဘုရား"

"ဟုတ်တယ်၊ နောင်အခါ ရဟန်းတွေဟာ နားမလည်ပဲ မှားယွင်းပြီး တွေ့ကရာတွေ့ လျှောက်မလုပ်ရအောင် ပညတ်ထားတယ်၊ ငါဘုရားတာတော့ သိကြားပုဒ်ရဲ့ အရှင်သခင်ဖြစ်လို့ တန်ခိုးပြမယ်"

"ဘယ်မှာ တန်ခိုးပြပါမလဲဘုရား"

"သာဝတ္ထိပြည်မှာ ပြတော်မူမယ်"

နေ့ာက်မကြာခင်ပဲ မြတ်စွာဘုရားဟာ သာဝတ္ထိပြည်ကို ကြွတော်မူတယ်။ တိတ္ထိတွေကလဲ ဘုရားနောက်ကကပ်ပြီးလိုက်လာကြတယ်။လူတွေက "အသင်တို့ ဘာဖြစ်လို့ ဘုရားနားမှာကပ်နေကြသလဲ"လို့ မေးလို့ရှိလျှင် "ရဟန်းဂေါတမက တန်ခိုးပြိုင်မယ်လို့ပြောထားပြီး အလစ်မှာထွက်ပြေးမှာစိုးလို့ လိုက်စောင့်ကြည့်နေရတယ်"လို့ ပြန်ပြောကြတယ်။ သာဝတ္ထိပြည်ရောက်တော့ တိတ္ထိတွေဟာ သူတို့တကာတွေဆီက ငွေတောင်းပြီး မဏ္ဍပ်ကြီးဆောက်ကြတယ်။ ကောသလ မင်းကြီးက မြတ်စွာဘုရားဆီသွားပြီး "တပည့်တော်မဏ္ဍပ်ဆောက်ပါမယ်"လို့ လျှောက်တော့"မဆောက်ပါနဲ့၊ သိကြားမင်းဆောက်ပါလိမ့်မယ်"လို့တားထားလိုက်တယ်၊'ဘယ်မှာတန်ခိုးပြမလဲဘုရား'လို့မေးတော့ "ကဏ္ဍသရက်ပင်နားမှာပြမယ်"လို့ မိန့်တော်မူလိုက်တယ်။အဲ့ဒါကို တိတ္ထိတွေကကြားတော့ သရက်ပင် မှန်သမျှ ပေါက်စလေးပါမချန် အကုန်လုံးပိုက်ဆံပေးပြီး ခုတ်ခိုင်းကြတယ်။ တန်ခိုးပြမယ့်နေ့မှာ မြတ်စွာဘုရားမြို့ထဲကိုကြွလာတော့ ကဏ္ဍဆိုတဲ့ ဥယျာဉ်မှူးဟာ သရက်ပင် ခြအုံထဲက မှည့်ဝင်းနေတဲ့ သရက်သီးကြီးတလုံးရလာပြီးတော့ မြတ်စွာဘုရားကိုကပ်တယ်။ အရှင်အာနန္ဒာက သရက်ဖျော်ရည် လုပ်ပြီးကပ်တယ်။ ဘုဉ်းပေးပြီးတော့ မြတ်စွာဘုရားက "ဥယျာဉ်မှူး ဒီသရက်စေ့ကိုစိုက်ပါ" လို့ ခိုင်းတာနဲ့ ဥယျာဉ်မှူးကစိုက်လိုက်တယ်။ မြတ်စွာဘုရားကအပေါ်ကနေ လက်ဆေးပြီးချလိုက်တော့ ချက်ချင်း အပင်ပေါက်ပြီးကြီးလာလိုက်တာ အတောင်ငါးဆယ်လောက်တောင်မှမြင့်တယ်။သိကြားမင်းက လေနတ်သား မိုးနတ်သားတွေခေါ်ပြီး လေတွေ မိုးတွေ ချခိုင်းလိုက်တော့ တိတ္ထိတွေရဲ့မဏ္ဍပ်ကြီးဟာလွင့်သွားပြီး နေစရာမရှိဖြစ်ကုန်တာပေါ့....အဲဒီတော့မှ မြတ်စွာဘုရားက ကောင်းကင်ကိုပျံတက်ပြီး ဘယ်သူမှ ပြလို့မဖြစ်တဲ့ ရေအစုံ မီးအစုံ တန်ခိုးတွေပြလိုက်၊ တရားတွေဟောလိုက် လုပ်ပြတော်မူတော့ သာဓုခေါ်သံတွေဟာ ဆူညံနေတာဘဲ၊ အပြောကြီးတဲ့ တိတ္ထိတွေလဲ ရှက်ပြီး မျက်နှာမပြရဲတာနဲ့ ဟိုနယ် ဒီနယ် ထွက်ပြေးကုန်ကြသတဲ့။

☆ ☆ ☆

# ဘာရဒွါဇ မိစ္ဆာပုဏ္ဏား အောင်ပွဲ



ဓနဉ္စာနီ ပုဏ္ဏားမ ဘုရားကို
တမ်းတ၍ ရှိခိုးနေပုံ။

ဘာရဒွါဇ ပုဏ္ဏား ဘုရားထံတော်၌
ပြဿနာမေးနေပုံ။

ဓနဉ္စာနီ ပုဏ္ဏားမက၊ ဘုရားတလို့ ရှိခိုးသန်။
ဘာရဒွါဇာ လင်ပုဏ္ဏား၊ ရင်တုန်သွားလို့ ဒေါသထန်။
မယားကိုမနိုင် စတိုင်ပဲ့တော့၊ ဘုရားကိုင်မဟဲ့လို့ သွားတဲ့ပြန်။
မေးတဲ့ပြဿနာ ဖြတ်ကာရှင်းတော့၊ သဒ္ဓါဝင်းလို့ အမြင်မှန်။
သာသနာတွင်း ဝင်လာလျှင်း၊ ဖြစ်ခြင်း အရဟန်။
အဲ....ဒါက ဘဂဝါမှူးရဲ့၊ ထူးတဲ့အောင်စဉ်တတန်။

ရှေး....တုံးက မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးဟာ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ နေတော်မူပါတယ်။ အဲဒီမြို့မှာ ဘာရဒွါဇ မျိုး ပုဏ္ဏားကြီးတယောက်ရှိတယ်။ သူကမိစ္ဆာအယူရှိလို့ ဘုရားတရားမကြည်ညိုဘူး။ သူ့ရဲ့မိန်းမ ဓနဥ္စာနီ ဆိုတာကတော့ သောတာပန်အရိယာဖြစ်လို့ ဘုရားတရား သိပ်ကြည်ညိုတယ်။လင် ပုဏ္ဏားက သူ့ဆရာ ပုဏ္ဏားကြီးတွေကိုဖိတ်ပြီး ထမင်းကျွေးလေ့ရှိတယ်။ဓနဥ္စာနီကလဲ မြတ်စွာဘုရားနဲ့ သံဃာတော်တွေကို ပင့်ပြီး ဆွမ်းကျွေးလေ့ရှိတယ်။ ပုဏ္ဏားတွေကိုကျွေးတဲ့အခါမှာ ဓနဥ္စာနီက ဝတ်ကျေတဲ့မယားဖြစ်လို့ ကောင်းကောင်းမွန်မွန်ဘဲ ညှဉ့်ခံကျွေးမွေးလေ့ရှိပါတယ်။ မြတ်စွာဘုရားနှင့် သံဃာတော်တွေကို ဆွမ်းကပ်တော့မယ်ဆိုလျှင် ဘာရဒွါဇ ပုဏ္ဏားဟာ အစေကြီး အိမ်က ထွက်ထွက်ပြေးလေ့ရှိတယ်။ ဓနဥ္စာနီဟာ ဘုရားကို ကြည်ညိုလွန်းအားကြီးလို့ တခုခုဖြစ်ပြီး ယောင်တဲ့အခါမှာတောင် "မြတ်စွာဘုရားကို ရှိခိုးပါ၏" လို့ ဆိုလေ့ရှိတယ်။ တနေ့တော့ ဘာရဒွါဇကပြောတယ်-

"ဟေ့ ရှင်မ နက်ဖန်ခါ တို့အိမ်မှာ ပုဏ္ဏားငါးရာ ထမင်းစားဘို့ လာကြလိမ့်မယ်"

"အဲဒါ ကျွန်မ ဘာလုပ်ပေးရမလဲ"

"မင်း ဘာမှ လုပ်ဘို့မလိုပါဘူး၊ ဒါပေမဲ့ မင်းဟာ အလကားနေရင်း "မြတ်စွာဘုရားကို ရှိခိုးပါ၏" ဆိုပြီး ကတုံးတွေကို ရှိခိုးလေ့ရှိတယ်၊ နက်ဖန်တနေ့တော့ မင်း အဲဒီလို မဆိုပါနဲ့၊ ငါနဲ့ ငါ့ပုဏ္ဏားတွေကို ရန်တိုက်မပေးပါနဲ့ကွာ"

"ရှင်နဲ့ ရှင့်ပုဏ္ဏားတွေ ရန်မကလို့ ဘာဖြစ်ဖြစ် ကျွန်မဘော့ ဘုရားမရှိခိုးဘဲ မနေနိုင်ပေါင်"

"ဟေ့ ရှင်မ အိမ်ခြေတရာရှိတဲ့ရွာကိုတောင် တံခါးပိတ်လျှင် လုံသေးတာဘဲ၊ မင်းပါးစပ်လက်နှစ်သစ်လောက်ကို ခဏ ပိတ်မထားနိုင်ဘူးလား၊ နက်ဖန်ခါ ငါ့ပုဏ္ဏားတွေရှိတုံး မင်းရဲ့ကတုံးတွေ ရှိခိုးသံကြားလျှင် မင်းကို ဓါးနဲ့ခုတ်သတ်ပစ်လိုက်မယ်၊ ဘာမှတ်လို့လဲ"

"ဓါးနဲ့ခုတ်ရုံမကလို့ ဘာလုပ်လုပ် ကျွန်မတော့ ရှိခိုးမှာဘဲ"

ဒါနဲ့ နောက်တနေ့မှာ ပုဏ္ဏား ငါးရာ ထမင်းကျွေးပါရော။ ဓနဥ္စာနီ ;ပုဏ္ဏားမကလဲ ညှဉ့်ခံကျွေးမွေးရင်း ထမင်းတို့ ဟင်းတို့လိုက်ပေးနေတယ်။ အဲဒီလို လိုက်ပေးနေရင်း ခွက်တခုကို ခလုတ်တိုက်လိုက်တော့ "မြတ်စွာဘုရားကို ရှိခိုးပါ၏" လို့ ယောင်လိုက်တယ်။ထမင်းစားနေတဲ့ပုဏ္ဏားတွေဟာ "ဒါဟာ တို့ကိုစော်ကားတာဘဲ" ဆိုပြီး စိတ်ဆိုးမာန်ဆိုးနဲ့ ပြန်သွားကြရော။ ဘာရဒွါဇပုဏ္ဏားဟာ သိပ် စိတ်ဆိုးပေမဲ့ မယားကို မဆူရဲတော့ "မင်းဟာ တော်တော်ဆိုးတယ်ကွာ၊ ငါက ဒီလို မလုပ်ပါနဲ့ လို့ ပြောထားရက်သားနဲ့ လုပ်ဖြစ်အောင်လုပ်တယ်၊ ငါ မင်းရှိခိုးတဲ့ ဘုရားဆီသွားပြီး ဝါဒတင် ညှင်းလိုက်မယ်" လို့ ပြောပြီး ဘုရားဆီ ထွက်သွားပါရော၊ ပြီးတော့-

"ဘာကိုဖြတ်လျှင်၊ စိုးရိမ်စင်၊ ဘာလျှင်သတ်ဘို့ ကြိုက်သနည်း" လို့ မေးတယ်။

မြတ်စွာဘုရားက "ဒေါသဖြတ်လျှင်၊စိုးရိမ်စင်၊အမျက်ပင်သတ်ဘို့ကြိုက်သတည်း" လို့ ဖြေတယ်။

ဘုရားဆီမှာ တပည့်အဖြစ်နဲ့ ရဟန်းခံပြီး တရားအားထုတ်လိုက်တာ ရဟန္တာဖြစ်သွားရော။

# အက္ကောသ ဘာရဒွါဇ အောင်ပွဲ



ညီ—ဘာရဒွါဇ ပုဏ္ဏား ဘုရားကို ဆဲရေးနေပုံ။

တရားတော်ကိုနာရ၍ အကျွတ်တရားရသွားပုံ။

ရဟန်းပြုပြီ သူ့ညီကြားတော့၊ နှုသည့်စိတ်ဝမ်း မခံသာ။

ဘုရားရှင်ထံ အမြန်ပြေးလို့၊ ဆဲရေးပုတ်ခတ် ယုတ်ပတ်တာ။

ဘုရားကရှုစရာ ဥပမာပြုတော့၊ သူ့ဟာသူဘဲခံရရှာ။

ကောဓပြစ်ကာ မေတ္တာနှောလို့၊ သစ္စာသဘော ဟောတဲ့ခါ။

ဆဲတဲ့ပုဏ္ဏား ကျွတ်လို့သွား၊ တရားကျင့်တော့တာ။

အဲ....ဒါက ဘဂဝါမှူးရဲ့၊ ထူးတဲ့အောင်စဉ်တဖြာ။

ရာဇဂြိုဟ်မြို့မှာဘဲ သူ့အကို ဘာရဒွါဇ ပုဏ္ဏား ရဟန်းပြုသွားပြီလို့ကြားတော့ သူ့ညီ အက္ကောသ ဘာရဒွါဇ က ဘုရားဆီသွားပြီးတော့ ကြမ်းကြမ်းတမ်းတမ်း ယုတ်ယုတ်မှာမှာ ဆဲရေးတိုင်းထွာတော့တာဘဲ။ ဒီတော့ မြတ်စွာဘုရားက မေးတော်မူတယ်-

"အမောင်ပုဏ္ဏား သင့်ဆီကို ဆွေးမျိုးမိတ်ဆွေများ တခါတခါ မလာဘူးလား"

"လာတာပေါ့"

"လာလျှင် စားစရာ သောက်စရာတော့ မပေးဘူးလား"

"ပေးတယ်"

"သင်ပေးတဲ့ဟာတွေကို သူတို့မယူလို့ရှိလျှင် အဲဒီဟာတွေကို ဘာလုပ်မလဲ"

"ကျုပ်ပဲ ပြန်ယူရမှာပေါ့"

"အဲဒီလိုပေါ့၊ သင် ဆဲရေးတိုင်းထွာတာတွေ ငါ လက်မခံဘူး၊ ဒီတော့ သင်ပဲ အဲဒီဆဲရေးမှုတွေကို ပြန်ယူပေတော့"

"အရှင်ဂေါတမဟာ ရဟန္တာဖြစ်တယ်လို့ ရှင်ဘုရင်နှင့်တကွ လူတွေသိကြတယ်၊ အခုတော့ သင်ဟာ အမျက်ထွက် စိတ်ဆိုးနေပါကလား"

"အမောင်ပုဏ္ဏား ငါ့မှာ အမျက်ဒေါသမှ မရှိတော့ပဲ ဘယ်မှာ အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်းရှိတော့မှာလဲ၊ ကိုယ့်ကိုလာပြီး စိတ်ဆိုးတဲ့လူကို ပြန်ပြီးစိတ်မဆိုးခြင်းဟာ စစ်ပွဲအောင်တယ်လို့လဲခေါ်တယ်။ မိမိ-သူတပါး နှစ်ဦးသားတို့အကျိုးကို ကျင့်တယ်လို့လဲခေါ်တယ်" လို့ မိန့်တော်မူလိုက်တော့ သဘောကျသွားပြီး ရဟန်းခံ တရားကျင့်လိုက်တာ ရဟန္တာဖြစ်သွားရော။ သူ့ညီနှစ်ယောက်ဟာလဲ ဒီလိုပဲ ဘုရားကို လာရန်ထောင်ရင်းနဲ့ပဲ အကျွတ်တရား ရသွားကုန်ကြပါတယ်၊

# ဥရုဝေလ ကဿပ အောင်ပွဲ



မြတ်စွာဘုရား ရေနစ်နေပြီထင်၍ဆယ်ရန် ရသေ့များ လာကြပုံ။

ရသေ့များ တရားနာရ၍ ရဟန်းပြုကြပုံ။

ဥရုဝေလာ ဟေမာထဲမှာ၊ သေ့ကာ လွဲတဲ့အကျင့်ဆောင်။
နဒီ ဂယာ ကဿပတဲ့၊ မှတ်လိုက်ကြဟေ့ ရသေ့တထောင်။
ဗုဒ္ဓမြတ်စွာ ထပ်ကာတိုးလို့၊ မျှားစွာတန်ခိုး ပြတာတောင်။
"ငါလိုမှန်စွာရဟန္တာမဖြစ်"လို့၊ ဝမ်းမှာအစစ် ထင်မှားယောင်။
ဘွင်းဘွင်းပြောင်ပြောင် ရှင်းအောင်မိန့်မှ၊
နှိမ့်ချဝပ်တွား သူနားထောင်။
သာသနာတွင်း ထိန်ဝါဝင်း၊ ဝင်ခြင်း ရှင်တထောင်။
အဲ...,ဒါက ဘဂဝါမှူးရဲ့၊ ထူးတဲ့အောင်စဥ်အခေါင်။

ရှေး....တုံးက ဥရုဝေလ တောကြီးထဲမှာ ဥရုဝေလကဿပ နဒီကဿပ ဂယာကဿပ ရယ်လို့ ရသေ့ညီနောင် သုံးယောက်ရှိကြတယ်။ ဥရုဝေလရသေ့မှာ နောက်လိုက်တပည့် ငါးရာရှိတယ်။ နဒီကဿပ ရသေ့မှာနောက်လိုက်တပည့်သုံးရာရှိတယ်။ ဂယာကဿပရသေ့မှာတော့ တပည့်နှစ်ရာရှိတယ်။ တနေ့ကျတော့ မြတ်စွာဘုရားကြွလာပြီးတော့ "ဥရုဝေလ ကဿပ ငါဒီမီးတင်းကုတ်မှာ ခဏ နေလိုတယ်" လို့ ဆိုတော့ ဥရုဝေလကဿပ ရသေ့က "အို ရဟန်းကြီး၊ တို့ကတော့ လက်ခံချင်ပါတယ်။ ဒါပေမဲ့ အဲဒီမီးတင်းကုတ်ထဲမှာ ကြောက်စရာကောင်းတဲ့နဂါးကြီးတကောင်ရှိတယ်။ အဲဒီနဂါးကြီးက သင်ကို ညှဉ်းဆဲပါလိမ့်မယ် မနေပါနဲ့" လို့ ပြောတယ်။ မြတ်စွာဘုရားက "နေဘို့သာခွင့်ပြုပါ၊ သင်နဂါး ငါ့ကိုမညှဉ်းဆဲနိုင်ပါဘူး" ဆိုတော့မှ "နေပါ" လို့ ပြန်ပြောတယ်။ ညကျတော့ မြတ်စွာဘုရားကြွပြီး မီးတင်းကုတ်ထဲမှာ သီတင်းသုံးတဲ့အခါမှာ နဂါးကြီးက စိတ်ဆိုးပြီး အခိုးတွေ အလျှံတွေလွှတ်တယ်။ မြတ်စွာဘုရားကလဲ တန်ခိုးတော်နဲ့ အခိုးတွေ အလျှံတွေပြန်လွှတ်တော့ မီးတင်းကုတ်တခုလုံးဟာ မီးလောင်နေသလိုထင်ရတယ်။ ရသေ့တွေက ဝိုင်းကြည့်ပြီး "အော် ရဟန်းဂေါတမ လုကလုနဲ့ သေရှာတော့မှာဘဲ" လို့ ပြောကြတယ်။ မြတ်စွာဘုရားတန်ခိုးတော်ကြောင့် နဂါးကြီးတန်ခိုးကုန်ပြီး ရှုံးသွားတော့မှ နဂါးကို သပိတ်ထဲမှာထည့်ပြီး ဥရုဝေလကဿပကို "သင့်နဂါးကြီး ဒီမှာကြည့်စမ်း" ဆိုပြီး ပြလိုက်တော့ ရသေ့ကြီးက "ရဟန်းဂေါတမ တန်ခိုးတော့ ကြီးတာဘဲ၊ ငါ့လို ရဟန္တာမဟုတ်ပါဘူးလေ" လို့ စိတ်ထဲမှာ ထင်သတဲ့။ နောက်ပြီး ညတိုင်းလိုပဲ မြတ်စွာဘုရားဆီကို တန်ခိုးကြီးတဲ့ နတ်မင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းကြီးတွေ လာလာပြီး တရားနာကြတာ တတောလုံးကို အရောင်အဝါတွေနဲ့ ထိန်နေတာပဲ၊ ဒါပေမဲ့ ရသေ့ကြီးက "ရဟန်းဂေါတမ တန်ခိုးကြီးပေမဲ့ ငါ့လို ရဟန္တာမဟုတ်သေးပါဘူး" လို့ ထင်နေတာပဲတဲ့။ တနေ့တော့ ဥရုဝေလကဿပရဲ့ကျောင်းမှာ ယဇ်ပူဇော်ပွဲကြီးတခုရှိတယ်၊ အနားမှာရှိတဲ့ မြို့တွေရွာတွေက လူတွေအများကြီးလာကြတယ်၊ ဒီတော့ ဥရုဝေလ ရသေ့ကြီးက "ဒီနေ့ ရဟန်းဂေါတမ မလာလျှင် ကောင်းမှာပဲ၊ လာပြီးတော့ လူတွေထဲမှာ တန်ခိုးပြလိုက်လို့ရှိလျှင် သူ့ကို လူအကြည်ညိုများပြီး ငါ့ကို လူအကြည်ညိုနဲတော့မှာပဲ" လို့ စိတ်ထဲကကြံလိုက်တယ်။ သူစိတ်ကူးတာကို မြတ်စွာဘုရားက သိတော်မူတော့ သူ့ကိုသနားပြီး သူ့ဆီမသွားတော့ပဲ မြောက်ကျွန်းသွားပြီး ဆွမ်းခံစားနေလိုက်တယ်။ နောက်တနေ့ကျတော့ ရသေ့ကြီးက "ရဟန်းဂေါတမ မနေ့က ဘာဖြစ်လို့ မလာပါသလဲ၊ တို့များကမျှော်နေတာ" လို့ ပြောတော့ သူ့စိတ်ကူးတာတွေ မြတ်စွာဘုရားက ပြန်ပြောပြပြီးတော့ "သင် စိတ်ဆင်းရဲမှာစိုးလို့ ငါမလာတာပါ" လို့ မိန့်တော်မူတယ်။ ဒီတော့ ရသေ့ကြီးက "အမယ်လေး ရဟန်းဂေါတမဟာ တယ်တန်ခိုးကြီးပါကလား၊ ငါ့စိတ်ကူးတာတောင် သိနေတယ်။ ဒါပေမဲ့ ငါ့လိုရဟန္တာတော့ မဟုတ်ပါဘူးလေ" လို့ ထင်ပြန်တယ်။ တနေ့တော့မြတ်စွာဘုရား ကိုယ်တော်မြတ်ဟာ ပံ့သုကူလတကည်ကောက်တော်မူလာတယ်....(ပံ့သုကူလဆိုတာ အမှိုက်ပုံမှာလွှင့်ပစ်ထားတဲ့ ညစ်ပတ်ပေတေနေတဲ့အဝတ်၊ သင်းချိုင်းမှာ လူသေကောင်ကို ပတ်ပြီးပစ်ထားလို့ လောက်တက်နေတဲ့အဝတ်မျိုးကိုခေါ်တယ်)....အဲဒီအဝတ်ကို လျှော်ဘို့ဖွပ်ဘို့အတွက် သိကြားမင်းက ရေကန်တူးပေတယ်၊ ကျောက်ဖျာကြီးတွေချပေးတယ်၊ ရုက္ခစိုးနတ်က အဝတ်လှန်းဘို့သစ်ကိုင်းကြီးကို နှိမ့်ပေးတယ်. အဲဒါတွေကိုမြင်တော့လဲ "ရဟန်းဂေါတမဟာ တန်ခိုးတော့ကြီးပါရဲ့၊ ငါ့လို

တော့ ရဟန္တာမဟုတ်သေးဘူး”လို့ထင်ပြန်တာဘဲ။နောက်ပြီး မြတ်စွာဘုရားကို ဆွမ်းစားဘို့လာပင့်တဲ့အခါမှာ မြတ်စွာဘုရားက“ငါလာမယ် သွားနှင့်”လို့ ဆိုပြီး သိပ်ဝေးတဲ့နေရာမှာရှိတဲ့ ဇမ္ဗူသပြေသီးတွေ သရက်သီးတွေကိုယူလာပြီးတော့မှ ရသေ့ကြီးအရင်ရောက်အောင်ကြွပြီးထိုင်နေတာကို တွေ့တော့လဲ“ရဟန်းဂေါတမဟာတန်ခိုးတော့ကြီးပါရဲ့၊ ငါ့လိုရဟန္တာတော့မဟုတ်သေးဘူး”လို့ထင်ပြန်တာဘဲ။ နောက်ပြီး ရသေ့တွေမီးပူဇော်ဘို့ ထင်းတွေခွဲလို့မရ၊ မီးမွေးလို့မရဖြစ်နေတော့လဲမြတ်စွာဘုရားက ထင်းတွေကွဲစေ၊မီးတွေတောက်စေဆိုလိုက်တာနဲ့ ထင်းတွေလဲကွဲ၊ မီးတွေလဲထတောက်လာတာဘဲ။ ဒါပေမဲ့ ရသေ့ကြီးကတော့ အရင်လိုပဲထင်နေတာပဲ။တနေ့တော့ မိုးတွေရွာပြီး ရေတွေကြီးလာတော့ “ရဟန်းဂေါတမတော့ ရေမျောနေပြီ သွားဆယ်ကြရအောင်”ဆိုပြီး လှေတွေနဲ့သွားကြတဲ့အခါမှာ မြတ်စွာဘုရားက ရေတွေဝိုင်းနေတဲ့ကြားထဲမှာ ဖုံတထောင်းထောင်းနဲ့ စင်္ကြံလျှောက်တော်မူနေသည်ကို တွေ့တာနဲ့တောင် “ငါ့လိုရဟန္တာမဟုတ်ပါဘူး”လို့ထင်တုံးပဲ။အဲဒီလိုနဲ့ဘဲ မြတ်စွာဘုရားကိုယ်တော်မြတ်ဟာ တန်ခိုးပေါင်း ၃၅၀၀ ပြတော်မူရတယ်။ ရသေ့ကြီးကတော့ သူ့အထင်ကို မလျှော့သေးဘူး။ ဒီတော့မှ မြတ်စွာဘုရားက “ဟယ် ဥရုဝေလကဿပ သင်ဟာ ရဟန္တာလဲမဟုတ်၊ ရဟန္တာဖြစ်အောင်ကျင့်တဲ့ လူလဲမဟုတ်ဘူး၊ ကျင့်ဘို့နေနေသာသာ သင့်မှာ ရဟန္တာ ဖြစ်နိုင်တဲ့ အကျင့်လမ်းစဥ်တောင်မရှိသေးဘူး”လို့ ရှင်းရှင်းမိန့်တော်မူလိုက်တော့မှ မြတ်စွာဘုရားခြေတော်ကို ခေါင်းနဲ့တိုက်ပြီးရဟန်းပြုပေးဘို့လျှောက်တော့တယ်။ ဒီတော့“သင်ဟာ ရသေ့ငါးရာတို့ရဲ့ဆရာဖြစ်တယ်၊ သူတို့နဲ့တိုင်ပင်ပါအုံး”လို့မိန့်တော်မူတာနဲ့ တပည့်တွေကိုခေါ်ပြီးတော့“ငါဂေါတမဘုရားဆီမှာ တရားကျင့်တော့မယ်၊ သင်တို့ဘယ်လိုသဘောရသလဲ”လို့ မေးတယ်။ တပည့်တွေက “ဆရာကြီး: ကျွန်တော်တို့လဲ ဂေါတမဘုရားကို ကြည်ညိုနေတာကြာလှပြီ၊ ဒါကြောင့် ကျွန်တော်တို့လဲ အတူတူပဲ ရဟန်းပြုကြမယ်”လို့ဆိုတာနဲ့ သူတို့ရဲ့ ရသေ့အသုံးအဆောင်တွေကို နေရဉ္စရာ မြစ်ထဲ မျောပစ်လိုက်ကြပြီး ရဟန်းပြုကြရော။ မြစ်အောက်မှာနေကြတဲ့ နဒီကဿပနှင့် ဂယာကဿပတို့ကလဲ မြစ်ထဲမှာ မျောလာတာတွေမြင်တော့ တို့အစ်ကိုကြီး ဘာဖြစ်ပါလိမ့်မလဲဆိုပြီး လာကြည့်ကြတော့ အကျိုးအကြောင်းတွေ အကုန်သိပြီး သူတို့လဲ အကုန်လုံး ရဟန်းခံပြီး တရားကျင့်လိုက်တာ ရဟန္တာဖြစ်ကုန်ကြသတဲ့။ ။

☆ ☆ ☆

# ၃။ တရားဂုဏ်တော်ပိုင်း

## တရားဂုဏ်တော်ခြောက်ပါး ကဗျာနှင့် အဓိပ္ပါယ်

စ လယ် ဆုံးအား၊ သုံးပါးကောင်းစွာ။
မိပ္ပါယ်ပြည့်ဝ၊ တိကျသဒ္ဒါ။
ပြည့်စုံသန့်ရှင်း ကျင့်ခင်းဖေါ်တာ။
သွာက္ခာတ၊ ဓမ္မဂုဏ်တော်ပါ။

မြတ်စွာဘုရားဟောကြားမြွက်ဖေါ်တရားတော်သည် အစ၏ကောင်းခြင်း၊အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းဟု ဆိုအပ်သော ကောင်းခြင်းသုံးပါးရှိ၍ မှန်ကန်တိကျသောသဒ္ဒါနှင့် ကောင်းသော အနက်အဓိပ္ပါယ်ရှိသည့်ပြင် သံသရာမှ လွတ်မြောက်ကြောင်း ကျင့်ခန်းကျင့်စဉ်များကို ပြည့်ပြည့်စုံစုံ ဖေါ်ပြထားသောကြောင့် သွာက္ခာတ ဂုဏ်တော်နှင့် ပြည့်စုံပါသည်။

မျက်မှောက်ကျိုးများ၊ တိုးပွားစေတာ။
လူပြော–သူပြော၊ ယောင်ရောမပါ။
ကိုယ်တိုင်တိကျ၊ သိရမှန်စွာ။
သန္ဒိဋ္ဌိ၊ မည်ရှိဂုဏ်တော်ပါ။

ပစ္စုပ္ပန်မျက်မှောက်၌ပင် အကျိုးများရရှိနိုင်၍ လူပြောသူပြောနှင့် မပြတ်မသား ယောင်ဝါးဝါးဖြစ်နေရသော တရားမျိုးမဟုတ်ပဲ မိမိကိုယ်တိုင် တိတိကျကျသိနိုင်သောကြောင့် သန္ဒိဋ္ဌိက ဂုဏ်တော်နှင့် ပြည့်စုံပါသည်။

ရက်ပိုင်း ချိန်ပိုင်း၊ မဆိုင်းအမှန်။
မိုးကြိုးစက်လား၊ မဂ်များသဏ္ဌာန်။
မဂ်ဆို ဖိုလ်ကူး၊ ကျိုးထူးလျင်မြန်။
အကာလိ၊ လာဘိဂုဏ်တော်မှန်။

ရက်ပိုင်း လပိုင်း အချိန်ကာလ ဆိုင်းမနေရပဲ မိုးကြိုးစက်နှင့် တူသော မဂ်ကို ရသည်နှင့် တပြိုင်နက် ဖိုလ်ဟူသော အကျိုးထူးတရားကို အလျင်အမြန် ရနိုင်သောကြောင့် အကာလိက ဂုဏ်တော်နှင့် ပြည့်စုံပါသည်။

ရှိတာထင်လင်း၊ သန့်ရှင်းစင်ကြယ်။
ကြောင်း ၂–ဖြာရှိ၊ လာကြည့်ခေါ်ဘွယ်။
ရွှေစင်ပြစ်ဝေး၊ စစ်ဆေးခံနှယ်။
ဧဟိပဿိ၊ မည်ရှိဂုဏ်တော်ဝယ်။

ဘကယ်အမှန်ရှိခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း တည်းဟူသော အကြောင်းနှစ်ပါးရှိ၍ အပြစ်မရှိသော ရွှေစင်ရွှေကောင်းသည် မှတ်ကျောက်တင်ခံနိုင်သကဲ့သို့ "လာကြည့်စမ်းပါ" ဟု ခေါ်၍ အပြခံနိုင်သောကြောင့် ဧဟိပဿိက ဂုဏ်တော်နှင့် ပြည့်စုံပါသည်။

ရွှေ-ငွေလိုကွဲ့၊ ကိုယ်နဲ့မကွာ။
စိတ်ဝယ်သွင်းသတ်၊ ချဉ်းကပ်ယူကာ။
စွဲမြဲအောင်ကျင့်၊ ဆောင်သင့်ပေတာ။
သဘောက၊ ဩပနေယျိကာ။

အဘိုးတန် ရွှေ–ငွေ စသော ရတနာတို့ကို ကိုယ်နှင့်မကွာ မြတ်မြတ်နိုးနိုး ဆောင်ယူသိမ်းဆည်းထားသကဲ့သို့ မိမိစိတ်တွင် အံစဉ်မပြတ် ဆောင်ထားသင့်သောကြောင့် ဩပနေယျိက ဂုဏ်တော်နှင့် ပြည့်စုံပါသည်။

ပညာရှိများ၊ သိငြားဝမ့်။
ကိုယ်တိုင်ကျင့်က၊ ကိုယ်ရကိုယ်စံ။
ငမိုက်သားများ၊ လားလားမတန်။
ပစ္စတ္တံ၊ ဝေဒိတဗ္ဗကံ။

ပညာရှိသူတော်ကောင်းတို့သည် ကိုယ်တိုင်ကျင့်က ကိုယ်တိုင်သိ ကိုယ်တိုင်ရကာ ကိုယ်တိုင်အကျိုးခံစားရ၍ မကျင့်ကြံသူ လူမိုက်တို့နှင့် မထိုက်မတန်သောကြောင့် ပစ္စတ္တံ ဝေဒိတဗ္ဗ ဂုဏ်တော်နှင့် ပြည့်စုံပါသည်။

ကျေးဇူးတော်စစ်၊ အနှစ်ဂုဏ်တော်။
အာရုံတမ်းတ၊ မှန်းဆထင်ပေါ်။
ဘယ လာဘ၊ ဘာမျှမမြှော်။
မြတ်တရား၊ ဝပ်တွားရှိပူဇော်။

အထက်ပါဂုဏ်တော်တွေကို အာရုံယူမှန်းဆ၍ ကြောက်လန့်ခြင်း၊ ဆုလာဘ်ကို မြှော်ကိုးတောင့်တခြင်းတို့မှ ကင်းစေလျက် တရားတော်ကို ရှိခိုးပူဇော်တတ်ပါစေ။

## သစ္စာလေးပါး

၁။ ဒုက္ခသစ္စာ ၃။ နိရောဓသစ္စာ

၂။ သမုဒယသစ္စာ ၄။ မဂ္ဂသစ္စာ

၁။ ရုပ်နာမ်နှစ်ချက်၊ ဖြစ်ပျက်တတ်စွာ။
ပေါ်လာပြီးနောက်၊ ချုပ်ပျောက်လေတာ။

ဆင်းရဲမုချ၊ ဒုက္ခသစ္စာ။
ရှုမှတ်သား၊ ပိုင်းခြားသိစရာ။

စွဲလမ်းမှု ဥပါဒါန်၏ တည်ရာ ရုပ်၊ နာမ်၊ ခန္ဓာတို့သည် အမြဲမဘည်ပဲ ဖြစ်လိုက် ပျက်လိုက် ပေါ်လိုက် ပျောက်လိုက် ဖြစ်နေတတ်သောကြောင့် ကေန်မုချ ဆင်းရဲလှသော ဒုက္ခသစ္စာ အစစ်ဖြစ်သည်။ ဤ ရုပ် နာမ် ခန္ဓာတို့၏ မမြဲသောလက္ခဏာ ဖြစ်မှု ပျက်မှုကို ပိုင်းပိုင်းခြားခြားသိနေအောင် ရှုမှတ် ပွားများရမည် ဖြစ်ပါသည်။

၂။ မြင်မြင်သမျှ၊ တောင့်တလိုချင်။
အာရုံငါးပါး၊ လိုက်စားခင်မင်။
ဆင်းရဲအပေါင်း၊ ဖြစ်ကြောင်းသူပင်။
သမုဒယ၊ ပယ်မှတော်မည်ထင်။

မြင်သမျှ၊ကြားသမျှ၊နံသမျှ၊စားသမျှ၊ထိသမျှ၊အာရုံငါးပါးတို့ကို လိုချင်တတ်သော လောဘတဏှာသည် ထိုထိုဆင်းရဲအပေါင်းဖြစ်ခြင်း၏ အကြောင်းဖြစ်သော သမုဒယသစ္စာ ဖြစ်သည်။ ဤသမုဒယသစ္စာ တဏှာလောဘကို ပယ်ခွါရမည်ဖြစ်ပါသည်။

၃။ တဏှာလောဘ၊ လုံးဝချုပ်ရာ။
ရုပ်နာမ်ခပ်သိမ်း၊ ငြိမ်းနေတာ။
ဉာဏ်မှာမျက်မှောက်၊ ဆိုက်ရောက်စရာ။
နိရောဓ၊ ဟောပြ မှန်သစ္စာ။

လောဘတဏှာ ထောက်တည်ရာမရှိသော ချုပ်ငြိမ်းမှု၊ ရုပ်နာမ် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းမှုကို နိရောဓသစ္စာ ဟု ခေါ်သည်။ ဤနိရောဓသစ္စာကို ဉာဏ်ဖြင့်သာ ဆိုက်ရောက်၍ မျက်မှောက်ပြုရမည်ဖြစ်ပါသည်။

၄။ နိဗ္ဗာန်ရောက်ကြောင်း၊ လမ်းကောင်းရှစ်အင်။
သီလကိုစောင့်၊ စိတ်ဖြောင့်ကြည်လင်။
ရှု–မှတ်–ပွားများ၊ တရားမဂ္ဂင်။
အချက်ကျ၊ မဂ္ဂသစ္စာ ပင်။

ထိုနိဗ္ဗာန်သို့ရောက်ကြောင်း လမ်းကောင်းကျင့်စဉ်၌ အင်္ဂါရှစ်ပါးရှိသည်။ သီလစောင့်ထိန်းခြင်းနှင့်ဆိုင်သော **သီလမဂ္ဂင်** ၃ပါး၊ စိတ်ဖြောင့်တန်းတည်ငြိမ်မှု ကြည်လင်မှုနှင့်ဆိုင်သော **သမာဓိမဂ္ဂင်** ၃ ပါး၊ ရှုမှတ်ပွားများမှုနှင့်ဆိုင်သော ပညာမဂ္ဂင် ၂ ပါးတို့ကို **မဂ္ဂသစ္စာ** ဟု ခေါ်သည်။

## ပဋိစ္စသမုပ္ပါဒ်အနက်

အဝိဇ္ဇာ ပစ္စယာ=မသိမှု အဝိဇ္ဇာဟူသောအကြောင်းတရားကြောင့်၊သင်္ခါရာ=ပြုပြင်မှုသင်္ခါရတရားတို့သည်၊ သမ္ဘဝတိ=ထင်ထင်ရှားရှားဖြစ်ပေါ်လာကုန်၏။ သင်္ခါရပစ္စယာ=ပြုပြင်မှု သင်္ခါရဟူသော အကြောင်းတရားကြောင့်၊ ဝိညာဏံ=အကျိုးဝိပါက်ဝိညာဉ်သည် သမ္ဘဝတိ = ထင်ထင်ရှားရှား ဖြစ်ပေါ်လာ၏။ ဝိညာဏ ပစ္စယာ=ဝိပါက်ဝိညာဉ်ဟူသော အကြောင်းတရားကြောင့်၊ နာမရူပံ=နာမ်ရုပ်တရားစုသည်၊ သမ္ဘဝတိ=ထင်ထင်ရှားရှား ဖြစ်ပေါ်လာ၏။ နာမရူပပစ္စယာ = နာမ် ရုပ်ဟူသောအကြောင်းတရားကြောင့်၊ သဠာယတနံ=အတွင်းအာယတန ခြောက်ပါးသည်၊ သမ္ဘဝတိ=ထင်ထင်ရှားရှား ဖြစ်ပေါ်လာ၏။ သဠာယတနပစ္စယာ=အတွင်းအာယတန ခြောက်ပါးဟူသော အကြောင်းတရားကြောင့်၊ ဖဿော=ထိခိုက်မှုဖဿ ခြောက်ပါးသည်၊ သမ္ဘဝတိ=ထင်ထင်ရှားရှား ဖြစ်ပေါ်လာ၏။ ဖဿပစ္စယာ=ဖဿခြောက်ပါး အကြောင်းတရားကြောင့် ဝေဒနာ=ခံစားမှု ဝေဒနာ သုံးပါးသည်၊ သမ္ဘဝတိ = ထင်ထင် ရှားရှား ဖြစ်ပေါ်လာ၏။ ဝေဒနာပစ္စယာ=ခံစားမှုဝေဒနာဖြစ်ပေါ်ခြင်း အကြောင်းတရားကြောင့်၊ တဏှာ=အာရုံခြောက်ပါး၌ သာယာနှင်းသက်မှု တဏှာခြောက်ပါးသည် သမ္ဘဝတိ=ထင်ထင်ရှားရှား ဖြစ်ပေါ်လာ၏။ တဏှာပစ္စယာ=တဏှာခြောက်ပါးဟူသော အကြောင်းတရားကြောင့်၊ ဥပါဒါနံ=စွဲလမ်းမှုဥပါဒါန်လေးမျိုးသည်၊ သမ္ဘဝတိ=ထင်ထင်ရှားရှား ဖြစ်ပေါ်လာ၏။ ဥပါဒါနပစ္စယာ=ဥပါဒါန်လေးမျိုးဟူသော အကြောင်းတရားကြောင့်၊ ဘဝေါ=ဘဝပြုပြင်ကြောင်း ကမ္မဘဝနှင့် ဘဝဖြစ်ရာ ဥပပတ္တိဘဝသည်၊ သမ္ဘဝတိ = ထင်ထင်ရှားရှား ဖြစ်ပေါ်လာ၏။ ဘဝပစ္စယာ= ဘဝပြုပြင်ကြောင်း ကမ္မဘဝဟူသော အကြောင်းတရားကြောင့်၊ ဇာတိ=ပဋိသန္ဓေ တည်နေရခြင်းသည်၊ သမ္ဘဝတိ= ထင်ထင်ရှားရှား ဖြစ်ပေါ်လာ၏။ ဇာတိပစ္စယာ=ပဋိသန္ဓေ တည်နေခြင်းဟူသော အကြောင်းတရားကြောင့်၊ ဇရာမရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ=အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ ပြင်းစွာပူပန်ခြင်းတို့သည်၊ သမ္ဘဝန္တိ=ထင်ထင်ရှားရှားဖြစ်ပေါ်လာကုန်၏။ ဧဝံ=ဤသို့၊ ကေဝလဿ=ချမ်းသာမဘက် သက်သက်သော၊ ဒုက္ခက္ခန္ဓဿ=ဒုက္ခအစု၏၊ သမုဒယော=ဖြစ်ပေါ်လာခြင်းသည်၊ဟောတိ=အမှန်မသွေ ဖြစ်ပါပေ၏။

## ပဋိစ္စသမုပ္ပါဒ် ကဗျာနှင့် အဓိပ္ပါယ်အကျဉ်း

### အဝိဇ္ဇာပစ္စယာ သင်္ခါရာ

၁။ သစ္စာလေးမျိုး၊ မှောင်အုပ်စိုး၍၊ ကောင်းကျိုးဆိုးပြစ်၊ သဘောနှစ်ကို၊ စိစစ်ဝေခွဲ၊ မသိပဲ၊ ခေါ်မြဲအဝိဇ္ဇာ။ ။

၂။ အဝိဇ္ဇာယုတ်၊ ပိတ်ကာအုပ်၍၊ ကိုယ်လုပ်နှုတ်တွင်၊ စိတ်ကြံထင်၍၊ ပြုပြင်တတ်ကြောင်း၊ မျိုးစေ့လောင်းသို့၊ ကောင်းမကောင်းစွာ၊ ကြောင်းနှစ်ဖြာကို၊ ပုညာပုည၊ အာနဉ္ဇ၊ ခေါ်ရ သင်္ခါရာ။

လေးသစ္စာဘောင် မှောင်အုပ်စိုးလို့၊ ကောင်းကျိုးဆိုးပြစ် မသိပါ။
ထိုအဝိဇ္ဇာ ပိတ်ကာအုပ်တော့၊ ကိုယ်နှုတ်စိတ်နဲ့ ပြုပြင်တာ။
ခန္ဓာအစဉ် ခင်မင်စွဲလို့၊ အလွဲပြုတော့ အပုညာ။
ဝဋ်ချမ်းသာကို မှန်းကာပြုက၊ လမ်းဖြာပုည အာနဉ္ဇာ။
ကောင်း–မကောင်းမှု အကြောင်းစု၊ ခေါ်မှု သင်္ခါရာ။
အဲ....ဒါက ပဋိစ္စ သမုပ္ပ ဗုဒ္ဓဒေသနာပါ။

သစ္စာလေးပါးကို မသိမမြင်အောင် ဖုံးလွှမ်းပိတ်ကာတတ်သော အဝိဇ္ဇာမောဟ ဟူသော အကြောင်းတရားကြောင့် သတ္တဝါတို့သည် ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ပြုလုပ်ပြောဆို ကြံစည်မှုကို ပြုကြသည်။ ဤသို့ပြုလုပ်ရာ၌ မိမိကိုယ်ကို ခင်မင်၍ မှားယွင်းသော ဒုစရိုက်တရားများကို ပြုလုပ်လျှင် အပုညာဘိသင်္ခါရ ဟု ခေါ်သည်။ သံသရာဝဋ်ဆင်းရဲ၌ဖြစ်သော ချမ်းသာကို ရအောင်ရည်ရွယ်၍ သုစရိုက်တရားများကို ပြုလုပ်လျှင် ပုညာဘိသင်္ခါရ နှင့်အာနဉ္ဇာဘိသင်္ခါရ ဟု ခေါ်သည်။

### သင်္ခါရပစ္စယာ ဝိညာဏံ

၃။ ကောင်း မကောင်းစွာ၊ ကြောင်းသင်္ခါကြောင့်၊ နှစ်ဖြာကောင်းဆိုး၊ ဝိပါက်မျိုးဟု၊ အကျိုး ခြောက်ပါး၊ ဝိညာဏ်များ၊ ခေါ်ငြား ဝိညာဏာ။

ကောင်း ဆိုးပြုပြင် သင်္ခါရကြောင့်၊ ထင်စွာနှစ်ဝ အကျိုးလာ။
ဝိပါက် ဝိညာဉ် ခြောက်ဖြာပ၊ ခြောက်ဒွါရက ပေါ်ရမှာ။
မြင်–ကြား–လျက်–နံ–ထိ–ကြံ–တွေး၊ ဝိညာဏ်ဒွေးလို့ ခေါ်ရတာ။
ပုဂ္ဂိုလ်သတ္တဝါ မှတ်စရာမရှိ၊ ဓာတ်လွှာအတိ ဒို့သူငါ။
ကြောင်းကျိုးနှစ်ချက် သံသာစက်၊ ဆက်လက်လည်နေတာ။
အဲ့ .. ဒါက ပဋိစ္စသမုပ္ပ ဗုဒ္ဓဒေသနာပါ။

ကောင်းမှုမကောင်းမှု ဟူသော အကြောင်း သင်္ခါရများကြောင့် ကောင်းကျိုး,ဆိုးကျိုးဟု ဆိုအပ်သော ဝိပါက်ဝိညာဏ်များ ဖြစ်ပေါ်လာကြသည်။

## ဝိပါက်ဝိညာဉ်ခြောက်မျိုးမှာ

ကောင်းသော မြင်သိမှု၊ မကောင်းသော မြင်သိမှု။
ကောင်းသော ကြားသိမှု၊ မကောင်းသော ကြားသိမှု။
ကောင်းသော နံသိမှု၊ မကောင်းသော နံသိမှု။
ကောင်းသော စားသိမှု၊ မကောင်းသော စားသိမှု။
ကောင်းသော ထိသိမှု၊ မကောင်းသော ထိသိမှု။
ကောင်းသော တွေးသိမှု၊ မကောင်းသောတွေးသိမှု။

## ဝိညာဏ ပစ္စယာ နာမရူပံ

၄။ ဝိညာဏ်ပေါ်မှု၊ အကြောင်းပြု၍၊ သူ့ကိုမှီတွယ်၊ ရောင်စုံချယ်ဘို၊ တင့်တယ်မလှ၊ စေတသိက
နှင့်၊ အဋ္ဌဝီသံ၊ ရုပ်နှင့်နာမ်၊ ခေါ်ရန် နာမ်ရုပ် ပါ။

ဝိညာဏ်ခြောက်လီ ရောက်သည့်မှုကြောင့်၊ ထောက်မှီပြုလို့ ရောင်ချယ်မှာ။
မည်းစေဖြူစေ ဝေကာစိပ်ဘို၊ စေတသိက်က ဒိုပညာ။
လေ မီး ရေ မြေ အခံဘုဘ်ပ၊ အရုံရုပ်က ဉပါဒါ။
သူမှီတွယ်ရာ ရုပ်သဘင်းမို့၊ မကာင်းကောင်းလို့ ဖြစ်ရတာ။
စေတသိက်များ ရုပ်တာ္ား၊ ခေါ်ကြြား နာမ်ရုပ် ပါ။
အဲ....ဒါက ပဋိစ္စ သမုပ္ပ၊ ဗုဒ္ဓဒေသနာပါ။

ထိုဝိညာဏ်ခြောက်ပါးကို အမှီပြု၍ သူ့ကိုပင် မကောင်းသောစိတ် ကောင်းသောစိတ်ဟု အမည်းအဖြူ အရောင်ချယ်ရန် စေတသိက်ငါးဆယ့်နှစ်ပါးနှင့် ပထဝီ၊ အာပေါ၊ တေဇော၊ဝါယော ဟု ဆိုအပ်သော အခြေခံ မဟာဘုတ်လေးပါး အခြံအရံရုပ် ၂၄ ပါးတို့သည် မကင်းရာ မကင်း ကြောင်း ဖြစ်ပေါ်လာကြသည်။(စေတသိက် ၅၂ ပါးနှင့် ရုပ်တရားများကို နာမ်ရုပ်ဟုခေါ်သည်)။

## နာမရူပ ပစ္စယာ သဠာယတနံ

### သဠာယတန ပစ္စယာ ဖဿော

၅။ နာမရူပံ၊ အကြောင်းခံ၍၊ ခြောက်တန်အကြည်၊ ဓာတ်မှန်တည်ကာ၊ ငါးလီရုပ်မှတ်၊မနောဓာတ်၊.ခေါ်လတ် သဠာယတနာ။

၆။ သဠာယတန်၊ သဘာဝကြောင့်၊ ပြင်ဆအာရုံ၊ လက်ခံတုံ၍၊ တွေ့ဆုံထိကြ၊ သဘောက ဖဿ မည့်တွင်ကာ။

နာမ်ရုပ်နှစ်တန်၊ နောက်ခံပြုလို့၊ ခြောက်တန်အစု ခေတ်အကြည်။
မျက်စေ့ နား နှာ လျှာ ကိုယ် မနော၊ ထိုသဘောက သဠာယတည်။
အကြောင်းသဠာယတနကြောင့်၊ ပြင်အာရုံ ဆ တိုက်ဆိုင်ပြီ။
အကြည်အာရုံ ငြိလာဟင်မှ၊ ထိကာ ဖဿ ဖြစ်ရသည်။
သဠာယတန အကြောင်းပြ၊ ဖဿခြောက်ခုအဘည်။
အဲ....ဒါက ပဋိစ္စ သမုပ္ပ၊ ဗုဒ္ဓဒေသနာ တလီ။

နာမ် ရုပ်တရား နှစ်ပါးကို အခံပြု၍ပင် မျက်စိအကြည်ခေတ်၊ နား အကြည်ခေတ်၊ နှာခေါင်း အကြည်ခေတ်၊ လျှာ အကြည်ခေတ်၊ ကိုယ် အကြည်ခေတ်၊ စိတ်အကြည်ခေတ်ဟု ဆိုအပ်သော အတွင်း အာယတနခြောက်ပါးကို သဠာယတနဟု ခေါ်သည်။ ဤသို့ အတွင်း အကြည်ခေတ် ခြောက်ပါးရှိနေလျှင် အပြင် အာယတနခြောက်ပါ ဖြစ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ ထိစရာ တွေးသိစရာတို့နှင့် ဆုံမိ ထိခိုက်မိကြတော့သည်။ ဤသို့ အတွင်း အကြည်ခေတ်များနှင့် အပြင်အာရုံများ တိုက်ဆိုင်မှုကို ဖဿ ဟု ခေါ်သည်။

## ဖဿပစ္စယာ ဝေဒနာ

၇။ ဖဿခြောက်ခု၊အရင်းပြု၍၊သုခ ဒုက္ခာ၊ ဥပေက္ခာဟု၊ ခြောက်အာရုံစုံ၊ခံစံမှု၊ ခေါ်ပြု ဝေဒနာ။

ဖဿခြောက်တန် ထောက်ကန်ပြုပြီ၊ ခံမှုစံမှု ခြောက်ခုဖြာ။
ဣဋ္ဌာ နိဋ္ဌာ လျှစ်လျူရှု၊ သုခ ဒုက္ခ ဥပေက္ခာ။
ဖဿလာလျှင် ဝေဒနာ ဘဲမို့၊ မကွာတွဲလို့ အမြဲပါ။
ဒိဋ္ဌိ မာန တဏှာစွဲကို၊ အသာခွဲဘို့ ရှုစရာ။
ဝေဒနာစု ပေါ်တိုင်းရှု၊ အနုပဿနာ။
အဲ....ဒါက ပဋိစ္စ သမုပ္ပ၊ ဗုဒ္ဓဒေသနာပါ။

ဤသို့ တိုက်ဆိုင်မှု ဖဿတရားများ ဖြစ်ပေါ်သောအခါ ကောင်းသော ဣဋ္ဌာရုံ နှင့် တွေ့လျှင် သုခဝေဒနာ၊ မကောင်းသော အနိဋ္ဌာရုံနှင့်တွေ့လျှင် ဒုက္ခဝေဒနာ၊ ကောင်းမကောင်း မဆိုသာသော အလတ်တန်းစား အာရုံနှင့်တွေ့လျှင် ဥပေက္ခာဝေဒနာ ဖြစ်ပေါ်သည်။

## ဝေဒနာပစ္စယာ တဏှာ

၈။ ဝေဒနာအကြောင်း၊ဆိုကာပေါင်းသော်၊ မကောင်းတွေ့လျှင်၊ ကောင်းလိုချင်၍၊ ကောင်းလျှင် ပိုမို၊ရယူလိုသည်၊ထိုထိုအာရုံ၊ကာမဂုဏ်၌၊ ခုံမင်တတ်သော၊ ခေတ်သဘော၊ လောဘနု တဏှာ။

ဖြစ်တိုင်းရုပ်နာမ် ဉာဏ်ဟာမစောင့်လို့၊ ဝေဒနာကြောင့် တဏှာဝင်။
မကောင်းအာရုံ ပေါင်းဆုံတွေ့တော့၊ ကောင်းပေ့ဆိုမှ သူခုံမင်။
ကောင်းတဲ့အာရုံ ကြုံလာလတ်တော့၊ ထပ်ကာသူကြိုက် ယူလိုက်ချင်။
လောဘတဏှာ တာရှည်ထားတော့၊ ကြာလေကားတဲ့ ကတော့သွင်။
မီး ပင်လယ်အလား ဧကျွးတိုင်းစား၊ ခြောက်ပါး တဏှာ ရှင်။
အဲ....ဒါက ပဋိစ္စ သမုပ္ပ၊ ဗုဒ္ဓဒေသနာပင်။

ရုပ်နာမ်ဖြစ်ပေါ်တိုင်း ဉာဏ်ဖြင့်မရှုမှတ်လျှင် သာယာမှုတဏှာ ဖြစ်ပေါ်သည်။ မကောင်းသော အာရုံနှင့်တွေ့လျှင် ကောင်းသောအာရုံကို မျှော်သည်၊ လိုချင်သည်။ကောင်းသောအာရုံနှင့်ကြုံတွေ့ရလျှင် ထပ်ကာထပ်ကာလိုချင်သည်။ ဤတဏှာကို လွှတ်ထားလျှင် ကြာလေ ကြီးလေ အဝကျယ် ကားလေဖြစ်သော ကတော့ကြီးကဲ့သို့ အတောမသတ် ဖြစ်သွားတတ်သည်။ မီးသည် ထည့်သမျှ လောင်သကဲ့သို့လည်းကောင်း၊ ပင်လယ်သည် စီးဝင်သမျှရေကို လက်ခံ၍ မပြည့်နိုင်သကဲ့သို့လည်းကောင်း ဖြစ်သည်။

တဏှာပစ္စယာ ဥပါဒါနံ

၉။ တဏှာအနု၊ အချကြောင်းပြု၍၊ ခြောက်ခုအာရုံ၊ ကာမဂုဏ်၌၊ အာရုံတင်းလင်း၊ အစွဲပြင်း ခေါ်လျှင်း ကာမုပါ။

အမြင်ယွင်းဖောက်၊ အယူမှောက်၍၊ ခြောက်ဆယ့်နှစ်ပါး၊ ဒိဋ္ဌိများ၌၊ စွဲအားပြင်းမှု၊ အကြောင်းပြု၊ ဒိဋ္ဌုပါဒါနာ။

ခွေးနွားကျင့်စဉ်၊ အကောင်းထင်၍၊ အမြင်ယွင်းကွက်၊ အကျင့်ပျက်ကို၊ နှစ်သက်သမှု၊ စွဲမှတ်ပြု၊ သီလဗ္ဗတု ပါဒ့ါနာ။

ပရမတ္ထ ၊သဘောမှန်ဝယ်၊ရုပ်နာမ်ကလွဲ၊ရှိပါဖွဲကို၊ငါစွဲပြင်းပြ၊စွဲလမ်းက၊အတ္တဝါဒုပါဒါနာ။

ခြောက်ကာမဂုဏ် အာရုံဖက်လို့၊ စုံမက်စွဲမှု ကာမုပါ။
ခြောက်ဆယ့်နှစ်ဖြာ အယူမှားတို့၊ တအားစွဲဘိ ဒိဋ္ဌိသာ။
ခွေး-နွားကျင့်စဉ် ခင်မင်ကြိုက်လို့၊ အမြင်မိုက်တော့ သီလဗ္ဗတာ။
ပရမတ်နာမ် ရုပ်လွှာခဲကို၊ အဟုတ်ငါစွဲတော့ အတ္တဝါ။
တဏှာအနု အချင်းပြု၊ လေးခု ဥပါဒါ။
အဲ....ဒါက ပဋိစ္စ သမုပ္ပ၊ ဗုဒ္ဓဒေသနာပါ။

လိုချင်မှုတဏှာကို အကြောင်းပြု၍ ရရှိသော ကာမအာရုံအပေါ်၌ ပြင်းထန်စွာ စွဲလမ်းမှု ကာမုပါဒါန်၊

ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိအယူများ၌သော်လည်းကောင်း၊ မှားယွင်း ဖောက်ပြန်နေသော မိမိတို့၏ အယူဝါဒအပေါ်၌လည်းကောင်း ပြင်းထန်စွာစွဲလမ်းမှု ဒိဋ္ဌုပါဒါန်၊

နွေးအကျင့် နွားအကျင့်စသည်၌ နှစ်သက်စွဲလမ်းမှု သီလဗ္ဗတုပါဒါန်၊

ရုပ်နာမ်အစဉ် ရုပ်နာမ်တရားမျှသာဖြစ်သော မိမိခန္ဓာကိုယ်၌ ငါ....ဟူသော အစွဲပြင်းပြမှု အတ္တဝါဒုပါဒါန်....တို့ ဖြစ်ပေါ်လာကုန်၏။

## ဥပါဒါနပစ္စယာ ဘဝေါ

၁၀။ ဥပါဒါန်ဟူ၊ စွဲလမ်းမှုကြောင့်၊ ကောင်းမှုကုသိုလ်၊ အကုသိုလ်၊ ပြုလို ကမ္မဘဝါ။

လေးဥပါဒါန် မြင်တာရှိုင်းလို့၊ ထင်ရာစိုင်းတော့ ကမ္မဘဝါ။
ဒုစရိုက်ဆယ် တကယ်ပွားတော့၊ အပါယ်လားဘို့ လမ်းတဖြာ။
ဝဋ်ချမ်းသာကို မှန်းကာဖက်တော့၊ ချမ်းသာတကွက် ရေပွက်ပမာ။
မြေကမ္ဘာမှာ ခြေရာထပ်လို့၊ သေစရာမပြတ် ခေတ်ခန္ဓာ။
ဥပါဒါန အကြောင်းပြု၊ ဘဝဝဋ်ချာချာ။
အဲ့....ဒါက ပဋိစ္စ သမုပ္ပ၊ ဗုဒ္ဓဒေသနာပါ။

အစွဲပြင်းပြမှု ဥပါဒါန်ဟူသော အကြောင်းတရားကြောင့် အပါယ်လားကြောင်း ဒုစရိုက်တရားများကိုပွားခြင်း။ သံသရာဝဋ်၌ မှီသော ချမ်းသာကိုရည်ရွယ်၍ သုစရိုက်တရားပွားများခြင်းတည်းဟူသော သံသရာဝပ် အဖန်ဖန် အိုနာ သေကြောင်းဖြစ်သော ကမ္မဘဝတို့ဖြစ်ပေါ်လာကုန်၏။

## ဘဝ ပစ္စယာ ဇာတိ

၁၁။ မကောင်း ကောင်းမှုန်၊ ဘဝကံကြောင့်၊ လေးတန်အပါယ်၊ လူနတ်ဝယ်၊ ဖြစ်ဖွယ် ဇာတိပါ။

ဝဋ်ကိုတွယ်တာ ကံဟာအမှီမို့၊ ခန္ဓာဇာတိ ဖြစ်လို့လာ။
မကောင်းကြမ္မာ လွှဲကာဘိတော့၊ ငရဲ တိရစ် ပြိတ် အသူရာ။
ကောင်းမှုခေတ်ဖြူ ထပ်ကူပိုးတော့၊ နတ်လူမျိုးနဲ့ မိုးဗြဟ္မာ။
မိုးလေမမြင် ရှင်ပျော်ကြူးလို့၊ မီးပေါ်မြူးတဲ့ ပိုးပမာ။
ဘဝတခု အကြောင်းပြု၊ ဖြစ်မှု ဇာတိ မှာ။
အဲ့...ဒါက ပဋိစ္စ သမုပ္ပ၊ ဗုဒ္ဓဒေသနာပါ။

မကောင်းသော ကမ္မဘဝကြောင့် အပါယ်ဒုဂ္ဂတိဘုံဘဝ၌ ဇာတိ...ပဋိသန္ဓေတည်နေရသည်။
ကောင်းသော ကမ္မဘဝကြောင့် လူနတ်ဘဝ သုဂတိ ဘုံဘဝ၌ ဇာတိ...ပဋိသန္ဓေ တည်နေရသည်။

## ဇာတိပစ္စယာ ဇရာမရဏ(လ)ဟောတိ

၁၂။ ဇာတိသန္ဓေ၊ ခန္ဓာမွေ့၍၊ နာသေအိုမင်း၊ ပျက်ပြိုခြင်းနှင့်၊ ကွေ့ကွင်းတတ်ကြ၊ ဗျသနကြောင့်၊ ဒုက္ခမိုးတိမ်၊ တွေ့လာချိန်၌၊ စိုးရိမ်ပူဆွေး၊ ငိုဟစ်ကြွေး၍၊ ညစ်ထေးစိတ်စက်၊ ထိမ်ကိုနှက်သို့၊ မသက်မသာ၊ ခံရရှာသည်၊ ချမ်းသာတကွက်၊ မရောယှက်ပဲ၊ သက်သက်ဆင်းရဲ၊ ခံရနဲသည်၊ မလွဲမှန်စွာ ဖြစ်ထုံးတည်း။

ဇာတိဖန်လာ ခန္ဓာရတော့၊ ဇရာ မရဏ စခန်းဖြာ။
မျက်စေ့မှုံပြာ၊ နား‌ပါထိုင်းလို့၊ ခါးကိုင်း သွားကျိုး ဆံဖြူကာ။
ပစ္စည်းဥစ္စာ ဆွေညာတသင်းနဲ့၊ ကွေကွာကင်းလို့ သေရမှာ။
စိုးရိမ်ပူပို ငိုဟစ်ကြွေးလို့၊ ညစ်ထေးစိတ်စက် မသက်သာ။
ဒုက္ခသက်သက် မရောယှက်၊ ဆက်ဆက်ဖြစ်လို့လာ။
အဲ....ဒါက ပဋိစ္စ သမုပ္ပ ဗုဒ္ဓ ဒေသနာပါ။

ဇာတိဟူသော ခန္ဓာ ပဋိသန္ဓေတည်နေမှုကြောင့် အိုမှု နာမှု သေမှုတို့အပြင် ဗျသနတရားများနှင့်လည်း တွေ့ကြုံရ၍ စိုးရိမ်ခြင်း ပူဆွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပူပန်မှုတို့ များစွာဖြစ်ရသည်။ ချမ်းသာ အစစ်အမှန်မရှိပဲ သက်သက်ဆင်းရဲအစုသာ ဖြစ်ပေါ်နေသည်။

---

## ကံနှင့် ကံ၏ အကျိုးတရား

(စူဠကမ္မဝိဘင်္ဂသုတ်)

အခါတပါး၌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီးတင်းသုံးနေတော်မူစဉ် တောဒေယျ ပုဏ္ဏား၏ သားဖြစ်သူ သုဘ လုလင်သည် ဘုရားရှင်၏အထံတော်သို့ လာရောက်ပြီးလျှင် ဤသို့မေးမြန်း လျှောက်ထားလေသည်။

"အရှင်ဘုရား ဤလောက၌ လူအဖြစ်ချင်း တူပါလျက် အသက် တို ရှည် ကွဲပြားမှု၊ အနာရောဂါ အများအနည်း ကွဲပြားမှု၊ ရုပ်အဆင်းမလှ....အလှကွဲပြားမှု၊ အခြွေအရံ အနည်းအများ ကွဲပြားမှု၊ စည်းစိမ်ဥစ္စာ အနည်းအများ ကွဲပြားမှု၊ အမျိုးဇာတ် အနိမ့်အမြင့် ကွဲပြားမှု၊ ဉာဏ်ပညာ အနည်းအများ ကွဲပြားမှုတို့ကို တွေ့မြင်ရပါသည်။ အဘယ်အကြောင်းကြောင့် ဤကဲ့သို့ အယုတ် အမြတ် ကွာခြား ကွဲပြားနေရပါသနည်း။"

ထိုအခါ မြတ်စွာဘုရားက "အမောင်လုလင်၊ ဤသို့အယုတ်အမြတ် ကွဲပြားခြင်းငှာ ကံသည် သတ္တဝါတို့ကို ဝေဖန်ပိုင်းခြားလေသည်" ဟု အကျဉ်း မိန့်တော်မူလေသည်။ ထိုအခါ သုဘလုလင်က "အရှင်ဘုရား ဤသို့အကျဉ်းဟောရုံမျှဖြင့် အပြည့်အစုံနားမလည်နိုင်ပါ၊ ထို့ကြောင့် အကျယ်ဟောတော်မူပါဦး" ဟု တောင်းပန်သောကြောင့် မြတ်စွာဘုရားသည် အောက်ပါအတိုင်း ဆက်လက်ဟောတော်မူလေသည်။

"အိုလုလင်၊ သတ္တဝါတို့သည် သူတပါးအသက်ကို သတ်ခဲ့သည့်အတွက်ကြောင့် အသက်တိုကြရသည်။ သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့ကြသောကြောင့် အသက်ရှည်ကြသည်။ သူတပါးကို နာကျင်ကျိုးကန်းဖြစ်အောင် နှိပ်စက်ညှဉ်းဆဲခဲ့ကြသောကြောင့် အနာရောဂါများကြသည်။ နှိပ်စက်ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်ခဲ့ကြခြင်းကြောင့် အနာရောဂါ နည်းပါးကြသည်။ ဒေါသအမျက်ကြီးခဲ့ကြသောကြောင့် အဆင်းမလှ ဖြစ်ကြရသည်။ အမျက်ဒေါသနည်းပါးခဲ့ကြခြင်းကြောင့် အဆင်းလှကြသည်။ သူတပါးကြီးပွားချမ်းသာသည်ကို မနာလို ဝန်တို ဖြစ်ခဲ့ကြခြင်းကြောင့် အခြွေအရံနည်းကြသည်။ မနာလိုဝန်တိုမှု မဖြစ်ခဲ့ခြင်းကြောင့် အခြွေအရံများကြသည်။ မလှူဒါန်း မပေးကမ်းခဲ့ကြခြင်းကြောင့် စည်းစိမ်ဥစ္စာနည်းကြသည်။ ပေးကမ်းလှူဒါန်းခဲ့ကြခြင်းကြောင့် စည်းစိမ်ဥစ္စာများကြသည်။ မာနကြီးမား မာန်ထောင်လွှားခဲ့ကြသောကြောင့် အမျိုးဇာတ်နိမ့်ကျကြရသည်။ မာနမကြီး မာန်မထောင်လွှားခဲ့ကြသောကြောင့် အမျိုးဇာတ်မြင့်ကြရသည်။ ရှာဖွေစုံစမ်းမေးမြန်းမှု မရှိခဲ့ကြသောကြောင့် ပညာနည်းပါးသည်။ ရှာဖွေစုံစမ်း မေးမြန်းမှု ရှိခဲ့ကြသောကြောင့် ပညာကြီးမားကြသည်။ ဤကဲ့သို့ ကံသည်လျှင် သတ္တဝါတို့ကို အယုတ်အမြတ်ဖြစ်အောင် ဝေဖန်ပိုင်းခြားလေသည်။

ဤတရားတော်ကိုထောက်၍ သူငယ်တို့သည် ကံနှင့် ကံ၏အကျိုးတရားတို့ကို ယုံကြည်ကြပြီးလျှင် တိရစ္ဆာန်ငယ်ကလေးများကို သတ်ဖြတ်ခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်း စသည်တို့ကိုရှောင်ကြဉ်ကြရမည်။

၁။ သူ့ကိုသတ်ဖြတ်၊ သက်တိုတတ်၊ မသတ် အသက်ရှည်။

၂။ ညှဉ်းဆဲသူကား၊ အနာများ၊ သနား ကျန်းမာသည်။

၃။ ဒေါသမီးလျှံ၊ အကျည်းတန်၊ သည်းခံ လှပသည်။

၄။ မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာ ခြွေရံစည်။

၅။ မပေးလှူက၊ မွဲပြာကျ၊ လှူမှ ပေါကြွယ်သည်။

၆။ မာနထောင်လွှား၊ မျိုးယုတ်ငြား၊ မထောင်လွှား မျိုးမြတ်ကည်။

၇။ မမေးမမြန်း ဉာဏ်မြင်ကန်း၊ စုံစမ်း ဉာဏ်ကြီးသည်။

၈။ ဆိုးတာပြုက၊ ဆိုးတာရ၊ ကောင်းမှ ကောင်းစားသည်။

၉။ ဆိုးကောင်းနှစ်တန်၊ ကံစီမံ၊ ခံစံကြရသည်။

မဟာစည်ဆရာတော်

# မင်္ဂလသုတ်ပါဠိနှင့် မြန်မာပြန်

ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ။ ။
ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမဟေ။ ။

နတ်နှင့်တကွသော လူတို့သည် ၁၂-နှစ်လောက်ကြာအောင် အကြင်မင်္ဂလာတရားတော်ကို ကြံစည်စဉ်းစားခဲ့ကြပါကုန်ပြီ၊ စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်၍ ကောင်းမြတ်သော မင်္ဂလာကို မသိနိုင်ကြပါကုန်၊ နတ်တို့၏ မင်းဖြစ်တော်မူသော မြတ်စွာဘုရားသည် အလုံးစုံသော မကောင်းမှုကို ပယ်ဖျောက်နိုင်သော ထိုမင်္ဂလာကို အလုံးစုံသော သတ္တဝါတို့၏ အစီးအပွားအလို့ငှါ ဟောတော်မူအပ်ပြီ၊ ထိုမင်္ဂလာတရားတော်ကို ငါတို့ ရွတ်ဆိုကြပါကုန်စို့။

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ
ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ
ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊
ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။
ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

အရှင်ဘုရား တပည့်တော်သည် ဤမင်္ဂလသုတ်တော်ကို မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ဤသို့ ကြားနာ မှတ်သား ဆောင်ထားလိုက်ရပါသည် အရှင်ဘုရား။

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၏ အနီး အနာထပိဏ်သူဋ္ဌေး၏ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူပါသည်။ ထိုအခါ အမျိုးအမည်အားဖြင့် မထင်ရှားသော နတ်သားတယောက်သည် ညဉ့်ဦးယံလွန်ပြီးသော သန်းခေါင်အချိန်ဝယ် အလွန် နှစ်လိုဘွယ်အဆင်းရှိသည်ဖြစ်၍ အလုံးစုံသော ဇေတဝန်ကျောင်းတော်ကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေလျက် မြတ်စွာဘုရားရှိရာအရပ်သို့ ချဉ်းကပ်ကာ ဝပ်ချပြီးလျှင် သင့်လျော်သောနေရာ၌ ရပ်နေပါသည် ဘုရား။ သင့်လျော်သောအရပ်၌ ရပ်နေပြီးသော် ထိုနတ်သားသည် မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်ထားပါသည် အရှင်ဘုရား။

ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။ ။

များစွာကုန်သော နတ်နှင့် လူတို့သည် ကြီးပွားခြင်း၊ ချမ်းသာခြင်းကို လိုချင်တောင့်တကုန်သည်ဖြစ်၍ မင်္ဂလာတို့ကို စဉ်းစား ကြံစည်ခဲ့ပါကုန်ပြီ၊ ရှင်တော်မြတ်ဘုရားသည် ကောင်းမြတ်သောမင်္ဂလာကို ဟောတော်မူပါအရှင်ဘုရား။

(စီးပွားချမ်းသာ၊ အဖြာဖြာကို၊ အာသာမကျ်မော။ လိုချင်ဇောနှင့်၊
လူရောနတ်ပါ၊မင်္ဂလာကို၊ထွေရာလေးပါး၊ ကြံစဉ်းစား၍၊အများသင့်လျော်
မရသော်ကြောင့်၊ ရှင်တော်ဘုရား၊ ထိုတရားကို၊ ဟောကြားချီးမြှင့်တော်
မူပါဘုရား)

အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊
ပူဇာ စ ပူဇနီယာနံ၊ ဧတံ မင်္ဂလမုတ္တမံ။ ။

လူမိုက်တို့ကို မပေါင်းခြင်း၊ လူလိမ္မာပညာရှိတို့ကို ပေါင်းခြင်း၊ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း၊ဤ ၃ ပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏၊

(လူမိုက်ကြဉ်ခွါ၊ ပညာရှိပေါင်း၊ ပူဇော်ကောင်းသူ၊ ပူဇော်မူ၊ မှတ်ယူမင်္ဂလာ)

ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ၊
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။ ။

သင့်လျော်လျောက်ပတ်သောအရပ်၌ နေရခြင်း ရှေးရှေးဘဝက ကုသိုလ်ကောင်းမှုပြုခဲ့ခြင်း၊ မိမိကိုယ်နှင့် စိတ်ကို ကောင်းစွာထားခြင်း၊ဤ ၃-ပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

(သင့်ရာနေရေး၊ ရှေးပြုကုသိုလ်၊ ကိုယ်စိတ်နှစ်ပါး၊ ကောင်းစွာထား၊
မှတ်သားမင်္ဂလာ)

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော၊
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။ ။

အကြားအမြင်များသောသူဖြစ်ခြင်း၊ စက်မှုလက်မှုပညာကို တတ်မြောက်ခြင်း။ ဝိနည်းတရား၊ လူမှုရေးရာကျင့်ဝတ်များကို ကောင်းစွာသင်ခြင်း၊ ကောင်းသောစကားကို ပြောဆိုခြင်း၊ ဤလေးပါးသည် ကောင်းမြတ်သောမင်္ဂလာဖြစ်၏။

(ကြားမြင်ပြည့်ဝ၊ သိပ္ပကျွမ်းကျင်၊ ဝိနည်းသင်၍၊ ယဉ်ကျေးမှုထား၊
စကားကောင်းကို၊ ပြောကြားဆို၊ မှတ်သိမင်္ဂလာ)

မာတာပိတုဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။

အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။ ။

မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း၊ သားသမီးနှင့် ဇနီးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်း၊ မရှုပ်ထွေး မပွေလီသော အလုပ်ကို လုပ်ခြင်း၊ ဤ ၃-ပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

(မိဘကျွေးထား၊ သားမယားချီးပင့်၊ ရှင်းသင့်လုပ်ငန်း၊ မရှုပ်တမ်း၊
မှတ်စမ်းမင်္ဂလာ)

ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။

အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။

စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊ သုစရိုက်တရားကိုကျင့်ခြင်း၊အဆွေအမျိုးတို့ကိုထောက်ပံ့ခြင်း၊ အပြစ်မရှိသော အလုပ်တို့ကိုလုပ်ခြင်း၊ ဤ၄-ပါးသည် ကောင်းမြတ်သောမင်္ဂလာဖြစ်၏။

(ပေးလှူဒါန်းမှု၊ သုစရိုက်ကျင့်၊ ထောက်ပင့်မျိုးဆွေ၊ ပြစ်တွေကင်းငြား၊
အလုပ်များ၊ မှတ်သားမင်္ဂလာ)

အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။ ။

မကောင်းမှုမှ စိတ်ဖြင့်ရှောင်ခြင်း၊ ကိုယ်နှုတ်တို့ဖြင့်ရှောင်ခြင်း၊ သေရည် အရက် သောက်ခြင်းမှ စောင့်စည်းခြင်း၊ ကုသိုလ်တရားတို့၌ မမေ့လျော့ခြင်း၊ ဤ ၃-ပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

(မကောင်းမှုကြဉ်သွေ၊ သေရည် ရှောင်လေ့၊ မမေ့တရား ဤသည်ကား၊
မှတ်သားမင်္ဂလာ)

ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ။

ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။ ။

ရိုသေလေးစားထိုက်သူကို ရိုသေလေးစားခြင်း၊မိမိကိုယ်ကို နှိမ့်ချခြင်း၊ ရသမျှနှင့်တင်းတိမ် ရောင့်ရဲခြင်း၊ သူ့ ကျေးဇူးကို သိတတ်ခြင်း၊သင့်လျော်သောအခါ၌ တရားနာယူခြင်း၊ ဤ ၅-ပါး သည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

(လေးစားအောက်ကျို့၊ ကိုယ့်ကိုနှိမ့်ချ၊ ရသမျှနှင့်၊ မျှတမှုရေး၊
သူ့ကျေးဇူးသိ၊ သင့်မည့်ချိန်များ၊ နာတရား၊ မှတ်သားမင်္ဂလာ)

ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ၊
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံမင်္ဂလမုတ္တမံ။ ။

သည်းခံခြင်း၊ ပြောဆိုဆုံးမ၍ လိုက်နာလွယ်ခြင်း၊ ရဟန်းတော်များကို ဖူးမြင်ခြင်း၊ သင့်လျော်သောအခါ၌ တရားစကားကို ဆွေးနွေးမေးမြန်းခြင်း၊ ဤ ၄ ပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

(သည်းခံလုံ့ဝ၊ ဆုံးမလွယ်ချင်၊ ဖူးမြင်ရဟန်း၊မေးမြန်း တရား၊
ဆွေးနွေးငြား၊ မှတ်သား မင်္ဂလာ)

တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ၊
နိဗ္ဗာန သစ္ဆိကိရိယာစ၊ ဧတံ မင်္ဂလ မုတ္တမံ။ ။

ခြိုးခြံစွာကျင့်ခြင်း၊ မေတုန်မှုမှ ရှောင်ခြင်း၊ အရိယသစ္စာကို သိမြင်ခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ ဤ ၄ ပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

(ခြိုးခြံကျင့်ရာ၊ မေထုန်ခွါ၍၊ သစ္စာလေးတန်၊ အမြင်မှန်လျက်၊
နိဗ္ဗာန်ငြိမ်းမှု၊ မျက်မှောက်ပြု၊ မှတ်ရှုမင်္ဂလာ။)

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ ၊ဧတံ မင်္ဂလ မုတ္တမံ။ ။

လောကဓံတရားတို့နှင့် တွေ့ကြုံလျှင် စိတ်မတုန်လှုပ်ခြင်း၊ ဝမ်းမနည်းခြင်း၊ မမက်မောခြင်း၊ ဘေးမရှိခြင်း၊ ဤ ၄ ပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

(လောကဓံကြုံ၊ အကြောင်းဆုံသော်၊ မတုန်စိတ်တွင်း၊ စိုးရိမ်ကင်းလျက်၊
မက်ခြင်းဝေး၏၊ ဘေးမရှိ၊ မှတ်သိ မင်္ဂလာ)

ဧတာဒိသာနိ ကတ္ဝာန၊ သဗ္ဗတ္ထ မပရာဇိတာ၊
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ မုတ္တမံ။ ။

(ဒုတိယအကြိမ်)

ဤမင်္ဂလာတို့ကို ပြုကြသောကြောင့် ရန်သူအားလုံးတို့နှင့် ရင်ဆိုင်ရာတွင် အရှုံးမရှိပဲ၊ နေရာတကာဝယ် ချမ်းသာခြင်းသို့ ရောက်ကြရ၏။ ထိုအောင်နိုင်သူတို့၏ ထိုချမ်းသာသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

(သုံး ဆဲ့ရှစ်ဖြာ၊ မင်္ဂလာကို၊ ကောင်းစွာကျင့်မှု၊ အကြောင်းပြု၍၊
ရန်တုသမျှ၊ မရှုံးကြပဲ၊ လုံးဝရယူ၊ ချမ်းသာဟူ၏။ အောင်သူရရာ၊
ထိုချမ်းသာ၊ မင်္ဂလာဟုမှတ်။)

---

# ဒဂုန်ဦးထွန်းမြင့်၏ မင်္ဂလာကဗျာ

## အသေဝနာ စဗာလာနံ

၁။ လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊ မမှိဝဲနှင့်ကင်းအောင်နေ။
ပညာရှိကို အရှည်တွဲလို့၊ မှိဝဲဆည်းကပ် နည်းယူစေ။
သုံးပါးရတနာ မိဘများနှင့်၊ ဆရာသမားကို ပူဇော်လေ။
ချမ်းသာကိုပေး ဆက်ဆံရေး၊ မျှော်တွေးသုံးချက်ပေ။
အဲ….ဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## ပတိရူပဒေသ ဝါသောစ

၂။ ကုသိုလ်ပညာ ဥစ္စာရဘို့၊ သင့်ရာဒေသ အမြဲနေ။
ရှေးကတင်ကြို ပြုခဲ့ဘူးသည့်၊ ကောင်းမှုအထူး ရှိပါစေ။
ယိမ်းကိုယ်ကို ကောင်းအောင်ထိန်းလို့၊ မတိမ်းစေနဲ့ ဆောက်တည်လေ။
ဥစ္စာကိုပေး နေထိုင်ရေး၊ မျှော်တွေးသုံးချက်ပေ။
အဲ….ဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## ဗာဟုသစ္စဉ္စ

၃။ တတ်ကောင်းတတ်ရာ ဟူသမျှကို၊ ကြားမြင်သုတ ရှိပါစေ။
အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊ အသက်မွေးဘို့ အတတ်သင်လေ။
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊ ကောင်းစွာသင်ကြား နားလည်စေ။
မှန်ကန်ယဉ်ကျေး ချိုသာအေး၊ ဆိုရေးတတ်ပါစေ။
အဲ….ဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## မာတာပိတု ဥပဋ္ဌာနံ

၄။ မြင်းမိုရ်ရွှေတောင် မိဘကျေးကို၊ ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။
ကြွေးသစ်ချကာ သားနှင့်မယား၊ မြှောက်စားချီးမြှင့် ဝတ်ကုန်စေ။
အလုပ်တာဝန် မလစ်ဟင်းနဲ့၊ အပြစ်ကင်းအောင် လုပ်ပါလေ့။
စည်းစိမ်ကိုပေး ပြုစုရေး၊ မျှော်တွေးသုံးချက်ပေ။
အဲ....ဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## ဒါနဥ္စ

၅။ သုံးတန်စေတနာ ဖြူစင်လန်းလို့၊ ပေးကမ်းဝေမျှ လှူနိုင်စေ။
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့၊ သုစရိုက်တရားကို ကျင့်ပါလေ။
ဆွေမျိုးတွေကို ပြင်ပမထားနဲ့၊ သင်္ဂဟတရားနှင့် ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး လူထုအကျိုး၊ သည်ပိုး ရွက်ဆောင်စေ။
အဲ....ဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## အာရတိ ဝိရတိ

၆။ မကောင်းမှုတွေ ဟူသမျှကို၊ မတွေ့ခင်က ရှောင်ကြဉ်လေ။
တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့၊ အထူးသဖြင့် စောင့်စည်းနေ။
အရက်သေစာ မသောက်စားနဲ့၊ မေ့မှာက်မှားတတ်တဲ့အရာပေ။
လုပ်ကိုင်ပြောကြား သတိထား၊ တရားမမေ့စေ။
အဲ....ဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## ဂါရဝေါစ

၇။ အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊ ဆည်းကပ်ခစား ရိုသေသေ။
မာနတံခွန် ဂုဏ်မကြွနဲ့၊ ကိုယ့်ကိုနှိမ့်ချ အမြဲနေ။
လောဘအပို လိုမှလိုက်နဲ့၊ ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ။
ကိုယ့်ပေါ်ပြုဘူး သူ့ကျေးဇူး၊ အထူးသိတတ်စေ။
ကောင်းကျိုးဆင့်ပွား မြတ်တရား၊ နာကြားမပြတ်ပေ။
အဲ....ဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ရှုမှတ်ဖွယ်

### ခန္တီ စ

၈။ ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊ စိတ်ကိုချုပ်ထိန်း သည်းခံလေ။
ကျိုးကြောင်းပြည့်ဆုံးမစကားကို၊ ပြောကြားလာက နားလွယ်စေ။
သူမြတ်ပုဂ္ဂိုလ် ဟူသမျှ၊ မကြာခဏ တွေ့ဆုံလေ။
သဘာဝတွေး မှန်ကန်ရေး၊ ဆွေးနွေးမပြတ်ခပေ။
အဲ....ဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

### တပေါ စ

၉။ လောကီအာရုံ ဇိမ်ယစ်မှုးလို့၊ ပျော်မကြူးနဲ့ ခြိုးခြံလေ။
မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့၊ သူမြတ်ကျင့်ထုံး ယှဉ်းမသွေ။
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊ အမှန်သိအောင် ကြိုးစားလေ။
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း၊ အလင်းပေါက်နိုင်ရေ။
အဲ...ဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

### ဖုဋ္ဌဿ

၁၀။ ဆင်းရဲချမ်းသာ သဘာဝ၊ တွေ့ကြုံနေကြ လူတိုင်းပေ။
ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊ တလဲ့စီလှဲ့ အမြဲနေ။
လောကဓံကြုံ မှုဖြုန်တမ်းပေါ့၊ မတုန်စမ်းနဲ့ စိတ်ခိုင်စေ။
သောကကိုထိန်း ရမက်သိမ်း၊ အေးငြိမ်းချမ်းသာနေ။
အဲ....ဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

### မင်္ဂလာပြုကျင့်ရကျိုး

၁၁။ သုံးဆဲ့ရှစ်ဖြာ မင်္ဂလာကုံးကို၊ လိုက်နာကျင့်သုံး ပန်သူတွေ။
စီးပွားချမ်းသာ ကြက်သရေတိုးလို့၊ ကောင်းကျိုးစည်ပွင့် တဝေဝေ။
ဘေးရန်ကင်းကွာ ချစ်သူပေါလို့၊ စိတ်ရောကိုယ်ရော ချမ်းသာမလေ။
ပြောဆိုကြံဆ ဆောင်သမျှ၊ အောင်ရမည့်ကိန်းသေ။
အဲ... ဒါကြောင့် ပန်ကြဆင်ကြ "မင်္ဂလာ" ပန်းခိုင်တွေ။

### နိဂုံး ကဗျာ

၁၂။ သုံးဆဲ့ရှစ်ဖြာ မင်္ဂလာတရားတို့၊ ပျက်ပြားနေကြကမ္ဘာမြေ၊
ဟိုတိုင်းဒီပြည် ရန်စစ်ခင်းလို့၊ လူနှင့်လူချင်း သတ်ခါနေ။
ငြိမ်းချမ်းပါစေ အာသီသနဲ့၊ စွမ်းနိုင်ရာက ကူညီသလေ။
သုံးဆဲ့ရှစ်ပါး မင်္ဂလာတရား၊ ရေးသားဖြန့်ကာဝေ။
အဖိုးတန်တဲ့ "ဗုဒ္ဓဝါဒ" ကမ္ဘာကသိပါစေ။

# ၄။ သံဃဂုဏ်တော်ပိုင်း

## သံဃဂုဏ်တော် ကိုးပါး

မြတ်ဘုရားစစ်၊ သားချစ်သံဃာ၊ ဆုံးမညွှန်တိုင်း၊ မဆိုင်းသေချာ။
ကောင်းစွာမြင့်မြတ်၊ ကျင့်တတ်ပေတာ၊ ဂုဏ်ပုဒ်ရှိ၊ သုပ္ပဋိပန္န ပါ။

မြတ်စွာဘုရား၏ သားတော်စစ် သံဃာမှန်ကို့သည် မြတ်စွာဘုရားဟောကြားပြသဆုံးမညွှန်ကြားသည့်အတိုင်း ကောင်းမွန်မှန်ကန်စွာ ကျင့်ကြံတော်မူတတ်သောကြောင့် သုပ္ပဋိပန္န ဂုဏ်တော်နှင့် ပြည့်စုံပါသည်။

တင်းလွန်း လျော့လွန်း၊ အစွန်းနှစ်တန်၊ မငြိတွယ်တမ်း၊ လယ်လမ်းအမှန်။
ကောက်ကျစ်မှုကင်း။ ဖြောင့်စင်းတော်မှန်၊ ကျင့်ကြံမူ၊ ဥဇုပဋိပန်။

**ကာမသုခကိုလိုက်စား**၍ လျော့လွန်းခြင်း၊ မိမိကိုယ်ကိုညှဉ်းပန်း၍ တင်းလွန်းခြင်းတည်းဟူ**သော** အစွန်းနှစ်ဘက်သို့ မရောက်မူ၍ အလယ်လမ်းမှန်ကန်သော မဇ္ဈိမပဋိပဒါအကျင့်ကို လှည့်ဖြားခြင်း၊ ကောက်ကျစ်ခြင်းမရှိဘဲ ဖြောင့်ဖြောင့် မတ်မတ် ကျင့်ကြံတော်မူတတ်သောကြောင့်၊ ဥဇုပ္ပဋိပန္န ဂုဏ်တော်နှင့် ပြည့်စုံပါသည်။

ဘဝဝဋ်သုံး လွတ်ရန်းစေရန်၊ နိဗ္ဗာန်တော်ကျိုး၊ မျှော်ကိုးလေပြန်။
လျော်ကန်သင့်တင့် အကျင့်မှန်ကန်၊ သံဃာမြတ်၊ ဉာယပ္ပဋိပန်။

သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ နိဗ္ဗာန်တည်းဟူသော အကျိုးကိုသာ မျှော်ကိုးလျက် ကြောင်းကျိုးလျော်ကန် တော်မှန်သင့်တင့်စွာ ကျင့်ကြံတော်မူတတ်၍ ဉာယပ္ပဋိပန္န ဂုဏ်တော်နှင့် ပြည့်စုံပါသည်။

အပါယ်ရောက်ကြောင်း မှုကောင်းမှုစင်၊ ရဟန်းပြစ်ဘေး ညစ်ကြေးမတင်။
ပြဟ္မစိုရ်ကိုန်း၊ ငြိမ်းကိုယ်တွင်၊ သာမိစိ၊ ပဋိပန္န ပင်။

အပါယ်ရောက်ကြောင်းဖြစ်သော အကုသိုလ်မကောင်းမှုတို့မှ ကင်းစင်အောင် ရဟန်းတို့၏ အညစ်အကြေး အပြစ်ဘေးတို့မှ ကင်းစင်အောင် ကျင့်ကြံတော်မူ၍ ဗြဟ္မစိုရ်တရားကိန်းပြီးလျှင် ငြိမ်းသော ကိုယ်စိတ်နှစ်ပါးရှိသောကြောင့် သာမိစိပဋိပန္န ဂုဏ်နှင့် ပြည့်စုံတော်မူပါသည်။

(မူလပဏ္ဏာသ ပါဠိတော် စူဠအဿပုရသုတ်နှင့် အညီတည်း)

တရပ်တကျေး အဝေးမှသာ။ စိတ်ကိုယ်ပန်းလျက်၊ ထမ်းရွက်ဆောင်လာ။
အလှူတော်၌ ခံထိုက်ပေတာ။ သံဃာ်စု၊ အာဟုနေယျ ပါ။

တရပ်တကျေး ရပ်ဝေးမှ ကိုယ်ရောစိတ်ပါ အပင်ပန်းခံလျက် ယူဆောင်လာသောပစ္စည်းဝတ္ထုကို အလှူခံတော်မူထိုက်သောကြောင့် အာဟုနေယျ ဂုဏ်နှင့် ပြည့်စုံတော်မူပါသည်။

ဧည့်သည်အတွက် ဆောင်ရွက်စီမံ၊ အလှူတော်မြတ် ခံအပ်လေပြန်။
ဦးဦးဖျားဖျား ထူးခြားလှူရန်၊ ခံယူမှု ပါဟုနေယျ မှန်။

ဂုဏ်အသရေရှိသော ဧည့်သည်များအတွက် စီမံပြုလုပ်ထားသော အမွန်အမြတ် ပစ္စည်းဝတ္ထုများကို အလှူခံတော်မူထိုက်သောကြောင့် ပါဟုနေယျ ဂုဏ်နှင့် ပြည့်စုံတော်မူပါသည်။

နောက်နောင်ကောင်းမှု တောင်းဆုရွယ်ရည်၊ အလှူတော်မျိုး ခေါ်ရိုးဒက္ခိ။
ထိုအလှူ၌ ယူထိုက်ပေသည့်၊ အချက်ရှိ၊ ဒက္ခိဏေယျ မည်။

နောင်အနာဂတ်ဘဝ၌ ကောင်းကျိုးရရန် ရည်သန်ပြုလုပ်သောအလှူမျိုးကို ဒက္ခိဏာဟု ခေါ်သည်။ ထိုဒက္ခိဏာအလှူကို ခံတော်မူထိုက်သောကြောင့် ဒက္ခိဏေယျ ဂုဏ်နှင့် ပြည့်စုံတော်မူပါသည်။

ဗြဟ္မာနှင့်နတ်၊ မြင့်မြတ်လူပါ၊ လက်အုပ်ချီမိုး ရှိခိုးပူဇော။
ရိုသေခံရ သံဃမဟာ၊ အဉ္ဇလိ၊ ကရဏီ မည်သညာ။

လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ လက်အုပ်ချီမိုး ရှိခိုးပူဇော်မှုကို ခံယူထိုက်သောကြောင့် အဉ္ဇလိကရဏီယ ဂုဏ်နှင့် ပြည့်ခံတော်မူပါသည်။

နတ်လူပေါင်းစုံ ကောင်းမှုစိုက်ရာ၊ ဩဇာဓာတ်ပြည့် မြတ်သည့်လယ်ယာ။
မပြိုင်လေအပ် မြေဓာတ်ပမာ၊ နုတ္တရ ပုညခေတ္တ ပါ။

လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ကောင်းမှုစိုက်ပျိုးရာ လယ်ယာတို့တွင် အကျိုးတရားပွားစည်းဖွံ့ဖြိုးလာအောင် ဩဇာဓာတ်ပြည့်နေသောအတုမရှိ အကောင်းဆုံးလယ်ယာဖြစ်သောကြောင့်အနုတ္တရ ပုညခေတ္တ ဂုဏ်နှင့် ပြည့်စုံတော်မူပါသည်။

ကျေးဇူးတော်စစ် အနှစ်ဂုဏ်တော်၊ အာရုံတမ်းတ မှန်းဆထင်ပေါ်။
ဘယလာဘ ဘာမျှမမြော်၊ သံဃာအား၊ ဝပ်တွား ရှိပူဇော်။

အထက်ပါဂုဏ်တော်တွေကို အာရုံယူမှန်းဆ၍ ကြောက်လန့်ခြင်း၊ ဆုလာဘ်ကိုမြော်ကိုးတောင့်တခြင်းတို့မှ ကင်းဝေးလျက် သံဃာတော်ကို ရှိခိုးပူဇော်တတ်ပါစေ။

# အရိယ သံဃာတော် အောင်ပွဲရှင်ပါး



မြတ်စွာဘုရားက ယောဂီသူရဲကောင်းအား ခိုးသားများကို တိုက်ခိုင်းပုံ။

ပထမတိုက်ပွဲ၌ ခိုးသား ၅—ယောက်ကျဆုံးပုံ။

## သောတာပတ္တိမဂ် ပုဂ္ဂိုလ်၏ အောင်ပွဲ

ဗုဒ္ဓချစ်ရှင် ဘုရင်မင်းက၊ သူပုန်ရှင်းဘို့ ခိုင်းရာတွင်။

ချပ်ဝတ် သီလာ သမာဓိ-လွှား၊ ပညာဓါးနဲ့ တိုက်ပွဲဝင်။

ဝိစိကိစ္ဆာ သက္ကာယကို၊ ဖျက်ကာချလို့ ကွာကျလျှင်။

နိဗ္ဗာန်ရွှေအရင် တွေ့မြင်လတ်၍၊ ဒသဲနဟု အမည်ထင်။

ပထမမဂ် အစွမ်းထက်၊ ငါးချက် သူပုန်စင်။

အဲ....ဒါက ဓက္ခုဉာဏ်ကယျ အရိယသံဃာ ပင်။

## သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၏ အောင်ပွဲ

အရိယာသစ္စာ လှစ်ကာသိတော့၊ ချစ်စရာ နာမ သောတာပန်။
လေးအပါယ်မှာ ဘယ်ခါမဖြစ်၊ ခုနစ်ဘဝ နောက်ဆုံးကျန်။
ရတနာသုံးလီ ယုံကြည်စွဲလို့၊ ပဥ္စသီလ တည်မြဲပြန်။
အပြစ် ကြီးလောက်စရာ ခြောက်ဌာန၊ ရောက်လာရဘို့ မထိုက်တန်။
နိဗ္ဗာန်ရေစီး ဝင်ခဲ့ပြီး၊ ခရီးဖြောင့် ကေန်။
အဲ....ဒါက ဒက္ခိ ဏေယျ အရိယသံဃာ အမှန်။

## သကဒါဂါမိမဂ် ပုဂ္ဂိုလ်၏ အောင်ပွဲ

ချုပ် လွှား ဆင်ကာ ပညာဓါးနဲ့၊ လျင်စွာသွားလို့ တိုက်ပြန်တာ။
ကျန်အကုသိုလ် သူပုန်ဗိုလ်များ၊ ပို၍အားနဲ ပြိုကွဲကာ။
အမည်သညာ တွင်လာဘိ၊ သကဒါဂါမိ မဂ်ဆရာ။
နိဗ္ဗာန်ရွှေအိမ် ထိန်ထိန်ဝင်း၊ နှစ်ကြိမ်အလင်းပေါက် ရောက်သူပါ။
ဒုတိယမဂ် အစွမ်းထက်၊ ဆက်လက် သူပုန်နှာ။
အဲ....ဒါက ဒက္ခိ ဏေယျ အရိသံဃာ ပါ။

## သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်၏ အောင်ပွဲ

ကိုလေသာမျိုးဟူ ခိုးသူတသိုက်ကို၊ တိုက်လို့ ခိုက်လို့ အားနည်းလျှင်။
ရုန်ရင်းလှုစွာ တဏှာဒေါသ၊ ကွာလျော့ကျလို့ အားပျော့ချင်။
ကာမ ဘုံမှာ ကြုံစရာရှိ။ သန္ဓေဇာတိ တကြိမ်ပင်။
သကဒါဂါမ် နာမံတဆိပ်နဲ့၊ ဂုဏ်ဟိတ်ကြီးတဲ့ ထွတ်သခင်။
အကုသိုလ်များ လွန်ခေါင်းပါး၊ ဘုရားသားတော်စင်။
အဲ့....ဒါက ဒက္ခိ ဏေယျ အရိယာသံဃာ ပင်။

## အနာဂါမိမဂ် ပုဂ္ဂိုလ်၏အောင်ပွဲ

ဗောဇ္ဈင် မဂ္ဂင် စက်ရှင်ဓါးနဲ့၊ တွက်ဝင်သွားလို့ တိုက်တဲ့ခါ။
ဒေါသသူပုန် အကုန်ခွင်းလို့။ အကြွင်းမရှိ ပယ်သတ်တာ။
ကာမ ရာဂါ တဏှာတပ်ကို၊ အသာသတ်လို့ ခွာဖြတ်ကာ။
နိဗ္ဗာန်ရွှေအိမ် ထိန်ထိန်ဝင်း။ သုံးကြိမ်အာ့လင်းပေါက် ရောက်သူပါ။
တတိယ မဂ် အစွမ်းထက်၊ ကွဲပျက် သူပုန်နာ။
အဲ....ဒါက ဒက္ခိဏေယျ အရိယသံဃာ ပါ။

## အနာဂါမိ ဖိုလ် ပုဂ္ဂိုလ်၏ အောင်ပွဲ

ကျန်လေသေးတဲ့ ပြောစရာမရှိ၊ ဩရမ္ဘာဂိ သံယောဇဉ်။
ငါးကာမဂုဏ် အာရုံများ၊ ခွါစွန့်ထားလို့ သူမခင်။
ဘယ်လိုဆိုဆို စိတ်မဆိုးတော့၊ ကြောက်စိုးရှုံစိတ် ဘယ်မဝင်။
ဘုံကာမာကို စုန်လာဘူးကွဲ့၊ ဂုဏ်မှာထူးတဲ့ အမည်ရှင်။
အနာဂါမ် မင်း ဂုဏ်ပြောင်ဝင်း၊ ရှင်ရင်း သား ချစ်လျှင်။
အဲ့...ဒါက ဒက္ခိဏေယျ အရိယသံဃာ ပင်။

## အရဟတ္တမဂ် ပုဂ္ဂိုလ်၏ အောင်ပွဲ

မိုးကြိုးစက်ရှိန် ဝရဇိန်တန္ခန်း၊ မဂ်စိန်ပုံးနဲ့ ပစ်ခွင်းသော်။
ရူပါရူပါတဏှာတပ်နဲ့၊ မောဟဓါတ်ငုပ် အပြုတ်ဆော်။
ကိလေသာမာန် ရန်ခပင်း၊ မကျန်ကြွင်းလို့ သတင်းကျော်။
ခိုက်-ပွား-သိ ပယ် ကျင့်ဘွယ်စုံ၊ ပြုရန်မရှိ အသိပေါ်။
စတုတ္ထမဂ် မိုးကြိုးစက်၊ ထက်မြက်ရှိန်တဗော်။
အဲ....ဒါက ဒက္ခိဏေယျ အရိယသံဃာ တော်။

## အရဟတ္တဖိုလ် ပုဂ္ဂိုလ်၏ အောင်ပွဲ

ကံဟောင်းလက်ကျန် ဖျက်လှန်ပစ်လို့၊ ကံသစ်ကလဲ မဖြစ်လှာ။
နောင်ဖြစ်စရာ ဘဝစက်တွင်း၊ တပ်မက်ကင်းလို့ အရှင်းကွာ။
မျိုးစေ့ပျက်ပြို အလိုမကြီးတော့၊ ဆီမီးတောက်သို့ ငြိမ်းပျောက်မှာ။
မြတ်သောအလှူ ခံယူထိုက်၊ စံနမူကိုက်တဲ့ ရဟန္တာ။
ဗုဒ္ဓစိတ်ဝမ်း လွန်အားရမ်း၊ ချီးမွမ်းခံသူပါ။
အဲ....ဒါက ဒက္ခိဏေယျ အရိယသံဃာ ပါ။

ဤအရိယသံဃာ အောင်ပွဲများကို အောက်ပါအတိုင်း ခလေးများကို ပုံပြောသလို ပြောပြပါ။ ခလေးများ ပြောတတ်အောင်လည်း လေ့ကျင့်ပေးပါ။

## သောတာပတ္တိမဂ်ပုဂ္ဂိုလ် အောင်ပွဲ

ခန္ဓာပုရ လို့ ခေါ်တဲ့ ရုပ်နာမ်ခန္ဓာမြို့ကြီးကို လောဘ၊ဒေါသ၊ မောဟလို့ဆိုတဲ့ ခိုးသား သူပုန်ဗိုလ်ကြီးသုံးယောက် ခေါင်းဆောင်တဲ့ တပ်ကြီး ၁၂-တပ်ဟာ အမြဲတန်းလာပြီး နှောင့်ရှက်တိုက်ခိုက်လေ့ရှိတယ်။ လောဘဗိုလ်ကြီးမှာ တပ်ရှစ်တပ်၊ ဒေါသဗိုလ်ကြီးမှာ တပ်နှစ်တပ်၊မောဟဗိုလ်ကြီးမှာ တပ် နှစ်တပ်ရှိတယ်။ သူတို့ကို ၁၅၀၀-ကိလေသာ တပ်သားတွေလို့လဲ ခေါ်တယ်။ အဲဒီတော့ဘုရင်မင်းမြတ်နဲ့တူတဲ့ မြတ်စွာဘုရားက သူရဲကောင်း ယောဂီပုဂ္ဂိုလ်ကို ခေါ်ပြီး“ချစ်သားသင်တို့ရဲ့ ခန္ဓာပူရပြည်ကို တိုက်ခိုက်နှောင့်ရှက်နေတဲ့ သူပုန်ရန်ကို ရှင်းလင်းလိုက်”လို့ မိန့်တော်မူပြီးတော့ ချပ်ဝတ်တန်ဆာနဲ့တူတဲ့ သီလမဂ္ဂင်၃-ပါး၊ ဒိုင်းလွှားကာနဲ့တူတဲ့ သမာဓိမဂ္ဂင် ၃-ပါး၊ ဓါးသန်လျက်နဲ့တူတဲ့ ပညာမဂ္ဂင် ၂-ပါးတို့ကို ပေးအပ်တော်မူလိုက်တယ်။ အဲဒါနဲ့ အဲဒီဝိပဿနာယောဂီသူရဲကောင်းဟာ ဘုရားပေးတော်မူတဲ့ သီလချပ်ဝတ်ကိုဝတ်၊ သမာဓိ ဒိုင်းလွှားကို တဘက်ကကိုင်၊ ပညာ-ဓါးကို အခြားတဘက်က ကိုင်ပြီးတော့ သူပုန်တွေလာတတ်တဲ့ ရုပ်နာမ်ခန္ဓာမြို့ကစောင့်ပြီး တိုက်လိုက်တာ သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာလို့ဆိုတဲ့ အကုသိုလ်စိတ် ၅-ပါး သူပုန်စာပ် ၅-တပ်ဟာ ပြုတ်ထွက်သွားတယ်။ တခြားတပ်တွေလဲ ခဏထွက်ပြေးတဲ့ အချိန်မှာ သူတို့ဖုံးကွယ်ဝှက်ထားတဲ့ နိဗ္ဗာန် ရွှေအိမ်ရွှေနန်းကြီးကိုလဲ မြင်လိုက်ရတယ်။ ဒါကြောင့် သူ့ကို ဒဿန လို့ နာမည်တပ်ပေးလိုက်ရတယ်။ အဲဒါဟာ သောတာပတ္တိမဂ် ပုဂ္ဂိုလ်ရဲ့ အောင်ပွဲပါပဲ။

## သောတာပတ္တိဖိုလ်ပုဂ္ဂိုလ် အောင်ပွဲ

သူပုန်၅-တပ်ကို သတ်ဖြတ်ပြီး နိဗ္ဗာန်ကို ရှေးဦးစွာမြင်ကာ သစ္စာလေးပါး သိရတဲ့ သောတာပန်ပုဂ္ဂိုလ်ရတဲ့ ဂုဏ်ထူးဆု အောင်ပွဲကတော့ သူဟာ အပါယ်လေးပါးမှာ ဘယ်တော့မှ မဖြစ်ရတော့ဘူး။ နိဗ္ဗာန်ရောက်ဘို့ အများဆုံး ခုနစ်ဘဝပဲ ကျန်တော့တယ်တဲ့။ ဘုရား တရား သံဃာ ရတနာသုံးပါးကို ယုံကြည်တဲ့စိတ်လဲ ခိုင်မြဲပြီး ဘယ်တော့မှ မပျက်တော့ဘူး။ ငါးပါးသီလကိုလဲ

အမြဲလုံအောင် စောင့်တာပဲတဲ့။ ပြီးတော့ အမိကိုသတ်ခြင်း၊ အဖကိုသတ်ခြင်း၊ရဟန္တာကိုသတ်ခြင်း၊ ဘုရားကို သွေးစိမ်းတည်အောင်လုပ်ခြင်း၊သံဃာတော်ကို သင်းခွဲခြင်း၊ဘုရားမှတပါး အခြားပုဂ္ဂိုလ်ကို ဆရာဟု ညွှန်ပြခြင်းဆိုတဲ့ အပြစ်ကြီးခြောက်ပါး (အဘိဌာန-၆ ပါး)ကိုလဲ ကျူးလွန်ဘို့မထိုက်တော့ဘူးတဲ့။ ဒါကြောင့် သူ့ဟာ နိဗ္ဗာန်ကိုသွားတဲ့ ရေစီးကြောင်းထဲကို ရောက်နေပြီး နိဗ္ဗာန်ကို အေနှ်ရောက်တော့မှာဘဲတဲ့။

## သကဒါဂါမိမဂ်ပုဂ္ဂိုလ် အောင်ပွဲ

ပထမတိုက်ပွဲ အောင်ပြီး ပြန်လာတဲ့ သူရဲကောင်း ယောဂီပုဂ္ဂိုလ်ကို ဘုရင်မင်းမြတ်ဖြစ်တဲ့ မြတ်စွာဘုရားက ဆုတွေလာဘ်တွေချပြီး အရင်လိုဘဲ ချုပ်ဝတ်လွှားကာနဲ့ သန်လျက် ဓါးပေး တိုက်ခိုက်ခိုင်းလိုက်ပြန်တယ်။ အဲဒါနဲ့ သွားတိုက်တဲ့အခါမှာ သူပုန်တ ယောက်မှ မသေပေမဲ့ အားလုံး ဒဏ်ရာ ရကုန်ကြတယ်။ သူတို့ထွက်ပြေးကြလို့ နိဗ္ဗာန် ရွှေအိမ်ရွှေနန်းကြီးကို ဒုတိယအကြိမ် မြင်ခဲ့ပြီး ပြန်လာခဲ့တယ်။

## သကဒါဂါမိဖိုလ် ပုဂ္ဂိုလ် အောင်ပွဲ

ကိုလေသာ သူပုန်ခိုးသားတွေကို အားနည်းသွားအောင် တိုက်ပစ်လိုက်လို့ သူ့မှာ ရှုန့်ရင်းကြမ်းတမ်းတဲ့ တဏှာ လောဘနဲ့ ဒေါသတွေ တချို့တဝက် ကွာကျပြီး ပျော့ပျောင်းသိမ်မွေ့လာတယ်။ ကာမဘုံကိုလဲ တကြိမ်တခါပဲ လာတော့မယ်။ သောတာပန်နဲ့စာရင် သူကပိုပြီး အကုသိုလ်တရားတွေ ခေါင်းပါးသွားလို့ နိဗ္ဗာန်ရောက်ဘို့ တစခန်းပိုပြီး နီးသွားတာပေါ့။

## အနာဂါမိမဂ်ပုဂ္ဂိုလ် အောင်ပွဲ

ဒုတိယတိုက်ပွဲကပြန်လာတဲ့ ယောဂီသူရဲကောင်းကို မြတ်စွာဘုရားက ချီးမွမ်းအားပေးပြီး မဂ္ဂင်ရှစ်ပါး ချုပ်-ဒိုင်း-ဓါး-တွေနဲ့ ထပ်တိုက်ခိုင်းလိုက်တယ်၊ အဲဒါနဲ့ ယောဂီ သူရဲကောင်းဟာ တတိယအကြိမ် အတင်းဝင်ပြီး ဓါးနဲ့တွက်ပစ်လိုက်တာ ဒေါသတပ်ကြီး နှစ်တပ် အကုန်ကျသွားတဲ့ အပြင် ကာမဂုဏ်ကိုခင်တဲ့ တဏှာ လောဘ ဘယ်တောင်ပံတပ်ကို အပြတ်ရှင်းပစ်လိုက်တယ်။ နိဗ္ဗာန်ရွှေနန်းကြီးကိုလဲ တတိယအကြိမ် တွေ့ပြီး ပြန်လာခဲ့တယ်။

## အနာဂါမိဖိုလ်ပုဂ္ဂိုလ် အောင်ပွဲ

အဲဒီ ယောဂီသူရဲကောင်းဟာ ဒေါသတပ် အားလုံးနဲ့ တဏှာ လောဘ တပ်တဝက်ကို သတ်ဖြတ်ဖျက်ဆီးခဲ့လို့ သူ့မှာ ဩရမ္ဘာဂိယ သံယောဇဉ်လို့ခေါ်တဲ့ ကာမဘုံနှင့်ဆိုင်တဲ့ သံယောဇဉ်ကြိုး အနှောင်အဖွဲ့တွေ ဘာမှ မကျန်တော့ဘူးတဲ့။ ဒါကြောင့် သူဟာ အဆင်း အသံ အနံ့ အရသာ ထိစရာ အာရုံတွေကို မခုံမင်တော့ဘူး။ သူ့ကို ဘယ်လိုလုပ်လုပ် ဘယ်လိုပြောပြော စိတ်မဆိုးတော့ဘူး။ ကြောက်ရွံ့တဲ့ စိတ်လဲ မရှိတော့ဘူးတဲ့။ပြီးတော့ ကာမဘုံကိုလဲ ဘယ်တော့မှ ဆင်းလာပြီး ပဋိသန္ဓေ မနေတော့ဘူးတဲ့၊ ဒါကြောင့် သူ့ကို အနာဂါမ်လို့ ခေါ်ရတယ်။

## အရဟတ္တမဂ်ပုဂ္ဂိုလ် အောင်ပွဲ

တတိယတိုက်ပွဲ အောင်မြင်ပြီး ပြန်လာတဲ့ ယောဂီသူရဲကောင်းကို မြတ်စွာဘုရားက အား ပေးပြီး ထပ်လွှတ်လိုက်ပြန်တယ်။ အဲဒီအချိန်ကတော့ အင်မတန် ပြင်းထန်ထက်မြက်တဲ့ 'အရဟတ္တမဂ် ဝရဇိန်လက်နက်ကြီးနဲ့ ပစ်ခွင်းလိုက်တာ ရူပ–အရူပဘုံကို ခုံမင်တဲ့ တဏှာ လောဘနဲ့ လက်ကျန် မောဟတပ်တွေ အကုန်ကျပြီး ရှင်းကုန်တော့တာပဲ။ ကိလေသာ ရန်သူပုန်တွေ တခုတလေမှမကျန် တော့ဘူး။ နိဗ္ဗာန်ရွှေအိမ်နန်းကြီးကို ပိတ်ဆို့ဖုံးကွယ်မဲ့ အနှောင့်အရှက် မရှိတော့လို့ အမြဲတွေ့နေ မြင်နေတော့တာပဲ။

## အရဟတ္တဖိုလ်ပုဂ္ဂိုလ် အောင်ပွဲ

သူဟာ ကိလေသာတွေကို အကုန်သတ်ပစ်လိုက်တော့ ဘဝအသစ်ကိုဖြစ်စေတဲ့ ကံဟောင်း ကလဲကုန် ကံသစ်ကလဲမဖြစ်တော့ဘူး။ နောင်ဘဝကိုလဲ မလိုချင် မတပ်မက်တော့ဘူး၊ ကံမျိုးစေ့ ကလဲကုန် ကိလေသာတဏှာ အလိုဆန္ဒကလဲမရှိတော့ ဆီမီးတောက်များ ငြိမ်းပျောက်သလို ငြိမ်း ပျောက်သွားတော့မှာပဲ။ ပရိနိဗ္ဗာန် စံပြီးတဲ့နောက် ဘယ်မှာသွားပြီး ဖြစ်တယ်လို့ ဘယ်သူ့မှ မသိ တော့ဘူး။ ဒါကြောင့် သူဟာ မြတ်သောအလှူတော်ကို ခံယူထိုက်လို့ ရဟန္တာလို့ ခေါ်ရပါတယ်တဲ့။ မြတ်စွာဘုရားက ရှင်ရှင်သန်းလန်း အားရပါးရ ချီးမွမ်းခံရတဲ့ ပုဂ္ဂိုလ်မြတ် ဖြစ်ပါတယ်တဲ့။

# မှတ်စရာသရုပ်နှင့်ကောက်နုတ်ချက်များ

## ဒုစရိုက် နှင့် သုစရိုက်

ဒုစရိုက်ဆိုသည်မှာ မကောင်းသောအလေ့အကျင့်ဖြစ်၍ ယင်းဒုစရိုက်မှ ရှောင်ကြဉ်မှုသည် သုစရိုက်–ကောင်းသော အလေ့အကျင့်ဖြစ်သည်။

### (ဒုစရိုက် ၁၀ ပါး)

**ကာယဒုစရိုက် ၃ ပါး**

ပါဏာတိပါတ = သူ၏အသက်ကို သတ်ခြင်း။

အဒိန္နာဒါန = သူ၏ဥစ္စာကိုခိုးယူခြင်း။

ကာမေသုမိစ္ဆာစာရ = ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်း။

**ဝစီဒုစရိုက် ၄ပါး**

မုသာဝါဒ = လိမ်လည် လှည့်ဖြား ပြောဆိုခြင်း။

ပိသုဏာဝါစာ = ချောပစ် ကုန်းတိုက် ပြောဆိုခြင်း။

ဖရုသဝါစာ = ရှန့်ရင်း ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း။

သမ္ဖပ္ပလာပဝါစာ = အကျိုး မရှိသော စကားဖျင်းကို ပြောဆိုခြင်း။

**မနောဒုစရိုက် ၃ပါး**

အဘိဇ္ဈာ = သူတပါးပစ္စည်းဥစ္စာ ကိုယ့်ဥစ္စာ ပြုလိုမှုဖြင့် တရားမဲ့ ကြံစည်ခြင်း။

ဗျာပါဒ = သူတပါးတို့၏ ပျက်စီးမှုကို ရှေးရှု ကြံစည်ခြင်း။

မိစ္ဆာဒိဋ္ဌိ = မှားယွင်း ဖေါက်ပြန်သော အယူကိုယူခြင်း။

### (သုစရိုက် ၁၀ ပါး)

**ကာယသုစရိုက် ၃ ပါး**

ပါဏာတိပါတဝိရတိ = သူ့ အသက်ကို သတ်ခြင်းမှရှောင်ကြဉ်ခြင်း။

အဒိန္နာဒါန ဝိရတိ = သူ့ဥစ္စာကို ခိုးယူခြင်းမှရှောင်ကြဉ်ခြင်း။

ကာမေသုမိစ္ဆာစာရ ဝိရတိ = ကာမဂုဏ်၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း။

**ဝစီသုစရိုက် ၄ ပါး**

မုသာဝါဒ ဝိရတိ = လိမ်လည် လှည့်ဖြား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

ပိသုဏာဝါစာ ဝိရတိ = ချောပစ် ကုန်း တိုက် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

ဖရုသဝါစာ ဝိရတိ = ရုန်းရင်း ကြမ်းတမ်းသောစကားကိုပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း။

သမ္ဖပ္ပလာပဝါစာဝိရတိ = အကျိုးမရှိသောစကားဖျင်းကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

**မနောသုစရိုက် ၃ ပါး**

အဘိဇ္ဈာ ဝိရတိ = သူတပါး ပစ္စည်း ဥစ္စာကို ကိုယ့်ဥစ္စာ ပြုလိုမှုဖြင့်တရားမဲ့ကြံစည်ခြင်းမှရှောင်ကြဉ်ခြင်း

ဗျာပါဒ ဝိရတိ = သူတပါးတို့၏ ပျက်စီးမှုကို ရှေးရှုကြံစည်ခြင်းမှရှောင်ကြဉ်ခြင်း။

မိစ္ဆာဒိဋ္ဌိဝိရတိ = မှားယွင်း ဖေါက်ပြန်သော အယူကိုယူခြင်းမှ ရှောင်ကြဉ်ခြင်း။

အထက်ပါ ဒုစရိုက် သုစရိုက်တို့ကို (၁) ကိုယ်တိုင်ပြုခြင်း၊ (၂) ပြုရန် စေခိုင်း တိုက်တွန်းခြင်း၊ (၃) အကျိုးကိုမြင်၍ ချီးမွမ်းခြင်း၊ (၄) သူများပြုသည်ကို ဝမ်းသာခြင်းတို့ဖြင့် မြောက်ပွားလျှင် ဒုစရိုက် ၄၀–သုစရိုက်၄၀–ဖြစ်၏။

သက်သတ်ခိုးငြား၊ ကာမမှား၊ သုံးပါး ကာယကံ။

လိမ်လည် ကုန်းတိုက်၊ မိုက်ကန်းရှုန့်ရင်း၊ စကားဖျင်း၊ လေးခင်း ဝစီကံ။

သူ၏ဥစ္စာ၊ ကိုယ့်ဟာပြုလို၊ သူ့ကိုပျက်မှု၊ ရှေးရှုကြံစည်၊ ယွင်းဖည်ဖေါက်ပြား အယူမှား၊ သုံးပါးမနောကံ။

ကိုယ်တိုင် တိုက်တွန်း၊ ချီးမွမ်းစိတ်ကူ၊ မြောက်ပွားမှု၊ မှတ်ယူ ဒုသု၊ လေးဆယ်ရှု။

## ပုညကြိယ ဝတ္ထု

### ပြုစရာကောင်းမှု အမျိုးအစား ၁၀ ပါး

(၁) ဒါန = လှူဒါန်းပေးကမ်းခြင်း။

(၂) သီလ = စောင့်ထိန်းရမည့် သိက္ခာပုဒ်များကို စောင့်ထိန်းခြင်း။

(၃) ဘာဝနာ = ကမ္မဋ္ဌာန်းတမျိုးမျိုးကို ပွားများခြင်း။

(၄) အပစာယန = ရတနာသုံးပါး မိဘ-ဆရာစသော ရှိသေထိုက်သူတို့ကို အရှိအသေပြုခြင်း။

(၅) ဝေယျာဝစ္စ = ရတနာသုံးပါး မိဘ-ဆရာသမားတို့၏ အမှုကိစ္စနှင့် ကုသိုလ်ရေးကိစ္စတို့၌ ပြုလုပ်ကူညီဆောင်ရွက်ခြင်း။

(၆) ပတ္တိဒါန = မိမိပြုသောကုသိုလ်အဖို့ကို အမျှပေးဝေခြင်း။

(၇) ပတ္တာနုမောဒနာ = သူတပါးတို့၏ ကုသိုလ်အဖို့ကို ရအောင် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်း။

(၈) ဓမ္မဿဝန = တရားစကားကို နာယူခြင်း။

(၉) ဓမ္မဒေသနာ = တရားစကားကို သူတပါးအား ဟောပြောပြသခြင်း။

(၁၀) ဒိဋ္ဌိဇုကမ္မ = အယူကို ဖြောင့်မတ်စွာယူခြင်း။

ပေးလှူဒါန၊ သီလစောင့်ပြား၊ ပွားများ ဘာဝနာ၊ အပစာယန၊
ရှိတုပ်ကွမူ၊ ကူလေကိစ္စ၊ ဝေ (ယျာ) ဝစ္စနှင့်၊ အမျှဝေကာ၊
ပတ္တိဒါနှင့်၊ပတ္တာနုမော်၊ သာ ဓု ခေါ် ၍၊ ရှင်တော်ဟောကြား၊
တရားကိုနာ၊ ကိုယ်ပါဟောမူ၊ ဖြောင့်စွာယူ၊ ဆယ်ဆူပုည၊ ကြိယ။

## သူတော်ကောင်းတရား ၇ ပါး

၁။ သဒ္ဓါ = ရတနာသုံးတန် ကံ....ကံ၏အကျိုးကို ယုံကြည်မှု။
၂။ သတိ = ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ပဲ အမှတ်ရမှု။
၃။ ဝိရိယ = ကုသိုလ်ကောင်းမှု သုစရိုက်တရားစု၌ အားစိုက်လုံ့လပြုမှု။
၄။ ဟိရိ = အကုသိုလ်မကောင်းမှု ဒုစရိုက်တရားတို့ကို ပြုခြင်းမှ ရှက်မှု။
၅။ ဩတ္တပ္ပ = အကုသိုလ်မကောင်းမှု ဒုစရိုက်တရားတို့ကို ပြုခြင်းမှ ကြောက်မှု။
၆။ သုတ = ကုသိုလ် အကုသိုလ်စသောတရားတို့၌ အကြားအမြင်များမှု။
၇။ ပညာ = တတ်ကောင်းသော အတတ်ပညာတို့၌ ကျွမ်းကျင်လိမ္မာမှု။

## သူတော်ကောင်းဥစ္စာ ၇ ဖြာ

၁။ သဒ္ဓါ = ရတနာသုံးတန် ကံ....ကံ၏အကျိုးတရားကို ယုံကြည်မှု။
၂။ သီလ = ကိုယ်ကျင့် သီလနှင့် ပြည့်စုံမှု။
၃။ စာဂ = စွန့်ကြဲပေးကမ်းလှူဒါန်းမှု။
၄။ ဟိရိ = အကုသိုလ်မကောင်းမှု ဒုစရိုက်တရားတို့ကို ပြုခြင်းမှ ရှက်မှု။
၅။ ဩတ္တပ္ပ = အကုသိုလ်မကောင်းမှု ဒုစရိုက်တရားတို့ကို ပြုခြင်းမှ ကြောက်မှု။
၆။ သုတ = ကုသိုလ် အကုသိုလ်စသော တရားတို့၌ အကြားအမြင်များမှု။
၇။ ပညာ = တတ်ကောင်းသော အတတ်ပညာတို့၌ ကျွမ်းကျင်လိမ္မာမှု။

## ဥဒယျဓမ္မတရား ၅ ပါး

သင်္ခါရ = စိတ် စေတသိက် နိပ္ဖန္နရုပ်။
ဝိကာရ = ဝိကာရရုပ် ၅-ပါး။
လက္ခဏ = လက္ခဏာရုပ် ၄-ပါး။
ပညတ် = အမည်နာမ မှန်သမျှ။
နိဗ္ဗာန် = ရုပ်နာမ် ပညတ်တို့ကင်းပြတ်ချုပ်ငြိမ်းရာ နိဗ္ဗာနဓါတ်။

## ဝိဇ္ဇာ ၃-ပါး

(ပု) ပုဗ္ဗေနိဝါသဉာဏ်တော် = ရှေးရှေး ဘဝက ဖြစ်ဘူးသမျှကို သိနိုင်သော ဉာဏ်တော်။

(ဒိ) ဒိဗ္ဗစက္ခုယဉာဏ်တော် = ဝေးသော ဖုံးကွယ်နေသော သိမ်မွေ့သေးငယ်သော အရာဝတ္ထုတို့ကို မြင်နိုင်သောဉာဏ်တော်။

(အာ) အာသဝက္ခယဉာဏ်တော် = အာသဝေါတရားတို့ကို ကုန်ခန်းစေနိုင်သော ဉာဏ်တော်။

## ဝိဇ္ဇာ ၈-ပါး

(ဝိ) ဝိပဿနာ ဉာဏ်တော် = ရုပ်နာမ်တို့၏ လက္ခဏာကို သေချာပြတ်သားစွာ သိနိုင်သော ဉာဏ်တော်။

(မ) မနောမယိဒ္ဓိ ဉာဏ်တော် = မိမိစိတ်အလိုအတိုင်း ပြီးစီး ဖြစ်မြောက် စေနိုင်သော ဉာဏ်တော်။

(စေ) စေတောပရိယ ဉာဏ်တော် = သူတပါးတို့၏ စိတ်အကြံကို သိနိုင်သော ဉာဏ်တော်။

(ဒိ) ဒိဗ္ဗစက္ခု ဉာဏ်တော် = ဝေးသော ဖုံးကွယ်နေသော သိမ်မွေ့ သေးငယ်သော အရာဝတ္ထုတို့ကို မြင်နိုင်သော ဉာဏ်တော်။

(အာ) အာသဝက္ခယ ဉာဏ်တော် = အာသဝေါတရားတို့ကို ကုန်ခန်း စေနိုင်သော ဉာဏ်တော်။

(ပု) ပုဗ္ဗေနိဝါသ ဉာဏ်တော် = ရှေးရှေးဘဝက ဖြစ်ဘူးသမျှကို သိနိုင်သော ဉာဏ်တော်။

(ဣ) ဣဒ္ဓိဝိဓ ဉာဏ်တော် = ပုံသဏ္ဍာန်အမျိုးမျိုးကို ဖန်ဆင်းနိုင်သော ဉာဏ်တော်။

(ဒိ) ဒိဗ္ဗသောတ ဉာဏ်တော် = ဝေးကွာသော သိမ်မွေ့ သေးငယ်သော အသံတို့ကို ကြားနိုင်သော ဉာဏ်တော်။

## စရဏတရား ၁၅-ပါး

(သီ) သီလသံဝရ = ဆိုင်ရာ ကိုယ်ကျင့်သီလကို စောင့်ထိန်းခြင်း။

(ဣ) ဣန္ဒြိယသံဝရ = မျက်စိ နား စသော ဣန္ဒြေ ၆ ပါးကို ထိန်းသိမ်းခြင်း။

(ဘော) ဘောဇနမတ္တညုတာ = စားဘွယ် အာဟာရ ဆွမ်းဘောဇဉ်၌ ချင့်ချိန်တိုင်းတာမှုကို သိခြင်း။

(၈၁) ဇာဂရိယာနုယောဂ = နိုးနိုးကြားကြား အိပ်စက်မှုဖြစ်အောင် လုံ့လပြုခြင်း။

(သဒ္ဓမ္မာ) = သူတော်ကောင်းတရား ၇ ပါး (၅)။

(လေးချောရုပ်) = ရုပ်ချောန် ၄ ပါး။

## လောက ၃ ပါး

သတ္တလောက = သတ္တဝါအမျိုးမျိုး၊ဩကာသလောက=ထိုထိုသတ္တဝါတို့တည်နေရာဘုံအမျိုးမျိုး။
သင်္ခါရလောက= ပြုပြင်အပ်သော ရုပ်နာမ်ဓမ္မများ။

## မဂ္ဂင် ၈ ပါး

### (ပညာမဂ္ဂင် -၂ ပါး)

သမ္မာဒိဋ္ဌိ = ရုပ်နာမ်တို့၌ လက္ခဏာအမှန်ကို မှန်ကန်စွာ ရှုမြင်ခြင်း။
သမ္မာသင်္ကပ္ပ = မှန်ကန်သော အကြံကို ကြံစည်ခြင်း။

### သီလမဂ္ဂင် ၃ ပါး

သမ္မာဝါစာ = မှန်ကန်သော စကားကို ပြောဆိုခြင်း။
သမ္မာကမ္မန္တ = မှန်ကန်သော အလုပ်ကို ပြုလုပ်ခြင်း။
သမ္မာအာဇီဝ = မှန်ကန်သော အသက်မွေးမှု ရှိခြင်း။

### သမာဓိမဂ္ဂင် ၃ ပါး

သမ္မာဝါယာမ = မှန်ကန်သော အားထုတ်မှု ရှိခြင်း။
သမ္မာသတိ = မှန်ကန်သော အမှတ်ရမှုရှိခြင်း။
သမ္မာသမာဓိ = မှန်ကန်သော စိတ်တည်ငြိမ်မှုရှိခြင်း။

မှန်စွာမြင်ရ၊ တွေးကြံဆ၊ နှစ်ဝမဂ္ဂင်၊ ပညာပင်။
မှန်စွာဆို ပြု၊ သက်မွေးမှု၊ မှတ်ရှုမဂ္ဂင်၊ သီလပင်။
မှန်လုံ့လရှိ၊ စိတ်ငြိမ်၏၊ မှတ်သိမဂ္ဂင်၊ သမာဓိပင်။

## ပါရမီ ၁၀ ပါး

ပါရမီ ဆိုသည်မှာ စိတ်နေစိတ်ထား မြင့်မားကြီးမြတ်သူတို့၏ မိမိတို့ ရည်မှန်းချက် ဆောင်မြင် ပြည့်ဝအောင် ဆည်းပူးပြုလုပ်ရသော မြင့်မြတ်ကောင်းမွန်သော အမှုများပင်တည်း။

၁။ ဒါနပါရမီ = စွန့်ကြဲ ပေးကမ်းလှူဒါန်းခြင်း။

၂။ သီလပါရမီ = သီလသိက္ခာ ကျင့်သုံးခြင်း။

၃။ နေက္ခမ္မပါရမီ = ကာမဂုဏ်ကို စွန့်လွှတ်၍ ထွက်ခွာခြင်း။

၄။ ပညာပါရမီ = အရာရာ၌ တတ်သိကျွမ်းကျင်အောင် လေ့လာသင်ကြားခြင်း။

၅။ ဝီရိယပါရမီ = ပြုလုပ်သင့်သည့် ကိစ္စများကို မပျင်းမရိဘဲ အားထုတ် ပြုလုပ်ခြင်း။

၆။ ခန္တီပါရမီ = သူတပါးတို့၏ နှိပ်စက်မှု စော်ကားမှုကို သည်းခံခြင်း။

၇။ သစ္စာပါရမီ = ဖြောင့်မတ် မှန်ကန်သောစကားကို ပြောဆိုခြင်း။

၈။ အဓိဋ္ဌာန်ပါရမီ = မိမိစိတ်၌ ဆုံးဖြတ်ထားသည့်အတိုင်း စွဲမြဲစွာ ပြုလုပ်ခြင်း။

၉။ မေတ္တာပါရမီ = သတ္တဝါတို့ အပေါ်၌ ကောင်းကျိုး လိုလားသောစိတ်ကို ပွါးများစေခြင်း။

၁၀။ ဥပေက္ခာပါရမီ = မည်သူ့ကိုမျှ ချစ်ခြင်းမုန်းခြင်းမပြုဘဲ လျစ်လျူရှုနေခြင်း။

# အထွေထွေ ကောက်နုတ်ချက်များ

## လက်သစ်တောင်တာဆုံးမစာ

(၁) လက်သစ်တောင်တာ၊ ယူဇနာပေါင်း၊ တာပြန်လောင်းသော်၊ ရှစ်သောင်းလေးထောင် အမြင့်ဆောင်သား၊ တောင်မြင့်မိုရ်ရှိ၊ ဂုဏ်ကြီးဘိသည်၊ မွေးမိဘခင်၊ ကျေးဇူးရှင်နှင့်၊ ထို့ပြင်တခြား၊ ဘိုးနှင့်ဘွားကို၊ ဘုရားတဆူ၊ ဂူတလုံးသွင်၊ စိတ်ကထင်လျက်၊ ဦးတင် လက်ထား၊ အစားအဝတ်၊ မလွတ်ရစေ၊ ရေပူရေ‌ေး၊ လိုရာပေး၍၊ မွေးကျွေးကြပေ၊ တထွေမှတ်သား၊ အခါးအချို၊ သူတို့ဆိုလည်း၊ ထိုဘိုး မိဘ၊ ဆရာစသည်၊ ပြသဆိုထွေ၊ မျိုတတ်စေ။

(၂) အစ်ကိုကြီးအား၊ ညီငယ်များလည်း၊ စကားနှုတ်ဆက်၊ ဖက်၍မဆို၊ ရိုသေလှစေ၊ ကိုကြီး အစ်မ၊ သည်နှစ်ဝကို၊ မိဘကဲ့သို့၊ မှတ်ပါလေ။

(၃) ဆွေကြီး မျိုးကြီး၊ အဘကြီးနှင့်၊ ဦးရီးသားချင်း၊ဘထွေးရင်းက၊ ဟူသမျှကို၊ ဂုဏ်ဝုန်းသာ၊ ပစာယန၊ စိတ်ကသိစေ၊ ပြစ်မှားမိက မသင့်ချေ။

(၄) ပေါက်ဖော်သားချင်း၊ တဝမ်းတွင်းမှ၊ အရင်းအနှစ်၊ ဖွေစီစစ်၍၊ အပြစ်စုပုံ၊ မခြား ထုံသည်၊ အူတုံဖြစ်က၊ ချစ်ကြလေ။

(၅) သေတူရှင်ဘက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊အခင်းကြီးငယ်၊ယှိခါဝယ်လည်း၊ မဖယ်မသွေ၊ ညီညာကုန်း၍၊ ရုန်းကြလေ။

(၆) ရွေးကာစုန့်ကြဲ၊ ကံရင်းနဲ၍၊ ဆင်းရဲခဲ့တုံ၊ ကိုယ်မလုံ၍၊ သူ့ဂုဏ်ပိုင်ပိုင်၊ မဆပ်နိုင်သော်၊ ကိုယ်တိုင်သူ့အိမ်၊ ရောက်ခိုက်ကြိမ်က၊ မထိမ်မမြူး၊ ဘ–ရာဖူးသို့၊ ကျေးဇူးရှိထွေ၊ သိ တတ်စေ။

(၇) တယောက်စကား၊ တယောက်နားမှာ၊ မခါးရအောင်၊သတိဆောင်၍၊ မောင်တို့ဆိုစေ၊ ပျားသကာသို့ ချိုလှငေ။

(၈) မတွေ့ခိုက်ရန်၊ မကျူးလွန်နှင့်၊ မျက်မာန်ဒေါသ၊ မထွက်ရအောင်၊ မာန်မာနကို ချုပ် ကြလေ။

(၉) သေနှင့် အရက်၊ စီးပွားဖျက်ကို၊ တစက်ကယ်မျှ၊ မသောက်ကြနှင့်၊ ရှင်တော်ဟောသည့် အဆိပ်ဒေ။

(၁၀) ကိုယ်နှင့်လည်းစာ၊ သတ္တဝါကို၊ ကြင်နာလှစေ၊ သူ့အသက်ကို ချစ်ပါလေ။

(၁၁) သူ၏ဥစ္စာ၊ သူ့ဘဏ္ဍာကို၊ မေတ္တာမရှေး၊ သူမပေးက၊ ဆေးတအိုးမျှ၊ မယူကြနှင့်၊ ရှောင်ကြပါလေ၊ ကာမေမိစ္ဆာ၊ သူ့အိမ်ရာကို၊ မြင်ခါခဏ၊ သူသတ်ကြူးသည့်၊ဘီလူး မသို၊ စိတ်ကမသွေ၊ ထင်မိစေ။

(၁၂) သူ့ကိုမမှား၊ မလှည့်စားနှင့်၊ စကားစမြည်၊ မြွက်သည်စစ၊ ပြောသမျှကို၊ မှန်လှစေ။

(၁၃) အပါယ်လေးပါး၊ လားမည့်အကြောင်း၊ မကောင်းမှုမှ၊ စပ်သမျှကို၊ ရှောင်ကြပါလေ။ သေခါထုတ်ချောက်၊ ငရဲရောက်မည်၊ ရှုံကြောက်စေ။
(၁၄) ဘုရားတရား၊ မြတ်ဖျားသံဃာ၊ အရိယာကို၊ မကွာနေ့ည၊ ဟတ္ထအဉ္စလီ၊ မြှောက်ပင့်ချီသည်၊ ကိုယ်စီနေ့ည၊ ကိုးကွယ်ကြ။
(၁၅) အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ လက္ခဏာသုံးပါး၊ ဤတရားကို၊ ဖွားဖွား နှုတ်ဝယ်၊ သရဇ္ဈာယ်၍၊ ကိုးကွယ်စောင့်ရှောက်၊ ဆောက်တည်ကြလေ၊ လည်တွင်ဆွဲသည့်၊ ပုလဲကဲ့သို့၊ မြဲ လှစေ။

(ရှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်တာ —ဆုံးမစာ မှ)

---

## လူမိုက်နှင့်ပေါင်းသင်းနည်း

စွက်ဆိုမှုသား၊ နှုတ်သံပျားသို့၊ စီးပွားလိုယောင်၊ ရှုပဆောင်လျက်၊ မှားအောင်ပြစ်ရှာ၊ ကြံတတ်စွာသား၊ မေတ္တာချည်းနှီး၊ လူခွေးမြီးနှင့်၊ တသီးတခြား၊ တပါးပြည်ရွာ၊ မရှောင်သာ၍၊ မကွာပေါင်းပေါ်၊ ပြုကြသော်လည်း၊ အပေါ်ကားယှဉ်၊ အထဲကြဉ်၍၊ စိတ်ယဉ်နှိမ့်ချ၊ အာစာ ရဖြင့်၊ ကာလအလိုက်၊ သူ့အကြိုက်ကို။ ။စရိုက်ညီထွေ–ကျင့်တတ်စေ။

(ရှင်မဟာ ရဋ္ဌသာရ၏ ဂမ္ဘီသာရ —ဆုံးမစာမှ)

---

## လောကသာရဆုံးမစာ

(၁) ကြားပိမ့်သူမြတ်၊ အမျှားမှတ်စိမ့်၊ ဟိတတ္ထိက၊ ဩဝါဒဖြင့်၊ ဆုံးမပေးထွေ၊ နားဝင်စေလော့၊ နေသို့ထင်ရှား၊ ဘုရား တရား သံဃာ၊ ရတနာထွတ်ထား၊ မြတ်သုံးပါးကို၊ ဦးဖျားထိပ်ထက်၊ အမြဲရွက်၍။ ။စုံမက်သဒ္ဓါ ကြည်စေမင်း။
(၂) အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊ ကောင်းလှစေချင်၊ ပဲ့ပြင်နိစ္စ၊ ကွပ်ဆုံးမသား၊မိဘ ဆရာ၊စကားနာ၍၊ ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့၊ ပေါ်လွင်မပြု၊ ကောင်းရာ တုလျက်၊ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍။ ။ကောင်းကျိုးကိုယ်၌ တည်စေမင်း။
(၃) သက်ကြီးမိဘ၊ ဆရာစသား၊ စိုးရသခင်၊ ကျေးဇူးရှင်တို့၊ ပြစ်တင်မောင်းမဲ၊ ရိုက်ပုတ်ဆဲ လည်း၊ ငမ်းထဲယုံ့ယို့၊ ယုန်လျှင်ကြို့သို့၊ ဆိုတို့မဝံ့စောင်မာန်ညံ့၍၊ ကြောက်ရွံ့ရို သေ၊ သည်းခံတွေ့ဖြင့်။ ။ကောင်းစေနှလုံး ယဉ်စေမင်း။
(၄) ဆန္ဒာဒေါသာ၊ ဘယာမောဟ၊ အပါယ်ကျသား၊ ဓမ္မလေးမည်၊ ဂတိတည်၍၊လူ့ပြည် နတ်ရွာ၊ ချမ်းသာကောင်းမွန်၊ စံစုန်ဆန်လျက်၊ နိဗ္ဗာန်ရောက်ကြောင်း၊ ကျင့်ကောင်းသီလ၊ လှူဒါနနှင့်၊ ပညာလယ်မြေ၊ စိုက်ကြဲထွေဖြင့်။ ။ပျိုးခြေအပင် စည်စေမင်း။

(၅) ကိုယ်နှုတ်နှလုံး၊ စောင့်သုံးမြဲစွာ၊သတ္တဝါကို၊ မေတ္တာသက်ပေ၊ လှူဘို့ဝေ၍၊စိတ်စေကြည်သန့်၊ သဘောမှန်သား၊ ပစ္စုပ္ပန်သံသရာ၊ ချမ်းသာစီးပွား၊ နှစ်ပါးမြင်တတ်၊ သူတော်မြတ်ကို၊ မပြတ်ချစ်ခင်၊ မိတ်ကျွမ်းဝင်၍။ ။မြဲပင်စင်းလျှင်း ပေါင်းယှဉ်မင်း။

(၆) ပညာမျက်စိ၊ မြင်မရှိ၍၊ မသိတရား၊ အယူမှားလျက်၊ စီးပွားမမြော်၊ ကျိုးမပေါ်သား၊ သူတော်မဟုတ်၊ ယုတ်သည့်စရိုက်၊ လူသူမိုက်ကို၊ မကြိုက်မချစ်၊ ရန်သူစစ်သို့၊မနှစ်သက်ပဲ၊ ဝေးစွာရှဲ၍။ ။ရှောင်လွှဲဖဲကြဉ်နိုင်စေမင်း။

(၇) ပါဏာတိပါတ်၊ မှသတ်သူ့သက်၊ ခိုးဝှက်မမူ၊ မယူ့သစာ၊ အိမ်ရာမမှား၊ မုသားမဆို၊ ကိုယ်ကိုနှိမ့်ချ။ စောင့်သီလနှင့်၊ ဒါနလှူဝတ်၊ရက်မချတ်လျှင်၊ မပြတ်ဆောက်တည်၊ဆုကြီးရည်၍၊ မကြည်ခိုက်ရန်၊ သူကျူးလွန်လည်း။ ။မျက်မာန်မပြင်း ကောင်းစေမင်း။

(၈) မိခင်ဘခင်၊ ကျေးဇူးရှင်ကို၊ ချစ်ခင်မြတ်နိုး၊ ဂူပုထိုးသို့၊ရှိခိုးဦးတင်၊ ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး၍၊ လုပ်ကျွေးခယ၊ ရိုတုပ်ကွလျက်၊ ကြီးထသက်အို၊ မျိုးဆွေကိုလည်း၊ ကြည့်ညိုညွတ်တိမ်း၊ ပိုက်ထုပ်သိမ်း၍။ ။ခပ်သိမ်းမယွင်း ငြိမ်းစေမင်း။

(၉) စတုဒိသာ၊ လေးမျက်နှာမှ၊ ရောက်လာအများ၊ ပုဏ္ဏားရဟန်း၊ ဆွမ်းပန်းချို့တဲ့၊ ရိက္ခာမဲ့ကို၊ ဆည်းခဲ့ဥစ္စာ၊ အိမ်လှောင်ခါ၌၊ လှူယ်ကာထားယူ၊ ထိုသူကို၊ လိုတူမှတ်သား၊ သနားမြတ်လေး၊ ဝတ်စားပေး၍။ ။ကျွေးမွေးထံရင်းငြိမ်းစေမင်း။

(၁၀) အနိစ္စနှင့်၊ ဒုက္ခအနတ္တား၊ သုံးပါးလက္ခဏာ၊ မချာအောက်မေ့၊တစေ့စေ့လျှင်၊ အလေ့အထ၊ ကွပ်ဆုံးမ၍၊ ပဥ္စခန္ဓာ၊ ငါးဖြာနာမ်ရုပ်၊ ဖြစ်ချုပ်ကြိမ်ဖန်၊ စက်အဟန်သို့၊ ဖန်တလဲလဲ၊ ဝဋ္ဋဆင်းရဲကို၊ ဝမ်းထဲသံဝေ၊ ထိတ်လန့်ထွေဖြင့်။ ။ရှိုးရေသည်းတွင်း ကျိန်းစေမင်း။

(၁၁) လောဘဒေါသ၊ မောဟသူပျက်၊ နေ့တိုင်းဖျက်၍၊ အမျက်သည်းလွန်၊ တဖျင်သန်လျက်၊ ပြေးလွန်ဖင်ဖင်၊ အာရုံမြင်က၊ ခင်ခင်မွတ်မွတ်၊လိုက်လံတတ်သား၊ ထူးပွတ်မဆိုင်း၊စိတ်ဆင်ရိုင်းကို၊ ထုံးပိုင်းမချာ၊ ယဉ်စိမ့်ငှါလျှင်။ ။ပညာထိန်း၍ မိန်းစေမင်း။

(ကန်တော်မင်းကျောင်း၊၊ လောကသာရ ဆုံးမစာမှ)

# ဩဝါဒမေတ္တာစာ

ပညာရှိကိုပေါင်း၊ သမှားကောင်းကိုဖက်၊ သူပျက်ကိုခွါ၊ ဆရာကိုကပ်၊ အရပ်ကိုမျှ၊ လုံ့လအပင်၊ ဆင်ခြင်အမျက်၊ ရန်ဘက်ကိုမြော်၊ သူတော်ကိုချစ်၊ ခင်ပွန်းပြစ်ကိုရှောင်၊ သူလောင်ကိုရှေ့၊ ဆင်ဝှေ့ကိုချည်၊ ကြံစည်မပြတ်၊ အတတ်ရှံခါ၊ ပညာကိုရှေး၊ ဥစ္စာကိုနောက်၊ အလျောက်ပေးကမ်း၊ ချီးမွမ်းတန်သည်၊ လူရည်ကိုရှု၊ ပေးမှုအရာကို သိလှစေ။

လောဘဟူသည်ဆင်ရိုင်းစွ။ ပညာဟူသည် ချွန်းထောက်မ၊ သဒ္ဓါဟူသည် ချွန်းရှည်ပြ၊ သတိဟူသည် လွန်ကြိုးတွ၊ ဒိဋ္ဌိဟူသည် တွင်းတွင်ချ၊ ယဉ်လျှင် နိဗ္ဗာန။

(ဒုတိယအကြိမ်)

ဒေါသမြွေဟောက်၊ ပြင်းဆိပ်တောက်၊ ပညာဟူသည် ဆေးဖြင့်လှောက်၊ မောဟဟူသည် မှောင်အမိုက်၊ အတိုက်နက်စွာလွှန်း၊ ပညာဟူသည် ဆီမီးထွန်း။

လူမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ်၊ နိဗ္ဗာန်စည်းစိမ်၊ ရိပ်ငြိမ်သုံးဆင့်၊ ပျော်တင့်လိုသော်၊ ကိုယ်ကိုနှိမ့်ချ၊ ဒါနဆယ်ပါး၊ မခြားနေ့တိုင်းပေးတို့လေ။ သီလဆယ်ပါး၊ မမှားနေ့တိုင်း စောင့်တို့လေ။

(ကန်တော်မင်းကျောင်း၊ သြဝါဒ–မေတ္တာစာမှ)

---

## ဖျက်စုများ

စေတီမှန်းထား၊ မြတ်ဘုရား၊ တည်ထားကောင်းလျက်၊ ညောင်ပင်ဖျက်သည်။
မြစ်မှရေနက်၊ သောင်ပြင်ဖျက်သည်။
မင်းကောင်းပါလျက်၊ မင်းမြှောင်ဖျက်သည်။
လက်ဆုံစား၊ မယားကောင်းလျက်၊ အပြောင်ဖျက်သည်။
ပဥ္စင်းတူရိယာ၊ နှဲခရာ၊ သာယာပေလျက်၊ လင်းကွင်းဖျက်သည်။
သူကောင်းဖြစ်ငြား၊ မူထားကောင်းလျက်၊ အပေါင်းဖျက်သည်။

(တောင်ဖီလာဆရာတော်၏ ဖျက်စုများ)

---

## သြဝါဒထူးပျို့ ဆုံးမစာ

စိုးမင်းသခင်၊ အရှင်မိဘ၊ ရွှေသို့ကျသော်၊ ကုန်းကွတုပ်ပျှပ်၊ နှိမ့်ဝပ်ညွှတ်တိုင်၊ နောက်ယိုင်ရှောင်ရှား၊ သွားမှုလာမှု၊ ယဉ်နုလှစေ၊ အခြေကြမ်းတန်း၊ ရှေ့မသန်းနှင့်။

ရတနာသုံးပါး၊ ဘိုးဘွားမိဘ၊ ဆရာစသား၊ လောကအမှတ်၊ ကိုးရာနတ်ကို၊ မမြတ်လေးထွေ၊ မဖြစ်လေနှင့်။

မြင်းမိုရ်ဦးသို့၊ ကျေးဇူးဆဆ၊ကြီးမြတ်လှသား၊ မိဘဘိုးဘွား၊ သက်ကြီးအားလျှင်၊ ပြစ်မှားကျူးထွေ၊ မရှိသေက၊ သရေမှတက်၊ ဂုဏ်ရည်ပျက်၏။

(စိန္တကျော်သူဦးဩ၏ သြဝါဒထူးပျို့–ဆုံးမစာမှ)

---

## ဥစ္စာပျက်ကြောင်း ၆ ပါးအကျဉ်း

သေရည်သောက်စား၊ လမ်းသွားခါမဲ့၊ ရွှင်ငှဲ့သဘင်၊ ပျော်ရှင်အန်လောင်း၊ မကောင်းမိတ်ဖွဲ့၊ ပျင်းရိခြင်းကား။ ။ယိုယွင်းဥစ္စာ ပျက်ကြောင်းတည်း။

## ဥစ္စာပျက်ကြောင်း ၆ ပါး အကျယ်

### သေစာ သောက်စားခြင်း အပြစ်

ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံဆင်ငါ၊ ပညာနည်းရှား ဤခြောက်ပါးကား။ ။သောက်စားသေစာ–အပြစ်တည်း။

### အချိန်မတော် သွားလာလည်ပတ်ခြင်း အပြစ်

ကိုယ့်သားမယား၊ တခြားဥစ္စာ၊ လုံရာမဲ့ရှောင်း၊ မကောင်းအရာ၊ ရှုံ့ရှာလေဆပ်၊ ယိုးစွပ်ရောက်မှု၊ ဆင်းရဲစုဟု၊ ခြောက်ခုခါမဲ့–သွားပြစ်တည်း။

### ပွဲလမ်းသဘင်ကြည့်ရှုခြင်း အပြစ်

ကခြင်းတလီ၊ သီခြင်းတသီး၊ မှုတ်သီးတသင်း၊ ပြိနီဖျင်းတအုပ်၊ လက်ခုပ်တတည်၊ အိုးစည်တဖြာ၊ ရှိရာရှာဟု၊ ဥစ္စာပျက်မှု။ ဤခြောက်ခုကား။ ။ကြည့်ရှုသဘင်–အပြစ်တည်း။

### အလောင်းအစားပြု၍ ကစားခြင်း အပြစ်

အောင်မူရန်ပွား၊ ရှုံးကားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိပ်ဆို၊ မလိုထိမ်းမြား၊ ဤခြောက်ပါးကား။ ။ပျော်ပါးကြွေအန်–အပြစ်တည်း။

### မပေါင်းထိုက်သောမိတ်ဆွေများ

ကြွေအန်ကြူးထ၊ မိန်းမကြူးထွေ၊ သေစာကြူးမှု၊ အတုပြုငြား၊ လှည့်စားတထောက် မျက်မှောက်လှည့်ချက်၊ နိုင်ထက်လုယူ၊ ဤသူခြောက်ပါး၊မိတ်ဖြစ်သားကြောင့်၊ ပျက်ပြားမိတ်ဆွေ–အပြစ်တည်း။

### ပျင်းရိရန် အကြောင်း ၆ ပါး

အချမ်းပြည့်ဝှန်၊ အလွန်ပူနိုး၊ မိုးချုပ်လှမော၊ စောလွန်းလှယောင်၊ ဆာလောင်ပြင်းလှ၊ ဝမ်းဝလွန်ထွေ၊ နေကဥစ္စာ၊ မဖြစ်ရာသည်။ ။ခြောက်ဖြာပျင်းသူ–အပြစ်တည်း။

(ဆရာတော်ဦးဗုဓ်၏ ဂိဟိဝိနယ–ဆုံးမစာမှ)

---

### ကြောက်ကြီး ၅လုံးဆုံးမစာ

(၁) မျက်ကွယ် မျက်မြင်၊မဆင်ခြင်၊ လူရှင်သိမည်ကြောက်။
(၂) မေတ္တာကုန်ခန်း၊ စိတ်မချမ်း၊ ညှိုးနွမ်းမည့်ကိုကြောက်။
(၃) ကိုယ်နှင့်မတန်၊ စကားလွန်၊ မင်းဒဏ်သင့်မည်ကြောက်။
(၄) သစ္စာမမြဲ၊ အကျင့်လွဲ၊ ပါယ်ထဲရောက်မည်ကြောက်။
(၅) လွန်ကျူးသူမျှ၊ နောက်–နောင်တ၊ ရှိရမည့်ကိုကြောက်။

(၆) သေနင်္ဂအရက်၊ လူကိုဖျက်၊ အရှက်ရမည်ကြောက်။
(၇) မင်း၏ ဥစ္စာ၊ အနည်းသာ၊ ပြစ်ဆာ ရောက်မည်ကြောက်။
(၈) မဟုတ်မလျှား၊ သူလှည့်ဖြား၊ မှောက်မှားမည်ကိုကြောက်။
(၉) ရန်သူငါးချက်၊ အခင်းဖျက်၊ သေပျက်မည်ကိုကြောက်။

(တွင်းသင်းမင်းကြီး မဟာစည်သူ ကြောက်ကြီး ၉ လုံးဆုံးမစာမှ)

---

## ပုတ္တောဝါဒ ဆုံးမစာ

နားထောင်ရှိသာ၊ စေ့စေ့နာလော့၊ မိရာဘရည်၊ တည်မည်အကြောင်း၊ ကောင်းသာကျင့်ဝတ်၊ စာအတတ်ကို၊ သားမြတ်ယခု၊ တတ်ကြောင်းပြုလော့၊ ဗဟုသုတ၊ မရှိကမူ၊ လျှောကျရေတူ၊ လူမဟူရ၊ ရှက်ကြီးရလိမ့်၊ နောင်တဆယ်ကြိမ်၊ ညှိုးပိန်မျက်နှာ၊ ပွဲမှာမဝင်၊ ပြင်မှာမရောက်၊ တောမှာမျောက်သို့၊ ခြေထောက်လက်စုံ၊ ရှိပါတုံလျက်၊ လူပျက်လူနုမ်း၊ လူပေါက်ပန်းနှင့်၊ လူသွမ်းလူပေါ၊ ထဲသော့သော့ဟု၊ ကဲ့ရဲ့ပြုလိမ့်။ ။ညီပုရှက်မည်–ထင်၏တည်း။

ထို့ကြောင့်သားထွေး၊ငယ်ကွေးလေးက၊ လူရေးလူရာ၊ ရှိစိမ့်ငှာဟု၊ ကျောင်းမှာမြဲနေ၊ စာပေသင်သင်၊ သို့လျှင်သို့ဖတ်၊ သို့မှတ်သို့ရေး၊ သို့မေးသို့ဖြေ၊ သို့နေသို့ထိုင်၊ သို့ကိုင်သို့ကြွ၊ သို့ကသို့ကုန်း၊ သို့သုံးသို့စွဲ၊ သို့လဲသို့ထား၊ သို့စားသို့သောက်၊ သို့လျှောက်သို့ဆို၊ သို့ကိုးသို့ကျင့်၊ သို့နှင့်သို့လျှိုး၊ သို့ရှိခိုးဟု၊ မြတ်နိုးလှစွာ၊ ညီဆရာက၊ မိန့်သမျှကို၊ ညီလှမင်းရွှေ၊ မမေ့စေနှင့်၊ စေ့ရေမွေးဘ၊ မှာသမျှကို၊ ညီလှရွှေနား၊ ချပ်ခါထား၍။ ။သည်းဖျားမှတ်စေ–ချင်၏တည်း။

(အတုလဆရာတော်ဦး ခင်ကြီးဖျော်၏ ပုတ္တောဝါဒဆုံးမစာမှ)

---

## သိင်္ဂါလောဝါဒဆုံးမစာ

တိုလောကလုံး ညွတ်ရုံးဦးချ၊ နိုင်းမမျှသား၊ ဘုရားရွှေစက်၊ ရောင်ပြိုးပြက်ကို၊ ဦးထက်တင်ထား၊ ရှိညွတ်တွား၍။ သားနှင့်မိဘ၊ တပည့်စသည်၊ ပြုရအံ့ဝတ်၊ ချွတ်မူပါယ်ရှာ၊ လားမည့်တာကြောင့်၊ သုတ်ပါထေယျ၊ ကျမ်း၌ပြသည့်၊ လောကကျင့်ရာ၊ အကျဉ်းမှာပိမ့်။ ။နုတ်ရွှာသို့လုံးလုံး–ကျက်၍သုံး။

(၁) ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမ့်၊ မွေခံထိုက်စေ၊ လူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ်သားတို့တာ။
(၂) မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဘခင်မယ်တို့တာ။
(၃) ညီညာထကြွ။ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။
(၄) အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ကျင့်ဘို့ဝတ်ငါးဖြာ။

(၅) မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးဝင်၊ ငါးဆင်လင် ကျင့်ရာ။
(၆) အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမှု ဝတ်ငါးဆူ၊ အိမ်သူ ကျင့်အပ်စွာ။
(၇) ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နူတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးတွေ၊ ကျင့်လေမိတ်သဟာ။
(၈) ဝစ္စာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ၄ဝေ ရသာ၊ အခါကိုလွှတ်၊ အရှင့်ဝတ်၊ ဟောရွတ် ပဥ္စမာ။
(၉) အိပ်သော်နောက်ကျ၊ ထသော်ကားရှေး၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူး မြွက်၊ ငါးချက် ကျွန်ကျင့်ရာ။
(၁၀) မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နူတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ငါးခုနေ၊ ပြုလေ ဒါယကာ။
(၁၁) မကောင်းမြစ်ထာ၊ ကောင်းရာကိုလှစ်၊ အသစ်ဟောကျူး၊ နာဘူးထပ်မံ၊ နတ်ထံ တင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွှန်သေချာ၊
(၁၂) ကျမ်းသိင်္ဂါလ၊ သုတ်ဝယ်ပြ၊ သုံးလောကဆရာ။
(၁၃) ကျင့်ဝတ်မပြေ၊ ပါယ်လေးထွေ၊ လားလေရှည်မြင့်ကြာ။
(၁၄) ဤသည့်ဝတ်ကို၊ ဆွေမျိုးစုံ၊ ခြောက်ဘုံထက်နတ်ရွာ။
(၁၅) လှည်းဘီးပြင်က၊ နားစောင့်ချသို၊ မိဘနှင့်သား၊ မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊ ထေရ်မွန်တကာ၊ မိတ်သဟာနှင့်၊ ဆရာတပည့်၊ တည့်တည့်မချွတ်၊ ကျင့်ဝတ်စုံလင်၊ ဖြူသန့်စင်မူ၊ ရှင်လည်းမကွေ၊ သေလည်းမကွာ၊ နတ်ရွာလူ့ပြည်၊ လှည့်လည်အတူ၊ စံစားမူ၍၊ နိဗ္ဗူရွှေပြည်၊ ဝင်အံ့သည်တည့်၊ မတည်ကျင့်ဝတ်၊ ချွတ်သူတို့မှာ၊ မလွတ် သာသည်။ ။လေးရွာသို့လုံးလုံး-လူဖြစ်ရှုံး။

(သင်္ဂဇာဆရာတော် သိင်္ဂါလောဝါဒ-ဆုံးမစာမှ)

---

## သုတရတနာ ဆုံးမစာ

မီးရောင် လရောင်၊ နေအရောင်၊ ဉာဏ်ရောင်လွှမ်း၍မိုး။
ပညာသမာ၊ အာဘာနတ္ထိ၊ မြတ်မုနိ၊ ဟောရှိကျမ်းကိုကိုး။
ထိုကြောင့်များစွာ၊ လူတကာ၊ ပညာရအောင်ကြိုး။
ပညာကောင်းမှာ၊ ပဒေသာ၊ သုံးရာ မကုန်နိုး၊
မေတ္တာကောင်းမှာ၊ ရန်တကာ၊ ပယ်ကွာ ရေချမ်းအိုး။
သဒ္ဓါကောင်းမှာ၊ နောင်ဘုံပါ၊ ချမ်းသာဆင့်ဆင့်တိုး။
အစာနှင့်ခိုင်း၊ ဝမ်းကိုနိုင်း၊ ဝင်တိုင်းမစားနှင့်။
နေ့ညချင့်နှိုင်း၊ ကာလပိုင်း၊ ပျော်တိုင်းမအိပ်နှင့်။

ဒေသချင့်ပိုင်း၊ ခရီးနှိုင်း၊ ရောက်တိုင်းမသွားနှင့်။
အရေးချင့်နှိုင်း၊ ခြားနားပိုင်း၊ သိတိုင်းမပြောနှင့်။
ဆင်ခြင်တွေးတော၊ သူ့ဘဘော၊ ပြောတိုင်းမယုံနှင့်။
ဘုရား–တရား၊ သံဃာအား၊ ပြစ်မှားမလွန်ကြစေနှင့်။
ဆရာမိဘ၊ ဆိုဆုံးမ၊ စိတ်ကမညစ်နှင့်။
သက်ကြီးရွယ်အို၊ သူတို့ကို၊ ရိုသေကျိုးနွံမထန်နှင့်။
သူတပါးကို၊ စကားဆို၊ ငြိုငြင်ကြအောင် မပြောနှင့်။
ကိုယ့်ကြောင့်သူ့မှာ၊ မချမ်းသာ၊ ဘယ်ငှါကိုမှ မပြုနှင့်။
ဘုရားဟောမြွက်၊ ဓမ္မစက်၊ ဖျက်၍မပြောနှင့်။
တရားအနှစ်၊ ရသာစစ်ကို၊ ပယ်ပစ်မစွန့်နှင့်။
ပိဋကတ်ပင်လယ်၊ နယကျယ်၊ အလွယ်တတ်ပြီ မထင်နှင့်။
သီလနဲ့သာ၊ မွေးကြိုင်စွာ၊ ကိုယ်မှာလိမ်းသပ် တို့ရမည်။
ဆရာ့ထံမှာ၊ ဆုံးမနာ၊ ပညာရင်နို့ စို့ရမည်။
ကုသိုလ်သမ္ဘာ၊ ဆည်းပူးရှာ၊ သဒ္ဓါကဲမောက် မို့ရမည်။
မောဟမှောင်ကာ၊ မလင်းပါ၊ ပညာဉာဏ်ရောင် ပျို့ရမည်။
သူစတင်မှု၊ ရန်စပြု၊ မခုမာန်စောင် ကို့ရမည်။
မနာလိုသည်၊ နာလိုသည်၊ ဆိုသည့်အခါ သိရမည်။
မချစ်ကြင်သည်၊ ချစ်ကြင်သည်၊ နာသည့်အခါသိရမည်။
မိတ်ဆွေကောင်းသည်၊ မကောင်းသည်၊ ညိုသည့်အခါသိရမည်။

(ညောင်ပင်သာ ဦးပုည သုတရတနာ-ဆုံးမစာမှ)

---

## မှတ်စရာစကားပုံများ

ဘုရားဖက်က အသက်ရှည်သည်။
တရားဖက်က အမျက်ပြေသည်။
ကုသိုလ်လဲရ ဝမ်းလဲဝ။
ကံသာအမိ ကံသာအဖ။
ကိုယ့်ကြမ္မာ ကိုယ်သာ ဖန်တီးသည်။
ကိုယ့်စေတနာ ကိုယ်မှာ အကျိုးပေးသည်။
ဒါနနှင့်သီလ မပါလျှင် သေခါမှသိမည်။
ဘိနပ်နှင့်ထီး မပါလျှင် နွေခါမှသိရမည်။
ပညာရွှေအိုး လူမခိုး။
ပညာရဲရင့် ပွဲလယ်တင့်။
ပညာမရှိ သူ၏ဝန်ထမ်း
ပညာရှိအမျက် အပြင်မထွက်။
ခြေချော်လျှင် လဲရုံမျှ၊ နှုတ်ချော်လျှင် ငရဲဘုံကျ။

ဗုဒ္ဓဘာသာယဉ်ကျေးမှု ရှုမှတ်ဘွယ် ဤတွင်ပြီး၏။

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
| --- | --- | --- | --- |
| ၁၇ | ၁၇ | ထကမြက် | ထက်မြက် |
| ၂၀ | ၃၁ | စပေါင်း | စုပေါင်း |
| ၃၈ | ၂၃ | ပုံထွင်းဖေါက် | ပုံယွင်းဖေါက် |
| ၄၆ | ၂ | ဓမ္မသဘာဝါ | ဓမ္မသဘာဝ် |
| ၆၅ | ၄ | သမီးလေးတယောက် | သမီးလေးယောက် |
| ။ | ၅ | သမီးလေးယောက်က် | သမီးလေးယောက် |
| ။ | ၈ | သူတို့ကခည်း | သူတို့ကချည်း |
| ၇၉ | ၅ | နှစ်ဆတိးတိးပြီး | နှစ်ဆတိုးတိုးပြီး |
| ။ | ၁၀ | လူတေလဲ | လူတွေလဲ |
| ။ | ၁၁ | သူကြွယ်တေ | သူကြွယ်တွေ |
| ။ | ။ | ပါထိကပတ္တာရဲ့ | ပါထိကပုတ္တာရဲ့ |
| ။ | ၁၃ | တက်ပြေး | ထွက်ပြေး |
| ။ | ၁၆ | သားခေါ် | သွားခေါ် |
| ။ | ၁၈ | ပရိသတ်တေ | ပရိသတ်တွေ |
| ။ | ၂၀ | မူလိက်တယ် | မူလိုက်တယ် |
| ။ | ၂၈ | နွားတေနဲ့ | နွားတွေနဲ့ |
| ။ | ။ | ကြီးသာ | ကြွီးသာ |
| ၈၁ | ၄ | လုပ်တဲ့အမ | လုပ်တဲ့အမှု |
| ၈၂ | ၁၀ | လတယောက် | လူတယောက် |
| ၈၈ | ၄ | အမြည့်အဝ | အပြည့်အဝ |
| ၉၇ | ၃ | ရသေ့မာ | ရသေ့မှာ |
| ။ | ၅ | ဆိတော့ | ဆိုတော့ |
| ။ | ၇ | ပါလိမ်မယ် | ပါလိမ့်မယ် |
| ။ | ၁၁ | နေသလိ | နေသလို |
| ။ | ၁၂ | သေရာတော့ | သေရှာတော့ |
| ။ | ၁၃ | တန်ခိုးတွေ့ကန်ပြီး | တန်ခိုးတွေကုန်ပြီး |
| ။ | ။ | ရှုံးသား | ရှုံးသွား |
| ။ | ။ | သပိတ်ထဲမာ | သပိတ်ထဲမှာ |
| ။ | ၁၄ | ကဿပကိ | ကဿပကို |
| ။ | ၁၅ | တန်ခိုးတော | တန်ခိုးတော့ |
| ။ | ။ | ရဟာနာ | ရဟန္တာ |

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၉၇ | ၁၅ | လိ | လို |
| " | ၁၆ | တန်ခိး | တန်ခိုး |
| " | ၁၈ | မဟာတ် | မဟုတ် |
| " | ၂၁ | လတွေ | လူတွေ |
| " | ၂၂ | ကြံလိက် | ကြံလိုက် |
| " | ၂၃ | သဆိ | သူ့ဆီ |
| " | ၂၄ | ဆမ်းခံ | ဆွမ်းခံ |
| " | ၂၅ | တိများ | တို့များ |
| " | ၂၅ | သစိတ် | သူစိတ် |
| " | ၂၇ | တန်ခိး | တန်ခိုး |
| " | ၂၈ | မဟာတ် | မဟုတ် |
| " | ၃၀ | ပေတောနေတဲ | ပေတောနေတဲ့ |
| ၁၀၂ | ၁၀ | သမ္ဘဝတိ | သမ္ဘဝန္တိ |
| ၁၀၃ | ၅ | နှုတ်တင် | နှုတ်တွင် |
| " | " | တတ်ကြောင်း | တတ်ကြောင်း |
| " | ၈ | စိုးလိ | စိုးလို့ |
| " | ၉ | ထိအဝိဇ္ဇာ | ထိုအဝိဇ္ဇာ |
| " | " | မိတ်ကာအပ်တော့ | ပိတ်ကာအုပ်တော့ |
| " | ၁၀ | ခနာအစဉ်ခင်မွင်ခဲလို့ | ခန္ဓာအစဉ်ခင်မင်စွဲလို့ |
| " | ၁၄ | တရားကြောင့်သတဝါတိ | တရားကြောင့်သတ္တဝါတို့ |
| " | ၁၅ | ကိုယ်ကိ | ကိုယ်ကို |
| " | " | မားယင်း | မှားယွင်း |
| " | ၁၆ | သင်္ခါရဟာ | သင်္ခါရဟု |
| ၁၀၄ | ၁၄ | ရုပ်သတင်းမှို | ရုပ်တသင်းမှို |
| ၁၀၈ | ၂၅ | အယတ် | အယုတ် |
| ၁၁၄ | ၁၈ | ၁စၥ | ဥစ္စာ |
| " | ၁၉ | အ | အဲ |
| ၁၁၅ | ၂၀ | ကိုယ | ကိုယ့် |
| ၁၁၆ | ၂၀ | တိုးလိ | တိုးလို့ |
| ၁၁၈ | ၂ | သံဃယ်စု | သံဃာစု |
| ၁၂၀ | ၁၄ | အရိသံဃာ | အရိယသံဃာ |
|  | ၂၆ | အရိယာခုသံဃာ | အရိယသံဃာ |

ဤစာအုပ်ငယ်သည် ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေပြု သင်တန်းသားများ အတွက်သာ ဖြစ်သည်။

ကျောင်းသားများသည် ဤစာအုပ်ကို အထူးရိုသေစွာ ကိုင်တွယ် သိမ်းဆည်းရမည်။

အမည်.................................................

အတန်း.................................................

နေရပ်.................................................

.................................................

ကောင်းတာကြံ၊ မှန်တာလုပ်၊ ဟုတ်တာပြော၊ လူရော နတ်ရော နှစ်လိုသည်။

စည်းကမ်းရှိ၊ ပိပြားစွာ၊ စာကြိုးစား၊ ကြီးပွား တိုးတက် ချမ်းသာမည်။